www.burmeseclassic.com

13

# သို့ ... လက်ပို့မွေး



www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

**မျက်နှာဖုံးဒီဇိုင်း**
ငြိမ်းသစ်အိမ် (၀၉ ၄၂၀၀၄၈၂၅၆)

**ထုတ်ဝေသူ**
ကျော်မွေးစာပေ၊ ဦးစိုင်းဝင်းမြင့်၊ အမှတ်(၁၂/ခ)၊ တတိယအလွှာ၊
စက်တွင်းလမ်း၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**
"ပုံရိပ်ရှင်" ပုံနှိပ်တိုက်၊
အမှတ်(၈)၊ အိမ်ကြီးလမ်း၊ ရေကျော်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။


**ထုတ်ဝေသည့်ကာလ**
ပထမအကြိမ်၊ ၂၀၁၃၊ ဒီဇင်ဘာလ။

**အုပ်ရေ**
၁၀၀၀

**ဖြန့်ချိရေး**
သိမ့်ထိုက်စာပေ (၀၉ ၅၀၅၉၂၁၄)

**တန်ဖိုး**
၂၀၀၀ ကျပ်

၈၉၅.၈၃
လင်းညို့သွေး
သို့./လင်းညို့သွေး ။ ရန်ကုန်၊
ကျော်မွေးစာပေ၊ ၂၀၁၃။
၂၀၄-စာ၊ ၁၂.၅ × ၁၈.၅ စင်တီ
(၁) သို့

www.burmeseclassic.com

www.burmeseclassic.com

အမည်နာမတချို့ကို
ပြောင်းလဲရေးသားထားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်တွင် ချစ်ခြင်းနှင့်မုန်းခြင်း မကွဲရှိတတ်သော သံယောဇဉ် နှောင်ကြိုးတစ်မျှင်နှင့် မိတ်ဆွေနှင့်ရန်သူ တစ်ထပ်တည်း ဖြစ်သော သူငယ်ချင်းတစ်ယောက် ရှိခဲ့ဖူးပါသည်။

ထိုသူနှစ်ယောက်နှင့် ပတ်သက်၍ ပျော်ရွှင်ခြင်းနှင့် ဝမ်းနည်းခြင်း၊ ချစ်ခြင်းနှင့် မုန်းတီးခြင်း၊ အာဃာတ၊ မာန်မာန၊ မေတ္တာ၊ စေတနာ၊ ခွင့်လွှတ်ခြင်းတို့ ဖြစ်ပေါ်ခံစားခဲ့ရပါသည်။

လူဟူ၍ ဖြစ်လာလျှင် ပျော်ရွှင်မှု ရှိမည်။ ဝမ်းနည်းမှု ရှိမည်။ သာယာစရာ ရှိမည်။ နာကျင်စရာ ရှိမည်။ အောင်မြင်တာ ရှိသလို ရှုံးနိမ့်တဲ့အခါလည်း ရှိမှာပဲ။ အချစ်ရှိသလို အမုန်းလည်း ရှိမှာပဲ။ အရွယ်အလျောက် ခံစားမှုပြောင်းလဲချက်တွေ အမျိုးမျိုး ရှိမည်ပဲလေ။ မျှော်လင့်မထားသော ခံစားမှုပြောင်းလဲချက် အချို့ အကွေ့တွေနှင့်လည်း ရင်ဆိုင်ရနိုင်တာပဲ။

ကျွန်တော်တို့သည် လူသုံးယောက် ဖြစ်သည်။

သို့သော် . . .

သူနဲ့ သိခွင့်ရချိန်မှာ ကျွန်တော့်အသက်က ၁၇ နှစ်။

သူက ကျွန်တော့်ထက် လပိုင်း၊ ဒါမှမဟုတ် တစ်နှစ်ဝန်းကျင်လောက်ပဲ အသက်ပိုကြီးမယ် ထင်ပါတယ်။

ကျွန်တော်တို့စဆုံကြတာ ကျွန်တော်တို့မြို့ကလေးရဲ့ အဲဒီခေတ်က လူငယ်တွေ နေ့လယ်ဘက်နဲ့ ညနေခင်းမှာ အထိုင်များတဲ့ အသုတ်ဆိုင်လေးမှာပါ။ အဲဒီဆိုင်လေးမှာ အကြော်စုံလည်း ရတယ်။ မြို့ခံတွေကတော့ ဘုရားလေးအသုတ်ဆိုင်လို့ အခေါ်များကြတယ်။ အဲဒီအသုတ်ဆိုင်ရဲ့ နံဘေးကပ်လျက်မှာ စေတီလေးတစ်ဆူ ရှိလို့ပါ။ အုန်းနဲ့ပင်ကြီးတစ်ပင်ရဲ့ အရိပ်အာဝါသအောက်မှာ ထိုင်ခုံလေးတွေ ဖြန့်ခင်းပေးထားလေ့ရှိတဲ့ ထိုဆိုင်မှာ သမီးရည်းစား စုံတွဲတွေလည်း တော်တော်လာထိုင်ကြပါတယ်။ မခမ်းနားပေမယ့် ရိုးသားမှုအငွေ့ ရလို့ အဲဒီဆိုင်လေးကို ကျွန်တော် သဘောကျ နှစ်ခြိုက်တယ်။

အဲဒီတုန်းက ကျွန်တော်တို့မြို့လေးက လူငယ်အများစုဟာ စက်ဘီး အသုံးများတယ်။ ဂျပန်ဘီးလို့ ခေါ်ကြတဲ့ စက်ဘီးလေးတွေ စီးမှ လူငယ်တွေကြား အထာကျသလို အထင်ခံရတဲ့ခေတ်ပေါ့လေ။ အဲဒီတုန်းက ကျွန်တော်က ဂျပန်ဘီး Bridgestone စက်ဘီးအနက်ကလေး စီးတာပေါ့။

တစ်နေ့ နေ့လယ်ခင်းတစ်ခုမှာ စက်ဘီးလေးကိုစီးပြီး ဘုရားလေး အသုတ်ဆိုင်ကို ကျွန်တော် သွားပါတယ်။ အဲဒီမှာ

www.burmeseclassic.com

www.burmeseclassic.com



သူနဲ့ စတွေ့တာ။ ကျွန်တော့်ကိုမြင်တော့ သူငယ်ချင်းတစ်ယောက်က လှမ်းခေါ်နှုတ်ဆက်တယ်။ ဒါနဲ့ ကျွန်တော်လည်း အဲဒီဝိုင်း သွားထိုင်ဖြစ်တယ်ပေါ့။

ကျွန်တော့်ကို လှမ်းခေါ်နှုတ်ဆက်တဲ့ သူငယ်ချင်းအမည်ကို ထွန်းထွန်းလို့ပဲ ဆိုကြပါစို့။ ထွန်းထွန်းက နည်းနည်းမကကန့်ကလန့် ဆန်တယ်။ တချို့က သူ့ကို အခြောက်မလို့တောင် ကင်ပွန်းတပ် ကြတယ်။ (ခုတော့ မိန်းမယူတာ အိမ်ထောင်နှစ်ဆက်ရှိပြီ)။ ထွန်းထွန်းက လူတစ်ယောက်နဲ့ အတူထိုင်နေတာ။

ကျွန်တော် ရောက်သွားချိန် အဲဒီလူဟာ ခေါင်းငုံ့ပြီး အစားတွေကိုသာ ပလုပ်ပလောင်း စားနေပါတယ်။ သူဟာ အဖြူခံပေါ်မှာ အကွက်စိတ်စိတ် ဖော်ထားတဲ့ ရှပ်အင်္ကျီလက်တို ပွယောင်းယောင်းနဲ့၊ အရောင်ဖျော့ဖျော့ ပုဆိုးကို ခါးပုံစရှည်ရှည် ဗိုသီဖပ်သီ ခပ်တိုတိုပဲ ဝတ်ထားတယ်။ သစ်သားခုံပုလေးပေါ်မှာ ထိုင်နေတဲ့ သူ့ဒူးနှစ်ဖက်ဟာ ထင်ထင်ရှားရှား ပေါ်လွင်နေပါတယ်။ ခြေသလုံးမွေးတွေက အရှည်ကြီးပဲ။ သူ့ရုပ်က အနီးစပ်ဆုံး ခန့်မှန်းလို့ရအောင် ပြောရရင် သရုပ်ဆောင် စိုင်းဘိုဘိုရဲ့ရုပ်နဲ့ ဆင်သလိုရှိပါတယ်။ (နောင်အခါမှာ သူဟာ စိုင်းဘိုဘိုနဲ့ အင်မတန်တူကြောင်း သူကိုယ်တိုင် မကြာခဏ ပြောလေ့ရှိပါတယ်)။

သူက အသားဖြူတယ်။ ခန္ဓာကိုယ် ပြည့်တယ်။ ဆံပင်တိုတယ်။ ပါးဖောင်းတယ်။ သူ့မျက်နှာမှာ အထင်ရှားဆုံးကတော့ အသက်ငယ်ငယ်နဲ့ နှုတ်ခမ်းမွေး ရှည်ရှည်ကားကားကြီးတွေ ရှိနေတာပါပဲ။

"သူ့နာမည်က တင်ထူးအောင်။ သူငယ်ချင်းတွေကတော့ ထူးကြီးလို့ပဲ ခေါ်တယ်"



ထွန်းထွန်းက သူနဲ့ ကျွန်တော့်ကို မိတ်ဆက်ပေးတယ်။ ကျွန်တော့်အမည်လည်း သူ့အား ပြောပြလိုက်ပါတယ်။

သူက ခေါင်းငုံ့ကာ အစားတွေ ပလုပ်ပလောင်း စားနေရာကနေ မော့ကြည့်ပြီး ကျွန်တော့်လက်ကို ဆွဲနှုတ်ဆက်ပါတယ်။

သူ ပြုံးပြပါတယ်။

သူ့သွားတွေဟာ ဖွေးလက်နေတာ၊ သူ့အပြုံးဟာ ဖြူစင်အပြစ်ကင်းတာ ယခုထိ ကျွန်တော် ပြန်ခံစားလို့ ရတုန်းပါပဲ။ လက်ဆွဲနှုတ်ဆက်နေရာကနေ သူက မိန့်မိန့်ကြီး ပြောတယ်။

"မှတ်ထားပေါ့ကွာ။ ငါနဲ့ အခုလို ခင်ခွင့်ရတာ မင်းအနေနဲ့ ဂုဏ်တက်ပါတယ်" တဲ့လေ။

မှန်ရာပြော ကျွန်တော် အောင့်သက်သက် ဖြစ်သွားတယ်။ ဒါပေမယ့် မသိမသာဘဲ အလိုက်အထိုက် ပြန်ပြုံးပြခဲ့ပါတယ်။

အဲဒီအချိန်က ကျွန်တော့်သူငယ်ချင်းတွေက ကျွန်တော့်ကို ကြေပ်လို့ ခေါ်ပြောသတ်မှတ်နေတဲ့ကာလ။

ဒီတော့ ကျွန်တော့်စိတ်ထဲမှာ ဒီကောင်လည်း လူငယ်အချင်းချင်း ငါ့ကို ကြပ်နေတာပဲ ဖြစ်မယ် ဆိုတာလောက်ပဲ ဖြေတွေး တွေးခဲ့ပါတယ်။

အပြင်အထွက်နည်းတဲ့၊ အပေါင်းအသင်းအများကြီးထားရတာ မနှစ်ခြိုက်တဲ့၊ လူအများနဲ့ တွေးရောယှက်တင် နေလေ့နည်းတဲ့ ကျွန်တော်နဲ့ သူရဲ့ပတ်သက်မှုဟာ ဒီလောက်နဲ့ပဲ ပြီးဆုံးသွားလိမ့်မယ်လို့ မှတ်ထင်ခဲ့တာပါ။ ဒါပေမယ့် အဲဒီအတွေးဟာ မှားခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

ညနေခင်းတစ်ခုမှာ စက်ဘီးလေးနင်းပြီး စာအုပ်အငှား ဆိုင်ကို ကျွန်တော် သွားပါတယ်။ ညနေခင်းတွေမှာ လှလှပပလေး ပြင်ဆင်ပြီး စာအုပ် အငှားဆိုင်ကို သွားကြတာဟာ အဲဒီခေတ်က လူငယ်တွေ ပြုကျင့်နေကျ ချစ်စရာ အမူအကျင့်လေးတစ်ခုပါပဲ။ စာအုပ်အငှားဆိုင်လေးတွေဟာ ကောင်လေးတွေနဲ့ ကောင်မလေး တွေရဲ့ ဆုံမှတ်သဖွယ်ပါပဲ။

ဒီတော့ စာဖတ်ဝါသနာမပါသူတောင် စာအုပ် အငှားဆိုင် ခဏခဏသွားရင်း စာဖတ်ကျင့် ရလာစေတယ်။ တချို့သမီး ရည်းစားတွေဆို စာအုပ်ကြားထဲ ကိုယ်ရေးထားတဲ့ စာလေး ညှပ်ထည့်ပြီး အပြန်အလှန် အပေးအယူ လုပ်ကြတာတွေလည်း ရှိတယ်။ (အဲဒီအချိန်က စာအုပ်အငှားဆိုင် နှစ်ဆယ်ဝန်းကျင်ရှိတဲ့ ကျွန်တော်တို့ မြို့ကလေးမှာ ယခုတော့ စာအုပ်အငှားဆိုင်တွေ မမြင်တွေ့သလောက် ရှားပါးကုန်ပါပြီ။

စာအုပ်အငှားဆိုင်တွေနေရာမှာ ဗီစီဒီအခွေရောင်း ငှား ဆိုင်တွေ၊ ဂိမ်းဆိုင်၊ အင်တာနက်ဆိုင်တွေ နေရာယူလာကြတာဟာ ခေတ်ရေစီးကြောင်း ပြောင်းလဲမှုဆိုရင် ရပ်တည်ဖို့ ခက်ခဲမှုကြောင့် ဆုံးပါးသွားတဲ့ စာအုပ်အငှားဆိုင်လေးတွေကို ကျွန်တော် နှမြော အောက်မေ့ပါတယ်)

"ဟေး. . . ဘော်ဒါ. . ."



စာအုပ်အငှားဆိုင်က ပြန်အလာမှာ တရစပ်ခေါ် သံနဲ့အတူ စက်ဘီးတစ်စီးဟာ နံဘေးနား ကရောသောပါး ကပ်ရောက်လာ တယ်။ ကျွဲခနဲ ဘရိတ်အုပ် အရှိန်လျှော့သံကြားမှုနဲ့အတူ ငဲ့ အကြည့်မှာ မြင်လိုက်ရတာက နှုတ်ခမ်းမွေးကားကားကြီးနဲ့ တမူ ထူးခြားတဲ့ ဆယ်ကျော်သက်လူငယ် မောင်ထူးကြီးပါ။ အရောင်ဖျော့ ဖျော့ပုဆိုးကို ဖိုသီဖတ်သီ ခပ်တိုတိုစည်းထားပြီး အဖြူခံပေါ်မှာ အကွက်စိတ်စိတ်ပါတဲ့ ပွယောင်းယောင်း ရှပ်အင်္ကျီလက်တိုကိုပဲ ဝတ်ဆင်ထားပါတယ်။ (သူဟာ ဝတ်စုံတစ်ခုတည်းကိုပဲ အမြဲတစေ ဝတ်တာတော့ မဟုတ်ပါဘူး။ အဲဒီလို ပုဆိုးအရောင်၊ အဲဒီလိုအင်္ကျီ အဆင်အသွေးတွေကိုပဲ စွဲစွဲမြဲမြဲ လဲလှယ်ဝတ်ဆင်လေ့ ရှိသူဆိုတာ တော့ ကျွန်တော် အထူး သတိပြုမိခဲ့ပါတယ်)

"မင်း အချိန်ရလားကွ"

"ဘာလို့လဲ"

"မုန့် သွားစားရအောင်ကွာ။ ငါ ကျွေးပါမယ်"

သူ အတင်းခေါ်တာကြောင့် ငှားလာတဲ့ စာအုပ်တွေ ဖတ်ချင်နေစိတ်ကို မျိုသိပ်ပြီး ကျွန်တော် လိုက်သွားခဲ့ပါတယ်။ သူ သွားတာက ဘုရားလေး အသုတ်ဆိုင်ကိုပါ။ ဆိုင်ရောက်တော့ ကျွန်တော် ဘာမှမစားဘူး။ သူကတော့ တစ်ပွဲပြီးတစ်ပွဲ မှာစား တယ်။

ပိုရှင်းအောင်ပြောရရင် တစ်ပွဲမကုန်ခင် နောက်တစ်ပွဲကို အသင့် ကြိုမှာပြီးတော့ကို ပလုတ်ပလောင်းနဲ့ အားပါးတရ မနားတမ်း စားတာ။ သူစားတာ မြင်ရတာ အားရှိစရာကြီးပဲ။ အဲဒီ နေ့က သူ မှာယူစားသောက်လိုက်တာ အာပူလျှာပူ နှစ်ပွဲ၊ အသုတ် ခုနှစ်ပွဲဆိုတာ ကျွန်တော် ယခုထိ မှတ်မိနေဆဲပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



မှတ်မိမှာပေါ့။ စားသောက်ပြီးတော့ ချက်ချင်းပဲ ကောက်ကာငင်ကာ -

"ခဏကွာ။ ငါ အရေးတကြီးကိစ္စ ပေါ်လာလို့။ ခု ပြန်လာခဲ့မယ်"

ဆိုပြီး ထွက်သွားလိုက်တာ တစ်နာရီကျော်ကြာတဲ့အထိ သူ ပြန်ရောက်မလာပါဘူး။ ကျွန်တော့်မှာကလည်း ပိုက်ဆံမပါဘူး။ အဲဒါနဲ့ ကျွန်တော်လည်း ရှက်ရှက်နဲ့ ဆိုင်ရှင်အဒေါ်ကြီးကို ကျသင့်ငွေမေး၊ တောင်းပန်ပြီး နောက်ရက်မှ သွားပေးခဲ့ရတာကိုး။

ဩော်... ထူးကြီး... ထူးကြီး... ခုချိန်မှာတော့ ပြန်တွေးရင် ငါ ပြုံးနိုင်နေပါပြီ...။

မှတ်မှတ်ရရ နောက်တစ်ရက်မှာ အသုတ်ဆိုင်ကို ပိုက်ဆံသွားပေးပြီး ကျွန်တော် အိမ်ပြန်ရောက်ချိန်မှာပဲ သူက ကျွန်တော့်အိမ် ရောက်နေပါပြီ။

အမယ်... သူက ကျွန်တော့်ကိုမြင်တော့ ပြုံးပြုံးကြီးဗျ။ ပြီးတော့ ကျွန်တော့်ပခုံးဖွဖွပုတ်ပြီး -

"မင်း ငါ့ကို စိတ်ဆိုးနေလား"

ကျွန်တော်ကလည်း ကျွန်တော့်အမူအကျင့်အတိုင်း နှုတ်ဆိတ်လျက် ခပ်ပြုံးပြုံးပဲ နေလိုက်ပါတယ်။ အဲဒီအခါ မနေ့က သူ့ကောင်မလေးကို ကျူရှင်သွားကြိုရာက ကောင်မလေးက နွဲ့ဆိုးဆိုးနေလို့ ကြာနေတာ ဖြစ်ကြောင်း ရှင်းပြပါတယ်။ သူလို နှုတ်ခမ်းမွေး ကားကားကြီးနဲ့လူက ကောင်မလေးအကြောင်းပြောတော့ ကျွန်တော့် စိတ်ထဲ ရယ်ချင်တာမဟုတ်ပေမယ့် တစ်မျိုးကြီးတော့ ဖြစ်သွားတယ်။ ခံစားရတာ ကျလိကျလိနဲ့။

သူ့နှုတ်ခမ်းမွေးကြီးကြည့်ပြီး သူ့ကောင်မလေးအစားလည်း အူယားမိတယ်။

"ငါ့အိမ် ဘယ်လိုသိတာလဲ"

လို့ ကျွန်တော်မေးတော့ ထွန်းထွန်းကိုသွားမေးပြီး လာတာလို့ပြောတယ်။ ဟိုဒီလျှောက်ကြည့်ပြီး -

"ငါတို့ စက်ဘီး လျှောက်စီးရအောင်ကွာ"

www.burmeseclassic.com

www.burmeseclassic.com



သူ အဖော်စပ်တယ်။

အခုပဲ အပြင်ကပြန်လာတာမို့ ငြင်းပေမယ့် သူ ဇွတ်အတင်း ခေါ်တာကြောင့် ကျွန်တော် ပါသွားပြန်ပါတယ်။ သည်းခြေမကောင်းဘူးကိုး။ အညာကလည်း လွယ်တာကိုး။

ညနေခင်း လမ်းကလေးတွေထက်မှာ နှစ်ယောက်အတူ စက်ဘီးလျှောက်စီးဖြစ်ကြတယ်။ ကျွန်တော့်စက်ဘီးက အနက်ပေါ့။ သူ့စက်ဘီးက ဂျပန်ဘီး ငွေမင်ရောင်။

သူက သူ့စတိုင်လ်အတိုင်း ပုဆိုးတိုတို၊ ရှပ်အင်္ကျီလက်တိုနဲ့။ ကျွန်တော်က သရီးကွာတားနဲ့ တီရှပ်နဲ့။ အဲဒီအချိန်က ကျွန်တော့် ဆံပင်က ဖြောင့်ပြီးဖွာထားတာကို ရွှေအိုရောင်ညိုဖျော့ဖျော့ ဆေးဆိုးထားတဲ့ ကပိုကရို လည်ကုပ်သာသာ ဆံပင်ပုံနဲ့။

စက်ဘီးနှစ်စီး ဘေးချင်းယှဉ် နင်းနေရာကနေ သူက ရှေ့မကြည့်ဘဲ ကျွန်တော့်ကိုပဲ ရွှန်းရွှန်းဝေဝေ ကြည့်နေတယ်။ နည်းနည်းကြာတော့ ဖွဖွပြုံးပြီး ပြောတယ်။

"အဟင်း မင်းလည်း လှချောပဲကွ။ ဒါပေမယ့် ငါ့မမီဘူး" တဲ့။

နှုတ်ခမ်းမွေးကားကားကြီးနဲ့ သူက အဲ့လိုပြောတော့ ခံရတာ သိပ်မနိပ်ဘူးဗျ။ ကျွန်တော်လည်း ရွက်ကြမ်းရေကျိုဆိုပေမယ့် အောင့်သက်သက်တော့ ဖြစ်တာပေါ့။ သူ စက်ဘီးနင်းနေတာကလည်း ပုဆိုးတိုလွန်းလို့ ဒူးတွေ ပေါင်တွေ အမွေးတွေပေါ်လို့။ သူက ကျွန်တော့်ကို တစိမ့်စိမ့်ကြည့်ပြီး -

"မင်းမှာလည်း ပါးချိုင့် ရှိတယ်။ ဒါပေမယ့် သိပ်မသိသာဘူး။ ငါ့ပါးချိုင့်က သိသာတယ်။ နည်းနည်းလေး ပြုံးလိုက်တာနဲ့ ပေါ်တယ်။ အဲဒါကြောင့် ငါက ချစ်ဖို့ကောင်းတာ"



ဆိုပြီး ဟန်အမူအယာ အမျိုးမျိုးနဲ့ ပြုံးလိုက်၊ သွားဘာသာမဖို့တရို့နဲ့ ရှက်ကိုးရှက်ကန်းဖြစ်လိုက်၊ ကျွန်တော့်ကို အတင်းကြည့်ခိုင်းလိုက်၊ မြင်လား မြင်လားဆိုပြီးလည်း မေးပါတယ်။ မြင်ပါတယ်လို့ ပြောတာတောင် ပြုံးတာ မရပ်ဘူး။ တရစပ် ပြုံးလျက်ပါပဲ။ ကျွန်တော်မြင်တာတော့ ပါးဆုံကြီးတွေ ဖောင်းမို့အစ်နေတော့ သူ့ပါးချိုင့်က လိမ်ခွေခွေ ခွက်ခွက်နက်နက်ကြီး။ ချစ်ဖို့လည်း မကောင်းပါဘူး။ အူယားစရာကြီး။

ဒါလောက်နဲ့ မပြီးသေးဘူး။

"ငါ့မျက်လုံးဆို ကြည့်ကွာ။ ညို့မျက်လုံး။ ငါ့မျက်လုံးကို တည့်တည့်စိုက်ကြည့်မိရင် အဲဒီမိန်းကလေး ငါ့ကို စွဲလမ်းသွားတာပဲ"

သူက ပြုံးလျက်ပဲ ပြောနေတယ်။ ဒါကိုလည်း ကျွန်တော်က စနေတယ်ပဲ ထင်ခဲ့တာ။

"နှာတံဆိုရင်လည်း ကြည့်ကွာ။ ငါ့နှာတံက စင်းနေတာပဲ။ စိုင်းဘိုဘိုတောင် ငါ့လောက်မလှဘူး"

သူဟာ စက်ဘီးနင်းမပျက် ကျွန်တော့်ပခုံးကို လက်တစ်ဖက်နဲ့ လှမ်းပုတ်ပြီး -

"ငါ့နှုတ်ခမ်းကို မင်း သေချာကြည့်စမ်း။ သွေးရောင်လေးတွေ လွှမ်းနေတာ တွေ့လား။ အဲဒါ ပင်ကိုယ်အလှကွ။ ငါ ဘာနှုတ်ခမ်းဆိုးဆေးမှ ဆိုးထားတာ မဟုတ်ဘူးနော်။ အဲဒီလို ငါ့နှုတ်ခမ်းက စိုစိုရဲရဲလေးဆိုတော့ မြင်ရသူ ကောင်မလေးတွေ အသည်းခိုက် စွဲလမ်းတာပေါ့ကွာ"

"အေး အေးပါကွာ"

သူပြောလို့ သေချာကြည့်တော့လည်း ဟုတ်သလိုလိုပဲ။ တစ်ခုချင်းကြည့်ရင် သူ့မျက်လုံး၊ သူ့နှာတံ၊ သူ့နှုတ်ခမ်းတွေဟာ

www.burmeseclassic.com

www.burmeseclassic.com



လှသလိုပဲ ထင်ရပါတယ်။ ဒါပေမယ့် အားလုံးပေါင်းစပ်လိုက်တဲ့ အခါကျတော့ မြင်ရတာ ခံစားရတာ မအီမလည် ဟာတာတာ ပေါ့ရွှတ်ရွှတ်ကြီး။ မျက်စိစူးစေတာက သူ့နှုတ်ခမ်းမွှေးကြီးပဲ။

အသက်ငယ်ငယ်နဲ့ ဘာလို့ နှုတ်ခမ်းမွှေး အရှည်ကြီး ထားတာလဲလို့ ကျွန်တော်ပြောတော့ သူက နှုတ်ခမ်းမွှေးကော့ကော့ ကားကားကြီးတွေကို လက်တစ်ဖက်နဲ့ သပ်ကာသပ်ကာ ဂုဏ်ယူ ဝံ့ကြွားဟန်အပြည့်နဲ့ ရှင်းပြတယ်။

"ငါတို့က စော်ဘွားမျိုးရိုးကွ။ ဒီနှုတ်ခမ်းမွှေးက ငါတို့ မျိုးရိုးရဲ့ အမှတ်အသားပဲ။ ငါတို့မျိုးရိုးမှာ ယောက်ျားလေးတိုင်း ဒီလို နှုတ်ခမ်းမွှေး ထားရတယ်။ ဒီနှုတ်ခမ်းမွှေး မရှိရင် ငါတို့ မျိုးရိုးလည်း သိက္ခာမရှိတော့ဘူး"

"ဟင်. . ."

ဆိုင်သလား မဆိုင်သလား မသိပေမယ့် သူက မျိုးရိုးနဲ့ ချိပြောလာတာကြောင့် ကျွန်တော်လည်း ဆက်မပြောတော့ဘဲ နှုတ်ဆိတ်နေလိုက်ရတယ်။

သူကတော့ ကျွန်တော့်ကိုကြည့်လိုက်၊ သူ့ အလှကို ချီးမွမ်း ခန်းဖွင့်လိုက်နဲ့ ဟုတ်နေတာပဲ။ နှုတ်တွင် သာယာနေတာပေါ့လေ။

ကျွန်တော်က စက်ဘီးကို ရှေ့ကြည့်နင်းဖို့ ပြောတော့ သူဟာ မျက်လုံးလေးတွေ မှေးစင်းအောင်ရယ်ပြီး -

"မင်းက ငါ့လောက်လည်း ဦးနှောက်မကောင်းဘူးပဲကွ ဟား ဟား။ ဒါပေမယ့် သူငယ်ချင်းအပေါ် စိုးရိမ်တတ်တဲ့ မင်း စိတ်ဓာတ်ကိုတော့ ငါ အသိအမှတ်ပြုပါတယ်။ တစ်ခုလိုနေတာက မင်းက အတွေးအခေါ် အားနည်းတာပဲ။ ငါ စကားတွေပြောနေ ပေမယ့် စက်ဘီးဘဲလ်ကို ခဏခဏတီးနေတာ မင်း သတိမထားဘူး



မဟုတ်လား။ သတိထားမိရင်တောင် ငါ လက်ဆော့နေတယ်လို့ မင်း ထင်နေမှာပါလေ။

တကယ်တော့ အဲဒါ ငါ လမ်းကြောင်း ရှင်းနေတာကွ။ အဲဒီလိုလမ်းကြောင်း ရှင်းပေးနေရတာကလည်း မင်းကို စိုးရိမ်လို့ ပါ။ မင်းနဲ့ငါက ယှဉ်နင်းနေတာ မဟုတ်လား။ ငါ မင်းကိုကြည့်ပြီး မင်း နင်းတဲ့အတိုင်း လိုက်နင်းတယ်။ မင်း ကွေ့ရင်ကွေ့တယ်။ ဒီတော့ မင်း တစ်ခုခုဖြစ်ရင် ငါလည်း တစ်ခုခုဖြစ်ပြီပေါ့ကွာ"

အကြောင်းသားနဲ့ ကျွန်တော် သူ့ကို ငေးကြည့်မိသွားတယ်။ အဲဒီအခါ သူက ကျွန်တော့်ကိုကြည့်ပြီး တသောသောရယ်ကာ -

"ဘယ်လိုလဲ မင်း ငါ့ကို လေးစားသွားပြီမဟုတ်လား ဟား ဟား။ ဒါ ပါမွှားလေးပဲ ရှိပါသေးတယ်ကွာ။ အရမ်းအထင်မကြီးပါနဲ့ ဦး အဟင်း" တဲ့။

ဟုတ်ပါတယ်။ တကယ်လည်း အဲဒါက ပါမွှားလေးပဲ ရှိပါ သေးတယ်။

www.burmeseclassic.com

www.burmeseclassic.com

စက်ဘီးလျှောက်စီးနေရင်းက ကောင်မလေးတစ်ယောက်ကို တွေ့တော့ -

"အဲဒါ ငါ့ကောင်မလေးကွ"

လို့ သူ ပြောပါတယ်။

ကောင်မလေးက ရုပ်ရည်ကော ဝတ်စားဆင်ယင်မှုကော အတော်ပြေပြစ်တာကြောင့် သူ ပြောတာ ကျွန်တော် မယုံပါဘူး။ ဒါနဲ့ -

"မင်းကောင်မလေးဆို ဘာလို့ နှုတ်မဆက်လဲ။ သူကလည်း နှုတ်မဆက်ဘူး။ မင်းကလည်း နှုတ်မဆက်ဘူး"

"ဒါက ဒီလိုရှိတယ်ကွ။ သူက သိပ်အရှက်အကြောက်ကြီးတယ်။ အိမ်ကိုလည်း ကြောက်ရတယ်။ အဲဒါကြောင့် လူရှေ့သူရှေ့ဆို သူစိမ်းတွေလိုပဲ နေကြမယ်လို့ ငါတို့ တိုင်ပင်ထားကြလို့ပါကွာ"

သူ ဘယ်လိုပြောပြော သူ့နှုတ်ခမ်းမွှေးကြီးကြောင့် ကျွန်တော် ယုံပေးလို့ မရပါဘူး။ ဒါပေမယ့် သိတာ ခင်တာ မကြာသေးတော့ သိပ်မပြောချင်တာကြောင့် အသာငြိမ်နေလိုက်တယ်။

ဒီလိုနဲ့ နောက်တစ်နေ့ရာရောက်တော့ ကောင်မလေးလှလှလေးတစ်ယောက် တွေ့ပြန်တော့လည်း သူ့ကောင်မလေးလို့ ပြောပြန်ပါတယ်။ အဲဒီအခါ ကျွန်တော့်ဗီဇက ထကြွသွားပါတော့တယ်။ အဲဒီကောင်မလေးရှိရာ စက်ဘီးကို အမြန်နင်းသွားပြီး တဲ့တိုးပဲ မေးပစ်လိုက်တယ်။



"ဟိုတစ်ယောက်က ပြောနေတယ်။ နင်က သူ့ကောင်မလေးဆို။ အဲဒါ ဟုတ်လား"

လို့လည်း မေးလိုက်ကော ကောင်မလေး အူကြောင်ကြောင် ဖြစ်သွားတယ်။ ဘာတွေ လာကြောင်နေတာလဲ ဘာညာ အပြောခံရတယ်။

အဲဒီအချိန်မှာပဲ ထူးကြီးက ကရောသောပါး အနားရောက်ချလာပြီး ပြုံးတုံးပြာတာနဲ့ -

"မင်း ဘာတွေလျှောက်မေးနေတာလဲ။ ဟိုက ရှက်သွားတော့မယ်။ ကျွန်တော် တောင်းပန်ပါတယ်ခင်ဗျ။ သူက ဒါ သိပ်မကောင်းလို့ပါ"

ဆိုပြီး ကောင်မလေးကို တောင်းပန်ကာ ကျွန်တော့်မေးငေါ့ပြပြီး သူ့နားထင်ကို လက်နဲ့ထောက်ခါပြတယ်။ ကျွန်တော်က ချောင်နေတယ်ပေါ့လေ။

သူက အမှတ်ဝင်ယူလိုက်သေးတယ်။ ပြီးတော့ ကျွန်တော့်စက်ဘီး လက်ကိုင်တစ်ဖက်ကိုဆွဲပြီး ခေါ်သွားတယ်။ ခပ်လှမ်းလှမ်းရောက်တော့မှ -

"မင်း အဲ့လိုပေါ်တင်ကြီး သွားမေးတော့ ဟိုကရှက်လို့ အမှန်ဘယ်ဝန်ခံမလဲကွ။ မင်း တော်တော်တုံးတာပဲ"

ဆိုပြီး ကျွန်တော့်ကိုပါ အပြစ်တင်လိုက်သေးတယ်။

ကျွန်တော်ကလည်း မလျှော့သေးဘဲ -

"ဒါဆို အဲဒါ မင်းကောင်မလေးအစစ်ပေါ့ ဟုတ်လား"

"ဟုတ်တယ်လေကွာ။ ဒါပေမယ့် သူက ငါတို့ချစ်ဘဲဖြစ်နေတာ ဘယ်သူ့မှမပြောရဘူးလို့ ငါ့ကို ကတိတောင်းထားတယ်။ အဲဒါကြောင့်ပါကွာ"

www.burmeseclassic.com

www.burmeseclassic.com



"မင်းပြောတာ ဟုတ် မဟုတ် ငါ ခုပြန်သွားမေးမယ်"

ပြောတော့ -

"မင်း တော်တော်မလွယ်တဲ့ကောင်ပဲ။ တော်တော်ခက်တဲ့ကောင်ပဲ။ တော်တော် အလိုက်ကန်းဆိုးမသိတဲ့ ကောင်ပဲ။ မင်းအဲ့လိုသွားမေးရင် သူ့ကိုပေးထားတဲ့ကတိမတည်ဘူးဆိုပြီး ငါ့ကိုဖြတ်ပစ်လိုက်မှာပေါ့။ သူတစ်ပါးချစ်ခြင်း မခွဲချင်ပါနဲ့ကွာ။ အပြစ်ကြီးပါတယ်"

တဖွဖွပြောပြီး ကျွန်တော့်ကို ကျောသပ်ရင်သပ်နဲ့ ဆွဲခေါ်သွားတယ်။ ဒီလောက်ဆို အခြေအနေမှန်ကို ကျွန်တော် ရိပ်စားမိနေပါပြီ။ ဒါပေမယ့် ဒါတွေဟာ သူ ကျွန်တော့်ကို ရုပ်တည်နဲ့စနေတာတွေလို့ပဲ ကျွန်တော်က ထင်ခဲ့တာကိုး။ အဲဒီနေ့ ပွဲစဉ်က ဒီလောက်နဲ့ မပြီးဘူး။ တစ်နေရာရောက်တော့ သူဟာ မျက်မှောင်ကျုံ့ကာ နှုတ်ခမ်းမွေးကြီးကို လက်တစ်ဖက်နဲ့ ပွတ်ပြီး -

"မင်းပုံစံကြည့်ရတာ ငါ့ကို သံသယရှိနေပုံပဲ။ မင်းအကြည့်တွေမှာ ငါ့ကို အထင်သေးဟန်တွေ ပါနေတယ်။ တကယ်ပဲ ငါ့မှာ အဲဒီလို ကောင်မလေးတွေ အများကြီးပါကွ။ အေးလေ ဒီလိုပြောရင် မင်း ဘယ်ယုံပါ့မလဲ။ မင်းကိုငါ လက်တွေ့ပြပါမယ်။ ခု ကောင်မလေးတစ်ယောက်အိမ်ကို သွားမယ်။ အဲဒီကောင်မလေးက ငါ့ကိုကြိုက်လွန်းလို့ သူ့မိဘတွေကိုတောင် ဖွင့်ပြောပြီး ငါ့ကို လိုက်တောင်းခိုင်းထားတာကွ။ လူကြီးချင်းလည်း စကားပြောပြီးသွားပြီ။ ငါ့မိဘတွေကတော့ သဘောတူပါတယ်။ ငါကတော့ စဉ်းစားတုန်းပေါ့ကွာ။ ငါ့မှာ ရွေးချယ်စရာတွေကလည်း များတာကိုး"

သူ ဘယ်လိုထပ်လှည့်ဦးမလဲဆိုတာ သိလိုစိတ်နဲ့ သူခေါ်ရာ ကျွန်တော် အသာလိုက်သွားတယ်။ နယ်မြို့တစ်မြို့အရ



ပြည့်စုံကြွယ်ဝတယ်လို့ ယူဆရတဲ့ အိမ်တစ်အိမ်ကို ရောက်သွားပါတယ်။ အိမ်ရှေ့ခြံဝင်းထဲမှာ စက်ဘီးကို ထိုးရပ်ပြီး သူက အိမ်ထဲပြေးဝင်သွားတယ်။ ကျွန်တော်လည်း စက်ဘီးကို သူ့စက်ဘီးဘေးနားမှာ အမြန်ရပ်ပြီး သူ့နောက် ကသောကမျောလိုက်တယ်။

ဝါသနာကိုး။ စပ်စုချင်တာကိုး။

"စုရေ . . . စုမြတ်မြတ်လေးရေ . . . ညီမလေးရေ . . . အစ်ကိုလေ . . . အစ်ကို လာတယ်ဟေ့ . . ."

ထူးကြီးက တကြော်ကြော်အော်ပြီး အိမ်ထဲဝင်တယ်။ အိမ်အတွင်းပိုင်းထဲက ကောင်မလေးတစ်ယောက် ထွက်လာတယ်။ ကျောင်းဝတ်စုံ အဖြူအစိမ်းလေးနဲ့ ။

ကောင်မလေးက အများဆုံးရှိမှ ရှစ်တန်းလောက်ပဲ ရှိဦးမယ် ထင်ပါတယ်။ ဒါပေမယ့် လှတယ်။

"ဟ မင်းကောင်မလေးက ငယ်ငယ်လေးပါလား" လို့ ကျွန်တော် သူ့နားနား ကပ်ပြောတော့ သူက မျက်စိတစ်ဖက်မှိတ်ပြပြီး -

"ငယ်ပေမယ့် ချစ်စိတ်က ပြင်းတယ်ကွ" တဲ့။

ကျွန်တော် ဘာမှပြန်မပြောဘဲ အသာ အကဲခတ်နေလိုက်တယ်။ ကောင်မလေးက အေးအေးဆေးဆေးပဲ -

"အစ်ကိုကြီး ဘယ်က လှည့်လာလဲ။ ညီမတောင် ခုမှ ကျူရှင်က ပြန်လာတာ"

ဘာညာ ပြောနေတယ်။ ထူးကြီးက -

"ရေဆာလို့ ရေဝင်သောက်တာပါ။ အစ်ကို့ကို ရေတစ်ခွက်လောက် ခပ်ပေးစမ်းပါကွာ" ဆိုပြီး ပြောတယ်။

ကောင်မလေး နောက်ခန်းထဲ ဝင်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



"တွေ့လား . . . ငါတို့က ကိုရီးယားကားတွေထဲကလို ခေါ်တာ။ အတူနေချင်လှပြီလို့ သူ တတွတ်တွတ် ပူဆာနေတာ ကျောင်းပြီးအောင် ပညာသင်ပါဦးလို့ မနည်းပြောထားရတာ။ ငါ ဘာလုပ်ခိုင်းခိုင်း သူက မငြင်းဘူး။ ခုလည်း ငါ ရေဆာတယ်ဆိုလို့ ရေသွားခပ်နေပြီ။ ဒါလောက်နဲ့ မယုံသေးရင် မင်းရှေ့မှာ သူ့ကို ငါ နမ်းပြမယ်" ဆိုပြီး ပြောတယ်။

ကျွန်တော် နည်းနည်းမကတော့ စိတ်ဝင်စားလာပြီ။

ကောင်မလေးက ရေခွက်ကလေးလာပေးတော့ သူ အကုန် မော့သောက်ပစ်လိုက်တယ်။ ပြီးတော့ "အား . . . ရင်ထဲကို အေးသွားတာပဲကွာ။ အဲဒါတွေကြောင့် ချစ်နေရတာ" ဆိုပြီး ကောင်မလေးကို ဖက်ပြီး တရွတ်ရွတ် နမ်းပါတယ်။

ဟာ . . . ကျွန်တော် ဂါရမလို ဖြစ်သွားတယ်။ ဒီကောင် ပိုင်လှချည်လားပေါ့လေ။ နေရာကလည်း ကောင်မလေးအိမ်။ ပြီးတော့ အိမ်ရှေ့ခန်းကြီးထဲမှာ။ လုပ်ချက်က တင်းတယ်။

ကျွန်တော် တမော့တမော ငေးကြည့်နေမိတယ်။ ရင်သပ်ရှုမော ဖြစ်နေတာပေါ့လေ။ အဲဒီအချိန်မှာပဲ -

"ဟယ် တင်ထူးအောင် . . . နင် ဘယ်တုန်းက ရောက်နေတာလဲ"

အသံနဲ့တကွ အိမ်နောက်ခန်းထဲက အမျိုးသမီးကြီးတစ်ဦး ထွက်လာတယ်။ ပြည့်ပြည့်ဖြိုးဖြိုးခန့်ခန့်ကြီးပါ။ ဒါလည်း ထူးကြီးက အေးဆေးပါပဲ။

"ရေဆာတာနဲ့ လမ်းကြုံလို့ ရေဝင်သောက်တာပါ" တဲ့။

ကောင်မလေးကို ထူးကြီး ဖက်ထားတာ မြင်ပေမယ့် အမျိုးသမီးကြီးကလည်း အေးဆေးပဲ။



"နင့်အဖေတွေ အမေတွေကော နေကောင်းကြလား" ဆိုပြီး အလာပသလာပ စကားတွေတောင် ပြောနေလိုက်သေးတယ်။ (အဖေတွေ အမေတွေဆိုတော့ ကြားရတာ တစ်မျိုးကြီးပဲ) ကောင်မလေးကြည့်တော့လည်း အနမ်းခံရတာ မထူးဆန်းတော့သလို အေးဆေးပဲ။

အခြေအနေက အေးဆေးလွန်းနေတာကြောင့် ကျွန်တော် တွေးစရာတွေ ဖြစ်ပွားသွားပါတယ်။ ယုံရမလို မယုံရမလိုပေါ့လေ။ ဇဝေဇဝါနဲ့ အဖြေမှန်ကိုလည်း ကွက်ကွက်ကွင်းကွင်း သိပ်သိချင်နေတယ်။ ဒါကြောင့် "ညီမ ပင်ပန်းနေမယ်။ အစ်ကိုပဲ သွားထားလိုက်ပါ့မယ်" ဆိုပြီး ထူးကြီး နောက်ခန်းထဲဝင်ပြီး သောက်ရေခွက် ပြန်ထားနေချိန်မှာပဲ ကောင်မလေးကို လက်ယပ်ခေါ်လိုက်တယ်။ အမျိုးသမီးကြီးကလည်း ထူးကြီးနောက် လိုက်သွားချိန်ပေါ့။

ကျွန်တော် ထိုင်နေတဲ့ ထိုင်ခုံရှေ့နား ကောင်မလေး ရောက်လာတော့ "မေးချင်တာရှိလို့ပါ။ ညီမလေးတို့က လူကြီးချင်း သဘောတူထားကြတာဆို ဟုတ်လား"

"ဟင် ဘာကိုပြောတာလဲ"

ကောင်မလေးက အူတူတူနဲ့ ပြန်မေးနေတယ်။ ကျွန်တော်က -

"တင်ထူးအောင် ပြောလို့ပါ။ ညီမလေးနဲ့သူနဲ့က လူကြီးချင်း သဘောတူထားတာ ဆိုလို့လေ။ အဲ့ဒါ ဟုတ်မဟုတ် သိချင်လို့ပါ"

ကောင်မလေး မျက်လုံးပြူးသွားတယ်။ တကယ် ပြူးသွားတာ။ ဝိုင်းစက်သွားတာပဲ။ အပေါ်တက် ကပ်သွားတဲ့မျက်ဆံ တော်တော်နဲ့ အောက်ပြန် မကျဘူး။ ပါးစပ်ကလေး ဟောင်းလောင်း ပွင့်ပြီး -

www.burmeseclassic.com

www.burmeseclassic.com



“အာ ဘာတွေလျှောက်ပြောနေတာလဲ။ ကျားကြီးကိုက်တော့မှာပဲ။ သမီးတို့က မောင်နှမတွေရှင့်။ တစ်ဝမ်းပဲ ကွဲသေးတာအဟင့်” တဲ့။

“ဟင် . . .”

အောင်မလေး . . . ဘုရား . . . ဘုရား . . .။ ကိုယ်ကျိုးတွေတော့ နည်းကုန်တော့မှာပဲ. . .။ မေးမိတဲ့ကျွန်တော် ကတုန်ကယင် ဖြစ်သွားတယ်။ ကိုယ့်လျှာကိုယ် ပြန်ကိုက်ထားလိုက်မိတယ်။ မျက်လုံးလေးပါ ပေကလပ် ပေကလပ် ဖြစ်သွားမယ် ထင်ပါတယ်။ ကောင်မလေးက အသံစူးစူးလေးနဲ့ ခါးလေးကိုင်း ပေါင်ကြားထဲ လက်ကလေးနှစ်ဖက်ညှပ်ပြီး -

“အစ်ကိုကြီး တင်ထူးအောင်. . . နင် လာဦး . . . ။ နင် ဘာတွေလျှောက်ပြောထားတာလဲ။ အမေရေ ကိုတင်ထူးအောင် ပေါက်ကရတွေ ဘာတွေလျှောက်ပြောထားမှန်း မသိဘူး”

ဆိုပြီး ခေါင်းလေးတခါခါနဲ့ အော်ချိန်မှာပဲ ထူးကြီး နောက်ဖေးခန်းထဲက အူယားဖားယား ပြေးထွက်လာတယ်။ လျှင်တယ်။ နပ်တယ်။ ပေါ့ပါးသွက်လက်တယ်။ ကျွန်တော့်ကိုကြည့်လိုက်၊ ကောင်မလေးကိုကြည့်လိုက်နဲ့ တစ်ချက်စီလောက်ပဲ ကြည့်ပြီးတော့ ကပျာကသီ ကျွန်တော့်လက်မောင်းကို လာဆွဲခေါ်တယ်။

“မင်း ကလေးကို ဘာသွားလုပ်တာလဲ ပြောစမ်း”

“အယ် ငါ ဘာမှ မလုပ်ပါဘူးကွာ။ မင်းတို့ နှစ်ယောက်ရဲ့ အချစ်ဇာတ်လမ်းလေး မေးမိတာပါ”

“ဟာ. . .”

ဒီကောင် မျက်လုံးပြူးပြီး ပါးစပ်ကြီးဟောင်းလောင်း ပွင့်သွားတယ်။ နှုတ်ခမ်းမွေးကြီးတွေတောင် ပိုပြီး ကော့ထောင်ကား





လန်တက်သွားသလားပဲ။ ကျွန်တော်ကလည်း အခြေအနေ သဘောပေါက်ပေမယ့် မင်သေသေနဲ့ အူတူတူ လုပ်ပြလိုက်တယ်။ အဲဒီအခါ ထူးကြီးက ပေထိုင်နေတဲ့ ကျွန်တော့်ကို အတင်း ဆောင့်ဆွဲခေါ်ပြီး -

“အဲဒါတွေကြောင့် မင်းကိုငါ သူများအိမ်တွေ အလည်မခေါ်ချင်တာ။ အထူးအပါး နားမလည်ဘူး။ ပါးစပ်စည်းကမ်းမရှိဘူး။ ညီမလေး သူပြောတာတွေ တစ်ခုမှ မယုံနဲ့။ ဒီကောင်က ဦးနှောက်မှန်တာ မဟုတ်ဘူး။ အစ်ကို သူ့ကို ပြန်လိုက်ပို့လိုက်ဦးမယ်။ အန်တီ့ကိုလည်း ပြောလိုက်ပါ။ စိတ်အနှောင့်အယှက်ဖြစ်ရင် တောင်းပန်ပါတယ်”

ကောင်မလေးကို လက်တကာကာနဲ့ ဦးညွှတ်တောင်းပန်ပြီး ကျွန်တော့်ကို ဟပ်ထိုးဟပ်ထိုး ဖြစ်တဲ့အထိ အိမ်ထဲကနေ အတင်း ဆောင့်ဆွဲခေါ်ထုတ်သွားတယ်။ ကျွန်တော့်စက်ဘီးကိုပါ သူ ကိုယ်တိုင် ခြံအပြင် တွန်းထုတ်ပေးတယ်။ ပြီးမှ သူ့စက်ဘီးကို ပြန်ဝင်ယူပြီး နှစ်ယောက်သား သုတ်ခြေတင် လစ်လာခဲ့ကြတာပေါ့။ အိမ်ထဲမှာ ဘာတွေဖြစ်ကျန်ခဲ့သလဲဆိုတာတော့ မသိတော့ပါဘူး။

အမှန်ဆို အဲဒီကတည်းက ကျွန်တော် သဘောပေါက်နားလည်ခဲ့ဖို့ ကောင်းပါတယ်လေ။ ဒါပေမယ့် အစအနောက်သန်တဲ့ ကျွန်တော်ဟာ သူလည်း ကျွန်တော့်ကို စနောက်နေတာလို့ပဲ ထင်ခဲ့တာကိုး။ သူ စနောက်တာတွေဟာ တစ်မျိုးတစ်ဖုံ ဆန်းသစ်ပါလားဆိုပြီးတောင် အတွေးဖြစ်မိခဲ့တာကိုး။

ဩော် . . . မောင်လင်း . . . မောင်လင်း . . . ခုချိန်မှာ ဒီလိုစာလေးတွေ ရေးနိုင်နေတာတောင် မင်းကိုယ်မင်း အင်မတန်ကံကြီးတယ် မှတ်ပါလေ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့က အပြန်လမ်းမှာ ပြောသေးတယ်။ သူပြောတာက မင်သေလွန်းပါတယ်။ သူ့ရုပ်ဟာ တကယ့်အမှန်တရားစစ်စစ်ကို ပြောဆိုနေသလို တည်ငြိမ်အေးဆေးလွန်းပါတယ်။

"မင်း ဘာလို့ သွားမေးရတာလဲကွာ။ ဒီကိစ္စဟာ ထိပ်တန်းလျှို့ဝှက်ချက်ကွ။ သူစိမ်းတွေကြား ပေါက်ကြားလို့ မဖြစ်ဘူးဆိုပြီး နှုတ်ပိတ်ထားကြတာ။ မင်းကို ငါက ခင်လွန်းလို့ ဖွင့်ပြောပြတာ။ မောင်နှမချင်း လက်ထပ်မယ်ဆိုတော့ကွာ အမြင်ကျဉ်းမြောင်းတဲ့ ဗဟုသုတနည်းသူတွေက ကဲ့ရဲ့ခံရမှာ စိုးရိမ်ကြတာပေါ့ကွာ။ တကယ်တော့ ဒါဟာ ဘုရားလက်ထက်ကတည်းက ရှိခဲ့တာကွ။ သာကီဝင်မျိုးနွယ် ဆိုတာပေါ့။ ငါဟာ သာကီဝင်မျိုးနွယ်တစ်ယောက်ပဲ"

"ဟင်. . . မင်းပြောတော့ စော်ဘွားမျိုးရိုးဆို"

"အဲ . . ."

သူ တွေဝေသွားတာ ခဏလေးပဲ။ တုံ့ပြန်မှုက မကြာဘူး။

"မင်းကလည်း မတွေးတတ်ဘူးကွာ။ အသေးစိတ် ရှင်းပြနေရတာပဲ။ စော်ဘွားမျိုးရိုးဆိုတာ အဖေဘက်ကတော်စပ်တာ။ သာကီဝင်က အမေဘက်က အနွယ်တော်လေကွာ"

အဲ့လို . . .။

တစ်ညမှာ အိမ်လာခေါ်တဲ့ သူငယ်ချင်းနှစ်ယောက်နဲ့ ကျွန်တော် လက်ဖက်ရည်ဆိုင် လိုက်သွားတယ်။ သုံးယောက်လုံး စက်ဘီးကိုယ်စီနဲ့ပေါ့။ မှောင်နက်တဲ့ ညလမ်းလေးတွေထက်မှာ စက်ဘီးမှ ဝါကျင်ကျင်မီးလေးတွေဖွင့်ပြီး နင်းကြတယ်။ ဦးတည်ရာက အဝေးပြေးကားလမ်းမကြီးပေါ် လမ်းနံဘေးမှာ ဖွင့်ထားတဲ့ လက်ဖက်ရည်ဆိုင်ကလေး တစ်ဆိုင်ဆီသို့ပါ။

ကျွန်တော်တို့မြို့ရဲ့ ရထားသံလမ်းနဲ့ အဝေးပြေးကားလမ်းမကြီးကြားမှာရှိတဲ့ နာရီစင်ကြီးအောက် ရောက်တော့ ဆိုင်ကယ်တစ်စီးဟာ နံဘေးနားက ဝူးခနဲ ကပ်မောင်းတယ်။ ပွတ်တိုက်မိမလိုဖြစ်တာကြောင့် ကျွန်တော်တို့ စက်ဘီးသမားလေးတွေ ကပျာကသီ လမ်းနံဘေးကို တိမ်းရှောင်လိုက်ရပါတယ်။

အဲဒီမှာ လဲကျမလို ဖြစ်သွားတဲ့ ကျွန်တော်နဲ့ အတူပါလာတဲ့သူငယ်ချင်းတစ်ယောက်က စဆဲတယ်။ သူဆဲတော့ နောက်သူငယ်ချင်းတစ်ယောက်ကလည်း ဆဲတယ်။ သူတို့နှစ်ယောက်ရဲ့ ဆဲဆိုသံက တော်တော်ကျယ်ပါတယ်။

မလှမ်းမကမ်းမှာ မော်တော်ပီကယ်ရဲကင်းလည်း ရှိတာမို့ သူတို့နှစ်ယောက်ကို မဆဲတော့ဖို့ ကျွန်တော် သတိပေးတော့ သူတို့နှစ်ယောက် ဆဲဆိုမှုတွေ ရပ်တန့်သွားတယ်။ ဆိုင်ကယ်ဟာလည်း တစ်ချက် တုန့်ခနဲဖြစ်သွားပေမယ့် ရှေ့ဆက်မောင်းသွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ကယ်တစ်စီးတည်းကို လူသုံးယောက်ခွစီးထားတာတော့ ကားလမ်းမပေါ်က ညမီးရောင်တွေကြောင့် ကျွန်တော် သတိပြုမိလိုက်ပါတယ်။

ဒီလိုနဲ့ လက်ဖက်ရည်ဆိုင် ရောက်ကောပေ့ါ။ လက်ဖက်ရည်မှာသောက်ရင်း လမ်းမှာ ဖြစ်ခဲ့တဲ့ကိစ္စကို ခဏတဖြုတ်ပဲ ပြောဖြစ်ကြတယ်။ နောက်တော့ ဓမ့မေ့ပျောက်ပျောက်ပဲ တခြားအကြောင်းအရာတွေနဲ့ စကားဝိုင်းဟာ ဝေဆာနေပါတယ်။

သူငယ်ချင်းနှစ်ယောက်က စီးကရက်သောက်တယ်။ အဲဒီအချိန်က ကျွန်တော်ဟာ စီးကရက်ရနံ့ကိုတောင် မခံစားနိုင်ပါဘူး။ ဒါကြောင့် မုန့်စားတယ်။

အဲဒီကာလတွေတုန်းက သူငယ်ချင်းတွေနဲ့ လက်ဖက်ရည်ဆိုင်ထိုင်ရင် ကျွန်တော်က အမြဲနစ်နာတယ်။ ကျသင့်ငွေကို အညီအမျှ ထုတ်ရှင်းတဲ့ဓလေ့ ကျင့်သုံးကြတာကိုး။ ကျွန်တော်မှအပ ပေါင်းတဲ့သူငယ်ချင်းအားလုံးလိုလိုက လက်ဖက်ရည်ဆိုင်ထိုင်ရင် စီးကရက်တွေ အသေအလဲဖွာကြတယ်။

အဲဒီမှာ စီးကရက် မသောက်တတ်တဲ့ ကျွန်တော်က ကြားညပ်ပြီး လက်ဖက်ရည်တစ်ခွက်တည်းနဲ့ အချိုးကျ ထုတ်ထုတ်ပေးရတာ။ ကြာတော့ ကိုယ်ခံရတာ သဘောပေါက်လာတယ်။ ဒါပေမယ့် နှုတ်က ထုတ်မပြောဘူး။ မုန့်တွေပဲ စားပစ်လိုက်တယ်။

လူလည်လုပ်ဖို့တော့ ကြိုးစားတာပဲ။ ဒါပေမယ့် နာတာကနာမြဲပါပဲ။ သူတို့က စီးကရက်တစ်လိပ် မီးရှို့လိုက်တိုင်း ကိုယ်က မုန့်တစ်ခု စားနိုင်တာမှ မဟုတ်တာ။ သူတို့က ခဏခဏ ဖွာနေတာ။ ကိုယ်က အိမ်ကို ပါဆယ်ဆွဲသွားလို့လည်း မသင့်လျော်ဘူးလေ။ ကိုယ့်လက်ဖက်ရည်ဖိုးလေးပဲ ထုတ်ပေးရမှာမျိုးကျတော့



လည်း ကပ်တယ် အထင်ခံရမှာ စိုးခဲ့တာကိုး။ (ခံခဲ့ရတာတွေသိတယ်နော်။ ခုမှ ဖွင့်ပြောတာ။ ဟွန့်)

တစ်နာရီဝန်းကျင် ကြာမယ် ထင်ပါတယ်။ လက်ဖက်ရည်ဆိုင်မှာထိုင်ပြီးတော့ ကျွန်တော်တို့ ပြန်လာကြတယ်။ အဲဒီမှာပြဿနာဂယက်က ထပွက်တာပဲ။

သစ်ပင်တစ်ပင်အောက် မှောင်ရိပ်နားရောက်ခါနီးတော့ရုတ်တရက် ဖြစ်ပေါ်လာတဲ့ လင်းခနဲ မီးရောင်စူးစူးကြောင့် ကျွန်တော့် အမြင်တွေ ပြာဝေသွားတယ်။ ဒါဟာ ဆိုင်ကယ်ရဲ့အပေါ်ရှေ့မီးနဲ့ တည့်ထိုးခံလိုက်ရတာဆိုတာ နောင်မှ သဘောပေါက်ပါတယ်။ မီးရောင်စူးစူးကြောင့် ခေါင်းငုံ့အကြည့်လွှဲလိုက်ချိန်မှာပဲ -

"မင်းလားကွ . . . ခုန ငါတို့ကို ဆဲတာ" ဆိုတဲ့အသံနဲ့အတူ ပြေးထိုးခံလိုက်ရတယ်။ အဲဒီအချိန်က ကျွန်တော် မျက်မှန်တပ်နေရပြီ။ လက်သီးချက်က မျက်နှာကိုထိပြီး တပ်ထားတဲ့ မျက်မှန်ကျွတ်ကျသွားတယ်။ စက်ဘီးကော လူကော ဖရိုဖရဲ လဲပြိုသွားတယ်။ နောက်ထပ်လူနှစ်ယောက်ပါ ပြေးဝင်လာတာ မြင်လိုက်ရပါတယ်။ နောက်ကို လှည့်ကြည့်လိုက်တော့ ကျွန်တော်နဲ့အတူပါလာတဲ့ သူငယ်ချင်းနှစ်ယောက်ဟာ စက်ဘီးကိုယ်စီနင်းပြီးပြေးပါပြီ။

ဆုပ်ကိုင်ထားမိဆဲ စက်ဘီးလက်ကိုင်တစ်ခုကို ကျွန်တော်ဆောင့်ဆွဲလိုက်တယ်။ လက်ကိုင်စွပ်နဲ့အတူ ချွန်မြတဲ့ စူးချွန်တစ်ချောင်း ကျွတ်ပါလာတယ်။ လက်နက်ဆောင်ဖို့ဟာ လွယ်ကူပေမယ့် လက်နက်ကိုင်ထားချိန်တိုင်းမှာ မလိုအပ်ဘဲ အသုံးမပြုဖို့၊ ကိုယ့်စိတ်ကိုယ်နိုင်ဖို့ဟာ အင်မတန် အရေးကြီးတယ်လို့ ကျွန်တော့်ကိုယ်ကျွန်တော် အမြဲသတိပေးနေကျပါ။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့ မှားမယ်နော်။ အေးအေးဆေးဆေး ရှင်းနော်။ ခင်ဗျားတို့ကို ကျွန်တော် မဆဲဘူး"

တစ်ယောက်က ရှေ့ဆက်မတိုးဘဲ ရပ်သွားတယ်။ ကျန်နှစ်ယောက်ကတော့ ကျွန်တော် တားမြစ်ပေမယ့် ဘာစကားတစ်ခွန်းမှ မတုံ့ပြန်ဘဲ ကျွန်တော့်ကို ဝိုင်းထိုးကြပါတယ်။ သူတို့ဟာ ကျွန်တော့်ထက် အသက် ရှစ်နှစ်လောက်ကြီးသလို လူကောင်တွေလည်း သိသိသာသာ ပိုကြီးထွားပါတယ်။

များသောအားဖြင့် ကျွန်တော်ဟာ တော်တန်ရုံ မုန်းတီးမှု၊ အငြိုးအာဃာတလောက်နဲ့ တစ်ဖက်သားကို နာကျင်အောင် မလုပ်ရဲ မလုပ်ရက်ပါဘူး။ လက်ထဲမှာ စူးချွန်ကိုင်ထားပေမယ့် သူတို့ကို ကျွန်တော် မတုံ့ပြန်ဘူး။ သူတို့ရဲ့ ထိုးနှက်ချက်တွေကိုသာ တတ်စွမ်းသလောက် ပုတ်ထုတ် ရှောင်တိမ်းနေခဲ့ပါတယ်။ အဲဒီအချိန်ထိ သူတို့ရဲ့ လက်သီးချက်တွေဟာ ကျွန်တော့်မျက်နှာကို ထပ်မထိစင်သေးပါဘူး။ ဖြစ်ချင်တော့ အဲဒီအချိန်မှာပဲ -

"လေးလေး . . ." ဆိုတဲ့ ခေါ်သံစူးစူးလေးနဲ့အတူ အိမ်တစ်အိမ်ရှေ့မှာ ဆော့ကစားနေတဲ့ ကလေးလေးတစ်ယောက် ရန်ပွဲကြားထဲ ပြေးရောက်လာတယ်။ ပြီးတော့ "လေးလေးကို မလုပ်နဲ့ . . . လေးလေးကို မလုပ်ပါနဲ့ . . ." ဆိုပြီး သူ လက်လှမ်းမီရာ ဆွဲပြီး ကျွန်တော့် ခြေသလုံးကို အတင်းပွေ့ဖက်ထားတယ်။ အဲဒီကလေးမလေးဟာ ထိုနှစ်မှ မူကြို စတက်တာပါ။ မိဘချင်း ရင်းနှီးတာကြောင့် သူတို့အိမ်သွားတဲ့အခါတွေမှာ ထိုကလေးနဲ့ ကျွန်တော်ဟာ ကစားဖြစ်ကြတာတွေ ရှိပါတယ်။

ကလေးအတွေးနဲ့ ကလေးအားလေးနဲ့ စိုးရိမ်စွာ သူ ပွေ့ဖက်ထားတာကို ကျွန်တော် ဆောင့်ရုန်းရင် လွတ်မြောက်မှာဖြစ်



ပေမယ့် ထိခိုက်မှာစိုးတာကြောင့် "မီးမီး . . . ဖယ် . . . သွား . . ." လို့ ပါးစပ်ကပြောရင်း ကလေးရဲ့လက်နှစ်ဖက်ကို ကျွန်တော့်လက်နှစ်ဖက်နဲ့ ဆွဲခွာလိုက်ပါတယ်။

အဲဒါကို အမှားလို့ ကျွန်တော် မသတ်မှတ်ပါဘူး။ ဒါပေမယ့် အဲဒါကို အခွင့်ကောင်းအဖြစ်အသုံးချပြီး လက်သီးတစ်လုံးဟာ ငှံ့ကိုင်းမှုနဲ့ လစ်ဟာနေတဲ့ ကျွန်တော့်မျက်နှာတည့်တည့်ဆီ ပြေးဝင်လာတယ်။ ရိပ်ခနဲ မြင်တာကြောင့် ခေါင်းငုံ့ရှောင်လိုက်ပေမယ့် မလွတ်ဘူး။ မျက်နှာရှေ့ပိုင်းလွဲသွားပေမယ့် နောက်စေ့ကို အရှိန်ပြင်းပြင်းနဲ့ထိတယ်။ ကျွန်တော့်ဦးခေါင်း ချာခနဲ လည်ခါသွားတဲ့အထိပါပဲ။

ကလေးကို အာရုံစိုက်နေချိန်မှာ အဲဒီလို အခွင့်အရေးယူတာကို ကျွန်တော် အရမ်း အသည်းနာသွားခဲ့ပါတယ်။ ဒါလောက်ဆိုရင်တော့ များသွားပြီဆိုတဲ့စိတ်နဲ့ ကျွန်တော့်ရဲ့ တုံ့ပြန်လိုမှုတွေ ထကြွသွားပါတော့တယ်။ ဒေါသကြောင့် အသားတွေ တဆတ်ဆတ် တုန်လာတယ်။

အဲဒီလိုအသားတွေ တဆတ်ဆတ် တုန်လာပြီဆိုရင် ဆင်ခြင်မှုနည်းပါးစွာ ထင်ရာစိုင်းတတ်တော့တာကြောင့် သိစိတ်နဲ့ မသိစိတ်ကြားမှာ ကျွန်တော့်ကိုယ်ကျွန်တော် စိတ်ပျက်စွာနဲ့ ပြန်ကြောက်လန့်ရတာလည်း အကြိမ်ကြိမ်ပါပဲ။

အံကြိတ်ပြီး လက်မောင်းနှစ်ဖက်ကြားမှာ ခေါင်းကိုငုံ့ဝှက်ကာ ကလေးရဲ့ လက်နှစ်ဖက်ကို ဆက်ခွာတယ်။ တစ်ဖက်ထိုးချက်တွေဟာ ကျွန်တော့်နောက်ကျောကို တအုန်းအုန်း ထိပါတယ်။ ကျွန်တော်ပေခံပြီး ကလေးရဲ့လက်နှစ်ဖက်ကိုပဲ ဆွဲခွာတယ်။ ပါးစပ်ကလည်း ကလေးကိုထွက်သွားဖို့ တတွတ်တွတ်ပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကလေးကလည်း မသွားဘဲ ငိုယိုပြီး အတင်းဆွဲဖက်ထားတယ်။ ကျွန်တော့်နောက်ကျောဆီမှ ဗျောခေါက်သလို အသံနဲ့ ခံစားမှုတွေဟာ တုန်ခါစွာ နားထင်အထိ လာဆောင့်ပါတယ်။ ကလေးရဲ့လက်နှစ်ဖက်ကို ခွာဖြုတ်ရချိန်မှာပဲ ကျွန်တော် နောက်ကို ခုန်ဆုတ်လိုက်ပါတော့တယ်။

တုံ့ပြန်တော့မယ်ဆိုတဲ့ ဆုံးဖြတ်မှုနဲ့ စူးချွန်ကို ကိုင်မြှောက်ပြီး ခုန်အဝင်မှာပဲ -

တစ်ယောက်က လမ်းနံဘေးမှ ကောက်တွေ့ပုံရတဲ့ ထက်ပိုင်းပြတ်သာသာ အုတ်ခဲကျိုးနဲ့ ကျွန်တော့်ကို လှမ်းထုပါတယ်။ အုတ်ခဲကျိုးမည်းမည်းအရိပ်ဟာ ကျွန်တော့်မျက်နှာတည့်တည့်ဆီ လျှင်မြန်သောနှုန်းနဲ့ ပြေးဝင်လာတာ ယခုထိ ပြန်မြင်မိတုန်းပဲ။ လူချင်းသိပ်မဝေးတာရယ်၊ ခုန်ဝင်ထားတဲ့အရှိန်နဲ့မို့ ရှောင်ဖို့မတတ်နိုင်တော့တာကြောင့် လက်နဲ့သာ ကမန်းကတမ်း ပုတ်ထုတ်လိုက်ရတယ်။ လက်မောင်းရင်း အောင့်ခနဲပဲ။ အဲဒီအုတ်ခဲကျိုးကိုသာ ပုတ်မထုတ်နိုင်ခဲ့ရင် ဒီနေ့ ဒီအချိန်မှာ ဒီလိုမျက်နှာရှိဖို့ဆိုတာ မသေချာနိုင်ပါဘူး။ ကြမ်းတမ်းတဲ့ ကျွန်တော့်လက်ဖဝါးတွေရဲ့ ကျေးဇူးပါပဲ။ အုတ်ခဲကို ပုတ်ထုတ်လိုက်မှုကြောင့် လက်ထဲမှ စူးချွန်ကတော့ လွတ်ကျသွားခဲ့ပါပြီ။

စူးချွန်ကို ပြန်မကောက်တော့ဘဲ ရှေ့တစ်လှမ်းတက်ပြီး တစ်ယောက်ကို ဘယ်ခြေနဲ့ ပတ်ရမ်းကန်တယ်။ တစ်ယောက်ကို ညာလက်သီးနဲ့ ထိုးလိုက်ပါတယ်။ ခြေကန်ချက်ဟာ နောက်ဆုတ်ရှောင်မှုကြောင့် လွဲချော်သွားသလို ကျွန်တော့်လက်သီးချက်ကိုလည်း တစ်ဖက်မှ လက်ဖျံနဲ့ ကောင်းစွာ ပုတ်ထုတ်နိုင်ခဲ့ပါတယ်။

အဲဒီအချိန်မှာပဲ -



"ဟာ ကား ကား . . . ကားလာနေတယ် . . ."

ဝင်မပါဘဲ နံဘေးမှာရပ်နေသူက အော်ပြောတာပါ။ ဟုတ်ပါတယ်။ မြို့တွင်းလမ်းမပေါ် ကုန်တင်ကားကြီးတစ်စီး ရှေ့မီးဖွင့်မောင်းနှင်လာတာပါ။ အဲဒီအခါ ဒေါသတထောင်းထောင်းနဲ့ ကျွန်တော့်စိတ်အာရုံတွေဟာပြောင်းပြီး ကယောက်ကယက် ဖြစ်သွားတယ်။

"ဟာ . . . မျက်မှန် . . ."

ကျွန်တော့်မျက်မှန်ကို သတိရလိုက်ပါတယ်။ အဝေးမှုန်တဲ့ ကျွန်တော့်အတွက် မျက်မှန်ဟာ ဒုတိယမျက်လုံးဆိုလည်း မမှားပါဘူး။ မျက်မှန်လေးအတွက် ကျွန်တော် အရမ်း တွေးပူ စိုးရိမ်သွားတယ်။ ဒါကြောင့် အာခေါင်ခြစ်ပြီး အသံကုန် ဟစ်အော်လိုက်တယ်။

"အားလုံး ရပ်ကြစမ်း . . . အခုရပ် . . ."

ရုတ်တရက် ထွက်ပေါ်လာတဲ့ ကျယ်လောင်သော ကျွန်တော့်နှုတ်မှ အော်မြည်သံကြောင့် ရှေ့တိုးပြီး ထိုးဖို့ ဟန်ရေးပြင်နေသူတွေ ကြောင်အမ်းအမ်းနဲ့ တုံ့ခနဲ ရပ်ဆိုင်းသွားပါတယ်။ ကျွန်တော့်မှာကလည်း ကိုယ့်သောကနဲ့ကိုယ်။

"ငါ့မျက်မှန် ဘယ်မှာလဲ။ ငါ့မျက်မှန်ကို အခုရှာပေး။ ငါ့မျက်မှန်ကို ကားတက်ကြိတ်သွားလို့ကတော့ ခင်ဗျားတို့တွေ နာပြီသာမှတ်။ အသက်ချင်း လဲပစ်လိုက်မယ်။ ငါ့မျက်မှန် အခု ရှာပေး။ အဲ့ဒါ အသစ်ဗျ။ ရန်ကုန်ကနေ သွားဝယ်လာတာ မကြာသေးဘူး"

အူတူတူနဲ့ အကုန် ကြောင်တိကြောင်တောင် ဖြစ်ကုန်ကြတယ်။ ကျွန်တော့်ကို ထိုးလက်စနှစ်ယောက်က ရှေ့မီးဖွင့်မောင်းနှင်လာတဲ့ကားကြီးကို ပြူးကြောင်ကြောင်နဲ့ ငေးကြည့်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့မှ တစ်ယောက်က ရှေ့မီးဖွင့်ပြီး ရပ်ထားတဲ့ သူတို့ဆိုင်တယ်ကို လမ်းနံ့ဘေး ရွှေ့တယ်။ ရန်ပွဲထဲ ဝင်မပါဘဲ ရပ်နေသူက ခါးလေး ကိုင်းပြီး ဟိုစမ်းဒီစမ်းနဲ့ မျက်မှန်ကိုလိုက်ရှာတာ ခဏကြာတော့ တွေ့ပါတယ်။

"ရော့ . . . မင်း မျက်မှန်" ဆိုပြီး လာပေးတယ်။

အကျီအောက်နားစနဲ့ မျက်မှန်ကို ကျွန်တော် သုတ်လိုက်သေးတယ်။ အဲဒီအချိန် ကုန်တင်ကားကြီးဟာ နီးကပ်လာတာကြောင့် လမ်းပေါ်မှာ ရပ်နေတဲ့ကျွန်တော်တို့ လမ်းနံ့ဘေး ရှောင်ဆင်းပေးဖြစ်ပါတယ်။ ကားကြီးကျော်သွားချိန်မှာပဲ မျက်မှန်ကို အမြန်ဆုံး ပြန်တပ်ပြီး ဟိုနှစ်ယောက်ကို ကျွန်တော် တရစပ် ပြေးထိုးတယ်။ အလစ်အငိုက်မို့ သူတို့ ပီပီသသကြီး ခံလိုက်ရပါတယ်။ မျက်မှန်ရှာကောက်ပေးသူကိုတော့ ကျွန်တော် လုံးဝ အန္တရာယ်မပြုခဲ့ပါဘူး။

နှစ်ယောက်တစ်ယောက် သူတစ်ပြန်ကိုယ်တစ်ပြန် ဆက်ထိုးကြတယ်။ ကျွန်တော့်မျက်နှာကို ထပ်မထိတာ မှတ်မိပေမယ့် သူတို့မျက်နှာကို ဘယ်နှချက်ထိသလဲ ဆိုတာတော့ သေချာမသိပါဘူး။

"ဟော့ ဟော့ ရပ်ကြစမ်း . . . ဟော့ကောင်လေးတွေ တော်တော့ . . . ငါ့စကားနားမထောင်ရင် ရဲကို ဖုန်းဆက်ခေါ်လိုက်မှာနော်"

ထွက်ပေါ်လာတဲ့ အော်ဟစ်တားမြစ်သံဟာ စောစောက ဝင်ဆွဲတဲ့ ကလေးမလေးရဲ့ မိခင်ဖြစ်သူ အသံဆိုတာ ကြားရုံနဲ့ ကျွန်တော် မှတ်မိပါတယ်။ ဒါပေမယ့် မနားတမ်းထိုးနေတဲ့ လက်သီးချက်တွေကိုတော့ မရပ်တန့်ပါဘူး။ တစ်ဖက်လူတွေက မရပ်သေးဘဲ ကိုယ်က စရပ်လိုက်ရင် ကိုယ်ပဲ မျက်နှာပွင့်ချာလန်အောင်



ခံရမှာကို စိုးရိမ်ကြောက်လန့်မိတာကိုး။ ပြီးတော့ အဲဒီအချိန်မှာ ဖြစ်ချင်ရာဖြစ် ဆိုတဲ့စိတ်နဲ့ ကျွန်တော် သွေးအရမ်းဆူပြီး မွန်ထူနေပါပြီ။

"ဟဲ့ . . . အိမ်မှာရှိတဲ့လူတွေအကုန် လာကြစမ်း . . . ဒီမှာ ရန်တွေဖြစ်နေပြီ . . . ဝင်ဆွဲကြစမ်း"

ထိုအန်တီရဲ့ အော်သံ ထပ်ကြားရတယ်။ သူတို့အိမ်က ဆိုင်ကယ်၊ စက်ဘီး၊ လျှပ်စစ်ပစ္စည်းတွေ ရောင်းတာမို့ ညအိပ်ခေါ်ထားတဲ့ အလုပ်သမားတွေ တော်တော်များများ ရှိပါတယ်။ ခဏကြာတော့ အဲဒီလူတွေ လာဝိုင်းဆွဲတာကြောင့် ရန်ပွဲဟာ ရပ်တန့်သွားခဲ့တယ်။ ကလေးမလေးက ပြေးပြီးပြန်လာပြောတာကြောင့် သူ့ အမေကသိတာလို့ ဆိုပါတယ်။

ထိုအန်တီက တစ်ဖက်လူတွေကိုပြန်လွှတ်ပြီး ကျွန်တော့်ကို အိမ်ထဲမှာ အတင်းဆွဲခေါ်ထားတယ်။ ပြီးတော့ ကျွန်တော့်အိမ်ကို ဖုန်းဆက် အကြောင်းကြားတယ်။ ပထမဆုံး ကျွန်တော့်အဖေ ရောက်လာပါတယ်။ သိပ်မကြာခင်မှာပဲ နောက်ဘက်က အုပ်လိုက်သင်းလိုက် လိုက်လာကြတယ်။ အဲဒီအချိန်က ကျွန်တော်တို့ အိမ်က ဈုန်လုပ်ငန်း လုပ်တာပါ။

အဲဒီညမှာ ညဆိုင်းဆင်းတဲ့ အလုပ်သမားတွေလည်း ရှိတာကြောင့် သတင်းကြားတော့ ထိုလူတွေဟာ တုတ်တွေ၊ ဓားတွေ၊ ဈုန်လုပ်တဲ့ကပ်ကြေးတွေ၊ သံတူးရွင်းတွေ၊ ဂေါ်ပြားတွေနဲ့ မာန်အခဲ့ချီး ရောက်လာကြပါတယ်။ သူတို့တွေထဲမှာ နေ့စဉ်ပုံမှန် အရက်သောက်နေရေး ခက်ခဲသူတွေ အများကြီးပါပဲ။ အဲဒီလူတွေဟာ သူတို့ အချင်းချင်း အဆင်မပြေတာတွေ ညည်းပြရင်၊ ဒီကနေ့ ချက်ဖို့ ဆန်တောင် မရှိဘူး ဆိုတဲ့အသံတွေကြားရင် အိမ်ကလူကြီး

www.burmeseclassic.com

www.burmeseclassic.com



တွေ မသိအောင် ကျွန်တော်က ပိုက်ဆံပေးတာတို့၊ ဆန်ခိုးပေးတာတို့ လုပ်လေ့ရှိတာမို့ သူတို့တွေဟာ ကျွန်တော့်ကို ချစ်ခင်ကြပါတယ်။ ‘မင်းအတွက်ဆို အသက်ပဲ ပေးရပေးရ၊ ဘဝပဲ ပေးရပေးရ’ လို့ ပြောသူတွေလည်း အဲဒီညက ပါဝင်ပါတယ်။

ဒီတော့ ပွဲတော်က အလွန်စည်ကားသွားခဲ့တယ်။ အဲဒီ လူတွေဟာ ထိုညတွင်းချင်းပဲ ကျွန်တော်နဲ့ ရန်ဖြစ်သူတွေကို လိုက်ရှာတယ်။ ကျွန်တော့်ကိုတော့ လုံးဝ အလိုက်မခံဘဲ တစ်ယောက်က အိမ်ပြန်ပို့တယ်။

အဲဒီရန်ပွဲဟာ ကျွန်တော့်အတွက် အတွေ့အကြုံ သင်ခန်းစာတွေ အများကြီး ရစေခဲ့ပါတယ်။

ကျွန်တော် အိမ်ပြန်ရောက်ပြီး သိပ်မကြာဘူး။ ထူးကြီး ပျာပျာသလဲ ပြုံးကြောင်ကြောင်နဲ့ အိမ်ကို ရောက်လာတယ်။

“မင်း ရန်ဖြစ်လို့ဆို။ သတင်းကြားလို့ လာတာ”

သူ့ မျက်နှာမှာလည်း ချွေးသီးချွေးပေါက်တွေနဲ့. . .။ စက်ဘီးကို ကမမ်းကတမ်း နင်းလာပုံပဲ။ မြို့လေးဟာ သိပ်မကျယ်တော့ သတင်းပြန့်နှံ့လွယ်ပါတယ်။ ဘာဖြစ်သွားသေးလဲမေးတော့ အထိုးခံရချိန်မှာ မျက်မှန်နှာကာနဲ့ ညပ်ဖိသလို ဖြစ်တာကြောင့် နှာတံအရင်း နာတာကလွဲလို့ သွေးစို့သွေးထွက်မှု မရှိသလို ပြောပလောက်တဲ့ဒဏ်ရာ မရကြောင်း ပြောပေမယ့် သူဟာ စိုးရိမ်ပူပန်တန်နဲ့ ဟိုနေရာလှန်ကြည့် ဒီနေရာလှန်ကြည့် လုပ်ပါတယ်။

ဟိုစမ်းဒီစမ်းနဲ့ ‘ဒီနေရာက နာလား. . . ဒီလိုထိတော့ နာလား. . . ဆေးခန်းသွားမလား. . .’ ဆိုပြီး မေးပါတယ်။ ကျွန်တော်က အဲဒီလောက်မလိုကြောင်း၊ အေးဆေးပဲဖြစ်ကြောင်း အတန်တန်ပြောမှ သူ ဟိုစမ်းဒီစမ်းလုပ်နေတာတွေ ရပ်တယ်။

ဒါတောင် အကြည့်တွေက ရစ်ဝဲရစ်ဝဲနဲ့. . .။

“မင်း ရှက်ပြီးတော့ မနာချင်ဟန်မဆောင်နဲ့နော်။ ရန်ဖြစ်ရင် ခံရတာ ရှက်စရာ မဟုတ်ပါဘူးကွ။ အနာဆိုတာ နူတုန်းထားမှ။ ချုပ်စရာရှိရင် သွေးပူတုန်း ချုပ်တာက အနာသက်သာတယ်။ အကျက်လည်း မြန်တယ်”



www.burmeseclassic.com

www.burmeseclassic.com



အဆင်ပြေကြောင်း အထပ်ထပ် ပြောရပြန်ပါတယ်။ ဒီတော့မှ -

"မင်းတို လုပ်တာ ဘယ်ကောင်တွေလဲ"

ကျွန်တော်လည်း အကုန်မသိပေမယ့် သိသလောက် ပြောပြလိုက်တယ်။ အဲဒီအခါ သူက ခပ်တိုတိုဝတ်ထားတဲ့ ပုဆိုးခါးပုံစကြီးကိုဖြည်ပြီး ပစ္စည်းတချို့ ထုတ်ပြတယ်။ လွန်းလို့ခေါ်တဲ့ ကြေးပိုက်ချွန်တစ်ချောင်းနဲ့ စက်ဘီးချိန်းကြိုးတစ်ခုပါ။

"မင်း သတင်းကြားတာနဲ့ ငါ အိမ်ပြန်ယူလိုက်တာ။ ချိန်းကြိုးက အုပ်စုနဲ့ တိုက်ခိုက်တဲ့အခါကျရင် သုံးဖို့၊ အနီးကပ်ကျရင်တော့ ချိန်းကြိုးက အသုံးမဝင်ဘူးကွ။ အဲဒီအခါကျ ပိုက်လုံးအချွန်ကို သုံးရမယ်။ လူအုပ်သိပ်များလာရင်တော့ ချိန်းကြိုးထိပ်မှာ ပိုက်ချွန်တပ်ပြီး ရမ်းရမယ်"

သူ ဘာကိုဆိုလိုနေတယ်ဆိုတာ ကျွန်တော် ရုတ်တရက် သဘောမပေါက်ပါဘူး။ သူ့ အမူအယာက တည်ငြိမ်စွာ အေးဆေးပါပဲ။ ထိုင်နေရာမှ မတ်တပ်ရပ်ပြီး -

"ငါ သွားမယ် သူငယ်ချင်း။ မင်းကိုစိုးရိမ်လို့ မင်းအခြေအနေ အရင်လာကြည့်တာ။ မင်းအတွက် အဲဒီကောင်တွေကို ငါ လက်စားချေမယ်"

"ဟာ. . . ဟိတ်ကောင်. . . "

ချိန်းကြိုးကို ပခုံးတစ်ဖက်ပေါ် တင်ပြီး 'ပိုက်ချွန်ကို လက်တစ်ဖက်မှကိုင်ကာ ထူးကြီး ထွက်သွားပါတယ်။ ကျွန်တော် တားပေမယ့် ဂရုမစိုက်ပါဘူး။ သူ စက်ဘီးနင်းထွက်သွားသည်အထိ သူ ပြောတာကို မယုံကြည်တဲ့အတွက် ကျွန်တော်ကလည်း စိုးရိမ်စိတ်ကင်းမဲ့စွာ ဟုတ်တိပတ်တိ မတားဖြစ်ခဲ့ပါဘူး။



ဒါပေမယ့် ထူးကြီးဟာ ကျွန်တော့်အတွက် လက်စားချေဖို့ တကယ် ထွက်သွားခဲ့တာပါ။ အဲဒါကို နောင်မှ ကျွန်တော် သိလိုက်ရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

ညနက်တော့ အိမ်မှလူတွေ ပြန်ရောက်လာတယ်။ စုံစမ်းပြီး ကျွန်တော်နဲ့ ရန်ဖြစ်သူတွေရဲ့ အိမ်တွေအထိ သူတို့လိုက်သွားကြောင်း သိရတယ်။ တစ်ယောက်ကိုတော့ အိမ်မှာမိတယ်။ ဒါပေမယ့် သူ့အဖေက တောင်းပန်ကွယ်ကာနေတာကြောင့် ဘာမှ မလုပ်ခဲ့ရဘဲ လှည့်ပြန်ခဲ့ရကြောင်းပြောတယ်။ နောက်နှစ်ယောက်ကတော့ အိမ်မှာလည်း မရှိ၊ တစ်မြို့လုံး စိတ်ထင်ရာ လိုက်ရှာပေမယ့်လည်း မတွေ့ကြောင်း ပြောတယ်။ ဒီညမလုပ်ရရင် နောက်နေ့တွေ တွေ့တဲ့အထိ ဆက်ရှာပြီးလုပ်မယ်လို့ ပြောဆိုကြိမ်းဝါးနေကြပါတယ်။

ကျွန်တော့်ကိစ္စကို ကျွန်တော့်ဘာသာရှင်းမယ် ဆိုတဲ့အကြောင်းနဲ့ ပုံပန်းသဏ္ဌာန်ပြောပြပြီး မျက်မှန်ရှာကောက်ပေးသူကို အန္တရာယ်မပြုဖို့ ကျွန်တော် သတိပေးဖြစ်ပါတယ်။ လူကြီးတွေကတော့ ဆုံးမစကားတွေပြောပြီး တားကြတာပေါ့လေ။

တစ်ခါ အိမ်လာတာ မြင်ဖူးတဲ့ ကျွန်တော့်သူငယ်ချင်းတစ်ယောက်ကိုလည်း လမ်းမှာ တွေ့ကြောင်း အစ်ကိုကြီးတစ်ယောက်က ပြောတယ်။ ပြောပုံအရ ထူးကြီးဆိုတာ သိလိုက်ပါတယ်။

"အဲဒီကောင်က မင်းကို တော်တော်ချစ်တာပဲကွ။ ငါ့သူငယ်ချင်းကိုလုပ်တာ ဘယ်ကောင်တွေလဲ၊ သတ္တိရှိရင် ငါနဲ့ချမယ်၊ ထွက်ခဲ့ကြစမ်း၊ မျက်လုံးမကောင်းတဲ့လူကို အုပ်စုနဲ့ ဝိုင်းအနိုင်ကျင့်တဲ့ကောင်တွေ ပုန်းမနေကြနဲ့ ဆိုပြီး ချိန်းကြိုးကြိုးတရမ်းရမ်းနဲ့



လမ်းပေါ်မှာ အော်ဟစ်ပြီးစိန်ခေါ်နေတယ်ကွ။ ငါတို့က မေးပြီး ငါတို့နဲ့ လိုက်ခဲ့ဖို့ ခေါ်တာတောင် မလိုက်ဘူး။ ကျွန်တော်က တစ်ယောက်တည်း သွေးကြွေးဆပ်မှာ ဆိုပြီး ကျန်ခဲ့တယ်"

လို့ ပြောတော့ ကျွန်တော် စိုးရိမ်စိတ် ဝင်သွားတယ်။ ကျွန်တော် သွားကြည့်လိုက်ဦးမယ်ပြောတော့ မလွှတ်ကြဘူး။ တစ်ယောက်က -

"ငါတို့ ပြန်လာတော့ သူ့မတွေ့တော့ပါဘူး။ သူလည်း ပြန်သွားပြီ ထင်ပါတယ်" လို့ နှစ်သိမ့်တယ်။

ဒီလိုနဲ့ ကျွန်တော်လည်း လိုက်မသွားဖြစ်ပါဘူး။ လိုက်သွားရင်လည်း လမ်းပေါ်မှာ လှည့်ရှာရုံပဲတတ်နိုင်မယ်။ သူ့အိမ်ကို ကျွန်တော်က မသိဘူးလေ။ အဲဒီည ကျွန်တော် တော်တော်နဲ့ အိပ်မပျော်ဘဲ ဒေါသအခိုးအငွေ့တွေနဲ့ ပူလောင်ရင်း ဟိုကောင်တွေကို ဘယ်လိုတုံ့ပြန်ရမလဲဆိုတာ တနုံ့နုံ့တွေးနေမိပါတယ်။ အဲဒီရန်ပွဲဟာ ကျွန်တော့်ဘဝမှာ ပထမဦးဆုံးအကြိမ် ခံလိုက်ရတဲ့ရန်ပွဲလည်း ဖြစ်တာကိုး။

ကျွန်တော်က မှတ်ခဲတယ်။ မှတ်ပြီဆိုရင်လည်း ပျက်ခဲပါတယ်။ သည်းခံနိုင်သရွေ့ အဆုံးစွန်ထိ သည်းခံလေ့ရှိတယ်။ တုံ့ပြန်ပြီဆိုရင်လည်း ကိုယ်ခံခဲ့ရတာထက် အဆများစွာ ပိုပိုသာသာ တုံ့ပြန်လေ့ရှိတာ အကျင့်ပဲ။ ကျွန်တော်တို့အိမ်နဲ့ အနီးတဝိုက်မှာ အဖေဘက်က မိသားစုဝင်တချို့ကော၊ အမေဘက်က မိသားစုဝင်တချို့ကော ရှိတယ်။ နောက်နေ့မနက်ကျတော့ သတင်းကြားပြီး နီးရာဆွေမျိုးတွေကော၊ တခြားမြို့တွေ ရွာတွေက အစ်ကိုဝမ်းကွဲတွေ အစ်မဝမ်းကွဲတွေပါ ရောက်လာကြတယ်။

ကျွန်တော်တို့ အဘိုးအဘွားတွေခေတ်က သွေးမဆုံးမချင်း မီးမငြိမ်းသွားကြပုံပဲ။ ဆွေမျိုးအင်အားက အင်မတန် တောင့်တင်းတယ်။

www.burmeseclassic.com

www.burmeseclassic.com



အမှိုက်ထဲမှာ တစ်ခုခုဖြစ်ပြီဆိုရင်လည်း သတင်းပြန့်နှံ့လွယ်တယ်။ အဆင်ပြေ အားလပ်သူက ဖြန့်ဝေပေးပုံပဲ။ ရောက်လာတဲ့အစ်ကို တချို့ကလည်း ခါးကြားမှာ ဓားမြှောင်တွေနဲ့။ လည်လည်ဝယ်ဝယ် ရှိတဲ့ အစ်ကိုတစ်ယောက်က အိမ်မဝင်ခင် စုံစမ်းပြီး အဲဒီကောင်တွေ သူသိကြောင်း၊ အိမ်တွေအထိ သွားပြီးကြောင်း၊ ဘယ်သူမှ အိမ်မှာ မရှိကြောင်း ပြောတယ်။

"သူတို့ ရှောင်သွားပြီထင်တယ်"

လို့ အစ်မတစ်ယောက်က ပြောတယ်။ တစ်လက်စတည်း-

"သူတို့ တစ်နေ့နေ့တော့ အိမ်ပြန်လာမှာပဲ။ စောင့်သာကြည့်နေ။ နင်တို့ကိုယ်တိုင် ဘာမှမလုပ်နဲ့။ လူငှားသတ်ကြမယ်။ အမှုဖြစ်ရင် သူ့ဘာသာရှင်းတယ်။ ပိုက်ဆံစု။ တစ်ယောက် ဘယ်လောက်ထည့်မလဲ" ဆိုပြီး ညှိကြတယ်။ တိုင်ပင်ရင်းနဲ့ လူငှားသတ်ဖို့က အတည်လို ဖြစ်သွားတယ်။ သတ်ပေးမယ့်လူ ရှာဖို့က မခက်ဘူးလို့ သူတို့ ပြောကြတာပဲ။

အဲဒီမှာ ကျွန်တော်က အဆုံးအဖြတ် ဝင်ပေးရတယ်။

"သူများအသက်ကြီး မသတ်ပါနဲ့ဟာ"

"နင်က ခွင့်လွှတ်လိုက်မှာလား"

"မဟုတ်ပါဘူး"

"ဒါဆို ဘယ်လိုလုပ်ချင်တာလဲ"

"သူတို့ရဲ့ ညာဘက်လက်ကလေးတွေကို လက်ကောက်ဝတ်ကနေ ဓားနဲ့ ခုတ်ဖြတ်ရုံလောက်ဆို ရပါပြီဟ"

ဒီလိုနဲ့ လက်ဖြတ်ဖို့က အတည်ဖြစ်သွားပြန်ပါတယ်။ ငွေကိုလည်း တစ်ယောက် ဘယ်လောက်ထည့်မယ် ညှိကြတယ်။ လူကြီးတွေတော့ မသိဘူးပေါ့လေ။ မောင်နှမချင်းတွေ ညှိနေကြတာ။



တချို့ အစ်ကို အစ်မတွေက အိမ်ထောင်သည်တွေ။ အဲဒီအရွယ်တွေ ရောက်တဲ့အထိ ကျွန်တော်တို့ ညီအစ်ကိုမောင်နှမတွေက လူစုံရင် အတူ စုအိပ်ကြတုန်း။ (ဒါတွေပြောပြနေတာ အမှတ်မထင်ပြုမှု တစ်ခုရဲ့ အကျိုးဆက်တွေနဲ့ ခေတ်ကာလရဲ့စရိုက်တွေ သိမြင်စေချင်လို့ပါ)။

လူငှားလုပ်ခိုင်းရမှာ ကျွန်တော်က သဘောမကျဘူး။ နှစ်ဦး သဘောတူ ငွေပေးခိုင်းတယ်ဆိုပေမယ့် ကိုယ့်ကြောင့် တခြားလူက မတော်တဆ ထောင်ကျနိုင်တဲ့ကိန်းလေ။ ဒါပေမယ့် အမျက်တလည်း မပြောဘူး။ ရဲတိုင်ရမှာလည်း ကျွန်တော်က ဝါသနာမပါဘူး။ ရန်ဖြစ်တိုင်း တစ်ခါမှ ကိုယ့်ဘက်ကစ ရဲမတိုင်ခဲ့ဖူးဘူး။ ဒါကြောင့် ကိုယ်တိုင်လုပ်ဖို့ပဲ ဆုံးဖြတ်လိုက်တယ်။

လူငှားလုပ်ခိုင်းဖို့ စီစဉ်နေသူတွေကို ရပ်ခိုင်းလိုက်တယ်။ အာဃာတမရှိတော့သလိုပုံစံတော့ ပြောရတာပေါ့လေ။ ချက်ချင်းတုံ့ပြန်ဖို့ မကြိုးစားသေးဘဲ သွေးအေးအောင် စောင့်လိုက်သေးတယ်။ လူကြီးတွေ အမျိုးတွေ မရိပ်မိအောင် အိမ်ထဲက အိမ်ပြင်မထွက်ဘဲနေပြရတာလည်း ပါတာပေါ့။ ရက်အနည်းငယ်ကြာမှ အပြင်ထွက် လေ့လာကြည့်တော့ တစ်ယောက်က ဒီမြို့ကနေ အပြီးတိုင် ရွှေ့ပြောင်းသွားပြီလို့ သိရတယ်။ အရင်တည်းက သူ့အကြောင်းတိစ္စနဲ့သူ ပြောင်းဖို့အစီအစဉ်ရှိတာလည်း ဖြစ်နိုင်ပါတယ်။ ဒါပေမယ့် ကျွန်တော့်ကြောင့် ပြောင်းသွားတယ်လို့ သတင်းထွက်တယ်။

ဒါနဲ့ နောက်တစ်ယောက်ဘက် လှည့်တယ်။ အဲဒီတစ်ယောက်ဟာ ကျွန်တော့်မျက်နှာကို ပထမဦးဆုံး လက်သီးနဲ့ စထိုးသူပေါ့။ သူဟာ မနက်စောစောထပြီး ဈေးထဲကဆိုင်ကို သွားနေကျလို့ သိရတယ်။ ဒါကြောင့် သူ သွားလာနေကျလမ်းတွေ စုံစမ်းပြီး

www.burmeseclassic.com

www.burmeseclassic.com



အရက်တက်လောက်တည်းကထကာ လူရှင်းတဲ့နေရာကနေ သွားစောင့်တယ်။ အဲဒီအချိန်က ကျွန်တော်ဟာ မနက်စောစော ကားလမ်းမမှာ စကိတ် (skate) ထစီးနေကျဆိုတော့ အိမ်ကလူတွေလည်း သံသယမဝင်ကြဘူး ထင်ပါတယ်။ သူတို့ အလုပ်တွေနဲ့ သူတို့ ရှုပ်နေတော့ သိချင်မှတောင် သိမှာပါလေ။

သုံးရက်ကြာသည်အထိ ဟိုတစ်ယောက်နဲ့ ကျွန်တော် လူချင်းထိပ်တိုက် မတွေ့ဘူး။ သူကလည်း မသက်ာတာနဲ့ သွားနေကျလမ်းတွေကို ရှောင်ကွင်းသွားနေပုံပဲ။

တစ်နေ့တော့ ပေါ်တင်လုပ်ဖို့ပဲ ဆုံးဖြတ်လိုက်တယ်။ သူတို့ ရပ်ကွက်ထဲမှာ နေဖူးသူတစ်ယောက်ကို မေးပြီး ဈေးထဲကဆိုင်ကို လိုက်သွားတယ်။ မှတ်မိသေးတယ်။ အချိန်က မနက်ရှစ်နာရီခွဲလောက်။ လက်ကိုဖြတ်တဲ့အခါ ခုတ်လို့ကောင်းအောင်ဆိုပြီး အုန်းသီးခွဲတဲ့ဓားမကြီးကို သတင်းစာနဲ့ပတ်ပြီး ပလတ်စတစ်လက်ဆွဲအိတ်ကလေးထဲ ထည့်ဆွဲယူလာခဲ့တယ်။ ဈေးလာဝယ်သလို ပုံစံနဲ့ပေါ့လေ။ အနားရောက်ခါနီးတော့ အသင့်ဖြစ်အောင် ပတ်ထားတဲ့သတင်းစာကို မသိမသာ ဖွဖြည်ထားလိုက်တယ်။ ပြီးတော့မှ ထိုသူရှိရာ ဦးတည်သွားတယ်။

မထင်ဘူးဗျာ။ အဲဒီလောက် မထင်ထားခဲ့ဘူး။ သူ ဈေးထဲမှာ ဈေးရောင်းတာ သိပေမယ့် ဒီလိုပုံစံ အနေအထားမျိုးလို့ ကျွန်တော် လုံးဝ မမျှော်လင့်ခဲ့တာပါ။ ဆိုင်နဲ့ သပ်သပ်ရပ်ရပ်လို့ပဲ ထင်ခဲ့တာလေ။

ခုတော့ ကျွန်တော် တွေ့မြင်လိုက်ရတာက တခြားဆိုင်တွေရှေ့ လူသွားလမ်းလေးပေါ်မှာ နံဘေးတစ်ဖက်ကပ်ပြီး အောက်ခံအခင်းတောင် မပါဘဲ၊ ထိုင်စရာတောင် မပါဘဲ ပုဆိုး



နွမ်းနွမ်း အင်္ကျီနွမ်းနွမ်းနဲ့ ဆောင့်ကြောင့်လေးထိုင်ကာ ဈေးရောင်းနေတဲ့ လူတစ်ယောက်။ သူ့ရှေ့မှာ ရှိတာက ငှက်ပျောသီးက လေးငါးဖီးလောက်၊ အုန်းသီးက နှစ်လုံးလောက်၊ တခြားဟင်းသီးဟင်းရွက်ကလေးတွေက အနည်းငယ်. . .။

ငေးကြည့်နေရင်း ကျွန်တော့်မှာ သူ့ကို ရန်မူတုံ့ပြန်လိုတဲ့ စွမ်းအင်တွေ မရှိတော့ပါဘူး။

“သူတို့က သားအမိနှစ်ယောက်တည်းရယ်။ သူက သူ့အမေကို ဈေးရောင်းပြီး ရှာကျွေးနေရတာကွ။ သူ့ သူငယ်ချင်းတွေက ပိုက်ဆံရှိတယ်။ သူက နွမ်းပါးတော့ သူငယ်ချင်းတွေ ပြဿနာဖြစ်ရင် အဲဒီကောင်တွေခိုင်းတဲ့အတိုင်း လုပ်ပေးတယ်။ ထားလိုက်ပါကွာ လျှော့လိုက်ပါ’

လို့ စုံစမ်းပေးတဲ့ သူငယ်ချင်းတစ်ယောက်ပြောတာ ပြန်ကြားယောင်မိတယ်။ ဒါပေမယ့် ဒီလိုအနေအထားလောက်အထိ ကျွန်တော် တကယ် မထင်မိခဲ့တာပါ။ ကျွန်တော့်အတွက် လူတစ်ယောက်ကို ဓားနဲ့ခုတ်ဖို့ဆိုတာ သိပ်မလွယ်ပေမယ့် သိပ်ခက်တဲ့ အလုပ်မဟုတ်သလို သိပ်ထူးဆန်းတဲ့ အရာလည်း မဟုတ်ပါဘူး။ ဒါပေမယ့် ကျွန်တော် လှည့်ပြန်ခဲ့ပါတယ်။ ဒါတွေကို သူကတော့ သိချင်မှသိမှာပါလေ။

ဒီမြို့က ပြောင်းရွှေ့သွားတဲ့တစ်ယောက်နဲ့ ပတ်သက်လို့လည်း ပြောရပါဦးမယ်။ အဲဒီလူက ကလေးရဲ့ လက်နှစ်ဖက်ကို ကျွန်တော် ငုံ့ကိုင်းဆွဲခွာနေချိန်မှာ ကျွန်တော့်ကို လက်သီးနဲ့ ထိုးခဲ့တဲ့ လူပေါ့။ သူဟာ နောင်တစ်နှစ်ကျော်အကြာမှာ ဒီမြို့ကိုပြန်လာတာကြားသိတော့ ကျွန်တော် ဓားနဲ့ ခုတ်ဖို့ သွားပြန်ပါတယ်။ အဲဒီလို အသွားမှာ ကောင်မလေးတစ်ယောက်နဲ့ တွေ့တယ်။ အဲဒီကောင်

www.burmeseclassic.com

www.burmeseclassic.com



မလေးဟာ စာရေးစာဖတ် ဝါသနာကြီးတယ်။ သူ့အမေကလည်း စာဖတ် ဝါသနာထုံတယ်။ ကျွန်တော်ကလည်း စာပေနယ်ထဲ ချဉ်းနင်းဝင်ရောက်ခါစ။

အဲဒီအချိန်မှာ အဲဒီကောင်မလေးကော သူ့အမေပါ ကျွန်တော်နဲ့ အလွန်ရင်းနှီးနေပါပြီ။ သူတို့အိမ်ဟာလည်း ကျွန်တော့်အတွက် စားအိမ်သောက်အိမ်လို ဖြစ်နေပါပြီ။ တစ်ခါ ကျွန်တော် လူသုံးယောက်ကို သံတုတ်နဲ့ ရိုက်မှုဖြစ်လို့ အတိုင်ခံရတော့ အဲဒီကောင်မလေးဟာ အာမခံပေးသူတစ်ဦးပါ။ အဲဒီတုန်းက အဲဒီကောင်မလေးရဲ့အမေကပါ ဖုန်းဆက်ပြောပြီး လိုအပ်တာတွေ ကူညီဖို့ တက်ကြွခဲ့တယ်။

စကားစပ်မိတော့ အဲဒီကောင်မလေးဟာ ကျွန်တော် လုပ်ဖို့သွားသူရဲ့ ညီမဝမ်းကွဲ ဖြစ်နေပါတယ်။ သူကလည်း သူ့အစ်ကို လာလို့ သွားတာပါ။ ဒီလိုနဲ့ အဲဒီကောင်မလေးကော သူ့အမေပါ တားတာကြောင့် ထိုသူကိုလည်း ကျွန်တော် လျှော့ပစ်ခဲ့ပါတယ်။ အခုတော့လည်း တစ်ခုချင်းပြန်တွေးရင် ဒါတွေဟာ ရယ်စရာတွေလိုပါပဲ။



ဒီကြားထဲမှာ ထွန်းထွန်း ကျွန်တော့်ဆီ လာသေးတယ်။ ရန်ဖြစ်တယ်ကြားလို့ လာမေးတာပေါ့လေ။ အဲဒီမှာ ဆက်စပ်သတင်းက ပါလာတယ်။ ထူးကြီးအကြောင်း။

ရန်ဖြစ်တဲ့ညက ကျွန်တော့်အိမ်ကနေ လက်စားချေမယ်ဆိုပြီးတော့ ထွက်သွားတဲ့ထူးကြီးဟာ ဟိုလူတွေကိုလိုက်ရှာရင်း လမ်းပေါ်မှာ အော်ဟစ်စိန်ခေါ်ရုံနဲ့ မပြီးခဲ့ဘူး။ ဟိုလူတွေကိုမတွေ့တော့ သူ့ရဲ့လက်စားချေလိုမှုနဲ့ ဒေါသဟာ မပြေငြိမ်းသေးဘဲ -

"ငါ့သူငယ်ချင်းကိုလုပ်တာ မင်းလားကွ မင်းလားကွ"

ဆိုပြီး လမ်းပေါ်မှာ တွေ့ရာလူကို ချိန်းကြိုးနဲ့ လိုက်ရိုက်ပါသတဲ့။ လူအုပ်များလာတဲ့အခါ ချိန်းကြိုးထိပ်မှာ ကြေးပိုက်ချွန်ကြီးကိုတပ်ဆင်ပြီး တဝှီးဝှီး ဝှေ့ရမ်းပါသတဲ့။

ဒီလိုနဲ့ ထူးကြီး အတိုင်ခံရပြီး ယခု သူ့မိဘတွေက အိမ်ထဲကနေ အိမ်ပြင်ထွက်ခွင့်မပေးကြောင်း ထွန်းထွန်းက ပြောပြတယ်။ ထွန်းထွန်းက ထူးကြီးနဲ့ အိမ်ချင်းနီးတာမို့ ထိုသတင်းကြားလို့ အိမ်သွားမေးရာကနေ ကျွန်တော့်အကြောင်းပါ သိလာလို့ ကျွန်တော့်ဆီ ရောက်လာတာတဲ့။ တကယ်ပဲပြောပလောက်တဲ့ ထူးကြီးပါလေ။ သူဟာ ကျွန်တော့်အပေါ် အဲဒီလိုစိတ်ထားမျိုး ရှိသူလည်း ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

တစ်ရက်ပေါ့. . . ။

အဲဒီနေ့က ကျွန်တော်အိမ်ထဲမှာ ဘာလုပ်နေသလဲဆိုတာ သေချာ မမှတ်မိတော့ဘူး။ စာရေးနေတာလည်း ဖြစ်နိုင်တယ်။ စာဖတ်နေတာလည်း ဖြစ်နိုင်တယ်။ မုန့်လုပ်ရာမှာ ဝင်ကူလုပ်နေတာလည်း ဖြစ်နိုင်တယ်။ အဲဒီအချိန်က အိမ်မှာ ရေခဲထုပ်တွေလည်း လုပ်တော့ ရေခဲသေတ္တာတွေထဲက ရေခဲထုပ်တွေထုတ်၊ ရေခဲသေတ္တာဆေး၊ အသစ်တွေနဲ့ မခဲသေးတာတွေပြန်ထည့်၊ အဲဒီလို ကူလုပ်နေတာလည်း ဖြစ်နိုင်တယ်။

"အိမ်ရှေ့ကထိုင်ခုံမှာ လူတစ်ယောက်။ မနက်တည်းက ထိုင်နေတာ။ ခုထိလည်း မပြန်သေးဘူး။ ခုတော့ ပက်လက်ကလေး အိပ်နေပြီ။ မူးနေတာလား မသိဘူး"

လို့ မုန့်ထုပ်သူတစ်ယောက်ရဲ့ ပြောသံကြားတယ်။

ဒါပေမယ့် အမှုမဲ့အမှတ်မဲ့ပဲ။

အဲဒီအချိန်က ကျွန်တော်တို့ အိမ်ရှေ့မှာ သစ်သားခုံတန်းလျားလေးနှစ်ခု ရှိတယ်။ အိမ်ရှေ့ဘက်မှာ ကာရာအိုကေခန်းလည်း ရှိတာကြောင့် လာရောက်သီဆိုသူတချို့ စောင့်ရင်းထိုင်လို့ ရအောင် လုပ်ထားတာပါ။ သစ်ပင်ရိပ်ကလေးအောက်မှာ ဖြစ်သလို အနီးမှာ ရေချမ်းစင်လေးလည်းရှိတယ်။ ကျွန်တော်တို့ အိမ်က မြို့စွန်ဘက်ခြမ်းမှာ။ ဒီတော့ ကျေးရွာတွေဘက်သွားတဲ့ လမ်းတချို့နဲ့ နီးစပ်တာ



ကြောင့် ရွာကနေ မြို့တက်ပြီး ဈေးလာဝယ်သူတချို့ဟာ အဲဒီခုံတန်းလျားလေးတွေပေါ်မှာ ခဏတဖြုတ် နားခိုလေ့ရှိတယ်။ လမ်းထဲကကလေးငယ်တွေ လာရောက် ဆော့ကစားကြတာလည်း ရှိတယ်။

ညနေကျတော့ ဘာရယ်မသိ ကျွန်တော် အိမ်ရှေ့ထွက်ဖြစ်ကော။ အဲဒီမှာ ခုံတန်းတစ်ခုပေါ်မှာ တစ်ဖက်လှည့်ပြီး ဘေးတစောင်းလေး လဲလျောင်းနေသူကို တွေ့တယ်ပေါ့။ မုန့်ထုပ်တဲ့ အစ်မတစ်ယောက်ပြောတာ သတိရပြီး အဲဒီလူ ခုထိမပြန်သေးတာလား၊ မူးနေတာလား၊ သေပဲသေနေပြီလားဆိုပြီး အနားသွားကြည့်မိတော့ ဇာတ်လိုက်ကျော် မောင်ထူးကြီး ဖြစ်နေတယ်ပေါ့ဗျာ။

သူ့ကိုမြင်တော့ ကျွန်တော် အံ့ဩသွားတယ်။

"မင်း ဘယ်တုန်းက ရောက်နေတာလဲ"

မေးတော့ သူက အေးဆေးပဲ -

"မနက်တည်းက" လို့ ဖြေတယ်။

"ဒါနဲ့များကွာ အိမ်ထဲ ဘာလို့ မလာတာလဲ"

"မင်း စာရေးနေတာ အနှောင့်အယှက် ဖြစ်မှာစိုးလို့ပါ"

တဲ့။ သူ့အဖြေကြောင့် ကျွန်တော် အံ့အားသင့်သွားတယ်။

"ငါ စာရေးတယ်လို့ မင်း ဘယ်သူပြောလဲ"

ဆိုတော့ ထွန်းထွန်းပြောတာဖြစ်ကြောင်း၊ ကျွန်တော်က စာရေးနေချိန် အနားသွားရင် မကြိုက်ဘူးပါ ပြောကြောင်း၊ ဒါကြောင့် အနှောင့်အယှက် ဖြစ်မှာစိုးလို့ သူ အိမ်ထဲမလာတာဖြစ်ကြောင်း ရှင်းပြတယ်။ ရင်ထဲ မကောင်းဘူး။

"မင်းနှယ့်ကွာ ဒီလောက်အကြာကြီး အပြင်မှာ ထိုင်နေရသလား"

www.burmeseclassic.com



"ထိုင်နေတာပဲရယ်တော့ မဟုတ်ပါဘူးကွာ။ အိပ်လိုက် လမ်းလျှောက်လိုက်လည်း လုပ်ပါတယ်"

သူကတော့ ပေါ့ပေါ့ပါးပါးပဲ ပြောနေတာဖြစ်ပေမယ့် သူ့ စကားလုံးတွေက ကျွန်တော့်ရင်ထဲ နွေးထွေးစေတယ်။ နေ့လယ်စာ ဘာစားပြီးပြီလဲ မေးတော့ ပုဆိုးခါးပုံစကိုဖြည်ပြတာ ပေါင်မုန့်ထုပ် ကလေးပေါ်ထွက်လာလေရဲ့။ သကြားကပ်ပေါင်မုန့်လို့ အဲဒီတုန်း က ကျွန်တော်တို့ ခေါ်ကြတာပဲ။

"ငါ ဗိုက်ဆာတာနဲ့ လမ်းထိပ်ဆိုင်မှာ ဒါလေးသွားဝယ်ပြီး စားလိုက် ရေသောက်လိုက် လုပ်ရင်း မင်းထွက်အလာကို စောင့်နေ တာကွ။ ရော့လေ မင်း စားပါဦးလား"

သူက လက်တစ်ဖက်နဲ့ ကျွန်တော့်ကို ပေါင်မုန့်ထုပ်ကလေး ကမ်းပေးနေတယ်။ ကျွန်တော် မယူတော့ -

"ဘာလဲ မင်းက ရွံလို့လား။ သန့်ပါတယ်ကွ စားပါ"

ဆိုပြီး လက်ထဲ အတင်းထိုးထည့်ပေးတယ်။ ပေါင်မုန့်ထုပ် ကလေး ပေးနေတဲ့သူ့ကိုကြည့်ပြီး ကျွန်တော့်ရင်ထဲ နူးညံ့မှုတွေ စိမ့်ဝင်လာတယ်။ သူ့ကိုလည်း ရုတ်တရက် တွယ်တာသွားသလိုပဲ။ ပေါင်မုန့်ထုပ်ကလေးက သူ စားလက်စ တစ်ဝက်တစ်ပျက်ကလေး။

"နေပါကွာ။ ငါ မစားတော့ပါဘူး။ မင်းပဲစားပါ"

သူ ကျွန်တော့်ကို စိုက်ကြည့်လိုက်သေးတယ်။ ပြီးတော့မှ

"မစားလည်းနေပေါ့ကွာ။ ငါ့ဘာသာစားမယ်"

ဆိုပြီး သူ ပလုတ်ပလောင်း စားပစ်တယ်။

တစ်ခါတည်း ကုန်သွားတယ်။ ပြီးတော့ ရေအိုးကနေ ရေခပ်သောက်တယ်။ သူ့ကို အိမ်ထဲခေါ်ပြီး ထမင်းကျွေးတာ မစား ပါဘူး။ ဟိုညက သူ ပြဿနာဖြစ်တာတွေ ထွန်းထွန်း လာပြောပြလို့



သိရကြောင်းပြောပြီး အခြေအနေမေးတော့ သူက မထူးဆန်းသလို အေးဆေးပဲ။

"ဒီလိုပါပဲကွာ တစ်ယောက်တည်းသမား ဆိုပေမယ့်လည်း သူ့ရဲကောင်းဆိုတော့ လူများပေမဖယ့် မယှဉ်ရဲတော့ သွားတိုင်ကြ တာပေါ့"

ဒီလောက်ပဲ။ တခြား ထွေထွေထူးထူး ဘာမှမပြောတော့ ဘူး။ မျက်နှာကလည်း ရှုပ်တည်နဲ့။ ကျွန်တော့်စိတ်ထဲ ဒီကောင်ဟာ ပျော်သလိုနေတတ်သူ၊ ဖြေသာကျေနပ်နိုင်သူလို့တောင် အမှတ်ပေး လိုက်မိသေးတယ်။

"မင်း အခု အားပြီလား"

"အေး အားပါတယ်။ ဘာလို့လဲ"

"ငါ ခုလာတာ မင်းကို သိုင်းပညာသင်ပေးမလို့ကွ။ နောက် တစ်ခါရန်ဖြစ်ရင် မင်း မခံရအောင်ပေါ့။ ခါးတောင်းကျိုက်လိုက်ကွာ"

"အဲ. . ."

ရုတ်တရက် ကြောင်နင်နင် ဖြစ်သွားတယ်။ အဲဒီအချိန် သူက ထုံးစံအတိုင်း ပုဆိုးဝတ်ထားသလို ကျွန်တော်လည်း ပုဆိုး ဝတ်ထားချိန်ပေါ့။ သူက ပုဆိုးကို ခါးတောင်းကျိုက်ပြီး သစ်ကိုင်း ခြောက် တုတ်တိုသေးသေးလေးတစ်ချောင်း ရှာယူလာတယ်။ ကျွန်တော်ကတော့ ဟိုလိုလိုဒီလိုလိုနဲ့ ခါးတောင်းမကြိုက်သေးဘူး။ အိမ်ရှေ့ မြေကွက်လပ်မှာပေါ့။ အဲဒီညနေခင်း သီချင်းလာဆိုသူ လည်း ရှင်းနေတယ်။ ဒီတော့ လွတ်လပ်နေတာပေါ့။ သူက သစ် တိုင်းခြောက်ကိုကိုင်ပြီး အားနဲ့မာန်နဲ့ လေထဲမှာ ဝှေ့ရမ်းပြတယ်။ ဝါးစပ်ကလည်း တအိစ်အိစ် တယားယား အော်တယ်။ ပြီးတော့မှ ကျွန်တော့်ဘက်လှည့်ပြီး -

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ငါ ဘာလုပ်လိုက်တာလဲ မင်း သိလား"

"ဟင့်အင်း မသိဘူးလေ"

တကယ်မှမသိတာ မသိဘူးပဲဖြေလိုက်တာပေါ့။ ကျွန်တော့်မျက်လုံးထဲတော့ ခုန်ဆွခုန်ဆွ ကားယားကားယားလုပ်နေတာပဲမြင်တယ်။ သူက မိန့်မိန့်ကြီးပြုံးပြီး -

"အဲဒါ ခုနှစ်စင်ကြယ်ဓားသိုင်းကွက် ခင်းပြလိုက်တာကွ။ တကယ့်ပညာရှင်ချင်း တွေ့တဲ့အခါ ကိုယ်ထိလက်ရောက် တိုက်ခိုက်စရာ မလိုဘူး။ သူတစ်ကွက်ပြ ကိုယ်တစ်ကွက်ပြလိုက်ရုံနဲ့ အရှုံးအနိုင် သတ်မှတ်လို့ ရတယ်။

နောက် မင်း ရန်ဖြစ်တော့မယ်ဆိုရင် ခဏ ဒီအကွက်ကလေးပဲ အရင်ကြည့်ပါ ဆိုပြီး ဒီသိုင်းကွက်ကို ခင်းပြလိုက်။ အဲ့လိုဆို အားလုံးကြောက်လန့်ပြီး နောက်ဆုတ်သွားကြလိမ့်မယ်။ မင်းကိုယှဉ်ရဲမှာ မဟုတ်တော့ဘူး။ တကယ့်ပညာရှင် ဆရာကြီးတွေတောင် ဒီအကွက်ကိုမြင်သွားရင် မင်းဆီမှာ တပည့်ခံပါရစေဆိုပြီး လာပြောကြလိမ့်မယ်။ ကဲ ဒီဓားသိုင်းကွက် မင်းကို ငါသင်ပေးမယ်။ ဒီမှာ လာကြည့်"

ထူးကြီးက မြေပြင်ပေါ်မှာ တုတ်နဲ့ခြစ်ပြီး ကြယ်ပုံဆွဲပြတယ်။ ကလေးငယ်တွေတောင် အလွယ်တကူ ရေးဆွဲတတ်မယ့် ငါးထောင့်ကြယ်ပုံလေးပါ။

"မင်း အဲဒီလိုဆွဲတတ်လား။ ဆွဲကြည့်စမ်း"

သူ့လက်ထဲကတုတ်ကို ကမ်းပေးတော့ ကျွန်တော်ယူပြီး တစ်ချက်တည်း ငါးထောင့်ကြယ်ပုံ ရေးခြစ်ပြလိုက်တယ်။ ဒါကိုကြည့်ပြီး သူကျေနပ်သွားတယ်။ မင်သက်အံ့သြဟန်နဲ့ ကျွန်တော့်ကိုတောင် အထင်ကြီးသလို တွေတွေငေးငေးကြီး ကြည့်လိုက်သေးတယ်။



"ဟား မင်းတော်သားပဲ။ မင်း ခုနှစ်စင်ကြယ် ဓားသိုင်းတတ်ပြီ။ ခုနှစ်စင်ကြယ်ဓားသိုင်းကို အချိန်တိုလေးအတွင်းမှာ အောင်မြင်စွာ တတ်မြောက်သွားခဲ့ပြီ။ ငါ ဂုဏ်ယူပါတယ် သူငယ်ချင်း"

ဆိုပြီး ဝမ်းမြောက်ဝမ်းသာ ကျွန်တော့်ကို ပွေ့ဖက်တယ်။ ဂုဏ်ပြုတာဆိုပြီး ကျွန်တော့်ညာဘက်လက်ကိုတောင် သူ့လက်တစ်ဖက်နဲ့ကိုင်ပြီး မိုးပေါ်ထောင်မြှောက်လိုက်သေးတယ်။

ကျွန်တော့်မှာ ရယ်ချင်နေတာ။ ဒါပေမယ့် ပျော်လည်းပျော်တယ်။ အရွယ်တွေက ကလေးမကာ လူကြီးမကျ စပ်ကူးမတ်ကူးကာလကိုး။ (အခုခေတ်မှာတော့ အဲဒီအသက်အရွယ်တွေဟာ ကလေးအထာ လုံးဝကင်းစင်ပပျောက်သလောက်ကို ဖြစ်နေကြပါပြီလေ)

ဒါတွေကိုလည်း သူ အပျော်တမ်း ကစားနေတယ်ပဲ ကျွန်တော်က ထင်ခဲ့တာ။

"ရန်သူနဲ့တွေ့တဲ့အခါ မင်း လေထဲမှာ တစ်ချက်တည်း အဲဒီကြယ်ပုံဆွဲပြလိုက်။ မြန်မြန်ဆွဲနိုင်ဖို့တော့ မင်း လေ့ကျင့်ရမယ်"

"နေစမ်းပါဦး။ ဒါကို ခုနှစ်စင်ကြယ်ဓားသိုင်းလို့ ဘာလို့ခေါ်တာလဲ။ ကြယ်က ငါးထောင့်တည်းပဲဟာကို"

ကျွန်တော်မေးတော့ သူ တအင်းအင်း တအဲအဲ ဖြစ်သွားတယ်။

"ဒါကကွာ ဟို ဟို ဘယ်လိုပြောမလဲ အဲ. . . သိုင်းပညာရဲ့သဘောတရား လှည့်ကွက်တစ်ခုပေါ့ကွာ"

သူ အကြပ်တွေ့သွားတယ်။ ကျွန်တော်လည်း မသိလိုက်မသိဘာသာနဲ့ ဆက်မမေးတော့ပါဘူး။ သူ စိတ်ပြေလက်ပျောက်အားပစေဆိုပြီး လွှတ်ပေးထားလိုက်တာ။

သူက ဒါလောက်နဲ့ မပြီးသေးဘူး။

www.burmeseclassic.com

www.burmeseclassic.com



"မင်းကိုငါ ခြေသိုင်းကွက် သင်ပေးမယ်။ အဲဒီခြေသိုင်းကွက်ကိုတတ်ပြီဆိုရင် လူအများနဲ့ ဝိုင်းလုပ်လည်း မထိအောင်ရှောင်နိုင်ပြီ။ မင်း ပါတာနာဝေ သိုင်းကားကြည့်ဖူးလား"

မင်းသား Mark Dacascos ရဲ့ Only the Strong ဆိုတဲ့ ဇာတ်ကား ထင်ပါရဲ့။ ကြည့်ဖူးကြောင်း ကျွန်တော်ပြောတော့ သူ လက်ဖျောက်တီးပြီး -

"အဲဒီကားထဲက မင်းသားလို ငါ သိုင်းကစားပြမယ်"

ဆိုပြီး ခါးတောင်းကျိုက်ထားတဲ့ နှုတ်ခမ်းမွှေးကားကားကြီးနဲ့ သူဟာ ပါးစပ်ကနေ 'ပါတာနာဝေ . . . အို့ . . . ပါတာ့နာဝေ . . .' လို့ အော်ဆိုပြီး တင်ပါးဖောင်းဖောင်းကြီးတွေ လိမ်ကျစ်လိမ်ကျစ်နဲ့ ပါတာနာဝေမင်းသားလို သိုင်းကစားပြပါတယ်။ (လုံးဝမတူတာတော့ အထူးပြောဖို့ မလိုလောက်ဘူး ထင်ပါတယ်) ပေါင်သားဖြူဖြူမှာ အမွေးနက်နက်တွေ အပြွတ်အသိပ်နဲ့ သိုင်းကစားပြနေတဲ့ သူ့ကိုကြည့်ရတာ ရန်ကုန်မြို့တွင်းလမ်းတွေပေါ်မှာ တွေ့ရလေ့ရှိတဲ့ မြေကြွက်ဝဝကြီးတွေလိုပဲ။ လှုပ်ရှားမှုက အိပုံ့အိပုံ့နဲ့လေ။ မသန်မစွမ်းဝေဒနာသည်တစ်ယောက် မြန်မာ့ရိုးရာမောင်းရွှေရိုးအက ကပြဖျော်ဖြေနေတာနဲ့လည်း ဆင်ဆင်တူပါသေးတယ်။ မာန်သွင်းလိုက်တိုင်း နှုတ်ခမ်းမွှေးက ကော့ခနဲကော့ခနဲပဲ။ သူ့ပုံစံကြည့်ပြီး ကျွန်တော့်မှာ ရယ်လိုက်ရတာ မျက်ရည်တောင်ထွက်ကောပဲ။ အဲဒီလိုရယ်တော့ သူက မကြိုက်ဘူး။

"ဘာလဲ မင်းက ငါ့ကိုလှောင်တာလား။ အထင်သေးတာလား" ဆိုပြီး ရှက်ရမ်းရမ်းတယ်။

"မင်းတောင် ငါ့လို လုပ်တတ်လို့လား"

ဆိုပြီး စိန်ခေါ်တယ်။ ကျွန်တော်က လုပ်ရမှာရှက်တာနဲ့-



"မလုပ်တတ်ပါဘူးကွာ"

လို့ ညာတာပါတေး လုပ်တာလည်း မရဘူး။

"မင်း လုပ်ကိုလုပ်ရမယ်။ အဲဒီခြေကွက်ကို မတတ်လို့ ဟိုညက မင်းခံရတာ။ တတ်အောင်လေ့ကျင့်"

ဆိုပြီး ကျွန်တော့်ကို သူကိုယ်တိုင် အတင်းခါးတောင်းလာကျိုက်တယ်။ ပြီးတော့ -

"ငါ ရှေ့ကလုပ်သလို နောက်ကနေ လိုက်လုပ်ရမယ်"

ဆိုပြီး ကျွန်တော့်ကို သူ့လို လိုက်လုပ်ခိုင်းတယ်။ သူလုပ်တာက ခါးလေးကိုင်း၊ လက်နှစ်ဖက်ကို ဘယ်ညာလိမ်ယှက်ပြီး ရှေ့ဘက်အနည်းငယ်ဆန့်ထုတ်၊ မျက်လုံးတွေက ပြူးကြောင်ကြောင်နဲ့ ရှေ့ကိုကြည့်၊ ပြီးတော့မှ ခြေခွင်နေတဲ့လူတစ်ယောက်လို လိမ်ကျစ်လိမ်ကျစ်နဲ့ လမ်းလျှောက်တာပါ။ ငယ်ငယ်က ရထားတွဲလုပ်တမ်းဆော့သလိုမျိုး၊ လိပ်ဘိုးဘိုးနဲ့ လိပ်မြေးလေးဇာတ်ကားထဲက လိပ်ဘိုးဘိုးလမ်းလျှောက်ပုံမျိုးနဲ့ ဆင်ပါတယ်။ ဒါပေမယ့် သူ လုပ်တာက ပိုရယ်ရတယ်။

သူက ရှေ့ကနေလုပ်ပြ၊ ကျွန်တော်က နောက်ကရယ်၊ သူလှည့်ကြည့်တော့မှ သူလုပ်သလို လိမ်ကျစ်လိမ်ကျစ်ကလေး လုပ်ပြ၊ ဟုတ်တော့ ဟုတ်နေတာပါပဲ။ သူက ပါးစပ်ကနေ 'ပါတာနာဝေ . . . အို . . . ပါတာ့နာဝေ . . .' လို့လည်း အဆက်မပြတ် အော်ဆိုနေသေးတယ်။ ကျွန်တော့်ကိုလည်း သူ့လိုအော်ဆိုခိုင်းတယ်။ အဲဒီလောက်ကြီးကျ ကျွန်တော်လည်း ရှက်တာနဲ့ အလိုမလိုက်ချင်တော့ဘူး။ အိမ်ထဲမှာလည်း လူတွေက အများကြီးကိုး။

သူဆိုသလို ကျွန်တော် လိုက်မဆိုတော့ သူ နည်းနည်းတင်းသွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ငါ မင်းကို အိမ်တိုင်ရာရောက် သိုင်းပညာလာသင်ပေးနေတော့ မင်းက အထင်သေးနေတာလား။ ပညာကို မလေးစားတာလား။ လူကို မခန့်တာလား။ ဒီမှာကြည့် ငါက လက်ပြတ်ကွ"

သူ့လက်နှစ်ဖက်ကို ခပ်ခွက်ခွက်လုပ်ပြီး ကျွန်တော့်ရှေ့လာပြတယ်။ ဟုတ်ပါတယ်။ သူ့လက်ဟာ လက်ဖဝါးအလယ်မှာ ပြတ်ကြောင်းရာကြီးနဲ့ပါ။ လက်ပြတ်လို့ အရပ်ခေါ် ပြောလေ့ရှိတဲ့ နှလုံးလမ်းကြောင်းနဲ့ ဉာဏ်လမ်းကြောင်းဟာ တစ်ဆက်တည်းလို ဖြစ်နေပါတယ်။

ကြည့်ရင်းမသင်္ကာတာနဲ့ သူ့လက်နှစ်ဖက်ကိုဆွဲယူပြီး ကျွန်တော်ဖြန့်ကြည့်လိုက်တယ်။ ဒီတော့မှ သဘောပေါက်တယ်။ သူ့လက်ရဲ့ နှလုံးလမ်းကြောင်းနဲ့ ဉာဏ်လမ်းကြောင်းက ပီပီသသကြီး ဆက်နေတာ မဟုတ်ဘူး။ မထိတထိလေး ကပ်လွဲနေတာ။ ဒါကြောင့်မို့ သူက လက်ကို ခပ်ခွက်ခွက်လုပ်ပြီး လာပြပုံပဲ။ ဉာဏ်ကတော့ များသား။

"ငါက လက်ပြတ်ဆိုတော့ ပီးတယ်"

"ဘာပီးတာလဲ"

"တုတ်ပီး ဓားပီး သေနတ်ပီး အကုန်ပီးတယ်"

အံ့ဩွားပါရင် ပီးတယ်လို့ ကြားဖူးနားဝရှိပေမယ့် လက်ပြတ်တွေဟာ ပီးတယ်လို့တော့ ကျွန်တော် မကြားဖူးပါဘူး။ အဲဒီမှာ ကျွန်တော့်ရဲ့ဗီဇကလေးက ထကြွလာတယ်။ ဘာမှမပြောဘဲ အိမ်ထဲခဏဝင်ပြီး အဝတ်ချုပ်တဲ့ အပ်သေးသေးလေးတစ်ချောင်းကို ဖွက်ယူလာခဲ့တယ်။

"မင်း ပီးတယ်ဆိုရင် ငါ စမ်းကြည့်လို့ ရမလား"

သူ ပြုံးကြောင်ကြောင်နဲ့ ကျွန်တော့်ကို ကြည့်နေတယ်။

"မင်းက ဘယ်လိုစမ်းမှာလဲ"



မငံ့မရဲ မေးတယ်။ ကျွန်တော် ရယ်ချင်နေပြီ။ ဒါပေမယ့် ခပ်တည်တည်ပဲ နေလိုက်တယ်။

"မင်းပဲ လက်ပြတ်ဆို။ ပီးတယ်ဆို။ ဘယ်လိုပဲစမ်းစမ်းပေါ့။ ဘာလဲ ကြောက်နေပြီလား"

"အာ မကြောက်ပါဘူး။ လက်ပြတ်က ကြောက်မလားကွ။ ဒါပေမယ့် ကိုယ့်ကို ပညာသင်ပေးသူကို တစ်ခုခုလုပ်ရင် မင်းအပြစ် ဖြစ်မှာစိုးလို့ပါ"

"ဖြစ်ဖြစ်ကွာ။ စမ်းမယ်"

သူ မျက်လုံးတွေ ကလယ်ကလယ် ဖြစ်နေပြီ။ အဲဒီအချိန်သူ တစ်ဖက်လှည့်ပြီး သက်ပြင်းခိုးချတာ ကျွန်တော် ခုထိ မှတ်မိဆဲပဲ။

"မင်းက ဘယ်လိုစမ်းချင်တာလဲ။ တုတ်နဲ့လား ဓားနဲ့လား။ သေနတ်ကတော့ ရဖို့ မလွယ်ဘူး"

"အိမ်မှာ လေသေနတ် ရှိပါတယ်"

ဒီကောင် ပြူးပြူးပြာပြာ ဖြစ်သွားတယ်။

"ဟာ ဟိတ်ကောင် သေနတ်နဲ့တော့ မလုပ်နဲ့လေကွာ။ ငါကြောက်လို့ပြောတာ မဟုတ်ဘူးနော်။ မင်းပစ်တာကလွဲပြီး တခြားသူတွေ သွားထိမှာစိုးလို့ပါ"

ကျွန်တော် ရယ်ချင်စိတ်ကို အတင်းမျိုသိပ်ပြီး အပ်ကလေးကို ထုတ်ပြလိုက်တယ်။

"ဒါဆိုလည်း ဒီအပ်ကလေးနဲ့ပဲ စမ်းပါမယ်ကွာ"

"ဟင်. . ."

သူ့မျက်လုံးတွေ အကြောင်သား ဖြစ်သွားတယ်။ ကျွန်တော်ကလည်း မြောက်သလိုလိုနဲ့ ဖိခြောက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"တုတ်ပီး ဓားပီး သေနတ်ပီးတဲ့လူတစ်ယောက်အတွက် ဒီအပ်ကလေးနဲ့ တစ်ဆုံး အထိုးခံရတာလောက်ကတော့ အေးဆေး ပေါ့။ ဟုတ်တယ်မလား"

"အဲ. . . ဟို ဟိုလေ. . . ဟို့ဝါ. . . ငါ ခဏ သမာဓိ ခဏဆောက်တည်လိုက်ဦးမယ်ကွာ။ ခဏနော်"

သူ မျက်နှာပျက်ပျက်နဲ့ အဲဒီနေရာမှာတင်ပဲ တင်ပျဉ်ခွေ ထိုင်ပြီး တရားမှတ်သလိုပုံ လုပ်တယ်။ ဟင်းခနဲ ဟင်းခနဲ လေပူတွေကိုလည်း မှုတ်ထုတ်တယ်။ ကျွန်တော် အသာရပ်ကြည့်နေလိုက်တယ်။ သူ မျက်စိတစ်ဖက်ကို မသိမသာဖွင့်ပြီး ကျွန်တော့်ကို ခိုးခိုးကြည့်တာလည်း သိတယ်။ ခဏကြာတော့ သူ့နံဘေးမှာ ထိုင်ပြီးတော့ သူ့ကို အပ်နဲ့ ဆောင့်ထိုးစိုက်မယ့်ဟန် မာန်ပါပါရွယ်ပြီး -

"ဘယ်လိုလဲ သမာဓိရပြီမလား။ ထိုးပြီနော်"

သူဟာ မျက်လုံးအစုံမှေးစင်းပြီး ကျွန်တော့်ကို ညင်သာဖွဖွကြည့်တယ်။ ပြီးတော့ တင်ပျဉ်ခွေထိုင်မပျက်ဘဲ သူက အေးအေးဆေးဆေးပဲ ပြောတယ်။

"ဘုရားအလောင်းဆင်မင်းတောင် သက်န်းကိုမြင်တော့ သူ့ကို အန္တရာယ်ပြုတဲ့မုဆိုးကို ဘာမှ ပြန်မလုပ်ဘူး။ အခု တရားထိုင်နေတဲ့ ငါ့ကိုလည်း အသင် အနှောင့်အယှက် မပြုသင့်ပေဘူး"

အမယ်. . . တရားရနေသလို လေသံနဲ့ဗျ။ ကျွန်တော်လည်း အံကြိတ်ပြပြီး -

"ငါက ဘုရားအလောင်းဆင်မင်းမှ မဟုတ်တာ။ ထိုးစရာရှိတာ ထိုးရမှာပဲ။ စိတ်မရှည်တော့ဘူးကွာ။ ကဲ ထိုးပြီ"

ဆိုပြီး သူ့လက်မောင်းတစ်ဖက်ကို အပ်နဲ့ ခပ်ဆတ်ဆတ်ထိုးလိုက်တယ်။ အဲဒီအခါ သူ တအားအားအော်ပြီး -



"ငါ သမာဓိ မရသေးဘူး။ ငါ သမာဓိ မရသေးဘူး"

ဆိုပြီး ထပြေးပါတယ်။ ကျွန်တော် သူ့ကို အမိလိုက်ပြီး နောက်ကနေ ဖမ်းချုပ်ထားလိုက်တယ်။ သူက ကျွန်တော့်ထက် ဝပေမယ့် သူ့တစ်ကိုယ်စာတော့ ကျွန်တော် ကောင်းကောင်း ထိန်းချုပ်နိုင်ပါတယ်။ ဒါကြောင့် သူ ပြေးမရတော့ဘူး။

"မင်း ပီးတယ်ဆို ဘာလို့ ထွက်ပြေးတာလဲ။ ဒါဆို ပီးတယ်လို့ ပြောတာ လေကြီးတာပေါ့ ဟုတ်လား"

"မဟုတ်ဘူး။ ငါ လေမကြီးဘူး။ ငါက ဒေါသထွက်မှ မှော်ဝင်တာ။ မှော်ဝင်မှ ပီးတာ။ ခု ငါ ဒေါသမထွက်သေးဘူး"

"ဒါဆို ခု ဒေါသထွက်လေ။ ကဲဟာ ကဲဟာ"

ဆိုပြီး သူ့ချိုင်းကြားတွေ နံကြားတွေကို ဟိုဖျစ်ဒီဖျစ် လုပ်တော့ သူ ယားပြီး တွန့်လိမ်အော်ဟစ်နေတယ်။

"ယားတယ်ကွ။ ငါ့ကိုလွှတ်ပေး" လို့ အော်တယ်။

"မင်းက သိုင်းသမားပဲ။ မင်းဘာသာ ရုန်းလေ"

ဆိုတော့ -

"ငါ ကီးသွင်းလိုက်ဦးမယ်" ဆိုပြီး တအိစ်အိစ် တအားအားနဲ့ ကီသွင်းပြီး ရုန်းတယ်။ ဒါပေမယ့် သူ မလွတ်ဘူး။ နောက်တော့ တကယ်ဒေါသထွက်လာပုံနဲ့ -

"ငါ စိတ်တိုလာပြီနော်။ ငါ သည်းမခံနိုင်တော့ဘူး"

လို့ ပြောတယ်။

"ဒါဆို မင်း အခု ဒေါသထွက်ပြီပေါ့။ ဒါဆို မှော်ဝင်ပြီပေါ့။ အဲ့ဒါဆို ငါ အပ်နဲ့ထိုးပြီကွာ"

ဆိုပြီး သူ့ကို ကျွန်တော် အပ်နဲ့ ထိုးမယ် ဟန်လုပ်တော့ ပြုံးပြာပြာနဲ့ -

www.burmeseclassic.com

www.burmeseclassic.com



"ဟိုးတား. . . ဟိုးတား. . . ငါ ဒေါ်သမထွက်သေးဘူး။ ငါ မှော်မဝင်သေးဘူး။ ငါက ဒေါသထွက်ရုံ မှော်ဝင်ရုံနဲ့ မရဘူး။ သမာဓိပါရမှ ပီးတာ" လို့ ပြောပြန်ပါတယ်။

"မင်း မပြီးဘူးဆိုတာ ဝန်ခံရင် လွှတ်ပေးမယ်"

ပြောပေမယ့် သူက အဲ့လိုတော့ လုံးဝ ဝန်မခံဘူး။

ဒီတော့ ကျွန်တော်ကလည်း သူ့ကို ဆက်ချုပ်ထားတယ်။ ကြာလာတော့ နှစ်ယောက်လုံး ချွေးတွေထွက်ပြီး မောနေပြီ။

"အန်တီရေ. . . လာပါဦး. . . ဒီမှာ ကျွန်တော့်ကို နှိပ်စက်နေတယ်ဗျို့"

လို့ သူ အသံကုန်ဟစ်ပြီး အော်တိုင်လို့ အမေရောက်လာမှ ထိုကစားပွဲက အဆုံးသတ်ပါတယ်။ အမေရောက်လာလို့ သူ့ကို ကျွန်တော် လွှတ်ပေးလိုက်တော့ အမေ့အနား ပြေးသွားပြီး -

"ဒီကောင် ဦးနှောက် မမှန်ဘူး အန်တီ။ သူ့ကို ဆေးလေး ဘာလေး တိုက်လိုက်ဦး။ ကိုယ့်ကို ပညာ လာသင်ပေးနေတဲ့ သူငယ်ချင်းကိုကျတော့ လုပ်တယ်။ ဟိုညက ရန်ဖြစ်တော့ သူ့ကို ထိုးတဲ့ လူတွေကျတော့ ပြန်မလုပ်ဘူး။ အဲဒီလောက်သန်နေသားနဲ့ ခံလာရတယ်။ သူတော်ကောင်းကို ပြစ်မှားလို့ သူ အဲ့လိုခံရတာ"

လို့ ပွစိပွစိနဲ့ ပြောနေတယ်။

ပြီးတော့ ကျွန်တော့်ကို မျက်လုံးလေး စွေကြည့်ပြီး -

"အန်တီ အဝတ်ချုပ်တဲ့အပ်ကို သူ ယူဆော့နေတယ်။ ပြန်သိမ်းသွားလိုက်ပါ" တဲ့။

လူလည်တော့ လူလည်ပဲ။ ဒါပေမယ့် . . .

နောက်တစ်နေ့ မနက်စောစော ကျွန်တော့်အိမ်ကို သူ ရောက်လာပြီး အပြင်ထွက် မုန့်စားဖို့ လာခေါ်တယ်။ လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည်သောက် မုန့်စားရင်း သူဟာ ဆယ်တန်းကို လုံးဝခိုးမချဘဲ အရည်အချင်းအစစ်အမှန်နဲ့ နှစ်ချင်းပေါက် အောင်မြင်ခဲ့ကြောင်း၊ ရန်ကုန်မှာ စီးပွားရေးတက္ကသိုလ် သွားတက်ရမှာ ဖြစ်ကြောင်း ပြောပါတယ်။

အခုနှစ် ကျောင်းသွားမတက်ဘူးလား၊ ကျောင်းပိတ်လို့ ခဏပြန်လာတာလား မေးတော့ သူ မျက်နှာပျက်သွားတယ်။ ဒါပေမယ့် သူ့မလေ့အတိုင်း မကြာဘူး။ ခဏအတွင်း အသွင်နဲ့တကွ စကားလမ်းကြောင်းကိုပါ ပြောင်းလဲပစ်တယ်။ မုန့်က စားလို့ကောင်းတဲ့အကြောင်း၊ လက်ဖက်ရည်ဆို ချိုမှ သူကကြိုက်တဲ့အကြောင်းတွေ ပြောပြီး မုန့်တွေ တစ်ခုပြီးတစ်ခုစားလိုက်၊ လက်ဖက်ရည် တစ်ခွက်ကုန်တော့ နောက်တစ်ခွက် မှာသောက်လိုက် ပါတယ်။

မုန့် အများကြီးစားသူတွေ မြင်ဖူးပေမယ့် လက်ဖက်ရည်ကို တစ်ထိုင်တည်း တစ်ခွက်မက မှာသောက်သူဆိုတာ ရှားတာမို့ အံ့ဩမိတာပေါ့။ အဲဒီအချိန်လောက်တည်းက သူ့ရဲ့ကာရိုက်တာ ဆန်းတယ်လို့တော့ ကျွန်တော် မှတ်မှတ်ထင်ထင် သတိပြုမိနေပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



သူဟာ လူငယ်အများစုလို လက်ဖက်ရည်ဆိုင်လည်း ကြာကြာ မထိုင်ဘူး။ ဗိုက်ကားအောင် စားသောက်ပြီးတာနဲ့ အမြန်ခေါ်ရှင်းပြီး ထထွက်တာပဲ။ အဲဒီနေ့က သူ့ အကျႌအိတ်ထဲမှာ ငါးရာတန်တွေက အထပ်လိုက်ပဲ။

လက်ဖက်ရည်ဆိုင်ကထွက်တော့ စက်ဘီးလျှောက်စီးကြမယ်လို့ပြောတယ်။ သူဟာ အဲဒီလိုလမ်းပေါ်မှာ စက်ဘီးလျှောက်စီးရတာကိုတော့ တော်တော်သဘောကျပုံပါပဲ။ စက်ဘီးလျှောက်စီးနေရင်း သူ့မျက်နှာကြီးရှုံ့မဲ့လာပြီး အိမ်သာတက်ချင်တယ်ကွာလို့ ညည်းတွားပါတယ်။ သူဟာ တခြားအိမ်သာတွေမှာ မတက်တတ်တာကြောင့် သူ့အိမ်ကိုပဲ ပြန်မယ့်အကြောင်း၊ ကျွန်တော့်ကိုလည်း သူ့အိမ်ရောက်ဖူးအောင် လိုက်ခဲ့ဖို့ ခေါ်ပါတယ်။ ဒီလိုနဲ့ သူ့ အိမ်ကို သွားကောပေါ့။

လမ်းမှာ သူ ပြောတယ်။ သူ့မှာ အစ်မတစ်ယောက် ရှိကြောင်း၊ မင်းသမီး ဆုရွှန်းလဲ့နဲ့ တူကြောင်း၊ ဆုရွှန်းလဲ့ထက်ပင် ပို၍ချစ်ဖို့ကောင်းကြောင်း၊ အဲဒီအစ်မရဲ့အလှကြောင့် အိမ်ကို ဘယ်ယောကျ်ားလေးသူငယ်ချင်းကိုမှ မခေါ်ကြောင်း၊ ကျွန်တော့်ကို အင်မတန်သံယောဇဉ်ကြီးလွန်းလို့ ယုံကြည်စိတ်ချလို့ ခေါ်တာဖြစ်ကြောင်း၊ ကျွန်တော်ဟာလည်း သူ့အစ်မကိုမြင်ရင် သေချာပေါက်ကြိုက်သွားမှာဖြစ်ကြောင်း၊ ဒါကြောင့် အိမ်ကိုရောက်တဲ့အခါ သူ့အစ်မကို လုံးဝမကြည့်ဖို့ အထပ်ထပ်အခါခါ အထူး သတိပေးတားမြစ်ပါတယ်။

သူတို့အိမ်ရဲ့ အနေအထားနဲ့ အလုပ်အကိုင်အရပြောရရင် လူလတ်တန်းစားစာရင်း ကောင်းကောင်းကြီး ဝင်ပါတယ်။ သူတို့အိမ်ရှေ့ကိုရောက်တော့ သူဟာ ကပျာကသီ ကျွန်တော့်မျက်မှန်ကို ဆတ်ခနဲ လာဖြုတ်ယူသွားတယ်။



"မင်း အဲ့ဒါ ဘာလုပ်တာလဲ" မေးတော့ -

"မျက်မှန်ဖြုတ်ထားရင် မင်းက မမြင်ရတော့ဘူးမလားဟဲ. . . ဟဲ။ ငါ့အစ်မကို မင်းကြည့်မှာစိုးလို့ကွ။ အိမ်ကထွက်မှ မျက်မှန်ပြန်ပေးမယ်"

လို့ ပြောပါတယ်။

"စိတ်မဆိုးပါနဲ့ သူငယ်ချင်းရယ်။ မဖြစ်သင့် မဖြစ်အပ်တာတွေ ဖြစ်ကုန်မှာစိုးလို့ပါ"

ဆိုပြီး တဖွဖွလည်း တောင်းပန်တယ်။ ဒါတင်ဘယ်ကမလဲ။

"ငါ အိမ်သာတက်နေတုန်း မင်း အိမ်ရှေ့မှာပဲ နေ။ အိမ်ထဲ မဝင်နဲ့"

လို့ ပြောတဲ့အပြင် ကျွန်တော့်မျက်နှာကိုတောင် အိမ်ဘက်မလှည့်နိုင်းဘဲ ခေါင်းကို သူကိုယ်တိုင်ကိုင်ပြီး လမ်းမဘက် လှည့်နေစေပါတယ်။

"အိမ်ထဲဘက် လုံးဝ လှည့်မကြည့်နဲ့နော်"

လို့လည်း တတွတ်တွတ် မှာတယ်။ ကျွန်တော့်မှာ အောင့်သက်သက်နဲ့။ သူ အိမ်သာတက်ပြီး ပြန်ထွက်လာမှ ကျွန်တော့်လက်ကို ဆွဲတွဲပြီး သူတို့အိမ်ထဲကို ရောက်ဖူးအောင်ဆိုပြီး ခေါ်တယ်။ အိမ်ထဲရောက်တော့ -

"ဒါက စားပွဲ။ ဒါက ထိုင်ခုံ။ မင်း စိတ်နဲ့ မှန်းပြီး ပုံဖော်ကြည့်ပေါ့ကွာ"

ဆိုပြီး အိမ်ထဲက ပစ္စည်းတွေကို လက်နဲ့ လိုက်ကိုင်ခိုင်းတယ်။ မျက်မှန်ကိုတောင်းပေမယ့် ပြန်မပေးသေးဘူး။ ဒီကောင်တော်တော် ကြပ်တဲ့ကောင်ပဲလို့ ကျွန်တော့်စိတ်ထဲ တွေးနေဖြစ်

www.burmeseclassic.com

www.burmeseclassic.com



တာ။ ကျွန်တော့် မျက်လုံးက လုံးလုံးလျားလျား ကန်းနေတာ မဟုတ်တော့ ထင်သာမြင်သာတော့ ရှိပါသေးတယ်လေ။

"မင်းတို့ အိမ်ကလည်း မှောင်လိုက်တာကွာ" ဆိုတော့ -

"ငါ တံခါးတွေကော မီးတွေကော ပိတ်ထားတာ" တဲ့။

ဟင် တော်တော် အကြံပက်စက်တဲ့ကောင်ပဲ။

အဲဒီအချိန်မှာပဲ -

"မောင်လေး. . . နင် အပြင်ကပြန်လာပြီလား။ ထမင်းစားတော့မလား"

ဆိုတဲ့ အသံချိုကြည်အေးလေးကို ကြားလိုက်ရတယ်။

ကျွန်တော့်အာရုံကြောတွေ ဆတ်ခနဲ ဖြစ်သွားတယ်။

ခေါင်းကလည်း ငေါက်ခနဲပဲ။

ညွှန်းလွန်းလို့ စိတ်ဝင်စားနေပြီကိုး။ အသံလာရာဆီ ကြည့်မိတော့ သိပ်မဝေးတဲ့ လှေကားထစ်တစ်ခုပေါ်မှာ တွေ့မြင်လိုက်ရတာက အပေါ်ထပ်မှ ဆင်းလာတဲ့ ခြေထောက် ဖွေးဖွေးလေး တစ်စုံ။ ထိုခြေထောက်ဖွေးဖွေးလေးတွေရဲ့ အထက်မှာ အရောင်ဖျော့ဖျော့ လုံချည်ဖျဉ်စလေးဟာ ယိမ်းနွဲ့လှုပ်ခတ်လို့. . .။

ဆက်လက်မြင်ရဖို့ မျှော်လင့်တကြီး စောင့်စားနေတုန်းမှာပဲ -

"အစ်မ. . . နင် ဆင်းမလာနဲ့။ ခုချက်ချင်း အပေါ်ပြန်တက်။ ခုချက်ချင်း အိမ်ပေါ်ပြန်တက်"

ထူးကြီးရဲ့ အော်ဟစ်တားမြစ်သံကြီးက ကျယ်လောင်စွာ ထွက်ပေါ်လာပါတယ်။ ရုတ်တရက် ကျွန်တော့်မျက်လုံးတွေဟာလည်း သူ့လက်နှစ်ဖက်နဲ့ အပိတ်ခံလိုက်ရတယ်။

"ဘာလို့လဲ မောင်လေးရဲ့"



ဆိုတဲ့ အသံချိုကြည်အေးလေး ကြားရတယ်။

"ဘာမှပြန်မမေးနဲ့။ အောက်ကိုဆင်းမလာနဲ့။ နင့်အတွက် အန္တရာယ်ရှိတယ်။ အိမ်အောက်မှာ နင့်အတွက် အန္တရာယ်ရှိလို့ ပြောနေတာ။ အိမ်ပေါ်မှာပဲနေ။ နောက် ငါးမိနစ်ကြာမှ ဆင်းလာ" ဆိုပြီး ထူးကြီးဟာ ကျွန်တော့်ကို အိမ်ထဲကနေ အတင်းဆွဲခေါ်ထုတ်သွားပါတယ်။

အိမ်ပြင်ရောက်မှ ကျွန်တော့်မျက်မှန်ကို ပြန်ပေးတယ်။ ဒါတောင် 'အိမ်ထဲကို လုံးဝ လှည့်မကြည့်နဲ့နော်' တတွတ်တွတ်ပြောပြီး စက်ဘီးကို အမြန်ဆုံး နင်းထွက်ခိုင်းပါတယ်။ သူ့ဟာကျ သိတတ်လိုက်တာ လွန်ပါရော။ စက်ဘီးလျှောက်စီးရင်း -

"မင်းအစ်မအသံလေးက သာယာလိုက်တာကွာ။ အသံလေးနဲ့တင် ငါတော့ စွဲလမ်းသွားပြီ။ မင်း ငါ့ကို ခင်တယ်ဆိုရင် မင်းအစ်မနဲ့ ပေးစားပါလားကွာ"

လို့ ကျွန်တော်ပြောတော့ ထူးကြီး တရှုံ့ရှုံ့နဲ့ စိတ်တိုပါတယ်။

"နားနှစ်ဖက်ကိုပါ ပိတ်မထားလိုက်မိတာ ငါမှားတာ" တဲ့။

စုတ်တသပ်သပ်နဲ့ ယူကြုံးမရသလို ရှုံ့မဲ့မဲ့ကြီး ညည်းတွားနေလေရဲ့။

www.burmeseclassic.com

www.burmeseclassic.com

အဲဒီတုန်းက လူငယ်တွေကြားမှာ လက်ကိုင်ဖုန်းတွေ၊ အင်တာနက်အသုံးပြုမှုတွေ ယခုလို တွင်တွင်ကျယ်ကျယ် ခေတ်မစားသေးဘူး။ ရပ်ဝေးဆက်သွယ်ချက်အနေနဲ့ဆို Pan Friend ခေတ်လို့ ပြောရမှာပေါ့။ မဂ္ဂဇင်းစာမျက်နှာတွေထဲက Pen Friend ကဏ္ဍမှာ ဓာတ်ပုံတွေ လိပ်စာတွေ ထည့်ကြ။ စာတိုက်ကနေတဆင့် တစ်ယောက်ကိုတစ်ယောက် မိတ်ဆက်စာတွေ ရေးပို့ကြ။ ဓာတ်ပုံတွေ ဖလှယ်ကြတဲ့ခေတ်။

ကျွန်တော်လည်း Pen Friend တွေ ထားဖြစ်ပါတယ်။ အဲဒီ တုန်းကဆို စာတိုက်သွားပြီး စာလာ မလာ မေးရတာလည်း အလုပ်တစ်လုပ်။ စာတိုက်ကလူတွေနဲ့ တည့်အောင်ပေါင်း၊ စာပို့သမားကြီးကို လက်ဖက်ရည်ဖိုးပေးပြီး ဖားရတာလည်း အခါခါပဲ။

စာပို့သမားကြီးက စာတွေကိုစုထားပြီး တစ်ပတ်မှာ တစ်ကြိမ်နှစ်ကြိမ်ပဲ လိုက်ပေးဝေလေ့ရှိတာမို့ စောင့်ရတာစိတ်မရှည်တဲ့ ကျွန်တော်ဟာ စာတိုက်ကို ကိုယ်တိုင်သွားပြီး ထုတ်ယူဖြစ်တာ များတယ်။ Pen Friend တွေနဲ့ ပို့စာပြန်စာတွေရှိသလို၊ မဂ္ဂဇင်းတိုက်တွေဆီစာမူပို့တာ အကြောင်းပြန်စာ မျှော်တာတွေလည်း ရှိတာကိုး။

ကျွန်တော် စာတိုက်သွားတဲ့တစ်ရက် ထူးကြီး ပါလာတယ်။ ကျွန်တော့်အမည်နဲ့ လိပ်စာ ရေးထိုးထားတဲ့ စာအိတ်တွေကို သူမြင်တော့ မေးတဲ့အခါ Pen Friend လောကအကြောင်း ကျွန်တော်



ပြောပြဖြစ်တယ်ပေါ့။ ဒီတော့ သူလည်း Pen Friend တွေ ထားချင်တယ်ဖြစ်ကော။

ကျွန်တော်လည်း ကျွန်တော့်ရဲ့ Pen Friend လိပ်စာတွေပေးပြီး သူ့ကို စာရေးပို့စေခဲ့ပါတယ်။ ယောကျ်ားလေးလိပ်စာတွေကျ သူက မယူဘူး။ မိန်းကလေးတွေလိပ်စာပဲ တောင်းတယ်။ ဒါတောင် ချောမှ လှမှတဲ့။ ကျွန်တော့်ဆီက ဓာတ်ပုံတွေ အရင်တောင်းကြည့်သေးတယ်။ သူ သဘောကျတဲ့သူရဲ့ လိပ်စာပဲ ယူတယ်။

ထူးကြီး အားတက်သရော စာတွေပို့တယ်။ ပြီးတော့ ထုံးစံအတိုင်း ပြန်စာကို မျှော်တယ်ပေါ့။ သူ ဘာတွေဘယ်လို ရေးပို့သလဲဆိုတာ ကျွန်တော်ကမမေးခဲ့သလို သူကလည်းမပြောမပြခဲ့ဘူး။ စာအိတ်လှလှလေးတွေ အများကြီးဝယ်တာတော့ မြင်လိုက်တယ်။

စာတိုက်ကို အတူသွားတဲ့အခါ ကျွန်တော့်စာတွေ ပါလာပေမယ့် သူ့အတွက် ပြန်စာတွေကတော့ မရခဲ့ဘူး။ ရင်းနှီးနေပြီဖြစ်တဲ့ စာပို့သမားကြီးက တစ်ခါတရံ လမ်းမှာ ကျွန်တော့်ကိုတွေ့တဲ့အခါ စာတွေ ခေါ်ပေးတယ်။ အဲဒီအခါ ထူးကြီးက သူ့အတွက်စာကော မပါဘူးလားလို့ စာပို့သမားကြီးကို မေးတယ်။ မပါကြောင်းသိရတော့ သူ မျက်နှာမကောင်းဘူး။

"မင်းက ဘယ်လိုတွေ ရေးပို့လိုက်တာလဲ။ ငါ့ကို ပြောစမ်းပါဦး" လို့ ကျွန်တော် မေးမိတော့မှ သူက ပြောပြတယ်။

"ငါ့ဘက်က ဒီလို စာစရေးလိုက်လို့ သိပ်မာန်တက်မနေနဲ့။ နှင့်အနေနဲ့ ငါလိုလူနဲ့ ပတ်သက်ခွင့်ရတာ အင်မတန် ဂုဏ်တက်တယ်။ နှင့်ပုံကိုမြင်တော့ ကြိုက်လို့ ငါ စာရေးလိုက်တာ။ နင်လည်း ငါ့ကိုကြိုက်ရင် စာပြန်ပါ။ တို့တွေ ရည်းစားတွေ လုပ်ကြမယ် ဆိုပြီး ဓာတ်ပုံပါ ထည့်ပေးလိုက်တယ်" တဲ့။

www.burmeseclassic.com

www.burmeseclassic.com



အမလေးလေး. . . ကောင်းရောဗျာ. . .။ ရှင်းချက် . . .။ ဝေ့ဝိုက်မနေဘူး။ လိုရင်းကို ဒက်ခနဲပဲ။

"အကုန်လုံးကို အဲဒီအတိုင်း ရေးပို့လိုက်တာလား"

ဆိုတော့ -

"ဟုတ်တယ်။ ကူးရေးရမှာပျင်းတာနဲ့ တစ်စောင်ရေးပြီးတော့ မိတ္တူတွေဆွဲပြီး အကုန်လုံးကို အဲဒီလို ပို့လိုက်တာ" တဲ့။

ပြတ်ကရော. . .။ ထူးကြီးက အဲ့လို. . .။

ဒီကြားကာလမှာ သူ့အိမ်ကို ကျွန်တော် ထပ်မံရောက်ဖြစ်တာတွေ ရှိပေမယ့် သူ့အစ်မကို သေချာစွာ မြင်တွေ့ခွင့် မရခဲ့ပါဘူး။ ရိုးတိုးရိပ်တိတ်သာ မြင်ခွင့်ရခဲ့တယ်။ ကျွန်တော်ပါလာတာနဲ့ ထူးကြီးဟာ သူ့အစ်မကို ဖွက်တော့တာပဲ။ ထူးကြီးရဲ့အစ်ကိုနဲ့ ထူးကြီးအဖေဟာ မျက်နှာထားတင်းမာပြီး ထူးကြီးလိုပဲ နှုတ်ခမ်းမွေး ရှည်ရှည်ကားကားကြီးတွေနဲ့။ အကြည့်တွေကလည်း စိမ်းစိမ်းကြီးတွေ။ သူ့အမေကတော့ ခပ်အေးအေးပါပဲ။

တစ်ရက်တော့ ထူးကြီး ကျွန်တော့်ကို ဖွင့်ပြောတယ်။

"ယောကျ်ားချင်းဖြစ်တဲ့ ငါတောင် မင်းကို ဒီလောက်ခင်နေရင်. . . မိန်းမသားဖြစ်တဲ့ ငါ့အစ်မသာ မင်းကိုမြင်သွားရင် မဖွယ်မရာတွေ ဖြစ်ကုန်မှာစိုးလို့ပါကွာ" တဲ့။

ဒါကိုလည်း ကျွန်တော်က သူ စနေတယ်ပဲ သတ်မှတ်ခဲ့တာပါ။ အဲဒီရက်ပိုင်း ထူးကြီးနဲ့ ကျွန်တော် တပူးပူးတတွဲတွဲပေါ့။



Pen Friend တွေထဲမှာ ကျွန်တော့်အတွက် ထူးခြားတဲ့ ဖြတ်သွယ်မှုတစ်ခု ရှိပါတယ်။ အဲဒီတုန်းက မဂ္ဂဇင်းတစ်စောင်ရဲ့ ဓာတ်ပုံ ပြိုင်ပွဲတစ်ခုမှာ ကျွန်တော့်ဓာတ်ပုံ ရွေးချယ်ဖော်ပြခံရတယ်။ Pen Friend ကဏ္ဍတစ်ခုမှာလည်း ကျွန်တော့်ဓာတ်ပုံနဲ့ ကိုယ်ရေးအချက်အလက်တချို့ ပါဝင်ဖြစ်ခဲ့တယ်။ ကျွန်တော့်ရဲ့လက်ရာ စာမူလေးတွေလည်း မဂ္ဂဇင်း စာမျက်နှာတချို့ပေါ် တက်ရောက်ခွင့် ရနေပြီ။

အဖြစ်က ကျွန်တော့်ဆီကို မိတ်ဖွဲ့စာတစ်စောင် ရောက်လာခဲ့တာပါ။ မိတ်ဖွဲ့စာ ဆိုတာထက် ခပ်တင်းတင်းလေး ခနဲ့ပြီး အဝေးကနေ လှမ်းဖွဲ့လိုက်တာပါပဲ။ စာလွှာရဲ့ နိဒါန်းက -

"ခင်ဗျားက ရုပ်ဆိုးလို့ ခုလို စာရေးချင်စိတ်ဖြစ်လာတာ" ဆိုပဲ။

နောက်ဆက်တွဲ အကြောင်းအရာတွေကတော့ ကျွန်တော် . . . စကိတ်စီးတာ ဝါသနာပါကြောင်း မဂ္ဂဇင်းစာမျက်နှာမှာ ပါရှိ . . . သူဟာလည်း စကိတ်စီးခြင်းကို ရင်ခုန် နှစ်ခြိုက်ကြောင်း၊ . . . မယ့် စကိတ်ကွင်းမှာ တစ်ခါသွားစီးတာ ဒူးပြဲသွားခဲ့ကြောင်း၊ . . . ဘုတ်စကိတ်စီးဖူးတာဖြစ်ပြီး ကျွန်တော်က ဘယ်လိုစကိတ် . . . အစားကို စီးလေ့ရှိသလဲ ဆိုတာတွေ မေးတာပေါ့လေ။

ကျွန်တော် တွေးမိလိုက်တယ်။ ဒီစာလွှာပိုင်ရှင်ဟာ အခွင့် . . . သူ့ကို ရှုမြင်သတိပြုမိစေချင်လို့ ယခုလို ခနဲ့တဲ့ . . . လေးနဲ့



www.burmeseclassic.com

www.burmeseclassic.com



စဖွင့်လိုက်တာပဲ ဆိုပြီးတော့ပေါ့။ အဲဒီလို တွေးမိပါလျက်နဲ့ပဲ မသိမ်မွေ့ပေမယ့် မရိုင်းစိုင်းသလို သစ်လွင်တဲ့ သူ့အရေးအသားတွေကို သဘောကျတာကြောင့် ကျွန်တော် စာပြန်ဖြစ်ခဲ့ပါတယ်။

ကျွန်တော်ကလည်း မထိတထိလေး ပြန်ဖွဲ့တာပေါ့။ ဒါကို သူကလည်း စိတ်မဆိုးဘူး။ ပညာသားပါပါ ပြန်ထည့်တယ်။

ဒီလိုနဲ့ အပြန်အလှန်စာလွှာပေးပို့မှု ငါးကြိမ်လောက်တိုင်ခဲ့သည်အထိ သူဟာ ယောကျ်ားလေးလား၊ မိန်းကလေးလားဆိုတာ ကျွန်တော် မသိသေးပါဘူး။ သိချင်ပေမယ့်လည်း မမေးဘူး။ တစ်ချိန်ချိန်တော့ သိခွင့်ရမှာပဲလို့ ယုံကြည်နေခဲ့မိတယ်။

သူ စာရေးတဲ့အခါ ကျွန်တော့်ကို ခင်ဗျားလို့ သုံးနှုန်းပြီး သူ့ကိုယ်သူတော့ ကျွန်တော်လို့ပဲ သုံးလေ့ရှိတယ်။ သူ့အမည်ကလည်း ယောကျ်ား မိန်းမ ခွဲခြားရခက်စေတဲ့ တစ်လုံးတည်းသော ခပ်လန်းလန်း အမည်လေးတစ်ခုပါပဲ။

သူ့ရဲ့စာလွှာတွေဟာ လက်ရေးလက်သား၊ စကားလုံးအသုံးအနှုန်း၊ ရေးသားတင်ပြပုံ၊ အသုံးပြုတဲ့ စာရွက်စာအိတ်တွေကအစ အခြားသူတွေနဲ့မတူစွာ သစ်ဆန်းတာကြောင့် တဖြည်းဖြည်းနဲ့ သူဟာ ကျွန်တော့်အတွက် အထင်ကရ အမှတ်အသားတစ်ခု ဖြစ်လာစေခဲ့တယ်။

သူဟာ မိန်းကလေးတစ်ယောက်လို့လည်း ကျွန်တော် ခံစားလာရတယ်။ ဒီအထင်ဟာ ကိုယ့်စိတ်နဲ့သက်ဆိုင်သလို စာအရေးအသား အငွေ့အသက်တွေကြောင့်လည်း ဖြစ်နိုင်ပါတယ်။

ကျွန်တော်တို့ ခင်မင်သွားတဲ့အခါမှာ သိလာရတာက သူဟာ ကျွန်တော့်ထက် တစ်ရက်၊ တစ်လ၊ တစ်နှစ် တိတိကျကျကြီးကိုငယ်ပါတယ်။ ဒါကြောင့်ပဲ သူ့ကိုကျွန်တော်က ထက်ငယ်လို့ ခေါ်ပါ



ရဲ့။ သူကတော့ ကျွန်တော့်ကို သားသားလေးလို့ ခေါ်တယ်။ ဘာလို့အဲ့လို ကင်ပွန်းတပ်တာလဲမေးတော့ "မသိဘူး။ အဲ့လိုခေါ်ချင်လို့" ဟုပဲ ပြောပါတယ်။

သူ့မွေးနေ့ဟာ ချစ်သူများနေ့လို့ သတ်မှတ်ခံရတဲ့ ဖေဖော်ဝါရီလ (၁၄) ရက်နေ့ပါ။ ဒါတွေဟာ သူနဲ့ပတ်သက်ရင် ကျွန်တော် အမြဲအမှတ်ရနေမယ့် စွဲလမ်းစေသော သင်္ကေတတွေပါပဲ။

ဒီလိုနဲ့ ဖုန်းနံပါတ်တွေ ဖလှယ်ပြီးတဲ့နောက် တစ်ညမှာ သူ ကျွန်တော့်ဆီ ဖုန်းဆက်တယ်။

အဲဒီတုန်းက ကျွန်တော်တို့မြို့မှာ အော်တိုဖုန်းတွေ မရသေးဘူး။ မြို့ရဲ့ အိတ်ချိန်းနံပါတ်ကိုခေါ်ပြီး ပြောချင်တဲ့ လိုင်းခွဲနံပါတ်ကို လွှဲခိုင်းရတာ။ ကျွန်တော်တို့ အိမ်ဖုန်းကလည်း အဲဒီလိုလိုင်းခွဲဖုန်းပဲပေါ့။ ကိုယ့်ဘက်ကခေါ်ချင်ရင်လည်း အိတ်ချိန်းကိုခေါ်ပြီး ပြောချင်တဲ့နံပါတ်ကို ခေါ်ခိုင်းရတာ။ အိတ်ချိန်းဖုန်းဟာအားတာ များသလို လိုင်းကလည်းကြပ်တာမို့ အဝေးဖုန်းတစ်ခါပြောရဖို့ အရမ်းခက်ခဲပဲ။ အဲဒီအချိန်က GSM ဖုန်းတစ်လုံးကိုအပြင်ပေါက်စျေး သိန်းလေးဆယ်ဝန်းကျင် ရှိတယ်။ ဒါတောင်အလွယ်တကူ ဝယ်လို့မရဘူး။

အဲဒီည သူက သူငယ်ချင်းတစ်ယောက်ရဲ့ ဖုန်းနဲ့ဆက်တာ။ ဖုန်းလိုင်းက မကောင်းတော့ ကျသွားလိုက်၊ သူ့ဘက်က ပြန်ခေါ်လိုက်နဲ့ ခဏခဏပါပဲ။ ဒါတောင် သေချာ စကားမပြောလိုက်ရဘူး။ ဒါပေမယ့် သူဟာ မိန်းကလေးတစ်ယောက် ဖြစ်တယ်ဆိုတာရယ်၊ သူ့အသံဟာ အင်မတန် ဆွဲဆောင်မှု ရှိတယ်ဆိုတာတော့ကျွန်တော် သေချာစွာသိခွင့်ရခဲ့ပါတယ်။ အဲဒီတုန်းက သူနဲ့ ဖုန်းပြောတဲ့အချိန်မှာကော ဖုန်းပြောပြီးသွားတော့ကော ကျွန်တော် ရင်တွေ

www.burmeseclassic.com

www.burmeseclassic.com



တဒိန်းဒိန်းခုန်နေတာ ခုပြန်သတိရတော့ ပြုံးဖြစ်တယ်။ သူ့အသံက အဲဒီတုန်းကခေတ်စားတဲ့ အဆိုတော်တစ်ယောက်ရဲ့အသံနဲ့ဆင်တယ်။

ဖုန်းပြောပြီးတဲ့နောက် ကျွန်တော်တို့ရဲ့ ရင်းနှီးမှုဟာ ပိုကြီးထွားလာသလိုပဲ။ သူမရဲ့ဖခင်ဖြစ်သူ ဆုံးပါးသွားပြီဆိုတာရယ်၊ သူမမှာ အစ်မနှစ်ယောက်၊ အစ်ကိုတစ်ယောက်၊ အမြွှာညီမတစ်ယောက်ရှိတာပါ ကျွန်တော် သိခွင့်ရနေပါပြီ။ ကျွန်တော်တို့ သိကျွမ်းပြီးသိပ်မကြာခင်မှာပဲ အရာရှိတစ်ဦးဖြစ်တဲ့ သူမမိခင်က ဖုန်းတစ်လုံးကိုင်နေပြီ။ ဒီတော့ ရုံးပိတ်ရက်တွေ ညဘက်တွေဆို သူ့အမေဖုန်းကို ဆက်လို့ရတယ်။ ကျန်အချိန်တွေဆိုရင်တော့ အငှားဖုန်းကနေပြောရတာပေါ့။

သူမဟာ ကျွန်တော့်အိမ်အကြောင်းကို သိပ်မမေးသလို သိပ်မစပ်စုတတ်တဲ့ ကောင်မလေးတစ်ယောက် ဖြစ်ပါတယ်။ တစ်ခါတစ်ခါ သူ စိတ်ပါရင်တော့ စကားတွေ အများကြီး ပြောနေတတ်တယ်။ ကျွန်တော်ကလည်း အဲဒီကတည်းက သူပြောချင်တာ ပြောနေတာကို နားထောင်ဖို့ သက်သက်ပဲ ဖုန်းဆက်ဖြစ်ခဲ့ပါတယ်။ သူနဲ့ဖုန်းပြောဖို့အရေး ကျွန်တော့်မှာ မုန့်ဖိုးလေးတွေစုပြီး အိတ်ချိန်းပြေးရတာလည်း မမောစတမ်းပါပဲ။ ကိုယ့်အိမ်ကနေဆို ကောင်းကောင်းမှ မပြောရပဲကိုး။

မကြာခဏ ဖုန်းပြောဖြစ်နေကြပြီဆိုပေမယ့် ကျွန်တော်တို့နှစ်ယောက်လုံး စာလွှာလေးတွေကို သစ္စာမပျက်ဘဲ အရင်လိုအပြန်အလှန် ပုံမှန်ရေးပို့ဖြစ်နေကြတုန်းပါပဲ။ အဲဒီကာလအထိ သူမရုပ်သွင်ကို ကျွန်တော် မမြင်မတွေ့ဖူးသေးပါဘူး။

---

ကျွန်တော် ရန်ကုန်ကို မျက်မှန်ကိုင်းအသစ် သွားလုပ်ရင်း ထက်ငယ်နဲ့ ပထမဦးဆုံးအကြိမ် ဆုံတွေ့ဖြစ်ခဲ့တယ်။

အဲဒီတုန်းက ကျွန်တော်နဲ့အတူ ရန်ကုန်ကိုလာတဲ့ (ရန်ဖြစ်တဲ့ညကဝင်ဆွဲတဲ့ အန်တီရဲ့မောင်ဝမ်းကွဲတော်စပ်သူ) အစ်ကိုကြီးတစ်ယောက်ရယ်၊ ဆူးလေအဝိုင်းက နာရီပြင်ဆိုင်တစ်ဆိုင်မှာ အလုပ်ဝင်နေတဲ့ အစ်ကိုဝမ်းကွဲတစ်ယောက်ရယ် အဖော်အဖြစ်ပါတယ်။ ကျွန်တော်က ကောင်းကောင်းမသွားတတ်လို့ သူတို့က လိုက်ပို့တာ။

တွေ့ခါနီး သေချာအောင် ထက်ငယ်ဆီ ဖုန်းဆက်တော့ 'တစ်ယောက်တည်း လာမှာလား' လို့ သူမေးတဲ့အခါ ကျွန်တော်က မလာတတ်လို့ အစ်ကိုနှစ်ယောက်လိုက်ပို့မှာဖြစ်ကြောင်း ပြောလိုက်တယ်။ ဒီတော့ သူကလည်း အစ်မတစ်ယောက်နဲ့ အမြွှာညီမကို ခေါ်ခဲ့မယ့်အကြောင်း ပြောပါတယ်။ အချိန်နာရီ၊ နေရာဒေသချိန်းဆိုပြီးတဲ့နောက် ကျွန်တော်တို့တွေ ကားငှားပြီး သူ ရှိရာသွားတယ်။

အဲဒီညနေခင်းက ထက်ငယ်ဟာ ကြက်သွေးရောင်စပို့ရှပ်ထက်တိုလေးနဲ့ သရီးကွာတား ဂျင်းဘောင်းဘီအနက်ရောင်လေးနဲ့ဖက်ဝတ်ဆင်ထားတာ၊ သူမရဲ့ ပခုံးသာသာဆံနွယ်မျှင် ပျော့ပျောင်းပျောင်းလေးတွေဟာ စတော်ဘယ်ရီရောင် ဖြစ်တယ်ဆိုတာ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



သေချာစွာ မှတ်မိနေပါတယ်။ သူမကိုမြင်ရတာ ကော်ပတ်ရုပ်ကလေးလိုပဲ။ ကျွန်တော် မျှော်မှန်းထားတာထက် သူမဟာ ချစ်စရာကောင်းနေပါတယ်။ ရှမ်း၊ ဗမာ၊ တရုတ် သွေးသုံးမျိုးနှောတဲ့ သူမရဲ့အသားအရည်ဟာ သိပ်လှတယ်။ သူမကိုမြင်တော့ ကျွန်တော် ရှိန်သလို အားငယ်သလို ခံစားရတယ်။

နှုတ်ခမ်းပါးရဲရဲလေး တွန့်ကွေးပြီး မထိတရိ သူမပြုံးလိုက်ရင် ကျွန်တော် အသက်ရှုကြပ်ပြီးတော့ အနေခက်စွာ အူယားတယ်။

တွေ့တွေ့ချင်းပဲ ထက်ငယ်က -

“ဖွင့်ကြည့်” ဆိုပြီး ကော်ပိတ်မထားတဲ့ စာအိတ်လှလှလေးတစ်လုံး ပေးတယ်။ အဲဒီစာအိတ်လေးထဲမှာ ဒီရက်ပိုင်း ကျွန်တော့်ထံပို့ဖို့ သူရေးထားတဲ့စာစောင်လေးတွေနဲ့အတူ ဓာတ်ပုံတစ်ပုံပါတယ်။

ကိုယ်တစ်ပိုင်းပဲပါတဲ့ ဓာတ်ပုံထဲမှာ ထက်ငယ်ဟာ ဆွယ်တာအကျႌအနက်ကလေး ဝတ်ထားပြီး ခေါင်းစွပ်အဖြူလေး စွပ်ထားတာ ချစ်စရာလေး။ သူ့လက်ထဲမှာ အမွှေးစုတ်ဖွား ခွေးလေးတစ်ကောင်ကိုလည်း ပွေ့ဖက်ထားသေးတယ်။

အဲဒီဓာတ်ပုံဟာ အရင်က သူမတို့နေထိုင်ခဲ့တဲ့ တောင်ပေါ်မြို့လေးတစ်မြို့မှာ ရိုက်ခဲ့တာဖြစ်ကြောင်း ထက်ငယ်က ပြောတယ်။ ပြီးတော့ ဓာတ်ပုံနောက်ကျောကို လှန်ကြည့်ဖို့ သတိပေးတယ်။ ကျွန်တော် ကြည့်လိုက်တော့ -

Thar Thar Lay ...

Nice time & Nice day for u ..!

Htetnge လို့ သူမလက်ရေးလေးနဲ့ ရေးသားထားတာတွေ့ရပါတယ်။



အဲဒီနေ့က ထက်ငယ်ဟာ ကျွန်တော့်ကို ယိုးဒယားသင်္ဘောသီးထောင်းနဲ့ ကြက်ဥကင် လိုက်ကျွေးတယ်။ အပြင်မှာ တွေ့တဲ့အခါ အဲ့ဒါတွေလိုက်ကျွေးမယ်လို့ စာထဲမှာရေးတဲ့အတိုင်း သူမ ကတိတည်ရှာပါတယ်။ ကျွန်တော်က အဲဒါတွေ မမြင်ဖူး မစားဖူးဘူးလေ။ ချိုရဲရဲနဲ့ ယိုးဒယားသင်္ဘောသီးထောင်းကို ကျွန်တော် မကြိုက်ပါဘူး။ ယိုးဒယားသင်္ဘောသီးထောင်းနဲ့စာရင် အိမ်က အလုပ်လုပ်သူတွေ ဗိုက်ဆာရင် သုတ်စားတဲ့ သင်္ဘောသီးတောသုတ်ကိုပဲ ကြိုက်တယ်။ ကြက်ဥကင်ကိုလည်း မကြိုက်ဘူး။ ဒါပေမယ့် ထက်ငယ်က နံဘေးကနေ ယုယုယယလေး ပြင်ဆင်ပေးနေတော့ အောင့်ညှစ်ပြီး စားခဲ့ရတယ်။ သူကျွေးတာကို ကျွန်တော် မကြိုက်ဘူးလို့ ပြောလိုက်ရင် သူ စိတ်မကောင်းဖြစ်သွားမှာ ကျွန်တော် အရမ်းလန့်တာပဲ။

ကျွန်တော်တို့ လွတ်လွတ်လပ်လပ် စကားပြောလို့ရအောင် ဆိုပြီး ကျွန်တော်နဲ့ပါလာတဲ့ အစ်ကိုနှစ်ယောက်က တစ်ဝိုင်းခွဲထိုင်တယ်။ ကျွန်တော်နဲ့ထက်ငယ်တို့ ညီအစ်မတွေက တစ်ဝိုင်းပေါ့။ ဟိုအစ်ကိုနှစ်ယောက်လည်း သူတို့ညီအစ်မတွေကို ရှိန်နေပုံပဲ။

ထက်ငယ်ရဲ့ အမြွှာညီမက ထက်ငယ်နဲ့ အရမ်းတူတယ်။ ဒါပေမယ့် သူက ထက်ငယ်နဲ့စာရင် ယောက်ျားဆန်သလိုပဲ။ သူက အိုက်ကီဒိုလည်း ကစားတယ်တဲ့။

ထက်ငယ်ရဲ့အစ်မက အမိုက်စားဗျ။ နိုင်ငံခြား ဗီဒီယိုကားတွေထဲမှာမြင်ဖူးတဲ့ လူဆိုးဂိုဏ်းဘက်က မင်းသမီးမျက်နှာထားနဲ့။ အရပ်သိပ်မရှည်ဘဲ ခန္ဓာကိုယ်ပြည့်တာမှအပ ရုပ်ကော စတိုင်လ်ကော အလန်း။

သူတို့ညီအစ်မတွေ နေထိုင်ပုံက ဆိုရှယ်ကျတယ်လို့ ကျွန်တော် ထင်မိတယ်။

www.burmeseclassic.com

www.burmeseclassic.com



ထက်ငယ်က သူ့ရဲ့ညီအစ်မတွေနဲ့ ကျွန်တော့်ကို မိတ်ဆက်ပေးတယ်။ အကြီးဆုံးအစ်မက အိမ်ထောင်ကျပြီး တောင်ပေါ်မြို့တစ်မြို့မှာနေထိုင်ကြောင်း၊ တစ်ခါတရံမှ ရန်ကုန်ကိုလာကြောင်းလည်း ပြောတယ်။

အဲဒီအချိန်မှာပဲ ယောကျ်ားလေးနှစ်ယောက် ဆိုင်ထဲဝင်လာပြီး ကျွန်တော်တို့ ဝိုင်းမှာထိုင်တယ်။ နှစ်ယောက်လုံး ခပ်ဖြောင့်ဖြောင့်တွေ။ ဒီဇိုင်းကလည်း ခပ်ရင့်ရင့်တွေ။ သူတို့စတိုင်လ်တွေကိုကြည့်ပြီး ကျွန်တော် မေ့မှိန်သွားသလိုပဲ။ အောက်သလို ခံစားရတယ်။

"ဒါ ငါ့ဘဲ" ဆိုပြီး ထက်ငယ်ရဲ့အစ်မက ရောက်လာသူတစ်ယောက်နဲ့ မိတ်ဆက်ပေးတယ်။ ထက်ငယ်က နောက်တစ်ယောက်နဲ့ မိတ်ဆက်ပေးတယ်။ ထက်ငယ် မိတ်ဆက်ပေးတဲ့တစ်ယောက်ကတော့ ဖော်ဖော်ရွေရွေပါပဲ။ 'သားကြီး ဘာညာ' နဲ့ ကျွန်တော့်ကို ဖက်လဲတကင်း စကားပြောတယ်။

အဲဒီမှာ ခက်သွားတာက ကျွန်တော်။ အဲဒီအချိန်က ကျွန်တော်တို့နယ်မှာ ဘော်ဒါအချင်းချင်း 'ယောက်ဖ' လို့ ခေါ်တာပဲ ခေတ်စားသေးတာကိုး။ ဒီတော့ ကျွန်တော့်ကို 'သားကြီး' လို့ ခေါ်ပြောတော့ ကျွန်တော် တော်တော်ဖုသွားတယ်။ ဒီကောင် ရင့်လွန်းပြီ ကျောလွန်းပြီ သူတို့နယ်ထဲ ဝင်လာတဲ့သူစိမ်းဆိုပြီး ငါ့ကိုနှိပ်ကွပ်နေတာ ဆိုပြီး တင်းနေပြီ။ ခုံနဲ့ ကောက်ရိုက်ပစ်ချင်စိတ်ကို အတော်ထိန်းထားရတာ။

ထက်ငယ်က 'သားသားလေး' လို့ ခေါ်တာသိလို့ ဒီကောင် ငါ့ကို တမင်ရွဲ့နေတာပဲဖြစ်မယ်၊ ဒီကောင်နဲ့ထက်ငယ်က ဘာတွေလဲ ဆိုပြီးလည်း တွေးဖြစ်တယ်။





"သားကြီးရ အေးလှချည်လား။ တော်ကီလေး ဘာလေး ပြောပါဦး။ ဘာတွေ မှိုင်တွေနေတာလဲ"

လို့ ရန်ကုန်သံဝဲဝဲနဲ့ သူကပြောလေ ကျွန်တော် ဒေါသတွေ အဖွားဖွားထွက်လာလေပဲ။ ဒီကောင် လူပါးဝလွန်းပြီ။ မိဘတွေကိုပါ ထိခိုက်နေပြီ။ ကြာရင် ငါ့စိတ်နဲ့ မလွယ်ဘူး ဆိုပြီး ထပြန်ခဲ့ရတယ်။

ထက်ငယ်ကတောင် 'ကြာကြာလည်းမနေဘူး' လို့ ပြောတော့ ဟန်ဆောင်အပြုံးနဲ့သာ သူမကို ကျွန်တော် နှုတ်ဆက်ဖြစ်ခဲ့တယ်။ ထက်ငယ်တို့ အမြွှာညီအစ်မက ကျွန်တော်တို့ကို ကားငှားပေးပြီး ကားပေါ်တက်တဲ့အထိ လိုက်ပို့ပေးပါတယ်။ ကားအထွက်မှာ လက်ပြကျန်ရစ်တဲ့ ထက်ငယ်ကိုကြည့်ရင်း ကျွန်တော့်ရင်ထဲ အောင့်တယ်။

နောက်တော့မှ 'သားကြီး' ဆိုတာ ဘော်ဒါအချင်းချင်း ခင်မင်လို့ ခေါ်ပြောတဲ့ ဗန်းစကားတစ်ခုမှန်း သိလိုက်ရတာ။

တစ်ခါတရံ ကျွန်တော်က အဲဒီလို အူတူတူ အတာတာ။



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်ရက်မှာ ထက်ငယ်တို့အိမ်ကို ကျွန်တော် ရောက်ဖြစ်တယ်။ အဲဒီနေ့က ထက်ငယ် သင်တန်းလစ်ပြီး တွေ့တာ။ သူတို့အိမ်ရဲ့ မီးဖိုခန်းထဲမှာ ထက်ငယ် ခွံ့ကျွေးတဲ့ ပထမဦးဆုံး ထမင်းတစ်နပ်ကို စားဖူးခဲ့တဲ့နေ့ရက်ပေါ့။

အဲဒီနေ့က ထက်ငယ်နဲ့ကျွန်တော် စကားတွေ အများကြီး ပြောဖြစ်ကြတယ်။ သူ့ရဲ့ အလေးထားမှုကြောင့် ကျွန်တော် ကျေနပ်နေတယ်။ စာအပြန်အလှန်ရေးရင်း တစ်ယောက်အကြောင်းကို တစ်ယောက် အတော်အတန်သိနေပြီမို့ အတန်းပညာ တစ်ပိုင်းတစ်စနဲ့ ကျောင်းဆက်မတက်တဲ့ ကျွန်တော့်ကို ထက်ငယ်က -

"နင့်ရဲ့အရေးအသားတွေ ဖတ်ပြီး အတန်းမပြီးတဲ့ လူတစ်ယောက်လို့ မထင်ရဘူး။ နင် စာရေးဆရာလုပ်ဖို့ ကောင်းတယ်"

လို့ ပြောဖူးတယ်။

အဲဒီအချိန် ထက်ငယ်က သင်တန်းပေါင်းများစွာနဲ့တကွ E-major ပထမနှစ် စတက်နေပြီပေါ့။ သူ အင်္ဂလိပ်သီချင်းတွေ ဆိုညည်းရင်၊ အင်္ဂလိပ်လို စကားတွေပြောရင် ကျွန်တော် နားမလည်ဘူး။ စိတ်ထဲ ရှက်နေတယ်။ ထက်ငယ်နဲ့ပတ်သက်ရင် အရာရာမှာ ကျွန်တော် သိမ် ငယ်တယ်။ သူ အသိအမှတ်ပြုတဲ့အထိ ကျွန်တော့်ရဲ့ ဖြစ်တည်မှုတွေကို မြှင့်တင်ပြလိုစိတ် သိပ်ဖြစ်တယ်။ သူ ချီးကျူးတာ ကျွန်တော် ကြားချင်တယ်။



သူဟာ ကျွန်တော့်အတွက် ခွန်အားတစ်စလည်း ဖြစ်ပါရဲ့။

မကြာ မကြာ နယ်ကနေ ရန်ကုန်တက်ပြီး ထက်ငယ်ကို ကျွန်တော် သွားတွေ့တယ်။ များသောအားဖြင့် ကျွန်တော်တို့ရဲ့ ဆုံမှတ်ဟာ သူတို့အိမ်ပါပဲ။ သူတို့အမေက သားသမီးတွေကို အပြင်လျှောက်သွားနေတာထက် အိမ်မှာပဲ သူငယ်ချင်းတွေနဲ့ ရှိနေတာကို ပိုလိုလားတဲ့အကြောင်း ပွင့်ပွင့်လင်းလင်း အသိပေးထားပါတယ်။ သူတို့ညီအစ်မတွေက အပေါင်းအသင်းစုံတဲ့အပြင် သူတို့အိမ်မှာလည်း သူငယ်ချင်းတွေက ပျော်ကြတယ်။ တချို့ဆို တစ်လကိုးသီတင်းတောင် လာနေတာ။ တခြားသူတွေ အိမ်အပေါ်ထပ်မှာ ရှိနေချိန်ဆို ကျွန်တော်တို့က ဧည့်ခန်းထဲမှာ စကားပြောတယ်။

ဧည့်ခန်းထဲ လူတွေ ရောက်လာရင် မီးဖိုခန်းထဲမှာ တွေ့တယ်။ ဧည့်ခန်းထဲကော မီးဖိုခန်းထဲကော လူတွေရောက်လာရင်တော့ ဝရန်တာ ကျဉ်းကျဉ်းလေးမှာဖြစ်စေ၊ အောက်ထပ်က လှေကားထစ်ကလေးတွေပေါ်မှာ ထိုင်၍ဖြစ်စေ တော်ကီတွေ ပွားကြတာပေါ့။

တွေ့မြင်စက အိမ်နေရင်း ဝတ်စုံတူ ဝတ်ထားတဲ့အခါတွေမှာ သူတို့အမြွှာညီအစ်မကို ကျွန်တော်က မှားတတ်သေးတယ်။ ဥပမာ ထက်ငယ်က ဧည့်ခန်းထဲမှာ ကျွန်တော့်ကို ထမင်းခွံ့ကျွေးနေတုန်း ထမင်းနဲ့ဟင်းလိုလို့ မီးဖိုခန်းထဲသွားထည့်နေချိန်မှာ သူ့အမြွှာညီမတလည်း စားလက်စ ထမင်းပန်းကန်လေးကိုင်ပြီး ဧည့်ခန်းထဲထွက်လာတဲ့အခါ ကျွန်တော်က လူမှားပြီး ပါးစပ်ကလေး ဟပေးမိတတ်တာမျိုးပေါ့။ အဲဒီတော့ ပျော်ရွှင်စရာ ရယ်မောစရာတွေ ဖြစ်ကော။

ပြန်တွေးရုံနဲ့ အရာရာ ပြန်မြင်ယောင်လာပြီး ငယ်ဘဝကို ငါ လွမ်းလိုက်တာ ထက်ငယ်ရယ် . . .

www.burmeseclassic.com

www.burmeseclassic.com



ထက်ငယ်ဟာ သူ့ကို စကိတ်စီး သင်ပေးဖို့အကြောင်း၊ နယ်က ကျွန်တော်တို့အိမ်ကို အလည်လာပြီး ကျွန်တော့်အဖေရဲ့ ဆိုင်ကယ်ကြီးကို ခွစီးချင်ကြောင်း မကြာခဏ ပြောလေ့ရှိတယ်။ ကျွန်တော်ကလည်း သူမ အဆင်ပြေတဲ့အခါ လာခဲ့ဖို့ ဖိတ်ခေါ်တယ်။ ထက်ငယ်လာတဲ့အခါ အစစအရာရာ ဧည့်ဝတ်မကျေနိုင်မှာ ကျွန်တော်က တွေးပူစိုးရိမ်နေပြန်တယ်။

ထက်ငယ်နဲ့ပတ်သက်ရာက သူ့အသိုင်းအဝိုင်းနဲ့ပါ သိခွင့်ရခဲ့တယ်။ ရုပ်ဖြောင့်ဖြောင့် စတိုင်လ်မိုက်မိုက် သူ့အစ်ကိုရယ်၊ မြင်တာနဲ့ အရှိန်အဝါတစ်ခု ဟပ်စေတဲ့ သူ့အမေရယ်၊ နောက် သူ့ရဲ့ အပေါင်းအသင်းတချို့။ အဲဒီမှာ အရင်းနှီးဆုံးဖြစ်ခဲ့တာက သဲသဲဆိုတဲ့ ခပ်သွက်သွက်ကောင်မလေးပေါ့။ သဲသဲက အသားညို ပေမယ့် ချစ်တော့ချစ်စရာလေးပါ။

အဲဒီအချိန် ထက်ငယ်တို့ အမြွှာညီအစ်မနဲ့ သဲသဲက သိပ်တွဲတာ။ သဲသဲကလည်း ထက်ငယ်တို့အိမ်မှာ လာနေတာများတယ်။ ထက်ငယ်တို့ ညီအစ်မတွေက အိမ်နေရင်း အတိုအပြတ်တွေ ဝတ်ပေမယ့် အပြင်ထွက်ရင်တော့ အရမ်းတိုတာပြတ်တာတွေ မဝတ်ဘူး။ သဲသဲက အတိုတွေ အပြတ်တွေ သိပ်ဝတ်တယ်။ အဲဒီတုန်းက ကျွန်တော်တို့တွေထဲမှာ လက်ကိုင်ဖုန်း ကိုင်နိုင်တာဆိုလို့ သဲသဲ တစ်ယောက်ပဲ ရှိတယ်။ သဲသဲဖုန်းက CDMA ဖုန်း။

ကျွန်တော်နဲ့ ထက်ငယ်ကြားမှာ ကျွန်တော့်အတွက်တော့ ကြီးစွာသော အမှတ်တရတစ်ခု ရှိတယ်။ (ဒီအကြောင်းကို ရေးသင့် မရေးသင့် အခါခါ စဉ်းစားပါတယ်။ စာတစ်ပုဒ်ရဲ့ သက်ရောက်မှု နှုန်းနဲ့ ဆယ်ကျော်သက်တွေရဲ့ စမ်းသပ်လိုစိတ် ပေါ်လွင်တယ် ယူဆတာကြောင့် ရေးဖို့ဆုံးဖြတ်လိုက်တာပါ)



တစ်ရက်ပေါ့။ ကျွန်တော် နယ်ကနေ ရန်ကုန်တက်ပြီး ထက်ငယ်ဆီသွားတယ်။ ဖုန်းနဲ့ကြိုတင်ချိန်းဆိုပြီးသားမို့ ထက်ငယ်ဟာ ဧည့်ခန်းထဲမှာ အသင့်စောင့်ကြိုနေပါတယ်။ အိမ်နေရင်း ဝတ်စုံဖြစ်တဲ့ အင်္ကျီလက်ပြတ်၊ ဘောင်းဘီတိုလေးနဲ့ပဲ။ သူ့လက်ထဲမှာ ဆေးပုစီဖောင်းမှုတ်တဲ့ ဆေးဘူးလေးရယ်၊ ပိုက်တံလေးရယ် ရှိနေတယ်။

"သားသားလေး. . . ငါ့ကို ပူစီဖောင်းအကြီးကြီးရအောင် မှုတ်ပေး" လို့ သူမ ပူဆာတောင်းဆိုပါတယ်။

"နင်လာရင် မှုတ်ခိုင်းမလို့ ငါ ကြိုဝယ်ထားတာ"

လို့လည်း ပြောတယ်။

ကျွန်တော်က နယ်မှာ သဘော်ရိုးနဲ့ ဆပ်ပြာရည်နဲ့ပဲ ပူစီဖောင်းတွေ အများကြီးထွက်အောင် မှုတ်ကစားဖူးတာမို့ သူပေးတဲ့ ဆေးရည် စေးထန်းထန်းတွေနဲ့ မကျွမ်းကျင်ဘူး ဖြစ်နေတယ်။ ကျွန်တော် မှုတ်လိုက်တိုင်း ပူစီဖောင်းမဖြစ်ဘဲ ပေါက်ပြကုန်တယ်။

"နင်က အသုံးကိုမကျဘူး။ ငါမှုတ်ပြမယ် ကြည့်နေ"

ဆိုပြီး ပူစီဖောင်းအကြီးကြီးရအောင် သူမ မှုတ်ပြပါတယ်။ ပူစီဖောင်းမှုတ်နေတဲ့ ပါးဖောင်းဖောင်းလေးနဲ့ သူမကိုငေးရင်း ငါဟာ သူ့အတွက် ပူစီဖောင်းလေးတစ်လုံးတောင် အဖြစ်ရှိအောင် မှုတ်မပေးနိုင်ဘူးဆိုပြီး ကျွန်တော် စိတ်မကောင်းဖြစ်နေမိတယ်။ သူကတော့ သူ့ရဲ့အောင်မြင်မှုဖြစ်တဲ့ ပူစီဖောင်းအကြီးကြီးကိုကိုင်ပြီး မျှော်နပ်အားရဟန်နဲ့ ကျွန်တော့်ရှေ့ကို လာလာပြပြီး ကြွားပါတယ်။

"နင်က ငါ့ထက် အရာရာမှာ တော်ပါသာပါတယ်"

လို့ပဲ ကျွန်တော် ပြန်ပြောဖြစ်ခဲ့တယ်။

ထက်ငယ်က ကျွန်တော့်ကို လက်ဆောင်ပေးတာဆိုပြီး အဲဒီပူစီဖောင်းကို ပေးပါတယ်။ ပြီးတော့ ကျွန်တော့်နံဘေးကပ်

www.burmeseclassic.com

www.burmeseclassic.com



လျှက်ခုံမှာ လာထိုင်တယ်။ လက်ယာဘက်ခြမ်းဆိုတာ အသေအချာ မှတ်မိနေဆဲပါ။

“သားသားလေး. . . နင့်ကို ငါ ကိုက်ချင်တယ်”

ရုတ်တရက်ထွက်ပေါ်လာတဲ့ မမျှော်လင့်သော သူ့စကားသံကြောင့် ကျွန်တော် အံ့အားသင့်သွားတယ်။ ဒါပေမယ့် စိတ်မှာ သူ့ကို အလိုလိုက်ချင်နေပြန်တယ်။

“ဘယ်နေရာကို ကိုက်ချင်တာလဲ”

သူမ တွေခနဲ တစ်ချက်စဉ်းစားပြီးမှ ‘လက်မောင်းကိုပဲ ကိုက်ပါမယ်’ လို့ ဖြေတယ်။ ကျွန်တော် အနည်းငယ်တော့ တွန့်ဆုတ်ဆုတ် ဖြစ်နေပါသေးတယ်။

“မကိုက်ပါနဲ့လားဟာ။ ငါ ရေမချိုးရသေးတော့ နင့်ကို အားနာလို့ပါ”

“မရဘူးဟာ။ ကိုက်မှာပဲ”

ပြောလည်းပြော ကျွန်တော့်လက်မောင်းကိုလည်း သူမ လက်ချောင်းလေးတွေနဲ့ ဆုပ်ကိုင်တယ်။ အဖြူရောင်တီရှပ်ရဲ့ အကျႌ လက်မောင်းစကိုလည်း လက်မောင်းရင်းရောက်တဲ့အထိ ခေါက်တင် လိုက်သေးတယ်။ ပြီးတဲ့အခါ သူမရဲ့ နှုတ်ခမ်းပါး စိုရဲရဲလေးနဲ့ ကျွန်တော့်လက်မောင်းသားကို ထိကပ်ပြီး သွားတက်ချွန်ချွန်လေး တွေနဲ့ ဖွဖွလေး ငုံခဲပါတယ်။

ကျွန်တော် ရင်ခုန်သွားတယ်။ သူကိုက်တာက နာလည်း မနာပါဘူး။ သူ့မှာတော့ အတော်အားစိုက်နေရတဲ့ပုံ။

သူမရဲ့ကိုယ်သင်းရနံ့က ကျွန်တော့်ရဲ့ အသက်ရှူလမ်း ကြောင်းထဲ အနီးကပ် တိုးဝှေ့နေတယ်။ သူမရဲ့ နဖူးပြင်ဝင်းဝင်း လေးက ကျွန်တော့်ရဲ့ ထိန်းချုပ်မှုတွေကို အနှောင့်အယှက် ဖြစ်စေ



နေတယ်။ ကျွန်တော် နှုတ်ခမ်းသားတွေကို ဖိကိုက်ထားလိုက် မိတယ်။ ဘာရယ် မသိပေမယ့် အရမ်းစိတ်လှုပ်ရှားလာတယ်။

အဲဒါနဲ့. . .

ညည်းတွားသံနဲ့တကွ ထက်ငယ် နောက်ဆုတ်သွား ပါတယ်။ မျက်ဝန်းကလေးအစုံ ပြူးကြောင်စွာနဲ့ပဲ ကျွန်တော့်ကို နားမလည်နိုင်သလို မော့မော့လေး ကြည့်နေတယ်။ ကျွန်တော် စိတ်မထိန်းနိုင်တော့တာနဲ့ သူမ နဖူးပြင်ကို လက်သန်းလေးနဲ့ အားကုန် တောက်ပစ်လိုက်တာပါ။

အိပ်မက်က လန့်နိုးလာတဲ့အမူအယာမျိုးနဲ့ သူမဟာ -

“သားသားလေး. . . နင် ဘာလုပ်တာလဲ”

လို့ ပြောတယ်။ ကျွန်တော်က -

“ကိုက်နေတဲ့ ခွေးမလေးကို အကိုက်ရပ်အောင် လုပ်တာ လေ”

ဆိုတော့ သူ ငူငိုင်ငိုင် ဖြစ်သွားတယ်။

သူ ကျွန်တော့်နဖူးကို လက်သီးနဲ့ ပြန်ထိုးလိမ့်မယ်လို့ ကျွန်တော်က တွက်ဆထားတာ။ ဒါပေမယ့် အဲဒီလို မတုံ့ပြန်ဘူး။

ကျွန်တော့်လက်မောင်းကို ကြည့်ပြီးတော့ -

“အနီကွက်ကြီးလည်း မဖြစ်ဘူးနော်”

လို့ပြောတယ်။ ကျွန်တော်က နားမလည်စွာမေးတော့ -

“သော်တာဆွေရဲ့ ကျွန်တော့်ဘဝဇာတ်ကြောင်းကို မဖတ် ဘူးလား” လို့ ပြန်မေးတယ်။

ဆရာသော်တာဆွေဟာ ကျွန်တော့်ကို အလွှမ်းမိုးဆုံး စာရေးဆရာလို့ ပြောရင်တောင် ရပါတယ်။ အဲဒီအချိန်က ဆရာ သော်တာဆွေရဲ့ အခြားစာတွေ များစွာဖတ်ဖူးနေပြီ ဖြစ်ပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့် ဘဝဇာတ်ကြောင်းကိုတော့ မဖတ်ရသေးပါဘူး။ ဒါ ကြောင့် မဖတ်ဖူးဘူးလို့ပဲ ဖြေလိုက်တယ်။ အဲဒီအခါ အဲဒီကိစ္စနဲ့ ပတ်သက်လို့ သူ ဘာမှထပ်မပြောတော့ပါဘူး။

အနေအထားက မူမမှန်ဘူး။ နှစ်ယောက်လုံး ဆေးပူဖောင်း ကိုပဲ အာရုံလွှဲနေဖြစ်ကြတယ်။ စိတ်တွေက ကသောက်ကနင်းနဲ့။ နောက် နာရီဝက်လောက်ကြာတော့ အပေါ်ထပ်ကနေ သူ့အစ်မ ဆင်းလာပါတယ်။ ဝါးခနဲတစ်ချက်သန်းဝေ ပျင်းကြောဆန့်ပြီး -

"နင်တို့ ခုန ဘာတွေလုပ်နေသလဲဆိုတာ ငါမြင်တယ်။ အပေါ်ထပ်က ကြည့်နေတာ။ ကောင်းကောင်းမအိပ်ရဘူး"

လို့ ပြောပါတယ်။

ထက်ငယ်ခမျာ ရှက်အမ်းအမ်းနဲ့။ ကျွန်တော်လည်း ဘာ မသိ ညာမသိ အနေခက်နေတာပေါ့။ အဲဒီနေ့က အိမ်အပြန်သယ် ယူလာတဲ့ ဆေးပူစီဖောင်းလေးကို ပိန်ရှုံ့သွားချိန်အထိ ကျွန်တော် ပွေ့ဖက်ထားဖြစ်တယ်။ ပူဖောင်းလေး တဖြည်းဖြည်း လေလျော့ လာတာကိုကြည့်ပြီး နှမျောနေတယ်။ ရှုံ့ပိန်သွားတော့တောင် အကြွင်း အကျန်စလေးကို ဒိုင်ယာရီစာအုပ်ကြားမှာ ညှပ်သိမ်းထားဖြစ်ပါ တယ်။

နောင်အခါ ဆရာသော်တာဆွေရဲ့ ကျွန်တော့်ဘဝဇာတ် ကြောင်းကို ဖတ်မိတဲ့အခါ၊ သူငယ်ချင်းတွေ အချင်းချင်း ပြောသံ ကြားတဲ့အခါကျမှ အဲဒါ မာဂင်စုတ်တာဆိုတာ ကျွန်တော် သိလိုက် ရတာပါ။

ကျွန်တော်ဟာ ငတုံးလား. . .။

❀ ❀

အိတ်ချိန်းရုံးကိုသွားပြီး ထက်ငယ်ဆီ ကျွန်တော် ဖုန်းဆက် ဖြစ်တဲ့ တစ်ခါတစ်ရံတွေမှာ အဖော်အဖြစ် ထူးကြီးပါတယ်။ အဲဒီ ကောင် မလွှယ်ဘူး။ ကျွန်တော် ဖုန်းပြောရင် သူက အိတ်ချိန်းရုံးက အစ်မကို ကပ်ပြောပြီး တခြားဖုန်းတစ်လုံးနဲ့ ခိုးနားထောင်နေတတ် တယ်။ အစကတော့ ကျွန်တော် မသိဘူး။ နောက်မှ သိတာ။

ကျွန်တော် ရန်ဖြစ်လေ့ရှိတာ သိနေပြီဖြစ်တဲ့ ထက်ငယ်က "နင် ရန်ဖြစ်သေးလား" မေးတဲ့အခါ ကျွန်တော်က "မဖြစ်ပါဘူး" လို့ ဖြေလိုက်ရင် ထူးကြီး ဝင်ပါပြီ။ သူ့အသံဝါဝါသြသြကြီးနဲ့ -

"အဲဒီကောင် ညာနေတာ။ အဲဒီကောင် ညာနေတာ ယုံနဲ့။ ဟိုတစ်နေ့ကပဲ ရန်ဖြစ်သေးတယ်"

လို့ အတို့အထောင် ဝင်လုပ်တတ်တယ်။ ထက်ငယ်က -

"နင် ရည်းစားရနေပြီလား" လို့ မေးရင် ကျွန်တော်က -

"မရပါဘူး။ အဲဒီဘက် အာရုံမလှည့်ဖြစ်ဘူး"

လို့ဖြေရင် ထူးကြီးက -

"မယုံနဲ့၊ အဲဒီကောင် ညာနေတာ။ အဲဒီကောင် ညာနေတာ။ ဆီကို ကောင်မလေးတွေဆီက စာတွေ အများကြီးလာတယ်။ ညီခတွေ စာအိတ်ဖိုးတွေ စာပို့သမားကို ပိုက်ဆံပေးရတာနဲ့ ကောင် သွပ်ချာပါဒဖြစ်နေပြီ။ အိမ်ပေါ်က နှင်ချခံရတော့ ။ ကျွန်တော့်အစ်မနဲ့တောင် အတင်း အောင်သွယ်ခိုင်းနေတာ"

www.burmeseclassic.com

www.burmeseclassic.com



လို့ ဝင်ပြောတတ်တယ်။

ကျွန်တော်က ဖုန်းခွက်ချပြီးတော့ သူ့ကို လက်သီးနဲ့လိုက်ထိုးရင် ထူးကြီး ဝမ်းခေါင်းသံကြီးနဲ့ ရယ်ပြီး ထွက်ပြေးကော။

ဖုန်းပြောရင် ဝင်မရှုပ်ဖို့ သူ့ကိုပြောတော့ -

"တစ်နေ့ တစ်နေ့ မင်းပဲ ပြောနေတယ်။ ငါလည်း ပြောချင်တာပေါ့ကွာ" လို့ ပြောတယ်။ တစ်ခါတစ်ရံမှာဆို ထူးကြီးက -

"မင်း ခုနေ့ ကောင်မလေးတစ်ယောက်ယောက်ဆီ ဖုန်းဆက်ပါလားကွ။ ဖုန်းဖိုးပိုက်ဆံ ငါပေးပါမယ်။ ငါ နားထောင်ချင်လို့ပါ"

ဆိုပြီး သူ ဖုန်းခအကုန်အကျခံပြီး ဖုန်းဆက်ခိုင်းတယ်။ ပြီးရင် သူက ဘေးကနေ တခြားဖုန်းတစ်လုံးနဲ့ နားထောင်ပြီး တစ်ချက်တစ်ချက် ဝင်ဝင်ပြောတယ်။ သူ့ကိုပဲပြောခိုင်းရင်လည်း မပြောဘူး။ ရှက်သလိုလိုနဲ့။ ကျွန်တော်ဖုန်းပြောနေချိန် အဲဒီလို နှောက်ယှက်ရတာလေးကိုပဲ သူက ပျော်နေတဲ့ပုံ။

ထူးကြီးနဲ့ ကျွန်တော်သိချိန်မှာ ထက်ငယ်က ရည်းစားတစ်ယောက် ထားပြီးနေပြီ။ သူက စော်ထားတာ။ ကောင်မလေးက ဆယ်တန်းကျောင်းသူလေး။ ခပ်မိုက်မိုက် ခပ်ချောချောလေးပဲ။ အဲဒီလို မိန်းကလေးတစ်ယောက်နဲ့ ထက်ငယ် ရည်းစားထားတာတောင် ကျွန်တော်က မနာလိုသလို ဖြစ်တယ်။ သူ့ရည်းစား ကောင်မလေးကလည်း ကျွန်တော့်ကို မလိုသလိုပဲ။ တွေ့ရင် တစ်ယောက်ထိုး တစ်ယောက် မကြည်ကြည့်ကလေးတွေနဲ့ မိတ်ဆက်ဖြစ်ကြတယ်။

ထက်ငယ်ကို -

"နှင့်စော်နဲ့ ငါ့ကို အောင်သွယ်ပေးပါလား"

လို့ ကျွန်တော် ပြောတဲ့အခါ -



"သားသားလေး နင်တော့ နာချင်ပြီထင်တယ်"

ဆိုပြီး အံကြိတ်ပြတယ်။ တကယ် စိတ်ဆိုးတဲ့ရုပ်ကြီးနဲ့။

သူ့စော်ရှေ့ဆိုရင် ကျွန်တော်နဲ့ ရင်းရင်းနှီးနှီးလည်း မနေဘူး။ အဲဒီကောင်မလေးနဲ့ ပြတ်သွားတော့ -

"သားသားလေးရေ. . . ငါတော့ ရည်းစားနဲ့ ပြတ်လို့ အတီးကွဲနေပြီ"

ဘာညာနဲ့ စာရေးပြီး ရင်ဖွင့်သေးတယ်။ အဲဒီစာကိုဖတ်ပြီး ကျွန်တော်က ကြိတ်ကျေနပ်နေတာ။

တစ်ခါတစ်ခါ ကျွန်တော်က အဲဒီလိုပဲ စိတ်ပုပ်တယ်။

ကျွန်တော် ရန်ကုန်ကို မကြာမကြာ သွားလေ့ရှိတာသိတော့ ထူးကြီးက -

"ရန်ကုန်က ပျော်ဖို့ကောင်းလား" လို့ မေးတယ်။

ကျွန်တော်က မျက်စိရှုပ် နားရှုပ်ပေမယ့် အင်မတန်ပျော်ဖို့ကောင်းကြောင်း၊ ကျွန်တော်တို့နယ်နဲ့ ကွာခြားပုံတွေ အဆင့်မြင့်ပုံတွေ ပြောပြဖြစ်တယ်။ အဲဒီတော့ -

"ငါလည်း ရန်ကုန်ကို တစ်ခေါက် ရောက်ဖူးပါတယ်ကွ" တဲ့။

ဘယ်တုန်းကလဲ မေးတော့ သူ သုံးလသားအရွယ်ကတဲ့။ ပြီးတော့ ပြောသေးတယ်။ သူ့ကို ရန်ကုန်ဆေးရုံကြီးမှာ မိုက်ခွဲမွေးခဲ့တာမို့ သူဟာ ရန်ကုန်သားစစ်စစ်တဲ့။

မှတ်သားလောက်ပါပေတယ်။

www.burmeseclassic.com

www.burmeseclassic.com

ထက်ငယ်တို့အုပ်စုနဲ့ ထူးကြီး ဆုံတွေ့ငြိယှက်ဖို့ ဇာတာက ပါလာခဲ့တယ်။

တစ်ရက်ပေါ့။ မနက်ဆယ်နာရီဝန်းကျင်လောက် ထူးကြီး ကျွန်တော့်ဆီ ရောက်လာတယ်။ ပျာယီးပျာယာနဲ့။ အမယ် သူက ဘောင်းဘီရှည်တွေ ဘာတွေနဲ့ဗျ။ သူ ဘောင်းဘီရှည်ဝတ်တာ အဲဒီ တစ်ခါပဲ မြင်ဖူးတယ်။ သူ့ဘောင်းဘီက TRUE BLUE တံဆိပ် အစိမ်းရောင်။ အင်္ကျီကတော့ ထုံးစံအတိုင်း အဖြူခံပေါ်မှာ အကွက် နုတ်နုတ်ပါတဲ့ ရှပ်အင်္ကျီလက်တိုပဲ။ ကျောပိုးအိတ်တစ်လုံးလည်း သူ့မှာ ပါလာသေးတယ်။

ကျွန်တော့်ကို တွေ့တာနဲ့ -

"ငါ့အဘွား အသည်းအသန်ဖြစ်လို့ ရန်ကုန်ဆေးရုံမှာ တင် ထားရတယ်။ အခု အခြေအနေ မကောင်းဘူး။ အသက်မီအောင် အမြန်ဆုံး သွားရမယ်။ ငါတို့တစ်အိမ်လုံးလည်း သွားကြပြီ။ ငါ့ အဘွားက သူ အသက်မထွက်ခင် ငါ့မျက်နှာလေးကို မြင်ချင်တယ် ပြောနေလို့။ အဲဒါ ငါ့အဖေက မင်းကိုခေါ်ပြီး လိုက်ခဲ့ပါဆိုလို့"

အဲဒီအချိန်ဟာ ကျွန်တော် စာတစ်ပုဒ် ရေးနေတဲ့အချိန်။ အမှန်ပြော မလိုက်ချင်ဘူး။ စာရေးနေချိန်ဆို ခရီးဝေးမသွားချင် တာ၊ အိမ်ထဲကအိမ်ပြင်တောင် မထွက်ချင်တာ ကျွန်တော့်အကျင့်။ ကျွန်တော့်အမူအယာ တက်တက်ကြွကြွမရှိတော့ -



"မင်း မလိုက်လို့ မဖြစ်ဘူးနော်။ ငါ့အဖေက မင်းကိုခေါ်ပြီး လိုက်ခဲ့ရမယ်လို့ ဖုန်းလှမ်းဆက်တာ။ တခြားသူတွေနဲ့ စိတ်မချဘူး။ မင်းနဲ့ပဲ စိတ်ချမယ်တဲ့။ အသက်မီအောင် အမြန်ဆုံး သွားရမယ်။ တွေဝေမနေနဲ့။ မြန်မြန်လုပ်။ အသက်မမီဘဲ ဖြစ်နေမယ်။ ငါ့ အဘွားကို ငါက သိပ်ချစ်တာ။ ငါ့အဘွားကလည်း ငါ့ကို သိပ်ချစ် တာ။ ငါ့အဘွားက ငါ့ကို မုန့်ဖိုးတွေ အများကြီး ပေးတယ်။ အခု လည်း သေခါနီးတွေ ချင်နေတယ်ဆိုတာ ငါ့ကို အမွေတွေပေးမလို့ပဲ ဖြစ်ရမယ်။ ငါ့အဘွား အသက်ကို မမီရင် အဲဒါ မင်းကြောင့်နော်။ သေခါနီး လူတစ်ယောက်ရဲ့ဆန္ဒကို ဖြည့်ဆည်းပေးတာ ကုသိုလ် ရပါတယ်ကွာ"

ပြောနေရင်း အင်မတန် ခံစားရပုံနဲ့ ထူးကြီး မျက်ရည်တွေ ဝဲ ဝိုင်းလာတယ်။ ပြီးတော့ -

"အခုအချိန်ဆို ငါ့အဘွား ငါ့ကိုမျှော်နေလောက်ပြီ။ သူ ဆုံးဖို့ စိတ်မဖြောင့်ဘဲ ဖြစ်နေရှာရောမယ်"

ဆိုပြီး နှပ်ကလေးတရှုံ့ရှုံ့နဲ့ ငိုတယ်။

ကျွန်တော်လည်း သနားစိတ် ဝင်သွားတယ်။ လူကြီးတွေကို မျှော်ရဦးမယ်ဆိုတော့ အိမ်မှာရှိနေတဲ့အမေ့ကို သူကိုယ်တိုင်ပဲ ပြော ပေးတယ်။ သူက ငိုပြီးပြောနေတာမို့ အမေလည်း ဂရုဏာသက် သွားပုံနဲ့ ကျွန်တော့်ကို လိုက်သွားခိုင်းတယ်။ ခရီးစရိတ်အကြောင်း ပြောတော့ သူက ပိုက်ဆံအတွက် မပူဖို့အကြောင်း၊ သူ့မှာ အလုံ အလောက် ပါကြောင်း ပြောတယ်။ အဲဒါနဲ့ ကျွန်တော်လည်း အမေ့ကို မတောင်းတော့ဘူး။ ဘေးလွယ်အိတ်ကလေးထဲ လိုမယ် ထင်တာ လေးတွေထည့်ပြီး ထွက်ဖို့ပြင်တော့ မှတ်မှတ်ရရ အဲဒီ တုန်းက ကျွန်တော့်လက်ထဲမှာ ပိုက်ဆံတစ်ထောင်ပဲ ရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com



အမေက 'နှင့်အဖေကို ဝင်ပြောသွားဦး' လို့ ပြောတာကြောင့် အိမ်နဲ့ သိပ်မဝေးတဲ့ ဘုန်းကြီးကျောင်းတစ်ခုက အစည်းအဝေးပွဲကို ရောက်နေတဲ့ ကျွန်တော့်အဖေကို ဝင်ပြောရသေးတယ်။ ဖေဖေ့ကို ကျွန်တော် ခွင့်ပြုချက်တောင်းခံတော့လည်း ထူးကြီးက မျက်ရည်လေးဝဲဝဲနဲ့ သေရေးရှင်ရေးဖြစ်ကြောင်း ဝင်ပြောရှာတယ်။ ဖေဖေကလည်း -

"အရေးကြီးနေတာပဲ။ ကိုယ့်သူငယ်ချင်းကိစ္စ လိုက်ပေးလိုက်ပါ"

ဆိုပြီး သူ့အိတ်ထဲမှာရှိနေတဲ့ ပိုက်ဆံငါးထောင်သာသာ ထုတ်ပေးတယ်။ အဲဒါ ကံကောင်းတယ်ပြောရမလား ကံဆိုးတယ်ပြောရမလားပဲ။ ဒီလိုနဲ့ ကားဂိတ်နားက အိမ်တစ်အိမ်မှာ သူ့စက်ဘီးကို ဝင်ထားပြီး အဝေးပြေးကားတစ်စီးပေါ်တက်ကာ ကျွန်တော်တို့ ခရီးထွက်လာခဲ့ကြလေသည်ပေါ့။

ကားက တော်တော်ကြပ်တယ်။ ကျွန်တော်က နောက်ဘက်က အလယ်ခုံတစ်ခုံမှာ နေရာရတယ်။ ထူးကြီးကတော့ ရှေ့ဘက်မှာ အခြားလူတွေကြား ကော်ခုံပုလေးနဲ့ ထိုင်ရတယ်။ ကားထွက်ပြီး ခဏကြာတော့ ကားစပယ်ယာ ကျွန်တော့်အနားရောက်လာပြီး 'ကားခလေး' ဆိုပြီး တောင်းတယ်။

ကျွန်တော်က ရှေ့က တစ်ယောက် ပေးလိမ့်မယ် ပြောတော့ -

"သူက နောက်ကလူဆီမှာ တောင်းလို့ ပြောလို့ပါ"

ဆိုတာနဲ့ ကျွန်တော်လည်း ထုတ်ပေးလိုက်တယ်။ သူ့ခမျာ ကြပ်ကြပ်သိပ်သိပ် ထိုင်နေရတော့ ငွေထုတ်ရ ခက်တယ်ပဲ ထင်တာကိုး။ အဲဒီတုန်းက ရှုမဝအငြိမ့်က အင်မတန် ရေပန်းစားနေတာ။



ကျွန်တော်တို့မြို့မှာ အဲဒီအငြိမ့်ကြည့်ပြီးတော့ အရယ်လွန်ပြီး အသက်ပါသွားတဲ့လူ နှစ်ယောက်ရှိတယ်။ ကျွန်တော်တို့စီးလာတဲ့ ကားကလည်း အဲဒီအငြိမ့်ခွေ ဖွင့်ပြနေတာ။ ထူးကြီးဟာ အဲဒီအငြိမ့်ကြည့်ရင်း တဝါးဝါး တဟားဟားနဲ့ ရယ်တယ်။ တော်တန်ရုံဆို ကျွန်တော်မပြောဘူး။ ကားတစ်စီးလုံးမှာ သူ ရုပ်အပျက်ဆုံးပဲ။ သူရယ်တာက လက်ခုပ်လက်ဝါးတီးပြီးတော့ကို အားရပါးရ ရယ်တာ။

သူ သဘောကျပြီဆို 'ဟားဟားဟား မိုက်တယ်ကွာ ဟားဟား' ဆိုပြီး မတ်တပ် ထပြီးတော့လည်း ရယ်တယ်။ တစ်ချက်တစ်ချက် လက်ခေါက်တောင် မှုတ်လိုက်သေးတယ်။ ရွာမှာ ဗလာဇာတ်ပွဲ ကြည့်နေတဲ့အတိုင်းပဲဗျာ။ ကားပေါ်မတက်ခင် အဘွားအသက်မမီမှာစိုးလို့ဆိုပြီး မျက်နှာငယ်လေးနဲ့ တရှုံ့ရှုံ့ငိုနေတာ သူမဟုတ်သလိုပဲ။ ကားရှေ့ပိုင်းက သူဟာ နောက်ပိုင်းမှာထိုင်နေတဲ့ ကျွန်တော့်ကိုလည်း လှည့်ကြည့်ပြီး လှမ်းအော်ပြောသေးတယ်။ 'ဟိတ်ကောင် ကြည့်စမ်း ကြည့်စမ်း ရီရတယ်ကွ' ဆိုပြီး တဟားတားနဲ့။

ကျွန်တော် မျက်နှာရိပ်မျက်နှာကဲနဲ့ ငြိမ်ငြိမ်ထိုင်ကြည့်ဖို့ အမူအယာပြပေမယ့်လည်း မရဘူး။ ကားကလည်းကြပ် ကျွန်တော်ကလည်း သူနဲ့အလှမ်းကွာတာမို့ ဒီထက်ပိုပြောဖို့က မလွယ်ဘူး။

သူ့လုပ်ရပ်ကြောင့် မျက်နှာတွေလည်း ပူနေပြီ။ ကားပေါ်က လူတွေလည်း ရှုမဝအငြိမ့်ထက် သူ့ကို ပိုစိတ်ဝင်စားပြီး အထူးအဆန်းသဖွယ် တအံ့တသြ ငေးကြည့်နေကြတာ။ ဒရိုင်ဘာတောင် ဘားမောင်းနေရင်း သူ ထရယ်ပြီဆို လန့်လန့်သွားပုံနဲ့ သူ့ကို လှည့်လှည့်ကြည့်တယ်။ နောက်တော့ ကားစပယ်ယာက သူ့ကို လာသတိပေးတယ်။ အဲဒီတော့လည်း သူက အရယ်မပျက်ဘဲ -

www.burmeseclassic.com

www.burmeseclassic.com



"ရှိရလို့ရှိတာ ဘာဖြစ်လဲဗျာ။ ခင်ဗျား မရှိချင် မရှိနဲ့ပေါ့။ သူများရှိနေတာတော့ လာမတားပါနဲ့။ ခင်ဗျားကြည့်ရင်လည်း ရှိချင်မှာပါဗျ။ ရှိရတယ် ကြည့်ကြည့်" ဆိုပြီး တဟားဟားနဲ့ ဆက်ကြည့်လိုက် ရယ်လိုက်နဲ့။ စပယ်ယာခမျာ ခေါင်းလေးကို ကုတ်လို့။

နောက်ဆုံးတော့ စက်ပိတ်ပစ်လိုက်ရတယ်။ ဒါတောင် ထူးကြီးက ခုနအခွေပြန်ဖွင့်ပြဖို့ စပယ်ယာကို ခေါ်ပြောသေးတယ်။ စပယ်ယာ ဘာပြန်ပြောလိုက်သလဲတော့ မသိဘူး။ ထူးကြီး ငြိမ်သွားတယ်။ အဲဒီတုန်းက တိပ်ခွေခေတ်။ ခုလို စီဒီအပြားတွေ မဟုတ်သေးဘူး။ လမ်းမှာ ကားနားတော့ အဲဒီလိုတွေမလုပ်ဖို့ သူ့ကို ကျွန်တော် သတိပေးတယ်။ အဲဒီတော့လည်း -

"မင်းက ခရီးသွားဖူးတယ်ဆိုပြီး အရမ်း ဆရာလုပ်တာပဲ။ ငါ သိပါတယ်ကွ။ ငါလည်း ဗဟုသုတ ရှိပါတယ်"

ဆိုပြီး ပြန်ပက်တယ်။

ကားရပ်တဲ့ဆိုင်က စားပွဲထိုးကောင်မလေးက -

"ဘာမှာကြမလဲ" လာမေးတော့ ထူးကြီးက -

"ဒီဆိုင်မှာ ဈေးအကြီးဆုံး အအေး ဘာရှိလဲ"

ဆိုတော့ စားပွဲထိုးကောင်မလေး တွေဝေသွားတယ်။

ပြီးတော့မှ ရှိတဲ့အအေးအမည်တွေ ရွတ်ပြတယ်။ ထူးကြီးက ဒီထက်ဈေးကြီးတာတွေ မရှိတော့ဘူးလား ဆိုတော့ ကောင်မလေး ဘာပြန်ပြောရမှန်းမသိ ဖြစ်နေပုံနဲ့။ ထူးကြီးက အအေးတွေထားတဲ့နေရာ သူ့ကိုလိုက်ပြဖို့ တောင်းဆိုတော့ ကောင်မလေးက လိုက်ပြရှာပါတယ်။

ကျွန်တော်လည်း စိတ်မချတာနဲ့ နောက်က မယောင်မလည် လိုက်ကြည့်နေတာပေါ့။ (အဲဒီအချိန်မှာ နည်းနည်းတော့



သဘောပေါက်စ ပြုနေပြီ။ ထွက်လာတာမှားပြီလား ဆိုတဲ့ အတွေးလည်း ဝင်နေပြီ)

အအေးတွေထားတဲ့နေရာရောက်တော့ ထူးကြီးဟာ ဈေးအကြီးဆုံး ဆိုတဲ့အအေးတွေကို တစ်ခုချင်း စိမ်ပြေနပြေ ကိုင်ကြည့်ပြီး နောက်ဆုံးတော့ ဈေးအနည်းဆုံးဖြစ်တဲ့ VeVe အချိုရည်ဘူး သေးသေးလေးတစ်ဘူးပဲ ယူတယ်။ အဲဒါတောင် လျှော့ပါဦးဆိုပြီး အတင်းဈေးဆစ်နေလို့ ကျွန်တော် ရှက်တာနဲ့ ရှောင်ထွက်လာခဲ့တယ်။ ခဏကြာတော့ VeVe အချိုရည်ဘူးသေးသေးလေးကို ပိုက်တံဖြူဖြူလေးနဲ့ တပွတ်ပွတ်စုပ်ပြီး ထူးကြီး ကျွန်တော့်အနားရောက်လာတယ်။ ကျွန်တော် သူ့ကိုမသကာတော့တာနဲ့ -

"မင်းမှာ ပိုက်ဆံဘယ်လောက်ပါသလဲ" မေးတော့ -

"ပိုက်ဆံအကြောင်း မပြောနဲ့" လို့ ပြောတယ်။

ကျွန်တော်ကလည်း သူ့အကျႌအိတ်ထဲ ငုတ်နိုက်ကြည့်လိုက်တယ်။ အဲဒီတော့ တစ်ထောင်ကျော်ကျော်ပဲ တွေ့တယ်။ ကျွန်တော် အရမ်း စိတ်ပိန်သွားတယ်။

"ဒီငွေနဲ့ဆို အဆင်ပြေမှာ မဟုတ်ဘူး။ ငါတို့ လှည့်ပြန်ရအောင်" ပြောတော့ သူက အေးဆေးပဲ ဘောင်းဘီအိတ်ထဲကနေ ဘူးလေးတစ်ဘူးထုတ်ပြီး လှုပ်ခါပြတယ်။ ဂလောက်ဂလောက်နဲ့ အသံမြည်တယ်။ ဘူးက ရတနာပစ္စည်းထည့်တဲ့ အဝါရောင်ဘူးလေး။ . . . . . ရတနာပစ္စည်း အရောင်းဆိုင် ဆိုတဲ့ စာသားတွေတောင် မပျောက်မပျက် ပါသေးတယ်။

သူက အဲဒီရတနာပစ္စည်းထည့်တဲ့ ဘူးလေးကို ဂလောက်ဂလောက်နဲ့လှုပ်ပြပြီး သူ့မှာ အင်မတန် အဖိုးထိုက်တန်တဲ့ပစ္စည်းတစ်ခု ပါလာကြောင်း၊ ဒီပစ္စည်းဟာ သူ့မိဘပစ္စည်းကိုခိုးလာတာ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘဲ သူပိုင်ပစ္စည်းဖြစ်ကြောင်း၊ ရန်ကုန်ရောက်လို့ ဒီပစ္စည်းကို ရောင်းချပြီးတာနဲ့ ငွေတွေအများကြီးရမှာ ဖြစ်ကြောင်းတွေ ရှင်းပြတယ်။

ကျွန်တော်က ဘူးထဲမှာ ဘာလဲမေးတော့ မပြောဘူး။ တောင်းယူကြည့်တော့လည်း မပေးဘူး။ အတင်းလုတော့လည်း ဖွက်ထားတယ်။ အဲဒါနဲ့ ကျွန်တော်လည်း ကြည့်ဖို့ မကြိုးစားတော့ဘူး။ သူတို့မိသားစုရဲ့ ပြည့်စုံကြွယ်ဝမှု အနေအထားအရ သူ့စကားတွေကို ကျွန်တော် ယုံမိတာလည်း မလွန်ဘူးလို့ ထင်ပါတယ်။

"ဒီပစ္စည်း မရောင်းရခင် ငါတို့ ဘာနဲ့သုံးမလဲ"

ဆွေးနွေးတော့ ရန်ကုန်ရောက်တာနဲ့ သူ့အဖေဆီက ပိုက်ဆံတောင်းမယ့်အကြောင်း၊ ဒါကြောင့် ခုလောလောဆယ် ရှိတာနဲ့ စားချင်တာစား သောက်ချင်တာသောက်ဖို့ သူက ပြောပါတယ်။ ပြီးတော့ သူကိုယ်တိုင်လည်း ရှိတဲ့ပိုက်ဆံအကုန်နဲ့ 'ဒါမျိုးက စားရခဲတယ်' ဆိုပြီး အနားမှာ ရစ်ဝဲရစ်ဝဲလာရောင်းနေတဲ့ ငှက်ကြော်တွေ ဝယ်ပစ်လိုက်တယ်။ ကျွန်တော် တားပေမယ့် မရဘူး။ ကျွန်တော့်မှာတော့ ဘာမှဝယ်မစားရဲဘဲ ခရီးစရိတ်အဖြစ် လက်ကျန်ပိုက်ဆံလေးတွေကို ကျစ်ကျစ်လျစ်လျစ် ထိန်းသိမ်းနေရတယ်။

ကားပြန်ထွက်တော့ သူ တစ်ချက်တစ်ချက် အိပ်ငိုက်တယ်။ ဒါပေမယ့် နိုးတာနဲ့ ဆတ်ခနဲ ကျွန်တော်ရှိရာ ခေါင်းထောင်ကြည့်ပြီး -

"မရောက်သေးဘူးလား။ ဆေးရုံကို မရောက်သေးဘူးလား"

လို့ အော်အော်မေးပါတယ်။

သူ့မေးခွန်းဟာ အကြောင်းမသိတဲ့ကားပေါ်က ခရီးသည်တွေအတွက် အတွေးပွားစရာ ပြုံးပြုံးငြင်ထိတ်လန့်စရာပဲမို့ မျက်နှာရိပ်



မျက်နှာကဲနဲ့ သူ့ကို ငြိမ်ငြိမ်နေဖို့ သတိပေးရပြန်ပါတယ်။ ဒါပေမယ့်လည်း မလိုက်နာဘူး။ သူက ဒီအချိုးပဲ။ ကားပေါ်က ခရီးသည်တွေ ခမျာတော့ သူ အော်လိုက်တိုင်း မျက်နှာပျက်နေကြတာပေါ့။

"မရောက်သေးဘူးလား။ ဆေးရုံကို မရောက်သေးဘူးလား"

အဲဒီလိုနဲ့ပဲ အောင်မင်္ဂလာအဝေးပြေးကွင်းထဲ ရောက်လာခဲ့ကြတယ်ပေါ့ဗျာ။

www.burmeseclassic.com

www.burmeseclassic.com

အောင်မင်္ဂလာ အဝေးပြေးကွင်းထဲရောက်တော့ -

“ဆေးရုံရောက်ပြီလား။ ဟား ဆေးရုံက ကားတွေ အများကြီးပဲ။ လူနာတော်တော်စည်တာပဲ” လို့ ပြောတယ်။

ကျွန်တော်က ဒါ ဆေးရုံမဟုတ်ကြောင်း၊ ကားဝင်းဖြစ်ကြောင်း၊ ဆေးရုံရောက်ဖို့ ကားနောက်တစ်ဆင့်စီးရဦးမှာ ဖြစ်ကြောင်း ရှင်းပြတော့ သူ့မျက်နှာမဲ့မဲ့ကြီး ဖြစ်သွားတယ်။ သူ ကားမစီးချင်တော့ကြောင်း ပြောတယ်။ ကျွန်တော်လည်း သူ့ကိုချော့ခေါ်ပြီး ဆူးလေကိုသွားတဲ့ လိုင်းကားတစ်စီးပေါ် တက်တယ်။ ကားကကြပ်တော့ ထိုင်ခုံမရဘဲ နှစ်ယောက်လုံး မတ်တပ်ရပ်ပြီး လိုက်ရတယ်။

ထူးကြီးဟာ ကားစီးနေရင်း ကြာလို့ဆိုပြီး ခြေဆောင့်ဆောင့် ငိုပါတယ်။ နှုတ်ခမ်းမွေးကားကားကြီးနဲ့ သူက အဲ့လိုလုပ်လေတော့ အခြားလူတွေဟာ အထူးအဆန်းသဖွယ် ဝိုင်းကြည့်ကြတာပေါ့။ ကားပေါ်က ဆင်းပြေးမယ်လုပ်လို့လည်း တားရသေးတယ်။ နောက်တော့ သူ အင်မတန် ပင်ပန်းနေပြီဆိုပြီး ကားကြမ်းခင်းပေါ်မှာ ဖြစ်သလိုထိုင်ချတယ်။ မသင့်တော်ကြောင်း ကျွန်တော်ပြောပြီး ဆွဲထူပေမယ့်လည်း မထပါဘူး။

သူက ငိုညည်းလိုက်၊ ကျွန်တော့်မှာ သူ့ကို ချော့လိုက်နဲ့ဘေးကလူတွေကို တောင်းပန်လိုက်နဲ့ပဲ ဆူးလေကို ရောက်လာတယ်။ ကားမမူးတတ်တာ မအန်တာဘဲ ဦးညွှတ်ရမလိုပါ။



ဆူးလေရောက်တော့ အိမ်သာတက်ချင်တယ် ဖြစ်ပြန်တယ်။ ဒါကြောင့် ဆူးလေဘုရားအောက်ခြေက အိမ်သာဆီ လိုက်ပို့ရသေးတယ်။ အိမ်သာကထွက်တော့ သူ့ခြေထောက်တွေ နာတယ်ဆိုပြီး ညည်းပါတယ်။ ဖိနပ်ပေါက်နေပြီဆိုပြီး ဖိနပ်ကိုလည်း လွှင့်ပစ်တယ်။ သယ်ရတာလေးတယ်ဆိုပြီး ကျောပိုးအိတ်ကိုလည်း လွှင့်ပစ်တယ်။ အနီးဝန်းကျင်ကလူတွေ ဝိုင်းကြည့်ကြတာပဲပေါ့။ ကျွန်တော်လည်း ရှက်ရှက်နဲ့ပဲ သူ့ကျောပိုးအိတ်ကိုကော သူ့ဖိနပ်ကိုကော ကောက်သယ်ရတယ်။ သူက ဘောက်ဆတ်ဘောက်ဆတ်နဲ့ ရှေ့ကနေ သွားတယ်။

ကျွန်တော့်ခမျာ ကိုယ့်ရဲ့ ဘေးလွယ်အိတ်ကိုကော သူ့ရဲ့ ဖိနပ်နဲ့ အိတ်ကိုကောသယ်ရင်း ရန်ကုန်မြို့လယ်ခေါင်မှာ ထူးကြီးကို အပြေးအလွှား လိုက်ဆွဲရပါတယ်။ သူက ဦးတည်ချက်မရှိဘဲ ခြေဦးတည့်ရာ သွားနေတာကိုး။ ဖိနပ်ပြန်စီးခိုင်းတာလည်း မရဘူးပဲ။

ခြေဗလာနဲ့ ရှေ့က ဘောက်ဆတ် ဘောက်ဆတ်သွားနေတဲ့ ထူးကြီးဟာ ကားလမ်းအကူးမှာ ကားတွေ ဝင်တိုးမလိုဖြစ်တော့မှ လန့်သွားပုံနဲ့ ရပ်တယ်။ ဒီလိုအခြေအနေမှာတောင် ကျွန်တော့်ရဲ့ စနောက်ချင်တဲ့ဗီဇလေးက ထကြွလိုက်သေးတယ်။ လက်တစ်ဖက်က သူ့ဖိနပ်ကိုကိုင်ထားတဲ့ ကျွန်တော်ဟာ တခြားလက်တစ်ဖက်နဲ့ သူ့လက်ကိုဆွဲပြီး -

“အသာနေ. . . ဒီကားတွေ ငါ တားပြမယ်”

ဆိုပြီး မျဉ်းကြားရှိရာ သူ့ကိုဆွဲခေါ်ပြီးတော့ မီးပွိုင့်ကိုကြည့်တယ်။ မီးဝါကနေ မီးနီချိန်းခါနီးတော့ ဖိနပ်ကိုင်ထားတဲ့လက်နဲ့ ကားတွေကိုတားတဲ့ပုံလုပ်ပြီး ပါးစပ်ကလည်း -

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ကားတွေ ရပ်လိုက်စမ်း။ ငါ လမ်းကူးမလို့"

လို့ ပြောလိုက်တယ်။

အချိန်ကိုက်မို့ ကားတွေကလည်း ရပ်သွားတယ်။ အဲဒီတော့မှ တစ်ဖက်လမ်းကို ကူးကြတာပေါ့။ ထူးကြီးဟာ ရပ်နေတဲ့ ကားတွေကိုကြည့်လိုက် ကျွန်တော့်ကိုကြည့်လိုက် အံ့အားသင့်နေပုံပဲ။ ကျွန်တော်လား ခပ်တည်တည်ပဲပေါ့။

တစ်ဖက်ရောက်တော့ မီးပွိုင့်ကိုကြည့်ပြီး 'ဆက်သွားလို့ရပြီဟေ့' ဆိုပြီး လက်တစ်ဖက် မြှောက်ပြလိုက်တယ်။ ကားတွေ ဝေါခနဲ ထွက်သွားတယ်။ ထူးကြီးဟာ ပါးစပ်အဟောင်းသားနဲ့ အင်မတန် အထင်ကြီးလေးစားဟန်မျိုး ကျွန်တော့်ကို ငေးကြည့်နေတယ်။

"မင်းက ပိုင်လှချည်လား" တဲ့။

နှုတ်ကတောင် ထုတ်ဖော်ချီးကျူးတယ်။

ကျွန်တော်ကလည်း သိပ်မထူးဆန်းသလို အမူအယာနဲ့ 'ဒါလောက်က အေးဆေးပါ' ဆိုပြီး အသာအယာပဲ ဖိနှိပ်လိုက်တယ်။

"မင်း ငါ့စကားနားမထောင်ရင် အဲဒီကားတွေနဲ့ တိုက်သတ်ခိုင်းမှာ။ ရော့ ဖိနပ်စီး။ ကိုယ့်အိတ်ကို ကိုယ့်ဘာသာပြန်လွယ်"

ဆိုပြီး မလိမ့်တပတ်လည်း လုပ်လိုက်သေးတယ်။

အဲ့လိုကျ သူက နာခံသား။

ဆေးရုံသွားမယ်လုပ်တော့ တိုင်ပတ်ကော။ ထူးကြီးက သူ့အဘွား ရန်ကုန်ဆေးရုံကြီးမှာဆိုတာပဲ သိတာ။ လူနာဆောင်ကို မသိဘူး။ အဲဒီအချိန် ကျွန်တော်ကလည်း ရန်ကုန်ဆေးရုံကြီး ဘယ်နေရာမှာ တည်ရှိသလဲဆိုတာတောင် မသိဘူး။ ဆေးရုံကို မေးသွားရင် ရောက်နိုင်ပေမယ့် အတွင်းမှာစုံစမ်းဖို့တွေကျ အထာ



မသိတော့ အဆင်မပြေမှာ စိုးရိမ်နေတယ်။ အချိန်ကလည်း မှောင်စပြုပြီ။ ဒါကြောင့်မို့ ဆူးလေနဲ့ သိပ်မဝေးတဲ့ ထက်ငယ်ဆီသွားမေးပြီး သူမကိုလိုက်ပို့ခိုင်းဖို့ ဆုံးဖြတ်လိုက်တာပါ။

ထက်ငယ်တို့ဆီ သွားမယ်လုပ်တော့ ထူးကြီးက -

"ငါ့အဘွားအသက်မမီဘဲ ဖြစ်နေမယ်နော်။ အဲဒီကောင်မတွေဆီ မသွားဘူး။ ငါ့အဘွားဆီပဲ လိုက်ပို့။ ခုလောက်ဆို အသက်ထွက်နေပြီလားမသိဘူး"

ဆိုပြီး တရှုံ့ရှုံ့နဲ့ ငိုပြန်ပါတယ်။

ကျွန်တော်က အချိန်တွေပိုကြာမှာစိုးလို့ အရာရာအဆင်ပြေစေဖို့ ယခုလို စီစဉ်ရတာဖြစ်ကြောင်း ပြောတော့လည်း လက်မခံဘူး။ နောက်ဆုံး -

"ငါ့စကားနားမထောင်ရင် ကားတွေကို တိုက်ခိုင်းလိုက်မှာနော်"

ဆိုမှ ငြိမ်သွားတယ်။ ဒါတောင် ပါးစပ်က ပွစိပွစိပြောသေးတယ်။

"ဟွန်း သူ ပိုင်တာနဲ့ပဲ ခြောက်နေတယ်" တဲ့။

www.burmeseclassic.com

www.burmeseclassic.com

ထက်ငယ်တို့အိမ်ကမြို့ထဲပိုင်းက လမ်းမကြီးတစ်ခုရဲ့ ဘေးက ပထမထပ်ပေါ့။ လမ်းမှာ ထူးကြီးရစ်နေတာနဲ့ပဲ ခရီးဖင့်တော့ ထက်ငယ်တို့အိမ်ရောက်တဲ့အခါ မှောင်နေပြီ။ ထူးကြီးက အိမ်ပေါ် မတက်ချင်ဘူး။ သူ အောက်ကပဲ စောင့်နေမယ်၊ ကျွန်တော့်ကို အမြန်ပြန်ဆင်းလာဖို့ ပြောတယ်။ ကျွန်တော်က သူ့ကို စိတ်မချ တာနဲ့ အတင်းအဓမ္မ ခေါ်ခဲ့ရတာပေါ့လေ။ ဟင်း. . . မလိုက်ချင် လို့ပဲ တော်ရော့တယ်။ ရေးရမှာတောင် နင်တယ်။

အဲဒီအချိန် သဲသဲက ထက်ငယ်တို့ အိမ်မှာ ရောက်နေတာ ဧည့်ခန်းထဲမှာ ကျွန်တော်တို့နှစ်ယောက်ထိုင်နေချိန်မှာပဲ အိမ်အကူ ကောင်မလေး သတင်းပေးလိုက်တော့ ထက်ငယ်တို့ အမွှာညီအစ်မ နဲ့ သဲသဲ ရောက်လာတယ်။ သဲသဲက တီရှပ်ကိုယ်ကြပ်လေးနဲ့ စကတ် အတိုနဲ့။ ထက်ငယ်တို့ ညီအစ်မက အိမ်နေရင်းပုံစံ အမျိုးသမီးဝတ် စွတ်ကျယ်အနက်နဲ့ ဘောင်းဘီတိုကပ်ကပ်လေးတွေနဲ့။

ကျွန်တော်တို့ချင်းက ဒီလိုပုံနဲ့ မြင်လေ့ရှိတာမို့ မထူးဆန်း ပေမယ့် ဒါတွေဟာ ထူးကြီးအတွက်တော့ အရမ်းထူးခြားဆန်းသစ် တဲ့ ရှုမြင်ကွင်းတွေ ဖြစ်နေပုံပါပဲ။ အထူးသဖြင့် ထက်ငယ်တို့ ညီအစ်မပေါ့။ အသားအရည်လှသလို ကိုယ်လုံးလည်းလှတာမို့ လက်မောင်းသားဝင်းဝင်းလေးတွေ ပေါင်သားပြည့်ပြည့်လေးတွေ ဟာ ဆွဲဆောင်အားကောင်းနေတာပေါ့။ အာသာငမ်းငမ်း မမှိတ်မသုန်



ဆိုသလို ထူးကြီး ပက်ပက်စက်စက် ကြည့်ပါတယ်။ မသိမသာ ငေးတာတောင် မဟုတ်ဘူး။ ပြောင်ပဲ သိသိသာသာ ထင်ထင်ရှားရှား အားမနာစတမ်း ဒဲ့ကြည့်တာ။ တစ်ဦးချင်းစီကို စိမ်ပြေနပြေ တွေ တွေကြီးကို စူးစူးစိုက်စိုက် ကြည့်တာ။ ဒါမျိုး သူ မမြင်ဖူးတဲ့ပုံပါပဲ။

စူးရှပြင်းထန် အားကောင်းလွန်းတဲ့ သူ့အကြည့်ဒဏ် ကြောင့် သဲသဲဟာ ထိုင်ခုံပေါ်ထိုင်နေရာက ကြမ်းခင်းကော်ဇော ပေါ်ဆင်းပြီး ကျုံ့ကျုံ့လေးထိုင်တယ်။ ထူးကြီးပေါင်ကို လက်နဲ့ ကုတ်ပြီး ကျွန်တော် သတိပေးတယ်။ အဲဒီတော့ ကျွန်တော့်လက်ကို ပုတ်ထုတ်တယ်။

ထက်ငယ်ရဲ့ညီမက အကြည့်ဒဏ်တွေကို သွေးပျက်သွား ပုံနဲ့ ဟိုလိုလို ဒီလိုလို နောက်ခန်းထဲ ပြန်ဝင်သွားတယ်။ ထက်ငယ် ကလည်း ထူးကြီးနဲ့ မျက်နှာချင်းဆိုင် ထိုင်နေရာက ကျွန်တော့် နံဘေးခုံမှာ ပြောင်းထိုင်တယ်။ အကြည့်စက်ကွင်းက လွတ်အောင် ပေါ့လေ။

ကျွန်တော်လည်း ဒီပွဲစဉ် အမြန်ဖြတ်မှပဲဆိုပြီး အကျိုး အကြောင်းပြောပြီးတော့ ဆေးရုံကို ဘယ်လိုသွားရမလဲပဲ မေးလိုက် တော့တယ်။ ထက်ငယ်က အဆင်မပြေမှာစိုးတာကြောင့် မကြာခင် သူ့အစ်ကိုဝမ်းကွဲတစ်ယောက်လာမှာဖြစ်ကြောင်း၊ အဲဒီအစ်ကို လာမှ လိုက်ပို့ခိုင်းမယ့်အကြောင်း၊ အပြန်နောက်ကျမှာစိုးလို့ သူ တော့ လိုက်လို့မဖြစ်နိုင်ကြောင်း၊ သူ မုန့်လိုက်ကျွေးမယ် မုန့်စား ပြီးမှသွားဖို့ ပြောပါတယ်။ ကျွန်တော်က -

"ကြာနေလို့ အချိန်မရဘူးဟ။ သူ့အဘွားအသက်မမီမှာ ဒီတောင်က စိုးရိမ်နေတာ။ ငါတို့ဘာသာပဲ သွားလိုက်တော့မယ်"

ပြောတော့ ထူးကြီးဟာ ပျာပျာသလဲပဲ -

www.burmeseclassic.com

www.burmeseclassic.com



"ဟာ အချိန်ရပါတယ်။ အေးအေးဆေးဆေးပေါ့။ အဘွားကလည်း ဒီလောက်ဆို ကျန်းမာနေပါပြီ" လို့ ဝင်ပြောတယ်။

ကျွန်တော့်ပေါင်ကိုလည်း လက်တွေနဲ့ အတင်းကုတ်တယ်။ နားနားကပ်ပြီးတော့လည်း ပြောတယ်။ သူ မပြန်ချင်သေးဘူး။ ဖြစ်နိုင်ရင် ဒီမှာပဲ ညအိပ်ချင်တယ်တဲ့။

ဟင်. . .

ရုတ်တရက် ကောက်ကာငင်ကာ ပြောင်းလဲမှုကြောင့် ကျွန်တော်တောင် အူကြောင်ကြောင် ဖြစ်သွားရပါတယ်။

ခဏကြာတော့ ထက်ငယ်ရဲ့ အစ်ကိုဝမ်းကွဲဆိုသူ ရောက်လာတယ်။ ခပ်တည်တည် ခပ်အေးအေးပါပဲ။ ရုပ်သန့်သန့်နဲ့ ကိုယ်လုံး ကိုယ်ထည်ကတော့ ကျွန်တော်တို့ထက် သိသာစွာတောင့်တယ်။

ထက်ငယ်က အကျိုးအကြောင်းပြောပြပြီးတော့ ကျွန်တော်တို့ကို ဆေးရုံလိုက်ပို့ပြီး လူနာကိုတွေ့တဲ့အထိ ကူညီပေးဖို့ ပြောပါတယ်။ အဲဒီအစ်ကိုကလည်း ကူညီမယ်ပေါ့။ ကျွန်တော်က သွားမယ်လုပ်တော့ ထက်ငယ်က မုန့်စားပြီးမှ သွားဖို့ပြောတယ်။ အဲဒီမှာ ထူးကြီးက မိန့်ခွန်းဝင်ခြွေတယ်။

"ကိုယ့်သူငယ်ချင်းတွေနဲ့ တစ်ခါတစ်ရံမှဆုံတာ အေးဆေးနေပါဦးကွ။ လူနာက အရေးမကြီးပါဘူး။ ဆေးရုံမှာ နားလည်တတ်ကျွမ်းတဲ့ ဆရာ ဆရာမတွေ ရှိနေတာပဲ။ ဘာစိတ်ပူစရာရှိလို့လဲ။ ငါတို့သွားလည်း ဘာမှပိုမထူးပါဘူးကွာ" တဲ့။

အမလေးနော်. . . ကျွန်တော် နရင်းအုပ်ပစ်ချင်တာ အူယားနေတာပဲ။ ဒီအိမ်မလာခင်က ပြောဆိုငြင်းပယ်ခဲ့တာ သူမဟုတ်တဲ့အတိုင်းပဲ။ သူက ရတယ်ဆိုတော့ ကျွန်တော်ကလည်း အေးဆေးပဲပေါ့။ ထက်ငယ်တို့ညီအစ်မ အဝတ်လဲပြီးတော့ မုန့်ဆိုင်



သွားကြတယ်။ လမ်းမှာ ထက်ငယ်က ကျွန်တော့်ကို အနီနဲ့အဖြူစပ်ထားတဲ့ ခေါင်းစည်းပဝါတစ်ထည် လက်ဆောင်ပေးတယ်။

"နင်က ဒီလိုပဝါတွေ ကိုင်နေကျတော့ ဒီပဝါလေးမြင်တော့ လှတာနဲ့ နင့်ကို သတိရလို့ ဝယ်ထားတာ" တဲ့။

"ပဝါပေးရင် ကွဲတတ်တယ်ဆို။ ငါ မယူချင်ဘူး"

လို့ ကျွန်တော်ပြောတော့ ထက်ငယ်က -

"ဒါဆို နင့်ကို ငါ ငါးဆယ်နဲ့ ပြန်ရောင်းမယ်"

လို့ ပြောပါတယ်။

သူမရဲ့ လေးနက်မှုကို မငြင်းရက်ဘူး ဖြစ်နေပြန်တယ်။ အဲဒါနဲ့ လမ်းပေါ်မှာပဲ သူမထံက ခေါင်းစည်းပဝါလေးကို မြန်မာငွေ ငါးဆယ်ကျပ်တန်တစ်ရွက်နဲ့ အလဲအလှယ်လုပ်ပြီး ကျွန်တော် ပိုင်ဆိုင်ခွင့် ရခဲ့ပါတယ်။ မြှတ်နိုးမှုနဲ့အတူ စိုးတထိတ်ထိတ်ပေါ့။ ပဝါပေးရင် ကွဲတတ်တယ်ဆိုတဲ့အယူဟာ တကယ်ပဲလားဆိုတာတော့ ကျွန်တော် မသိပါဘူး။

"မိတ်ဆက်ပေးဦးလေ။ နင့်သူငယ်ချင်းနဲ့"

လို့ ထက်ငယ်ရဲ့ ညီမကပြောလာတာကြောင့် ထူးကြီးကို အားလုံးနဲ့ မိတ်ဆက်ပေးလိုက်တယ်။

သဲသဲက ထူးကြီးကိုကြည့်ပြီး 'စိုင်းဘိုဘိုနဲ့ တူတယ်နော်' လို့ ပြောတော့ ထူးကြီး မြှောက်ကြွမြှောက်ကြွ ဖြစ်သွားပါတယ်။

"ငါနဲ့ ခုလိုခင်ခွင့်ရတာ နင်တို့ အင်မတန်ဂုဏ်တက်ပါတယ်။ ငါက ငါတို့မြို့မှာ ရုပ်အချောဆုံး စော်အကြည်ဆုံးလူပဲ။ သေချာကြည့်ရင် ငါက စိုင်းဘိုဘိုထက် ပိုချောပါတယ်ဟ။ ငါ့နှုတ်ခမ်းလေးတွေက ရဲနေတာ ကြည့်ပါလား။ အဲဒါ ငါ နှုတ်ခမ်းဆိုးဆေးဆိုးထားတာ မဟုတ်ဘူးနော် ပင်ကိုယ်အလှ။ ငါ့မှာပါးချိုင့်

www.burmeseclassic.com

www.burmeseclassic.com



လည်း ရှိတယ်။ ငါရှိရင် သိပ်ချစ်ဖို့ကောင်းတာ။ ကြည့် ကြည့်” ဆိုပြီး ရယ်ပြနေပါတယ်။

သူဟာ ရန်ကုန်ဆေးရုံကြီးမှာမွေးခဲ့တဲ့ ရန်ကုန်သားစစ်စစ်ဖြစ်ကြောင်း၊ မွေးရပ်မြေကို သုံးလသားအရွယ်က အလည်တစ်ခေါက် ရောက်ဖြစ်ခဲ့ပြီး ယခု နောက်တစ်ကြိမ် မွေးရပ်မြေကို ခြေချမိခြင်းဖြစ်ကြောင်း၊ ဒါဟာ ဖူးစာကံအကြောင်းပါလို့ ဖြစ်နိုင်ကြောင်းတွေ တဖွဲ့တန္ဲ့ပြောနေပါတယ်။

ထက်ငယ်က ထူးကြီးကို စကားသိပ်မပြောဘူး။ ထက်ငယ်ရဲ့ညီမနဲ့ သဲသဲကတော့ ထူးကြီး ပြောတာတွေကို ရယ်လိုက်၊ ထူးကြီးကိုစလိုက်နဲ့ ကလိနေကြတယ်။ သဲသဲက နဂိုတည်းက သွက်တော့ ပိုကဲတယ်။ ထူးကြီးကိုကြည့်ရတာ ပြုံးပြုံးကြီးနဲ့ ပျော်နေပုံပါပဲ။

“နှုတ်ခမ်းမွေးတွေကို ရိတ်လိုက်ရင် အရမ်းလှသွားမှာ။ အဲဒီနှုတ်ခမ်းမွေးကြီး ရိတ်လိုက်ပါလားဟင်”

လို့ သဲသဲကပြောတော့ ထူးကြီးဟာ လက်ကလေး တကာကာနဲ့ ပြုံးတူးပြာတာ ငြင်းဆိုပါတယ်။ ဒီနှုတ်ခမ်းမွေးဟာ သူတို့မျိုးရိုးရဲ့သင်္ကေတမို့ ရိတ်လို့မဖြစ်ကြောင်း၊ ဒီနှုတ်ခမ်းမွေးကို ရိတ်တာနဲ့ သူ့အဖေက သူ့ကိုသတ်မှာဖြစ်ကြောင်းတွေ ပြောပါတယ်။

“ငါတို့ နှစ်ယောက်ပေါင်းပြီး သူ့နှုတ်ခမ်းမွေးကို ရိတ်ရအောင်”

“ဟုတ်တယ်။ ငါက သူ့ကိုချုပ်ထားမယ်။ နင်က ရိတ်”

ဆိုပြီး သဲသဲတို့ကပြောတော့ ထူးကြီးဟာ သူ့နှုတ်ခမ်းမွေးတွေကို လက်ကလေးနဲ့ ကွယ်ကာကွယ်ကာ ဖြစ်နေပါတယ်။

“ငါ့နှုတ်ခမ်းမွေးကို သူတို့ ရိတ်တော့မယ်။ လုပ်ပါဦး”



လို့လည်း ကျွန်တော့်ကို လာပြောတယ်။ ကျွန်တော်က ခပ်ဖွဖွပဲ ရယ်နေဖြစ်တာပေါ့။ သဲသဲက မျက်စိတစ်ဖက်မှိတ် လျှာလေးတစ်လစ်ထုတ်ပြီး -

“အဖေဆူရင် ငါ့ဆီပြေးခဲ့” လို့ ပြောတယ်။

ထူးကြီး အံ့အားသင့်သွားပုံနဲ့ သဲသဲကို ပါးစပ်အဟောင်းသား တွေတွေကြီး စိုက်ကြည့်ပါတယ်။ ပြီးတော့ -

“တကယ်လား” လို့ မေးတယ်။

သဲသဲက “တကယ်ပေါ့” လို့ မျက်စိတစ်ဖက်မှိတ် လျှာလေးတစ်လစ်ထုတ်ပြီး ဖြေတယ်။ မျက်စိတစ်ဖက်မှိတ် လျှာလေးတစ်လစ်ထုတ်ပြီး စနောက်တတ်တာဟာ သဲသဲရဲ့ အကျင့်တစ်ခုပါပဲ။ ကျွန်တော်ဟာ ထက်ငယ်ဆီက ပဝါယူပြီးတာနဲ့ ဘက်ပဲ့နေတဲ့ ထက်ငယ်ရဲ့အစ်ကိုနဲ့ တွဲလျှောက်ရင်း ထူးကြီး အခြေအနေကို မသိမသာ အကဲခတ်နေတာပါ။

ဒါဟာ ချိုးကွေ့မှုတစ်ခုရဲ့ နိဒါန်းဆိုတာတော့ အဲဒီအချိန်က ကျွန်တော် မသိခဲ့ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com

ဆိုင်ရောက်တဲ့အခါ ထက်ငယ်က အတင်းမှာခိုင်းပေမယ့် ကိုယ့်မှာ ပိုက်ဆံပြည့်ပြည့်စုံစုံ မပါလို့ ဗိုက်ဆာနေပေမယ့် ကျွန်တော် ဘာမှမမှာဘူး။ ထူးကြီးကလည်း ဟိုကြည့်ဒီကြည့်နဲ့ ခဏစဉ်းစားဦးမယ်ဆိုပြီး မမှာသေးဘူး။ တခြားသူတွေကတော့ စားစရာ သောက်စရာတွေ အသီးသီး မှာကြတာပေါ့။

ထက်ငယ်ရဲ့ညီမက သူ စားနေတဲ့ ရှမ်းခေါက်ဆွဲကို မြည်းကြည့်ဆိုပြီး ကျွန်တော့်ကို ကျွေးတယ်။ ထက်ငယ်က 'သူက ခေါက်ဆွဲနဲ့ ရန်သူ' လို့ ဝင်ပြောတာကြောင့် ဗိုက်ဆာနေပေမယ့် ကျွန်တော် ပျော်သွားတယ်။ ကျွန်တော် ခေါက်ဆွဲမကြိုက်ကြောင်းပြောဖူးတာ သူ မှတ်မိနေတာလေးကို ကြည်နူးတာ။

ထက်ငယ်က သူ သောက်နေတဲ့ အသီးသံပုရာဖျော်ရည် ကျွန်တော့်ကို တိုက်တယ်။ ကျွန်တော် ငြင်းပေမယ့် 'အရသာမြည်းကြည့်စမ်းပါ' လို့ ပြောတာကြောင့် သူ သောက်လက်စပိုက်တံလေးနဲ့ပဲ သောက်ဖြစ်ခဲ့တယ်။ သူမနှုတ်ခမ်းသားနဲ့ ထိတွေ့ထားတဲ့ ပိုက်တံလေးကို ကျွန်တော့်နှုတ်ခမ်းနဲ့ ထိတွေ့ရမှာပါလား ဆိုတဲ့အတွေးနဲ့ စိတ်လှုပ်ရှားဖြစ်သေးတယ်။

ကျွန်တော် တစ်ငုံ သောက်ပြီးတဲ့အခါ သူမ တလဲ ယူသောက်ပါတယ်။ ထိုအခါမှာလည်း အဲဒီပိုက်တံလေးနဲ့ သူမနှုတ်ခမ်းသားထိကပ်မှုလေးကို ခိုးငေးနေမိပြန်ပါရဲ့။



အဲဒီမှာ ထူးကြီးက ဝင်ဖောက်တယ်။ ကျွန်တော်တို့ကို လက်ညှိုးထိုးပြီး သူလည်း အဲဒီလိုသောက်ချင်တယ်တဲ့။ သဲသဲက သံပုရာဖျော်ရည်တစ်ခွက် မှာမယ်လုပ်တော့ ထူးကြီး ခေါင်းခါတယ်။

"အဲဒီလိုသောက်ချင်တာ မဟုတ်ဘူး။ သူတို့လို ပိုက်တလေး တစ်ချောင်းတည်း နှစ်ယောက်အတူစုတ်ပြီး သောက်ချင်တာ" တဲ့။

ဟယ်. . . အဲ့ရော. . . အဲ့ရော. . .။ ဒီဖီလင်ကို ကျွန်တော်ပဲတွေးမိတယ် ခံစားတတ်တယ်ထင်တာ။ ထူးကြီးကလည်း အလာကြီးပဲ။ အဲဒီမှာ ကျန်လူတွေက ရယ်ကြပါတယ်။ ရှပ်တည်တယ်ပြောရမယ့် ထက်ငယ်တောင် ဖွဖွတော့ ပြုံးတယ်။

"အဲ့လိုတော့ ဘယ်ရမလဲ။ ကိုယ့်ဘာသာမှာသောက်ပေါ့"

လို့ သဲသဲကပြောတော့ ထူးကြီးက သဲသဲကို -

"အတူသောက်မှာလား" လို့ မေးတယ်။ သဲသဲက -

"မသောက်ဘူး" လို့ပြောတော့ ထူးကြီးမျက်နှာ စူပုတ်ပုတ်ဖြစ်သွားတယ်။ ခဏကြာတော့ ဗိုက်ဆာတယ်ဆိုပြီး ထူးကြီး ရှမ်းခေါက်ဆွဲနှစ်ပွဲ မှာစားတယ်။ ကျွန်တော် နည်းနည်းတော့ မျက်နှာပူတာပေါ့။

ရှမ်းခေါက်ဆွဲ နှစ်ပွဲကုန်တော့ အအေး မှာသောက်ပြန်ပါတယ်။ အအေးသောက်နေရင်း သူဟာ မကြာခင် ရန်ကုန်မှာ ဖွင့်ပွားရေးတက္ကသိုလ် လာတက်ရမှာဖြစ်ကြောင်း ပြောနေပါတယ်။ သဲသဲကို ဘာတက်မှာလဲမေးတော့ သဲသဲက ဆယ်တန်းကျတာ ဆက်မဖြေတော့ဘူး ပြောတယ်။ အဲဒီအခါ ထူးကြီးက သဲသဲကို သူ စာသင်ပေးမယ့် အကြောင်း၊ သူ သင်ပေးလိုက်ရင် သဲသဲဟာ ဆယ်တန်းကို ဘာသာစုံ ဂုဏ်ထူးထွက်မှာလို့ပြောတော့ သဲသဲက -

www.burmeseclassic.com



"တင်ထူးအောင်ကကော ဘာသာစုံဂုဏ်ထူးပဲလားဟင်"

ဆိုတော့ ထူးကြီး အိုးတိုးအတ ဖြစ်သွားတယ်။

မျက်နှာ အမူအယာလည်း ပြောင်းသွားတယ်။ သူ ဆယ်တန်းဖြေခါနီးမှာ အပြင်းဖျားလို့ ဆေးရုံတင်ခဲ့ရကြောင်း၊ ဆရာဝန်တွေတားတဲ့ကြားက သူ စာမေးပွဲသွားဖြေခဲ့တာမို့ ကျန်းမာရေး အခြေအနေကြောင့် အရည်အချင်းရှိပါလျက် ဂုဏ်ထူးတွေကို လက်လွှတ်ခဲ့ရကြောင်း ပြောပါတယ်။ ထက်ယယ်ရဲ့အစ်ကိုက ကွန်မြူတာတက္ကသိုလ် နောက်ဆုံးနှစ်ဖြစ်ကြောင်း သိရတယ်။ ထက်ယယ်တို့ညီအစ်မက E-major တက်နေတယ်ဆိုတော့ -

"ဒါဆိုရင် အင်္ဂလိပ်စာ တတ်မှာပေါ့"

လို့ ထူးကြီးက ပြောတယ်။ ထက်ယယ်ရဲ့ညီမက -

"အနည်းအပါးတော့ ရပါတယ်" လို့ ဖြေတယ်။

"ဒါဆိုရင် စမ်းကြည့်ဦးမှပဲ"

ဆိုပြီး ထူးကြီးက သူ့ဘောင်းဘီအိတ်ထဲကနေ ရွှေဘူး လေးကို ထုတ်လိုက်ပါတယ်။ ပြီးတော့ ဂလောက်ဂလောက်နဲ့ လှုပ် တယ်။ အားလုံးရဲ့အကြည့်တွေဟာ စိတ်ဝင်တစားနဲ့ အဲဒီရွှေဘူး လေးဆီ ရောက်ရှိနေပါပြီ။

ကျွန်တော်လည်း ကိုယ်သိချင်မြင်ချင်တာ သိခွင့်မြင်ခွင့် ရတော့မှာမို့ လည်တဆန့်ဆန့် ဖြစ်နေပါပြီ။

ထူးကြီးက ချက်ချင်းထုတ်မပြသေးဘဲ -

"ဒီဘူးထဲမှာ အင်မတန် အဖိုးထိုက်တန်တဲ့ ပစ္စည်းတစ်ခု ရှိတယ်။ ဘာလို့ထင်လဲ"

လို့ ပဟေဠိဝှက်နေပါသေးတယ်။ သဲသဲက -

"စိန်လား ရွှေလား တစ်ခုခုပေါ့"



လို့ပြောတော့ ထူးကြီး ဖွဖွပြုံးတယ်။

"အဲဒီထက် အများကြီး အဖိုးထိုက်တန်တဲ့ပစ္စည်း"

လို့ မိန့်မိန့်ကြီး ပြောပါတယ်။

အမူအယာတွေအရ အားလုံး အရမ်းစိတ်ဝင်စားနေကြပြီ ဆိုတာ သိသာပါတယ်။ သဲသဲက -

"ဘာလဲ ပြစမ်းပါ" ဆိုတော့မှ ထူးကြီးက ဘူးထဲကနေ တစ်စုံတရာကို ထုတ်ပြပါတယ်။

"ဒါဟာ ဂျော့ဘုရင်ရဲ့ ဒင်္ဂါးပြားပဲ။ မြင်ဖူးတယ်ရှိအောင် ကြည့်ကြ"

အားလုံး စိတ်အားထက်သန်စွာ တစ်ယောက်တလဲဆီ ကြည့်ကြတယ်။ ကျွန်တော်လည်း ကြည့်တယ်ပေါ့။ အရောင်ညိုညစ် ညစ်နဲ့ ကျပ်စေ့အဝိုင်းလောက်ပဲရှိတဲ့ ကြေးပြားလေးတစ်ပြားပါ။ ဦးခေါင်းပုံတစ်ခုနဲ့အတူ အင်္ဂလိပ်လို ဂျော့ဘုရင် ဆိုတဲ့စာသားပါ တယ်။ တခြားစာတွေ ခုနှစ်သက္ကရာဇ်တွေ ပါပေမယ့် သေချာမမှတ် မိတော့ဘူး။

"ဒါ ဘယ်လောက်တန်မယ် ထင်လဲ"

ထူးကြီးကမေးတော့ ထက်ယယ်ရဲ့ညီမရယ်၊ ထက်ယယ်ရဲ့ အစ်ကိုရယ်၊ သဲသဲရယ် ကြေးပြားလေးကို တစ်ယောက်တလဲ ကိုင် ကြည့်ပြီး ခေါင်းချင်းဆိုင် ဆွေးနွေးကြတယ်။

ပြီးတဲ့အခါ ထက်ယယ်ရဲ့ညီမက -

"အဟောင်းတန်းသွားရောင်းရင် နှစ်ရာလောက်တော့ ရမှာပေါ့" လို့ ပြောတယ်။ ထူးကြီးက -

"ဘာနှစ်ရာလဲ။ သိန်းနှစ်ရာလား"

လို့ မေးတော့ ထက်ယယ်ရဲ့ညီမက -

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူးလေ။ မြန်မာငွေ နှစ်ရာကိုပြောတာ"

လည်း ဆိုကော ထူးကြီး တရှူးရှူးနဲ့ စိတ်တိုပါတယ်။ သူ့ ဒင်္ဂါးပြားကိုလည်း ဆတ်ခနဲ ပြန်ဆွဲယူသွားတယ်။ ပြီးတော့ လက်ထဲမှာ ကျစ်ကျစ်ပါအောင် ဆုပ်ထားတယ်။

"တောက တက်လာတယ်ဆိုပြီး လာမပတ်နဲ့။ ငါက တောမှာနေတာ မဟုတ်ဘူး။ မြို့မှာ နေတာ။ ငါနေတဲ့မြို့မှာလည်း ငါ့အဖေက ဒိတ်ဒိတ်ကြဲပဲ။ ဒီဒင်္ဂါးပြားဟာ အနည်းဆုံး သိန်းနှစ်ထောင်လောက် တန်တယ်ဆိုတာ ငါ သိတယ်" လို့ ပြောပါတယ်။

ထူးကြီး အမူအယာ ရှူးရှူးရှဲရှဲကြောင့် ကျန်သူတွေလည်း ဆက်ပြောရမှာ တွန့်သွားပုံပဲ။

အဲဒီမှာ ထက်ငယ်က ဝင်မေးတယ်။

"အဲဒီကျပ်စေ့လေးကို ဘယ်ကရခဲ့တာလဲ"

ထူးကြီးမျက်နှာ ရှုံ့ခွက်သွားတယ်။ ဒေါသတကြီးအမူအယာနဲ့ -

"ဒါ ကျပ်စေ့မဟုတ်ဘူး။ ကျပ်စေ့လို့ မပြောနဲ့။ ဒါ ဂျော့ဘုရင်ရဲ့ ဒင်္ဂါးပြား။ အနည်းဆုံး သိန်းနှစ်ထောင်လောက်တန်တယ်"

လို့ ပြန်ပြောတယ်။ ထက်ငယ်က -

"အေးပါ။ နင်ပြောသလို ဂျော့ဘုရင်ရဲ့ ဒင်္ဂါးပြားပဲ ထားပါ။ အဲဒါကို ဘယ်ကရခဲ့တာလဲ"

ထူးကြီးအဖြေကို အားလုံး ကြားချင်နေပုံပါပဲ။ ထူးကြီးက အေးဆေးစွာပဲ ဖြေတယ်။

"ကြွက်တွင်းထဲက"

"ဟင်. . ."

အားလုံး ပါးစပ်အဟောင်းသား ဖြစ်သွားရပါတယ်။



ရုပ်တွေက အားနာလို့ ရယ်ချင်စိတ်ကို အတင်းချုပ်ထိန်းထားရပုံတွေနဲ့။ ထူးကြီးကတော့ မင်သေသေပဲ။

"ဒီပစ္စည်းဟာ ငါနဲ့ထိုက်လို့ ကြွက်တွေက ငါ့ဆီ သယ်လာပေးတာ။ ဒီပစ္စည်းကို ရောင်းလိုက်ရင် ငါ ချမ်းသာပြီ။ ခုလည်း ချမ်းသာတယ်နော်။ ဒါပေမယ့် ပိုချမ်းသာသွားမှာ"

ယုံကြည်ရာအတွက် ထူးကြီး တတွတ်တွတ် ဆက်ပြောဆိုနေပါတယ်။ သူ့အခြေအနေကို ကျွန်တော် စိုးရိမ်စပြုနေပါပြီ။ တခြားလူတွေကိုလည်း အားနာလာတယ်။ သူတို့အမူအယာတွေက စိတ်ပျက်နေတာကို ဖုံးကွယ်ကာ အောင့်အီးသည်းခံနေရပုံတွေလို့ ခံစားလာရတယ်။ ဒါကြောင့်မို့ စကားဝိုင်းကို အမြန်ဖြတ်ပြီး ဆေးရုံသွားဖို့ဆီ ဦးတည်လိုက်တယ်။ ဒီလိုနဲ့ ဆိုင်ကထကောပေါ့။

လမ်းမှာ ထက်ငယ်ရဲ့ညီမက သူ့အမေအတွက်ဆိုပြီး အကင်တွေ ဝယ်ခဲ့တယ်။ သူတို့လည်း စားမလို့ဖြစ်မှာပေါ့။ တော်တော်များတယ်။ ကျွန်တော့်ကို စားပါဦးလားပြောတော့ ကျွန်တော်က မစားဘူး။ ထူးကြီးကိုကျွေးတော့ စားပစ်လိုက်တာ အားလုံးကုန်သွားတယ်။ ထက်ငယ်ညီမခမျာ မျက်လုံးအပြူးသားနဲ့ အရမ်းထိတ်လန့်အံ့အားသင့်သွားပုံပါပဲ။ ဒါတောင် ထူးကြီးက ပြောသေးတယ်။

"ငါက အရမ်း မာနကြီးတာ။ အရမ်းလည်း ရွှတတ်တာ။ သူများကျွေးတာ စားတာ မဟုတ်ဘူး။ နင်တို့ကိုခင်လွန်းလို့ အဲဒီခင်မင်မှုကို သက်သေပြချင်လို့ စားပြတာ" တဲ့။

ဩော်. . . ကျေးဇူးတောင် တင်ရမလိုပါလားနော်။

ကျွန်တော် စိတ်ကျဉ်းကြပ်နေပြီ။ ထက်ငယ်က ဘာမှ မပြောပေမယ့် သူ့မျက်နှာအမူအယာကြည့်တာနဲ့ သူ စိတ်မကြည်တော့တာ ကျွန်တော် ခံစားမိနေပြီ။ သူ စိတ်ဆိုးမှာ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



အရမ်းကြောက်တာပဲ။ ထက်ငယ်နဲ့ သူ့အစ်ကိုက နောက်ကြောင်းပြန်လှည့်ပြီး အကင်တွေ ထပ်သွားဝယ်တယ်။ ကျွန်တော်ရယ် ထူးကြီးရယ် သဲသဲရယ် ထက်ငယ်ရဲ့ညီမရယ်က အရင်ပြန်လာနှင့်ခဲ့ကြတာပေါ့။

အိမ်အောက်ရောက်တော့ ကျွန်တော်တို့ကို အိမ်ပေါ်တက်ဖို့ မခေါ်ဘူး။ အဲဒါနဲ့ ထက်ငယ်တို့ကိုစောင့်ရင်း ပလက်ဖောင်းပေါ်မှာ ကျွန်တော်တို့ ရပ်နေဖြစ်ကြတယ်။ အဲဒီအချိန် ကြောင်လေးတစ်ကောင် ကျွန်တော်တို့အနား ရောက်လာတယ်။ သဲသဲက -

"ကြောင်လေးက လှလိုက်တာ" လို့ ပြောတယ်။ ထူးကြီးက-

"လိုချင်လို့လား" လို့ မေးတယ်။ သဲသဲက -

"ရမယ်ဆို လိုချင်တာပေါ့" လို့ ပြောတဲ့အခါ ထူးကြီးက-

"ငါ ဖမ်းပေးမယ်"

ဆိုပြီး အဲဒီကြောင်ကို လိုက်ဖမ်းပါတယ်။

ကြောင်ကလည်း လန့်ပြီး ထွက်ပြေးတယ်။

ထူးကြီးကလည်း ဆက်လိုက်တယ်။ ကြောင်က လမ်းမပေါ်မောင်းနေတဲ့ ကားတွေကြား ဖြတ်ပြေးတယ်။ ထူးကြီးကလည်း ကားတွေကြား မကြောက်မလန့် အတင်းလိုက်ဖမ်းတယ်။ ကျွန်တော်အော်တားပေမယ့် မရပါဘူး။ မြင်ကွင်းထဲကနေ ထူးကြီးကောကြောင်ပါ ပျောက်ကွယ်သွားပါတယ်။ ထက်ငယ် ပြန်ရောက်လာတဲ့အခါ -

"နင့်သူငယ်ချင်းက စိတ်မှန်ရဲ့လား" လို့ မေးတယ်။

ကျွန်တော် ဖြေရခက်သွားတယ်။ သူနဲ့သိတာ မကြာသေးဘူးလို့ပဲ ဖြေလိုက်တယ်။ အချိန်အတော်ကြာတဲ့အထိ ထူးကြီး ပြန်ရောက်မလာပါဘူး။ ထက်ငယ်ရဲ့ညီမနဲ့ သူ့အစ်ကိုလည်း စိတ်မရှည်



တော့ပုံနဲ့ အိမ်ပေါ်တက်သွားတယ်။ နာရီဝက်လောက်ကြာမှ ကြောင်ကို ပွေ့ပိုက်ပြီး ချွေးတရွှဲရွှဲနဲ့ ထူးကြီး ပြန်ရောက်လာပါတယ်။ သဲသဲကို အဲဒီကြောင် ပေးတယ်။

"နင်လိုချင်တာကို ငါ ရအောင် ဖမ်းပေးတယ်နော်။ ငါ လိုချင်တာကို တောင်းရင်လည်း နင် မငြင်းရဘူး" တဲ့။

သဲသဲက -

"ငါက စတာပါ။ သူများကြောင် ဘာလို့ ယူရမှာလဲ"

ဆိုပြီး မယူဘူး။ အဲဒီတော့ ထူးကြီး မျက်နှာမကောင်းဘူး။

"နင်လိုချင်တယ်ဆိုလို့ ငါ ကြိုးစားပမ်းစား အသက်နဲ့ရင်းပြီး ဒီကြောင်လေးကို ဖမ်းခဲ့ရတာပါဟာ။ ကြာလို့ စိတ်ဆိုးသွားတာလားဟင်။ ငါ မျက်စိလည်နေလို့ပါဟာ။ ယူနော်"

ဆိုပြီး ခခယယ အတင်းပေးပေမယ့် သဲသဲက မယူဘူး။

သဲသဲလည်း မျက်စိတစ်ဖက်မှိတ် လျှာတစ်လစ်ထုတ်တာတွေ မလုပ်တော့ဘူး။ မျက်နှာမပြောင်ဘဲ ရပ်ငြိမ်သွားတယ်။ ထူးကြီးက ကြောင်ကို အတင်းဆက်ပေးနေတော့ အိမ်ပေါ်ကို သုတ်ခနဲ တက်သွားတယ်။ ထူးကြီးက တက်လိုက်မယ်ပြင်တော့ သူ့ကို ကျွန်တော် ဆွဲထားရပါတယ်။

"သူ လိုချင်တယ်ဆိုလို့ ဒီကြောင်ကို ငါ လိုက်ဖမ်းပေးတာကွာ။ သူ မယူမှတော့ ဒီကြောင် ငါ ဘာလုပ်ရမှာလဲ" ဆိုပြီး ထူးကြီး ဝမ်းနည်းသံကြီးနဲ့ ပြောရင်း ကြောင်ကို ကတ္တရာလမ်းပေါ် တိုင်ပေါက်ပစ်လိုက်ပါတယ်။

ကြောင်ခမျာ 'ညောင်' ခနဲပဲ။

www.burmeseclassic.com

www.burmeseclassic.com

ထက်ငယ်ရဲ့ အစ်ကိုက စကားတည့်စွာ ဆေးရုံကို လိုက်ပို့ပါတယ်။ အဲဒီမှာ ထူးကြီးက အဲဒီအစ်ကိုရဲ့ ပခုံးကိုဖက်ပြီး -

"ယောက်ဖ. . ။ မင်းနှမတွေအကုန် ငါ ကြိုက်တယ်။ ဘော်ဒီတွေ စောက်ရမ်းမိုက်တယ်ကွာ။ သူတို့တွေထဲက မင်း ငါ့ကို ဘယ်သူနဲ့ အောင်သွယ်ပေးမလဲ" လို့ ပြောတယ်။

အဲဒီစကားကြားတော့ နားထင်ကြောတွေ ထောင်တက်လာတဲ့အထိ ကျွန်တော် မျက်နှာပူသွားတယ်။ ထူးကြီးကိုတားတော့ -

"မင်း ကိုယ့်ဘာသာနေစမ်းပါ။ ဒီမှာ အရေးကြီးတဲ့စကား ပြောနေတာ။ လာမရှုပ်နဲ့"

ဆိုပြီး ကျွန်တော့်ကို တွန်းထုတ်တယ်။ ပြီးတော့ -

"အဲဒီကောင်ကို မင်းနှမတွေနဲ့ မပေါင်းစေနဲ့ကွ။ အဲ့ကောင်က သူငယ်ချင်းလိုလိုနဲ့ ကပ်ချောင်းနေတာ။ ဒီကောင်က ဦးနှောက်လည်း သိပ်မှန်တာ မဟုတ်ဘူး" လို့ ပြောတယ်။

သူ့မိဘတွေဟာ အင်မတန်ကြွယ်ဝချမ်းသာကြောင်း၊ သူနဲ့ သာညားရင် ကောင်းစားသွားမှာ ဖြစ်ကြောင်း၊ ဒါကြောင့် တစ်ယောက်ယောက်နဲ့ အောင်သွယ်ပေးဖို့ တတွတ်တွတ် တောင်းဆိုနေပါတယ်။ ဘယ်သူ့ကိုပဲရရ အတည်ယူမှာပါလို့လည်း ပြောတယ်။ ထက်ငယ်ရဲ့ အစ်ကိုက -

"ကိုယ့်ဘာသာ အဆင်ပြေအောင် ကြိုးစားပေါ့"



လို့ ခပ်တည်တည် ခပ်အေးအေးပဲ ပြောတယ်။

ကျွန်တော် မနေသာတော့ဘူး။ သူ့ ခမျာ တော်တော်အနေခက်နေမှာပဲလေ။ လိုက်လည်း ကူညီရသေးတယ်။ ကိုယ့်နှမတွေနဲ့လည်း အောင်သွယ်ခိုင်းနေတယ်ဆိုတော့ တွေးသာကြည့်တော့။

ကျွန်တော်က ထူးကြီးကို -

"ငါ့စကားနားမထောင်ရင် ဆွဲထိုးမှာ"

လို့ မျက်နှာထားတင်းတင်းနဲ့ ပြောပြီး ပါးစပ်ပိတ်ခိုင်းထားလိုက်တယ်။ ထူးကြီး ပါးစပ်ပိတ်သွားပေမယ့် ကျွန်တော့်ကို မကြည်ကြည့် ပြန်ကြည့်တယ်။ အဲဒီအစ်ကိုကိုလည်း ကျွန်တော် အနူးအညွတ် တောင်းပန်လိုက်ပါတယ်။

"ရပါတယ်။ နားလည်ပါတယ်"

လို့ ခပ်အေးအေးပဲ ပြန်ပြောတယ်။ တော်တော် သည်းခံနိုင်တဲ့လူပါပဲ။ တခြားသူသာဆို မလွယ်ဘူး။ စုံစမ်းမေးမြန်းပြီး လူနာဆောင်ရောက်တဲ့အထိ လိုက်ပို့ပြီးတဲ့အခါ ထိုအစ်ကို ပြန်သွားပါတယ်။ အဲဒီမှာ ရှော့ခ်ဖြစ်ပြီ။ ကျွန်တော်တို့ကိုတွေ့တာနဲ့ ထူးကြီးအဖေဟာ မျက်နှာထားတင်းတင်းနဲ့ -

"မင်းတို့ ဘာလာလုပ်ကြတာလဲ" လို့ မေးတယ်။

ကျွန်တော် အူကြောင်ကြောင် ဖြစ်သွားတယ်။ ထူးကြီးတို့ကြည့်တော့ မျက်လွှာလေးချပြီး ဈာန်သမာပတ် ဝင်စားနေတဲ့ ပုဂ္ဂိုလ်သဖွယ် ငြိမ်သက်နေတယ်။ အဲဒါနဲ့ ကျွန်တော်ကပဲ လေးလေးစား ကျွန်တော့်ကိုခေါ်ပြီး လိုက်ခဲ့ပါဆိုလို့ လိုက်ပို့ရတာဖြစ်ကြောင်း ရှင်းပြလိုက်တယ်။ အဲဒီအခါ ထူးကြီးအဖေဟာ -

"ဘာကိစ္စ ငါက မင်းတို့ကိုခေါ်ရမှာလဲ။ မင်းတို့ ခုချက်ချင်း ပြန်ကြ"

www.burmeseclassic.com

www.burmeseclassic.com



လို့ လေသံမာမာနဲ့ ပြောပါတယ်။ 'တင်ထူးအောင် မင်း တော့လားကွာ' ဆိုပြီး ထူးကြီးကို လက်နဲ့ရွယ်တယ်။ ထူးကြီးဟာ သွက်တယ်။ သုတ်ခနဲပဲ လူနာတင်ကုတင်ပေါ်က သူ့အဘွားဆီ ပြေးသွားပြီး-

"သားက အဘွားကို စိတ်ပူလို့ လိုက်လာတာ။ အဖေက သားကို ဆူနေတယ်။ ကြည့်ပြောပါဦး အဘွားရယ်" လို့ တိုင်တယ်။ သူ့အဘွားခမျာ အသက်တောင် အနိုင်နိုင် ရှူနေရပုံနဲ့ -

"ကလေးကို မဆူပါနဲ့ကွယ်" လို့ တိုးယဲ့ယဲ့ပဲ ပြောနိုင်တယ်။

ထူးကြီးက သူ့အဘွားကိုဖက်ပြီး -

"သားမှာ သုံးစရာပိုက်ဆံ မရှိတော့ဘူး။ အဘွား သားကို မုန့်ဖိုးပေးဦး" လို့ တောင်းတယ်။ သူ့အဘွားက -

"ခု အဘွားမှာ ပိုက်ဆံ ဘယ်ရှိပါ့မလဲ သားရယ်"

ဆိုပြီး ထူးကြီးခေါင်းကို လက်ကလေးနဲ့ ပွတ်ကာပွတ်ကာနဲ့ တိုးယဲ့ယဲ့ ပြောတယ်။

"အဖေက မလိမ္မာဘူး။ အမွေတွေအားလုံး သားကိုပဲ ပေးခဲ့နော် အဘွား"

ထူးကြီးဟာ လူမမာကို အမွေတောင်းနေပါတယ်။ ထူးကြီး အဖေက -

"တင်ထူးအောင် မင်း ဒီအထိလိုက်လာပြီး လူမမာကို ဒုက္ခပေးနေတယ်" ဆိုပြီး ထူးကြီးကို လူနာဆောင်ထဲက အတင်း ဆွဲခေါ်ထုတ်သွားတယ်။ သူ့အဘွားခမျာ ကုတင်ပေါ်ကနေ ဆေးပိုက်တန်းလန်းနဲ့ လက်ကားယား ခြေကားယား အော်တားနေတာပေါ့။ ကျွန်တော်လည်း လူနာဆောင်ထဲမှာ မနေရဲတော့ဘဲ အခန်း အပြင်ဘက် ကုပ်ကုပ်ကလေး ထွက်လိုက်လာခဲ့တယ်။



"ဒီကောင့်ကို ဒီအထိရောက်အောင် မင်းခေါ်လာတာ။ အိမ်ပြန်ရောက်အောင် မင်းပဲ ပို့ရမယ်" လို့ ထူးကြီးအဖေက ကျွန်တော့်ကို ခပ်ထန်ထန်ပြောပါတယ်။ ကျွန်တော်က သူလိုက်ဖို့ ခိုင်းလို့ လိုက်ပို့ရတာဖြစ်ကြောင်း၊ ပြန်ဖို့ လမ်းစရိတ်မရှိကြောင်း သေချာလိတ်ပတ်လည်အောင် ရှင်းပြတယ်။ ဒါပေမယ့် မရဘူး။

"ဒီအထိရောက်အောင်တောင် မင်း ခေါ်လာနိုင်သေးတာပဲ။ အိမ်ပြန်ရောက်တဲ့အထိလည်း မင်းဘာသာ တာဝန်ယူ"

လို့ ပြောတယ်။ ထူးကြီးကလည်း သူဖိနပ်ပေါက်လို့ ဖိနပ်အသစ် အကောင်းစား ဝယ်စီးချင်ကြောင်း၊ စားဖို့ သောက်ဖို့ ပြန်ဖို့ စရိတ်မရှိကြောင်း ပြောပြီး ပိုက်ဆံတောင်းပေမယ့် သူ့အဖေက လုံးဝမပေးပါဘူး။ မျက်နှာထားတင်းတင်းနဲ့ပဲ ကျွန်တော်တို့ကို 'သွားတော့' ဆိုပြီး နှင်လွှတ်တယ်။

"မသွားရင် မင်းတို့ကို လူနာနှောင့်ယှက်မှုနဲ့ ဆေးရုံဝန်ထမ်းတွေကိုခေါ်ပြီး ဖမ်းခိုင်းလိုက်မှာနော်"

လို့ပြောတာကြောင့် ကျွန်တော်တို့ ကြောက်ကြောက်လန့်လန့်နဲ့ ဆေးရုံဝင်းထဲက ထွက်လာခဲ့ကြပါတယ်။

ဘယ်သွားရမယ် မသိဘူး။ ဘယ်မှာ ညအိပ်ရမယ် မသိဘူး။ ပိုက်ဆံကလည်း ပေါပေါသီသီ မရှိဘူး။ အချိန်ကလည်း ညဘက်ကြီး။ ထက်ငယ်တို့ အိမ်ကိုလည်း ပြန်မသွားရဲဘူး။ ရန်ကုန်မှာရှိတဲ့အစ်ကိုဝမ်းကွဲတစ်ယောက်ကလည်း လှိုင်သာယာမှာနေတယ်ဆိုတာပဲ သိတာ။ တစ်ခါမှမရောက်ဖူးသလို သွားလည်းမသွားတတ်ဘူး။ ဘာမှမစားရသေးတဲ့ကျွန်တော် ဗိုက်လည်းအရမ်းဆာနေပါပြီ။ တစ်နေကုန် စိတ်မောလူမောနဲ့မို့ အရမ်းလည်း အနားယူချင်နေပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



ထူးကြီးအဖေရဲ့ ဆက်ဆံရေးကိုလည်း အောင့်သက်သက်နဲ့ နားလည်ရ ခက်နေတယ်။ ပဲလှော်ကြားညပ်နေတဲ့ ဆားလေးတစ်ပွင့်လိုပဲ ကိုယ့်ကိုယ်ကို မြင်မိတယ်။ ရှေ့ခရီးကိုကြိုတွေးပြီး ဝမ်းပိုက်ကိုဖြည့်ထားဖို့ အရေးကြီးကြောင်း သုံးသပ်မိတယ်။ ဒါကြောင့် ရှိတဲ့ ပိုက်ဆံလေးနဲ့ ချင့်ချိန်ပြီး ဆေးရုံနဲ့ မျက်နှာချင်းဆိုင်က လမ်းဘေးဆိုင်လေးမှာ မုန့်ဖတ်သုတ်တစ်ပွဲ ဝယ်စားတယ်။

ထူးကြီးကို စားပါဦးလားပြောတော့ 'ငါက ဒါမျိုးတွေ မစားဘူး' လို့ပြောတယ်။ အဲဒီအချိန်က အဲဒီစကားကြောင့် ကျွန်တော် တော်တော်စိတ်တိုပါတယ်။ ဒါပေမယ့် ဘာမှပြန်မပြောခဲ့ဘူး။

စားပြီးတဲ့အခါ ကျွန်တော် စဉ်းစားတယ်။ နောက်ဆုံး ကူကယ်ရာအဖြစ် ဘုန်းကြီးကျောင်းကို သွားသတိရလိုက်ပါတယ်။ ကျွန်တော် အသက် ဆယ့်နှစ်နှစ်အရွယ်က အဖေါ်နဲ့ ရောက်ခဲ့ဖူးတဲ့ ရန်ကုန်က ဘုန်းကြီးကျောင်းတစ်ကျောင်းအမည် ခေါင်းထဲ ရောက်လာတယ်။ ဒါနဲ့ အသုတ်ရောင်းတဲ့အဒေါ်ကြီးကို မေးလိုက်တယ်။

"အန်တီ. . . သရက်တောဘုန်းကြီးကျောင်းကို ဘယ်လိုသွားရလဲဟင်"

"မင်းရှေ့မှာလေ"

"ဗျာ"

ကျွန်တော် မရှင်းလို့ ထပ်မေးတော့ အသုတ်ဆိုင်က အဒေါ်ကြီးက သေချာပြောပြပါတယ်။ ရန်ကုန်ဆေးရုံကြီးနဲ့ သရက်တောကျောင်းတိုက်ဝင်းကြီးဟာ ကြားမှာ လမ်းမတစ်ခုပဲခြားတယ်ဆိုတာ အဲဒီတော့မှ ကျွန်တော် သိလိုက်တာပါ။ ထူးကြီးက နှုတ်ခမ်းကိုကိုက်ပြီး ခေါင်းတခါခါနဲ့ -



"မင်းကွာ ရှက်ဖို့ကောင်းလိုက်တာ။ ဘာတွေလျှောက်မေးနေတာလဲ" လို့ ပြောတယ်။ အသုတ်ဆိုင်ကအဒေါ်ကြီးကိုလည်း -

"အန်တီ ကန်တော့နော်။ သူ နေမကောင်းလို့ပါ။ ဆေးမသောက်ရသေးလို့ပါ" ဆိုပြီး ကျွန်တော့်ပခုံးကို နှစ်သိမ့်သလို ဖွဖွပုတ်ပြီး လက်တစ်ဖက်နဲ့ အတင်းဆွဲခေါ်လာခဲ့တယ်။ ကြောင်ငမ်းငမ်းနဲ့ ကျွန်တော် ပါလာတယ်။

"မင်းက ဘာကိုရှက်တာလဲ"

"ကိုယ့်ရှေ့ကဟာကြီးကိုတောင် မသိဘူးကွာ။ အရမ်းရှက်ဖို့ ကောင်းတာပဲ။ မင်းကို အထင်ကြီးပြီး ခေါ်လာမိတာ ငါမှားတာ" တဲ့။

နှုတ်ခမ်းကို တစောင်းကိုက်ပြီး သူက ရှက်တတ်နေသေးတယ်။ အောင့်သက်သက်နဲ့ ကျွန်တော် ငြိမ်ခံနေရတာပဲ။

"မင်းက ဘာလို့ ဘုန်းကြီးကျောင်းတွေ လျှောက်မေးနေတာလဲ"

"ငါတို့ ညအိပ်ဖို့လေ"

"ဟာ မအိပ်ဘူး။ ငါက ဟိုတယ်မှာပဲ အိပ်မှာ။ ငါက သန့်သန့်ရှင်းရှင်း သပ်သပ်ရပ်ရပ် စမတ်ကျကျပဲ အိပ်တတ်တယ်"

လို့ ထူးကြီးက ပြောတယ်။

ကျွန်တော် သူ့ကို ပိုက်ဆံမရှိကြောင်းနဲ့ အခြေအနေအရပ်ရပ်ကို အကြိမ်ကြိမ်အဖန်ဖန်ပြောပြီး ဘုန်းကြီးကျောင်းဝင်းထဲ ချော့ခေါ်ခဲ့ရပါတယ်။ သူ့ဖိနပ်ကိုလည်း ကောက်သယ်ပေးရတယ် ပေါ့ဗျာ။

www.burmeseclassic.com

www.burmeseclassic.com

ညမှောင်မှောင်. . .  ခွေးတွေကဟောင်လို့ပေါ့. . .။

ဘုန်းကြီးကျောင်းဆောင်တွေ အများကြီးရှိတဲ့ သရက်တောကျောင်းတိုက်ဝင်းကြီးထဲမှာ ကိုယ်သွားချင်တဲ့ကျောင်းတိုက်ရောက်ဖို့ တလည်လည်နဲ့ အတော်ကြာခဲ့ပါတယ်။ ခွေးအူသံတွေကြားရင် သူ ကြောက်တယ်လို့ ထူးကြီးက ပြောတယ်။ သိုင်းသမားပဲကွာ မကြောက်ပါနဲ့လို့ သူ့ကို ကျွန်တော် နှစ်သိမ့်ဖြစ်တယ်။ အဲဒီတော့ သိုင်းသမားလည်း ကြောက်တာပဲကွတဲ့။

"ခွေး မကိုက်အောင် မင်းနဲ့ငါ လက်သန်းချင်း ချိတ်သွားရအောင်" လို့ ထူးကြီးကပြောတယ်။

"လက်သန်းချင်းချိတ်တာက ခွေးတွေအီးပါနေတဲ့အချိန် ချေးကျစ်အောင်လုပ်တာ မဟုတ်လားကွ" လို့ ကျွန်တော်ပြောတော့ -

"ချေးကျစ်နေရင်လည်း ကိုက်မှာမဟုတ်ပါဘူးကွာ"

ဆိုပြီး ကျွန်တော့်လက်သန်းကို သူ့လက်သန်းနဲ့ အတင်းလာချိတ်တယ်။ အဲဒီလို လက်သန်းချင်း ခပ်တင်းတင်းချိတ်လျက်ပဲ ခရီးဆက်ခဲ့ကြတယ်ပေါ့။ ပြန်တွေးရင်း ရင်ထဲမှာ တအုံနွေးနွေးတော့ ဖြစ်တယ်။

ကိုယ်လိုရာ ဘုန်းကြီးကျောင်းရောက်တော့ ဆရာတော်ကို ဆေးရုံကြီးမှာ ဆေးပြနေတဲ့လူမမာနောက်လိုက်လာရင်း ညအိပ်ဖို့ အခက်အခဲရှိတာကြောင့်လို့ လျှောက်ပြီး တည်းခိုခွင့်ပန်တယ်။



ဆရာတော်ကလည်း ကြည်ကြည်ဖြူဖြူပဲ ခွင့်ပြုပါတယ်။ ကျောင်းဆောင်အပေါ်ထပ်မှာ အိပ်ခိုင်းပြီး ခြင်ထောင်တစ်လုံးနဲ့ ခေါင်းအုံးနှစ်လုံး ပေးတယ်။ ကျောင်းမှာ အခြားတည်းခိုသူတွေလည်း များတာမို့ ကျွန်တော်တို့ဟာ ဝရန်တာမှာ နေရာရပါတယ်။

ကျွန်တော် ရေချိုးမယ်လုပ်တော့ ထူးကြီးက ရေမချိုးဘူး။ ချိုးခိုင်းတော့လည်း သူက သန့်ပြီးသားတဲ့။ တစ်နေကုန်လည်း သွားလာ ပင်ပန်းထားတာ၊ ခြင်ထောင်တစ်လုံးထဲမှာလည်း အတူအိပ်ရမှာမို့ 'သဲသဲတို့က အရမ်းအသန့်အပြန့်ကြိုက်တာ' လို့ ကျွန်တော်ပြောလိုက်မှ သူ ရေချိုးတယ်။ ဝရန်တာကမီးလင်းနေတော့ အဝတ်လဲတော့တောင် သူက ရှက်နေသေးတယ်။

ကျွန်တော်တို့ ရေချိုးပြီးတော့ အားလုံး အိပ်နေကြပြီ။ ထူးကြီးက ဗိုက်ဆာတယ်ဆိုပြီး လမ်းမှာ ကားနားတုန်းက သူ ဝယ်လာတဲ့ ငှက်ကြော်တွေ ထုတ်စားတယ်။ အဲဒီတော့မှ ကျွန်တော်လည်း ငှက်ကြော်ကို သတိရပြီး သူ့ဆီက တောင်းစားပါတယ်။ နှစ်ယောက်သား ငှက်ကြော်စားရင်း စကားပြောဖြစ်ကြတယ်။ ဗိုက်ဆံကိစ္စ ဘယ်လိုလုပ်မလဲပေါ့။

ထူးကြီးက သူ့ရွှေဘူးလေးကို ဂလောက်ဂလောက်နဲ့ လှုပ်ပြီး မနက်ဖြန်ကျရင် ဒါသွားရောင်းမယ်ပဲ ပြောနေတယ်။ ကျွန်တော်က သူ့အဖေဆီက ပိုက်ဆံရအောင် တောင်းဖို့ပြောတော့ သူ မတောင်းရဲဘူးတဲ့။ ကျွန်တော်ကို ညာခေါ်လာရပ်မလား အပြစ်တင်တော့ သူ့ရုပ်က စပ်ဖြီးဖြီးနဲ့။

"မင်းမှာ ဘောလ်ပင်နဲ့ စာရွက်ပါလား"

မေးပြီးတောင်းတော့ ကျွန်တော် ထုတ်ပေးလိုက်တယ်။ အဲဒီတုန်းက ကျွန်တော် ခရီးထွက်ရင် ထူးခြားတာလေးတွေ ရေး

www.burmeseclassic.com

www.burmeseclassic.com



မှတ်လေ့ရှိတာမို့ ဗလာစာအုပ်နဲ့ ဘောလ်ပင် အမြဲ ပါတယ်။ ထူးကြီးဟာ စာအုပ်နဲ့ ဘောလ်ပင်ရတာနဲ့ ကျိန်းနေတဲ့ဦးဇင်းတစ်ပါးကို သွားနှိုးပြီး ခေါ်လာတယ်။ ဦးဇင်းခမျာ အိပ်ချင်မူးတူးပုံနဲ့။ လက်ထဲမှာ စားပွဲတင်နာရီလေးကိုကိုင်ပြီး လိုက်လာပါတယ်။ နာရီကဘာလုပ်ဖို့လဲမေးတော့ ထူးကြီး ယူလာခိုင်းတာလို့ပြောတယ်။

ထူးကြီးက သူ့လက်ကနာရီနဲ့ ဦးဇင်းလက်ထဲက စားပွဲတင်နာရီကို အချိန်တူအောင် မရမကတိုက်တယ်။ ပြီးတဲ့အခါ -

"ဦးဇင်းလည်းကြည့်။ မင်းလည်းကြည့်နော်"

ဆိုပြီး တကုတ်ကုတ်နဲ့ နောက်ကကျားလိုက်လာတဲ့အတိုင်း ကရောသောပါး စာရေးပါတယ်။ နှုတ်ကလည်း 'နာရီကိုကြည့်ထားကြ။ နာရီကိုကြည့်ထားကြ' လို့ တတွတ်တွတ်ပြောတယ်။ သူ ဘာကို ရည်ရွယ်နေတယ်ဆိုတာ ကျွန်တော် မသိဘူး။ မေးတော့လည်း ပြန်မဖြေဘဲ စာပဲငုံ့ရေးနေတယ်။ ဦးဇင်းကလည်း ဇဝေဇဝါနဲ့ တစ်ခုခု ထူးခြားတော့မယ်ဆိုတာကို မျှော်လင့်နေတဲ့ပုံနဲ့ ထူးကြီး စာရေးတာကိုကြည့်လိုက် လက်ထဲမှာကိုင်ထားတဲ့ စားပွဲတင်နာရီလေးကိုကြည့်လိုက်နဲ့။

ခဏကြာတော့ ထူးကြီးက 'ပြီးပြီ' ဆိုပြီး ကုန်းကုန်းကြီး စာရေးနေရာကနေ ခန္ဓာကိုယ်ကို မတ်လိုက်တယ်။ သူ့ လက်ကနာရီကို ကြည့်တယ်။ ဦးဇင်းလက်ထဲက စားပွဲတင်နာရီလေးကိုလည်း ကြည့်တယ်။ ကျွန်တော်ကော ဦးဇင်းကော ထူးကြီးကို ငေးနေရတာပေ့ါ။ ထူးကြီးက သူ့လက်ထဲကစာရွက်နဲ့ ဘောလ်ပင်ကို ကျွန်တော့်ထံ ကမ်းပေးပြီး -

"ဒီစာကို တစ်မိနစ် ဆယ့်ငါးစက္ကန့်နဲ့ အပြီးရေးတယ်ဆိုတာ သက်သေအနေနဲ့ လက်မှတ်ထိုးပေးပါ" တဲ့။



ဟိုက်ခနဲ ကျွန်တော်လည်ထွက်သွားတယ်။ ဦးဇင်းလည်း ကြောင်သွားပုံပဲ။ ဦးပြည်းစိမ်းစိမ်းလေးကို ပွတ်ကာပွတ်ကာနဲ့။

ဖတ်ကြည့်လိုက်တော့ သူ့စာက ရည်းစားစာကြီး။ မြင်မြင်ချင်း ချစ်တယ် ကြိုက်တယ်ဆိုတာကို မင်းနဲ့တွေ့မှ ကိုယ် ခံစားတတ်သွားတဲ့အကြောင်း၊ ကိုယ့်မိဘတွေဟာ အင်မတန်ကြွယ်ဝချမ်းသာတာမို့ ကိုယ့်ကိုလက်ထပ်ရင် မင်းဘဝ ကောင်းစားသွားမယ့်အကြောင်း၊ မိန်းကလေးတွေ ဝိုင်းဝိုင်းလည်နေတဲ့ကြားက မင်းရဲ့ အချစ်ပန်းကလေးကိုမှ ပန်ဆင်ချင်တာမို့ မင်းဟာ အင်မတန် ကံထူးသူဖြစ်လို့ ဂုဏ်ယူသင့်ကြောင်း၊ နယ်ပြန်ရင် တစ်ခါတည်း လိုက်ခဲ့ဖို့နဲ့ ဟိုရောက်ရင် ခမ်းနားကြီးကျယ်တဲ့ မင်္ဂလာပွဲကြီး ကျင်းပကြမယ့်အကြောင်း၊ ကလေးမွေးရင် နှစ်ယောက်စလုံး နာမည်ပါအောင် အမည်ပေးမယ့်အကြောင်းတွေ ရေးထားတာပါ။ ဗလာစာရွက်တစ်ရွက်အပြည့်ကို တစ်မိနစ် ဆယ့်ငါးစက္ကန့် အတွင်း ဖျက်ရာပြင်ရာမရှိ ရေးနိုင်တာတော့ တကယ်ချီးကျူးစရာပါပဲ။

စားပွဲတင်နာရီလေးကိုကိုင်လျက်သား စာကိုဖတ်ကြည့်ပြီးတဲ့အခါ ဦးဇင်းလည်း ဦးပြည်းစိမ်းစိမ်းလေးကို ပွတ်ကာ ပွတ်ကာနဲ့ သက်ပြင်းချပြီး မယောင်မလည် ထွက်သွားဖို့ ပြင်တယ်။

ထူးကြီးက လျှင်တယ်။ ဦးဇင်းလက်ကို ဖမ်းဆွဲပြီး -

"ဦးဇင်း သွားလို့မရသေးဘူး။ ဦးဇင်းက ဒီကောင့်ရဲ့ လက်မှတ်ဟာ မှန်ကန်ကြောင်း ထောက်ခံတဲ့လက်မှတ် ထိုးပေးရဦးမှာပါ။ တပည့်တော်တို့က သူငယ်ချင်းအချင်းချင်းဆိုတော့ နှစ်ယောက်ပေါင်းလုပ်တယ်ထင်ပြီး မယုံမှာစိုးလို့ပါဘုရား" ဆိုပြီး လျှောက်တယ်။

ဦးလေးတဖျဖျနဲ့ ရိုရိုကျိုးကျိုးပါပဲ။ ဦးဇင်းခမျာ ဦးပြည်းစိမ်းစိမ်းလေးကိုပဲ ပွတ်ကာပွတ်ကာနဲ့။ ဂရုဏာသက်စရာပါ။

www.burmeseclassic.com



ကျွန်တော်လည်း ဦးဇင်းကို အားနာတာနဲ့ အမြန်လက်မှတ်ထိုးပေးမယ်လုပ်တော့ -

“ဒီအတိုင်းမရဘူး။ နောက်ကျောဘက်မှာ ငါ ခေါ်ပေးသလိုရေးပြီး လက်မှတ်ထိုးရမယ်” လို့ ပြောတယ်။

သူ ခေါ်ပေးတာက -

“ဒီစာပါ အချက်အလက်အားလုံးသည် မှန်ကန်ပါကြောင်းနှင့် ဒီစာကို ကိုတင်ထူးအောင်သည် တစ်မိနစ် ဆယ့်ငါးစက္ကန့်အတွင်း အပြီးရေးသားခဲ့ပါသည်”

ဆိုပြီး အောက်ကနေ အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာအပြည့်အစုံ ရေးပြီးမှ လက်မှတ်ထိုးရတာ။ ဦးဇင်းကျတော့-

“အထက်ပါ အချက်အလက်အားလုံး မှန်ကန်ကြောင်း မျက်မြင်သက်သေအဖြစ် ဦးဇင်း ထောက်ခံပါသည်။ ယုံမှားသံသယရှိပါက ဦးဇင်းထံ ဆက်သွယ်စုံစမ်းနိုင်ပါသည်”

ဆိုပြီး ဘွဲ့အမည်၊ သီတင်းသုံးတဲ့ ကျောင်းတိုက် လိပ်စာပြည့်စုံစွာ ရေးပြီးမှ လက်မှတ်ထိုးရတာ။ ဦးဇင်းက လက်မှတ်ဘယ်ထိုးချင်မလဲ။ ပထမတော့ ငြင်းတာပေါ့။ ဒါပေမယ့် ထူးကြီးက သူတို့မင်္ဂလာဆောင်ရင် မင်္ဂလာဦးဆွမ်းအဖြစ် ဦးဇင်းကို ကပ်လှူမယ့် အကြောင်း၊ ကျောင်းဆောင်တစ်ဆောင်လည်း ဆောက်လုပ်လှူဒါန်းမယ့်အကြောင်းတွေပြောပြီး မရမက နားပူနားဆာလုပ်တာမို့ အိပ်ချင်နေပုံရတဲ့ဦးဇင်းလည်း ပြီးရင်အေးရော့သဘောနဲ့ လက်မှတ်ထိုးပေးလိုက်ရပါတယ်။

ထူးကြီးဆိုတာ အဲဒီလို လူစားပါ။

ဦးဇင်းထွက်သွားတော့ ဘုန်းကြီးကျောင်းကပါ နှင်ထုတ်ခံနေရမယ်၊ အဲ့လိုတွေ မလုပ်ဖို့ ပြောရင်း -



“ဒီစာက ဘယ်သူ့ကိုပေးမလို့လဲ” မေးတော့ -

“အဲ့ဒါ မင်းနဲ့ငါ ညှိရဦးမယ်” လို့ ပြောတယ်။

သူကတော့ ထက်ငယ်ကိုကော ထက်ငယ်ရဲ့ညီမကိုကော သဲသဲကိုကော ကြိုက်ကြောင်း၊ ကောင်မလေးသုံးယောက်စလုံးကလည်း သူ့ကို ကြိတ်ကြိုက်နေတာ သူ ရိပ်မိကြောင်း၊ ဘယ်သူ့ကိုပဲ သူဖွင့်ပြောပြော သူ့ကိုကျိန်းသေပြန်ကြိုက်မှာဖြစ်ကြောင်း၊ သုံးယောက်စလုံးကိုယူရင်တော့ သူ့အနေနဲ့ အင်မတန်ပင်ပန်းမှာမို့ မတတ်နိုင်ကြောင်း၊ သုံးယောက်သား တစ်နေ့တစ်နေ့ သူ့ကို လုယက်နေတာနဲ့ပဲ ပူညံပူညံတွေဖြစ်နေမှာကို ကြိုမြင်လို့ စိတ်ရှုပ်မခံချင်ကြောင်း၊ ဒါကြောင့်သူဟာ စိတ်သဘောထားကောင်းသူမို့ ဇီဇီယိုထဲမှာ မင်းသားတွေ အနစ်နာခံသလို သူငယ်ချင်းအပေါ် အနစ်နာခံပြီး ကျွန်တော်ကြိုက်တဲ့သူကိုပဲ ဒီစာပေးမယ့်အကြောင်း ပြောပါတယ်။

ကျွန်တော်က အကုန်လုံးနဲ့ မျက်နှာပျက်ရမှာမို့ ဘယ်သူ့ကိုမှ မပေးဖို့ ပြောတယ်။ အဲဒီစာကိုလည်း ဖြဲပစ်မယ်ဆိုပြီး လုတယ်။ ဒါပေမယ့် မရဘူး။ ဘုန်းကြီးကျောင်းမှာလည်းဖြစ်၊ ညဘက်လည်းဖြစ်တော့ ထင်တိုင်းကဲဖို့ မစွမ်းသာဘူးပေါ့။

သူက တစ်ယောက်ယောက်ကိုတော့ ဒီစာပေးမယ်ပဲ ပြောနေတော့ -

“ထက်ငယ်ကိုတော့ မထိနဲ့”

လို့ ကျွန်တော် ပြောလိုက်တယ်။

အဲဒီအခါ ထူးကြီးဟာ ပြုံးပြုံးကြီးနဲ့ -

“မင်း သူ့ကိုကြိုက်နေတာ ငါ သိပါတယ်ကွာ” တဲ့။

“မင်းကို ညှာတာတဲ့အနေနဲ့ ငါ လက်ရှောင်ပေးပါမယ်”

ဦး

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆို ရွေးချယ်စရာ နှစ်ယောက်ပဲ ကျန်တော့တယ်။ ထက်ငယ်တို့က အမြွှာ ရုပ်ချင်းတူလွန်းအားကြီးတယ်။ မင်းကလည်း မျက်လုံးကောင်းတာ မဟုတ်ဘူး။ အကယ်၍များ ငါတို့ညားခဲ့ရင် တစ်အိမ်တည်းမှာ အတူစုနေရမယ်ဆို မင်းလူမှားရင် ငါ့အတွက်က အန္တရာယ်ပဲ။ မင်းက မျက်လုံးမကောင်းတာလေးဗန်းပြပြီး လူမှား သွားလို့ပါဆိုပြီး အကြောင်းရှိက်ရင်လည်း ငါပဲ ခံရမယ်။ အဲဒီတော့ သဲသဲကိုပဲ ငါ ရွေးတော့မယ်" လို့ ပြောပါတယ်။

အဲဒီည သူ အိပ်ပျော်ချိန်စောင့်ပြီး သူ့ဘောင်းဘီအိတ် ထဲက စာကို နှိုက်ယူဖို့ ကျွန်တော် ကြိုးစားတယ်။ ဒါပေမယ့် မအောင်မြင်ဘူး။ ကျွန်တော်နှိုက်လိုက်တိုင်း သူ နိုးတာပဲ။

"ငါက မင်းကို သိုင်းပညာသင်ပေးထားတဲ့ မင်းဆရာပါကွ မင်းအကြံတွေအားလုံးကို ငါ ကြိုသိပြီးသားပါ" တဲ့။

ခံနေရတာပဲ။

မနက်ကျ ထူးကြီးက ကျွန်တော့်ထက် စောစောနိုးတယ်။ ကျွန်တော်နိုးလာတော့ သူက နံနက်စာ စားပြီးနေပြီ။

"မင်း ဘယ်လိုစားလဲ" မေးတော့ ဘုန်းကြီးတွေ အရှက်ဆွမ်း စားနေတဲ့နေရာ ဘေးနား သွားထိုင်ပြီး -

"အရှင်ဘုရားတို့ပဲ စားနေတယ်။ တပည့်တော်လည်း စားချင်တာပေါ့။ ဗိုက်ဆာနေပြီ" လို့ သွားပြောသတဲ့။

အဲဒါနဲ့ ဘုန်းကြီးတွေက သူ့ကို ကျွေးလိုက်တယ် ဆိုပဲ။ စိုပြေချက်။

ကျွန်တော် သွားတိုက်မျက်နှာသစ်ပြီးတော့ သူက ဦးဇင်း တစ်ပါးနဲ့ စကားကောင်းနေတာ။ ညက ဦးဇင်း မဟုတ်ဘူး။ သပ်သပ်တစ်ပါး။ ခုဦးဇင်းက ဗိုထိုးတယ်။ အင်္ဂရတ်လိုင်း။ အခေါ်နဲ့ တစ်ခေါက်လာတည်းက ကျွန်တော် သတိထားမိတယ်။ ဗိုကလည်း ကျောင်းဝင်းထဲမှာပဲ။ ထူးကြီးက အဲဒီဦးဇင်းကို သူ့ရဲ့ကျော့ဘုရင် ဒင်္ဂါးပြား သွားပြနေတာ။ သူ ဘယ်လောက်ညွှန်းလိုက်သလဲ မသိဘူး။ ဟိုဦးဇင်းကလည်း စိတ်ပါဝင်စားစွာ စိတ်အားထက်သန်စွာနဲ့ အာဝဇ္ဇန်းရွှင်ရွှင် စကားကောင်းနေကြတယ်။

ကျွန်တော်လည်း သူတို့နားကထွက်လာပြီး ကျောင်းထိုင် ဆရာတော်နဲ့ စကားပြောနေဖြစ်တယ်။ ခဏကြာတော့ ထူးကြီး မျက်နှာမသာမယာနဲ့ ကျွန်တော့်အနား ရောက်လာတယ်။ သူ့

www.burmeseclassic.com

www.burmeseclassic.com



ရွှေဘူးလေးကိုလည်း လက်ထဲမှာ ကျစ်ကျစ်ပါအောင် ဆုပ်ထားတယ်။ ပါးစပ်က ပွစိပွစိဖြစ်နေလို့ ကျွန်တော် မေးတော့ -

"ဟိုဦးဇင်းပေါ့ ငါ့ဟာကို စွမ်း မစွမ်းသိရအောင် သူ့လုံအိုးထဲထည့်ပြီး ဖိုထိုးကြည့်မလို့တဲ့ကွာ။ ဂျော့ဘုရင်ရဲ့ ဒင်္ဂါးပြား အဲ့လိုလုပ်လို့ ဖြစ်မလား။ အနည်းဆုံး သိန်းနှစ်ထောင်လောက် တန်တာ။ မတော် ပျက်စီးသွား ဘယ်လိုလုပ်မလဲ။ သူလည်း လျော်နိုင်မှာမဟုတ်ပဲနဲ့"

လို့ စူပုတ်ပုတ်နဲ့ ပြောနေတယ်။ အဲဒီအချိန် ဟိုဦးဇင်းကလည်း နောက်ကလိုက်လာတယ်။

"ဒကာလေး ခဏ စမ်းကြည့်ချင်လို့ပါ" တဲ့။

ထူးကြီး ဘာမှပြန်မပြောဘူး။ သုတ်ခနဲပဲ ကျောင်းဆောင်အပေါ်ထပ် တက်သွားတယ်။ ခဏကြာတော့ ကိုရင်လေးတစ်ပါးက 'အပေါ်ထပ်က ဒကာကြီး ခေါ်ခိုင်းလို့' ဆိုပြီး ကျွန်တော့်ကို လာခေါ်တယ်။ ကျွန်တော် အပေါ်ထပ်ရောက်တော့ ထူးကြီးက -

"ငါတို့ ဒီကပြောင်းမှဖြစ်မယ်။ ဟိုဦးဇင်းက ဂျော့ဘုရင်ရဲ့ ဒင်္ဂါးပြားဟာ အဖိုးတန်မှန်းသိလို့ လိုချင်နေပြီ။ ငါတို့အတွက် အန္တရာယ် ရှိတယ်။ ငါတို့ တိမ်းရှောင်မှဖြစ်မယ်" လို့ ပြောတယ်။

ကျွန်တော်လည်း ဗိုက်ဆာတာနဲ့ သူ့ကိုခေါ်ပြီး အပြင်ထွက်လာခဲ့တယ်။ သူက အထုပ်အပိုးတွေ တစ်ခါတည်းယူခဲ့ဖို့ ပြောတာ ကျွန်တော်က မယူဘူး။ သူ့ကျောပိုးအိတ်ကိုလည်း မယူခိုင်းဘူး။ မတော် ကိုယ်ပဲ သယ်နေရမှာကိုး။ သူ့ရွှေဘူးလေးကိုတော့ ထူးကြီးဟာ လက်ထဲမှာ ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ယူဆောင်လာပါတယ်။

မုန့်ဟင်းခါးတစ်ပွဲ စားပြီးတဲ့အခါ ဆူးလေအဝိုင်းက နာရီပြင်ဆိုင်မှာ အလုပ်ဝင်နေတဲ့ အစ်ကိုဆီ ပိုက်ဆံသွားချေးဖို့



ကျွန်တော် စိတ်ကူးရတယ်။ အဲဒါနဲ့ ထူးကြီးကိုခေါ်ပြီး ထွက်လာခဲ့တယ်ပေါ့။ ကားစီးဖို့ အောက်ဘလောက်ဆင်းလာရင်း ဟိုဒီလျှောက်ကြည့်ရင်းနဲ့ ရွှေဆိုင်တွေပေါ်များတဲ့ မဟာဗန္ဓုလလမ်းပေါ်ရောက်တဲ့အခါ ကျိုင်က တော်တော်ပူသွားတယ်။ အဲဒီနေရာဒေသတစ်ဝိုက်က ထုံးစံအတိုင်းပဲလေ။ လူမြင်တာနဲ့ 'ဘာရောင်းချင်လို့လဲ။ ရောင်းဖို့ ဘာပါလဲ။ ပစ္စည်းကိုပြကြည့်လိုက်လေ။ အဆင်ပြေအောင် ဈေးညှိပေးပါမယ်' လို့ အတင်းလိုက်ဆွဲခေါ်သူတွေ အလုအယက် ကျင်လည်ကြတာကိုး။ ကျွန်တော်တို့ ကိုတွေ့တော့လည်း သူတို့ မလေ့အတိုင်း အတင်းလိုက်ကပ်ပြီးခေါ်ကြတာပေါ့။

မျက်ဝန်းအကြောင်သားနဲ့ မြင်မြင်သမျှ အထူးအဆန်းသဖွယ် ငေးမောကြည့်ရှုနေတဲ့ထူးကြီးဟာ -

"ဘာပစ္စည်းရောင်းချင်လို့လဲ။ ပြောကြည့်လိုက်လေ။ အဆင်ပြေအောင် ဖန်တီးပေးပါမယ်" လို့ လူနှစ်ယောက်က အတင်းနံဘေးကလိုက်ကပ်ပြီးပြောတဲ့အခါ ခန္ဓာကိုယ် ဆတ်ခနဲဖြစ်သွားတယ်။ ထူးကြီးဟာ လျှောက်နေရာကရပ်ပြီး အဲဒီလူနှစ်ယောက်မျက်နှာရှေ့မှာ သူ့ရွှေဘူးလေးကို ဂလောက်ဂလောက်နဲ့ လှုပ်ပြတယ်။ ဟိုလူတွေ မျက်ဝန်းအရောင်တောက်သွားတယ်။

"ဘာပစ္စည်းလဲ ညီလေး။ ရွှေထည်လား"

ထူးကြီးက ခပ်တည်တည်ပဲ "ခင်ဗျားတို့က ဘယ်လောက်ထားနိုင်လို့လဲ" လို့ မေးတယ်။ ဟိုလူတွေ မျက်ဝန်းအရောင်တွေ ပိုပြီးတောက်ပသွားတယ်။

"ညီလေးပစ္စည်းက ဘယ်ဈေးတန်းလောက် မှန်းထားလို့လဲ"

"အနည်းဆုံး သိန်းနှစ်ထောင်လောက် တန်တယ်"

www.burmeseclassic.com

"ဟာ"

ရတနာတွင်းကြီးတွေ့သလို ထီသိန်းဆုကြီးတွေပေါက်သလို ငနဲနှစ်ယောက် မျက်နှာ ရွှင်လန်းသွားတယ်။

"ညီလေးက တစ်ခါတည်း အရောင်းအဝယ်လုပ်မှာလား"

"ကြိုက်ဈေးရရင်တော့ လုပ်မှာပေါ့"

"အိုခေ အိုခေ ညီလေး အဆင်ပြေစေရမယ်။ အဆင်ပြေအောင်လုပ်ပေးမယ်။ လာပါညီလေး လာပါ ကွပါ။ အမောပြေ တစ်ခုခုသုံးဆောင်ပါဦး'

ဖျတ်ဖျတ်လူးမတတ် ထူးကြီးကိုပွေ့ဖက်ပြီး အနီးက လက်ဖက်ရည်ဆိုင်ထဲ ဆွဲခေါ်သွားတယ်။ ဒါတောင် နှစ်ယောက်သားသူဦးတာ ငါဦးတာ၊ သူ့လူ ငါ့လူနဲ့ ထူးကြီးကို လုနေကြသေးတယ်။ ကျွန်တော်က ထူးကြီးကိုအတင်းပြန်ဆွဲတားတော့ ဟိုလူတွေက သူတို့စားပေါက်ပိတ်မယ့်လူလို ကျွန်တော့်ကို မကြည့်ဘူး။ ဘုရှိုးတွေရှိုးတယ်။ ထူးကြီးလက်ကို ဆွဲထားတဲ့တစ်ယောက်က -

"ညီလေးက ပစ္စည်းပိုင်ရှင်လား သူက ပစ္စည်းပိုင်ရှင်လား"

လို့ မေးတယ်။ ထူးကြီးက -

"ကျွန်တော်က ပိုင်ရှင်ပါ။ သူက ကျွန်တော့်တပည့်ပါ"

လို့ ပြောတယ်။ အဲ့တော့ -

"ညီလေးတပည့်ကို ဝင်မရှုပ်စေနဲ့ကွာ။ အလုပ်စကားပြောရမှာ အာရုံနှောက်တယ်" တဲ့။

ထူးကြီးကလည်း ကျွန်တော့်ကို မျက်စိတစ်ဖက်မှိတ်ပြပြီး 'မင်း အသာနေ' လို့ ပြောတယ်။ ကျွန်တော်လည်း ကိုယ် ထွက်သွားရင် ထူးကြီးက ကျန်ခဲ့မှာမို့ မလှုးသာမလွန့်သာ ငြိမ်နေရတာပေါ့။



ပွဲက အင်မတန် စည်ကားသွားတယ်။ တစ်ယောက်အရိပ်အခြေကိုတစ်ယောက်ကြည့်ပြီး ဒီလိုခွင်ကိုပဲ စောင့်နေပုံရတဲ့ ရွှေပွဲစား၊ ရတနာပွဲစား၊ ဒေါ်လာပွဲစားတွေဟာ ထူးကြီးရှိတဲ့စားပွဲဝိုင်းမှာ စုအုံသွားတယ်။ အများကြီးပဲ။ ထူးကြီးကတော့ မိန့်မိန့်ကြီးတင်ပျဉ်ခွေထိုင်ပြီး အဲဒီလူတွေ မှာပေးတဲ့ မုန့်တွေ အအေးတွေစားလိုက်သောက်လိုက်နဲ့ သာယာနေတယ်။ စားသောက်နေရင်းသူ့လက်ထဲက ရွှေဘူးလေးကိုလည်း ဂလောက်ဂလောက်နဲ့ လှုပ်တယ်။ အားလုံးခမျာ သူ့မျက်နှာအမူအယာနဲ့ သူလက်လှုပ်တာပဲလိုက်ကြည့်နေကြတယ်။ သူ့လက်ထဲကပစ္စည်းကို အရမ်းစိတ်ဝင်တစား မြင်တွေ့ချင်နေကြတဲ့ ဇောကပ်နေသော မျက်နှာထားတွေနဲ့

"ညီလေး ညီလေးပစ္စည်း ပြပါဦး"

ထူးကြီးက လက်ကာပြီး -

"ခဏ ခဏဗျာ ဒီမှာ ကျွန်တော် စားနေတယ်။ အလိုက်သိပါလား" လို့ ပြောတော့ တစ်ယောက်က ပျာပျာသလဲပဲ -

"ဟုတ်သားပဲကွ။ မင်းတို့ကလည်း ညီလေးစားနေတာအေးဆေးစားပါစေဦး။ အလုပ်ကိစ္စက ပြီးမှပြောတာပေါ့။ စားစား ညီလေး။ ထပ်မှာဦးမလား"

လို့ ဖားတယ်။ ထူးကြီးက 'မှာဦးမယ်' ဆိုပြီး စားပွဲထိုးကိုခေါ်ပြီးတော့ သူ စားချင်တာတွေ ထပ်မှာစားပြန်တယ်။ ကျွန်တော်တော့ မျက်ခုံးလှုပ်နေပြီ။ ထူးကြီးက အရောင်းအဝယ်ဖြစ်တော့မယ်ဆိုပြီး ကျွန်တော့်ကိုလည်း စိတ်ကြိုက်စားသောက်ဖို့ ပြောတယ်။ ကျွန်တော်က မရဲလို့ မစားဘူး။ ထူးကြီး အောက်မေးငြိမ်တော့ -

"ညီလေးရဲ့ သိန်းနှစ်ထောင်လောက်တန်တဲ့ပစ္စည်း ပြပါဦး ရွှေထည်လား စိန်ထည်လား အရိုင်းလား အစပ်လား"

www.burmeseclassic.com



လို့ တစ်ယောက်က မေးတယ်။ ထူးကြီးက ရွှေဘူးလေးထဲကနေ သူ့ရဲ့ပစ္စည်းကို တယုတယ ထုတ်ပြီး -

"ဒါဟာ ဂျော့ဘုရင်ရဲ့ ဒင်္ဂါးပြားပဲ"

အားလုံး အလုအယက် ကြည့်ကြတာပေါ့။ ဆိုင်ထဲမှာ အုတ်အော်သောင်းတင်းတောင် ဖြစ်သွားတယ်။ တစ်ယောက်လက်ကနေတစ်ယောက်ဆီပြောင်းကြည့်နေတာ ရှုပ်ယှက်ခတ်လာတော့ ထူးကြီးက ဖျတ်ခနဲထပြီး သူ့ဒင်္ဂါးပြားကို ပြန်ဆွဲယူသွားတယ်။

"ခင်ဗျားတို့ ဟိုလိုလိုဒီလိုလိုနဲ့ မျက်စိရှုပ်အောင်လုပ်ပြီး ကျုပ်ပစ္စည်းကို အတုနဲ့လဲပစ်ကြဦးမယ်။ ငွေမချေမချင်း ပစ္စည်းကို ပေးမကိုင်တော့ဘူး။ ကြည့်ချင်ရင် ဒီကိုလာကြည့်"

ဆိုပြီး သူ့လက်နဲ့ပဲ ကိုင်ပြတယ်။

အဲ့ဒီတော့လည်း အာသာမပြေသေးဘဲ စိတ်ဝင်တစားတငေးတမော လာကြည့်သူတွေ ရှိတယ်။ 'ဟိုဘက်လှည့်ပြပါဦး။ ဒီဘက်လှည့်ပြပါဦး။ ဒေါင်လိုက်ကလေးထောင်လိုက်ပါဦး' နဲ့ 'ဖွဖွလေးကိုင်ကြည့်မယ်နော်' ဆိုတာတောင် ပါသေး။ ထူးကြီးက ကျေနပ်နေဟန်နဲ့ -

"ဒီဂျော့ဘုရင်ရဲ့ဒင်္ဂါးပြားကို ခင်ဗျားတို့ ဘယ်လောက်ပေးမလဲ"

အားလုံး တွေဝေသွားတယ်။ ပြီးတော့ သူတို့အချင်းချင်း တိုးစိတိုးစိ ခေါင်းချင်းဆိုင် တိုင်ပင်ကြတယ်။ နောက်တော့ လူတစ်ယောက်ကိုခေါ်လာပြီး ကြည့်စေတယ်။ အဲဒီလူက သေချာကြည့်ပြီး -

"ငါးရာပေးမယ်"

လို့ ပြောတယ်။ ထူးကြီးက -

"ဘာငါးရာလဲ။ သိန်းငါးရာလား" လို့ ပြန်မေးတယ်။ ဟိုလူက အပ်နဲ့ အထိုးခံလိုက်ရတဲ့ လေပူဖောင်းလို ရှုံ့တွစ်တွစ်နဲ့ -



"ရိုးရိုးငါးရာကိုပြောတာပါ။ ဒါတောင် ညီလေးတို့ အခက်အခဲဖြစ်နေတယ်ထင်လို့ အားနာလို့ပေးမှာ"

လို့ ပြောတဲ့အခါ ထူးကြီး တရှူးရှူးနဲ့ စိတ်တိုပါတော့တယ်။

"ခင်ဗျားတို့ ကျုပ်ကိုတောကတက်လာတယ်ဆိုပြီး ရိုက်စားလုပ်လို့ ရမယ်ထင်နေလား။ ကျုပ်က တောသားမဟုတ်ဘူး။ မြို့သား။ အဲဒီမြို့မှာလည်း ကျုပ်အဖေက ဒိတ်ဒိတ်ကြဲပဲ။ ဒီပစ္စည်းဟာ အနည်းဆုံး သိန်းနှစ်ထောင်လောက်တန်တာ ကျုပ်သိတယ်။ သိန်းနှစ်ထောင် ရမှရောင်းနိုင်မယ်" ဆိုပြီး ဒေါနဲ့မောနဲ့ကောတယ်။ ဟိုလူကလည်း-

"ရူးနေလို့ . သိန်းနှစ်ထောင်ပေးရမှာလား"

ပြန်ပက်တော့ ထူးကြီးဟာ -

"ခင်ဗျား ကျုပ်ကို အရူးလို့ ပြောတာလား။ ကျုပ် အရူးမဟုတ်ဘူး။ ခင်ဗျားသာ အရူး။ ဂျော့ဘုရင်ရဲ့ ဒင်္ဂါးပြားကို မျက်စိရှေ့မြင်နေတာတောင် တန်ဖိုးမသိတဲ့လူ" လို့ ပြန်ဟောက်တယ်။

"ဒီဒင်္ဂါးပြား သိန်းနှစ်ထောင်တန်တယ်လို့ မင်း ဘယ်သူပြောလဲ" ဆိုတော့ -

"ကျုပ်အစ်ကိုပြောတာ" တဲ့။

"ဒီဒင်္ဂါးပြား ဘယ်ကရခဲ့တာလဲ" မေးတော့ ထူးကြီးက -

"ကြွက်တွင်းထဲက"

လို့ ဖြေတဲ့အခါ စိတ်ဝင်တစား နားထောင်ကြည့်ရှုနေသူတွေဟာ တဝါးဝါး တဟားဟားနဲ့ ရယ်ကြပါတယ်။ ထူးကြီးမျက်နှာကြီးနီလာပြီး အသားတွေ တဆတ်ဆတ်တုန်လာတယ်။

"ဒီပစ္စည်းဟာ ကျုပ်နဲ့ထိုက်တန်လို့ ကြွက်တွေက ကျုပ်ဆီသယ်လာပေးတာ။ ဒီပစ္စည်းဟာ အစစ်။ အဲဒီအကြောင်း ကျုပ်ကို အိပ်မက်ပေးတယ်။ ကျုပ်ဟာ အရင်ဘဝဟောင်းက ဂျော့ဘုရင်ပဲ"

www.burmeseclassic.com

www.burmeseclassic.com



လို့ ထပ်ပြောတဲ့အခါ ရယ်သံတွေဟာ ပိုကျယ်လောင်သွားပါတော့တယ်။

ဆက်နေရင် အခြေအနေပိုဆိုးမှာမို့ ကျွန်တော် ထူးကြီးကို အတင်းဆွဲခေါ်ထုတ်ရပါတယ်။ ထူးကြီးက တရှူးရှူးနဲ့ အလွန်စိတ်တိုနေပါပြီ။ လက်သီးတပြင်ပြင်နဲ့ အံတွေတောင် ကြိတ်နေပြီ။ ကျွန်တော်တို့ ဆိုင်ကအထွက်မှာ တစ်ယောက်က -

"မင်းတို့စားသောက်ထားတာတွေ မင်းတို့ဘာသာ ရှင်းသွားကြ" လို့ ပြောတယ်။ ကျွန်တော်က -

"ဒါ ခင်ဗျားတို့လောဘနဲ့ ခင်ဗျားတို့ ခံရတာပဲ။ ကျုပ်တို့ အတင်းကျွေးခိုင်းတာမဟုတ်ဘူး။ ရှင်းစရာလည်း ပိုက်ဆံမရှိဘူး"

ဆိုပြီး ထူးကြီးပခုံးကိုဖက်ကာ ဆိုင်ထဲမှ ထွက်လာခဲ့ပါတော့တယ်။ နောက်ကျောကတော့ တအေးအေးပေါ့။

ဆဲဆိုတက်ခေါက်သံတွေ လွင့်ပျံ့လိုက်လာသေးရဲ့။

ကျွန်တော် ပိုက်ဆံသွားချေးမှာသိတော့ ထူးကြီးက 'ရှက်တယ်။ မလိုက်ချင်ဘူး' လို့ ပြောတယ်။

ဘုန်းကြီးကျောင်းမှာလည်း သူ ပြန်မနေချင်ဘူး။ ဟိုဦးဇင်းက သူ့ဒင်္ဂါးပြားကို လုမှာ စိုးရိမ်နေတယ်။ အဲဒီဒင်္ဂါးပြားကို သိန်းနှစ်ထောင်ရအောင် သူ ရောင်းပြမယ်၊ သူ့ဘာသာ တစ်ယောက်တည်းသွားရောင်းမယ် လုပ်နေလို့ ဖျောင်းဖျပြီး ဆေးရုံက သူ့အဘွားရဲ့ လူနာဆောင်ရှေ့အထိ ထူးကြီးကို ကျွန်တော် တစ်ခေါက်ပြန်ပို့ပေးခဲ့တယ်။ လူနာဆောင်ထဲအထိတော့ မဝင်ရဲလို့မဝင်ဘူး။ 'ငါ့အစ်ကိုဆီက ပြန်လာမှ မင်းကို ဝင်ခေါ်မယ်။ ဒီမှာပဲနေ' လို့ အထပ်ထပ်မှာခဲ့တယ်။ ကျွန်တော်ပြောတော့ သူ ခေါင်းလေး တညိတ်ညိတ်ပါပဲ။

အစ်ကိုဆီ ပိုက်ဆံသွားချေးတာ အဆင်မပြေဘူး။ သူလည်းကြပ်နေတယ်ပေါ့။ အဲဒါနဲ့ ကျွန်တော်လည်း အတင်းမပြောတော့ဘဲ သူ ဒကာခံတဲ့ လက်ဖက်ရည်တစ်ခွက်နဲ့ မုန့်တစ်ခုစားပြီး ပြန်လာခဲ့တယ်။

စိတ်ပေါက်ပေါက်နဲ့ ထက်ငယ်တို့ အိမ်ရောက်သွားတယ်။ တွေ့မြင်ချင်တာ အဓိကပါလေ။ အဲဒီမှာ အိမ်ပေါက်ဝအရောက်မှာပဲ ကျွန်တော် မျက်လုံးပြူးသွားရတယ်။ ထက်ငယ်တို့ အိမ်ပေါက်ဝမှာ မြင်လိုက်ရတာက ထူးကြီးရဲ့ ကွင်းထိုးဖိနပ် အညိုရောင်ပါ။ အမြင်မှားသလားလို့ သေချာစူးစမ်းတော့လည်း မမှားဘူးဗျ။

www.burmeseclassic.com

www.burmeseclassic.com



သေချာတယ်။ ဒါ ထူးကြီးဖိနပ်စစ်စစ်ပဲ။ ကျွန်တော် သယ်ခဲ့ဖူးတဲ့ ဖိနပ်ပဲ ကောင်းကောင်းကြီး မှတ်မိတာပေါ့။

ကျွန်တော်လည်း လိပ်စာမပြောဖူးဘဲ ညဘက်တစ်ခေါက် ရောက်ဖူးရုံနဲ့ ဒီအိမ်နေရာကို သူမှတ်မိနေတာကတော့ အထူး အံ့သြစရာပါပဲ။ (ကြောင်ဖမ်းရင်း မျက်စိလည်နေတာမှာ ဟိုမေး ဒီမေးနဲ့ သိခဲ့တာဖြစ်နိုင်တယ်လို့ အဲဒီတစ်ချက်ပဲတွေးလို့ရတယ်)။ ကျွန်တော် လူခေါ်ဘဲလ်ကို နှိပ်လိုက်တော့ တံခါးလာဖွင့်ပေးတာက သဲသဲ။

"အမလေး. . . ကျေးဇူးရှင် ဒီမှာ နင့်ဘော်ဒါကြီး ရောက်နေတယ်။ ငါတို့တော့ နက္ခတ်ဆိုးကိုတက်စီးမိနေပြီ။ ကယ်ပါဦးဟယ်"

လို့ ရင်ဘတ်ကလေးဖိပြီး ပြောတယ်။ ကျွန်တော် အမောဆို့သွားတာပဲ။ သူက ကိုယ့်ထက်တောင် ဦးနေသေးလေ။

"ဒီကောင် ဘယ်လိုရောက်လာတာလဲ။ ငါ သူ့ကို ဆေးရုံမှာ ထားခဲ့တာ" ဆိုတော့ -

"သူ့အဖေနဲ့ လာတာတဲ့ဟာ။ စိတ်လေပါတယ်"

"ဘယ်လို. . . သူ့အဖေနဲ့ လာတာ ဟုတ်လား။ ဘယ်မှာလဲ သူ့အဖေက"

ကျွန်တော်လည်း နည်းနည်းတော့ တွန့်သွားတယ်။ အတွေးပေါင်းစုံနဲ့ ခေါင်းထဲလည်း သတိပေးခေါင်းလောင်းသံတွေ သံစုံမြည်သွားတယ်။ သဲသဲက 'ဒီမှာ လာကြည့်' ဆိုပြီး ကျွန်တော့်ကို ဝရန်တာကို ခေါ်တယ်။ ဝရန်တာသံပန်းတွေကြားကနေ သဲသဲ မေးငေါ့ပြရာကြည့်လိုက်တော့ မြင်လိုက်ရတာက ပလက်ဖောင်း နံဘေးမှာရှိတဲ့ အဖြူရောင်ကားတစ်စီးကိုမှီပြီး ရပ်နေတဲ့ လူတစ်ယောက်။ အသက်က သုံးဆယ်လောက်ပဲရှိဦးမယ်။ မိုးပြာရောင် ဂျင်းဘောင်းဘီအရှည်နဲ့ စပို့ရှပ်တစ်ထည်ကို ဝတ်ထားတယ်။ နေကာမျက်မှန်



တပ်လျက်သား လက်ကလည်း ပိုက်ထားသေးတယ်။ ပုံစံက မိန့်မိန့်ခန့်ခန့်ကြီး။

"အဲ့ဒါ သူ့အဖေဆို ဟုတ်လား"

"ဟာ ဘယ်ကဟုတ်ရမှာလဲ။ သူ့အဖေက သူ့လိုပဲ နှုတ်ခမ်းမွေးကြီးနဲ့။ အဝတ်ဝတ်တာလည်း ရှပ်အင်္ကျီနဲ့ ပုဆိုးနဲ့ ခပ်ရိုးရိုးပဲ။ အသက်ကလည်း လေးဆယ်ကျော်လောက်ရှိပြီ" လို့ ကျွန်တော် ပြောတော့ သဲသဲက လက်နှစ်ဖက်နဲ့ ခေါင်းကိုစုံကုတ်ပြီး မျက်နှာရှုံ့မဲ့မဲ့နဲ့-

"ငါလည်း ထင်တော့ထင်သား။ သူ့အဖေကတောင် သူ့ထက်လန်းနေသေးတယ်လို့ တွေးနေတာ" တဲ့။

ပြီးတော့ ဆက်ပြောသေးတယ်။

"အဲဒီကားက သူတို့အိမ်က ကားဆို။ အဲဒီကားနဲ့ လျှောက်သွားကြမယ်ဆိုပြီး ငါတို့ကို အတင်းခေါ်နေတာ။ သူ့အဖေလည်း ပါတာမို့ စိတ်ချလက်ချလိုက်ခဲ့ပါတဲ့"

ကျွန်တော် မျက်လုံးပြူးရုံမက ဆံပင်မွေးတွေပါ ထောင်ချင်သွားတယ်။ သူတို့အိမ်မှာ ကားမှမရှိပဲ။ အဲဒါနဲ့ ဟိုပုဂ္ဂိုလ်မှီရပ်နေတဲ့ ကားကိုသေချာကြည့်တော့ Taxi ဆိုင်းဘုတ်ဝါဝါလေးကို တွေ့တယ်။

"ဟာ ဒါ တက္ကစီကြီး" လို့ ကျွန်တော် ပြောတော့ သဲသဲလည်း သတိပြုမိသွားတယ်။

"ဘုရား ဘုရား တော်သေးတာပေါ့။ နင်အချိန်မီ ရောက်လာပေလို့ပဲ။ မဟုတ်ရင် ငါတို့ကို သူ ဘယ်ကိုညာခေါ်သွားပြီး ဘာလုပ်မလို့လဲ မသိဘူး"

ဆိုပြီး သဲသဲ ရှုံ့မဲ့မဲ့လေး ညည်းနေတယ်။ ပြီးတော့ ဆတ်ခနဲ ခေါင်းထောက်ကာ ကျွန်တော့်ကိုမော့ကြည့်ပြီး -

"နင်နဲ့ငါ စာရင်းရှင်းစရာ ရှိသေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဆောင့်နင့်နင့်ပြောတာမို့ ရုတ်တရက် ကျွန်တော် ကြောင်သွားတယ်။

"ဘာလဲဟ" လို့ ရေရွတ်တော့ -

"ဘာလဲတွေ ဟမနေနဲ့။ ဒါက ဘာသဘောလဲ"

ဆိုပြီး စာရွက်တစ်ရွက်ထုတ်ပေးတယ်။

"ဒီစာမှာ နင့်လက်ရေးနဲ့ နင့်လက်မှတ်က ဘာလို့ပါနေရတာလဲ။ ပထမတော့ ငါလည်း မယုံပါဘူး။ ဒါပေမယ့် ထက်ငယ်ကို ပြကြည့်တော့ အဲ့ဒါနင့်လက်ရေးနဲ့ နင့်လက်မှတ်အမှန်ပဲဆို။ နာရီ မိနစ်တွေ ဘုန်းကြီးဘွဲ့အမည်တွေ ဘုန်းကြီးကျောင်းလိပ်စာတွေနဲ့ ထောက်ခံချက်တွေတောင် ပါလိုက်သေးတယ်။ ဒါတွေ နင် မြှောက်ပေးတာ မဟုတ်လား"

မီးလောင်ပြီ။ ကျွန်တော် ထူပူသွားတယ်။

သဲသဲကို ရှင်းပြဖို့ အမြန်ဆုံးစကားလုံး ရွေးချယ်နေစဉ်မှာပဲ ထက်ငယ် နောက်ခန်းထဲက ထွက်လာတယ်။ နဂိုတည်တဲ့ မျက်နှာထားက တင်းနေတော့ မြင်ရတာ အေးစက်နေတာပဲ။

"နင် ဘယ်လိုကောင်တွေနဲ့ ပေါင်းပြီး ဘာတွေရှုပ်နေတာလဲ။ နင် ဒီလိုပေါ်ကြောင်ကြောင်အလုပ်တွေ ဘာလို့ လုပ်ရတာလဲ"

လို့ လေသံမာမာနဲ့ ကျွန်တော့်ကို ဟောက်တယ်။ ရှက်စိတ်ကြောင့် ကျွန်တော့်တစ်ကိုယ်လုံး ဖိန်းခနဲ ရှိန်းခနဲပဲ။ ထက်ငယ် အဆူခံရတာ ကျွန်တော့်တစ်ကိုယ်လုံး သေးကျုံ့သွားသလိုပဲ။

"အဲဒီကောင် ဘယ်မှာလဲ။ သူ့ကို ခေါ်လိုက်။ သူ့ရှေ့မှာ ငါ ရှင်းပြမယ်" လို့ ကျွန်တော်ပြောတော့ ထက်ငယ်က -

"နင့်ကောင် ရေချိုးခန်းထဲမှာ မျက်နှာသစ်လိုက် သွားတိုက်လိုက် လုပ်နေတယ်။ မျက်နှာသစ်တာလည်း ဆယ်ကြိမ်မက



တော့ဘူး။ သွားတိုက်တာလည်း ဆယ်ကြိမ် မကတော့ဘူး။ မနေ့ကမှ အသစ်ဖောက်ထားတဲ့ ငါ့မျက်နှာသစ်ဆေးဘူးလည်း ကုန်တော့မယ်။ သွားတိုက်ဆေးဘူးတစ်ဘူးလည်း ကုန်သွားလို့ ခြင်းထဲက နောက်တစ်ဘူးကို သူ့ဘာသာယူဖောက်ပြီး ထပ်တိုက်နေပြန်တယ်။ ငါ ပြောတာလည်း မရပ်ဘူး။ အရမ်း အသန့်အပြန့် ကြိုက်တတ်လို့ ပါပဲ ပြောနေတယ်"

ဟာ. . . ဒါတော့ ကျွန်တော့်စနက်ရဲ့ သက်ရောက်မှု။ ရှော့ခ်. . .။ ကျွန်တော် ပစ်လိုက်တဲ့ မြားချက်က အဲဒီလောက်ထိ ရောက်ဖို့ မရည်ရွယ်ခဲ့တာ အမှန်ပါ။ သဲသဲကလည်း -

"ဟုတ်တယ် ဟုတ်တယ်။ သူ သွားတစ်ခါတိုက်ပြီးတိုင်း မျက်နှာတစ်ခါသစ်ပြီးတိုင်း ငါ့ရှေ့ကို မျက်နှာကြီးလာထိုးပြီး သွားတွေလည်းဖြီးပြတယ်။ သန့်ရဲ့လားလို့လည်း မေးတယ်။ သူက အရမ်းအသန့်အပြန့်ကြိုက်တာ ဒါလောက်နဲ့ မကျေနပ်သေးဘူး ဆိုပြီး မျက်နှာသစ်လိုက် သွားတိုက်လိုက် ထပ်လုပ်နေတာ။ မျက်နှာတွေ ရေနူးရှိပြီး အာခေါင်တွေ ပေါက်ပြကုန်မှာတောင် စိုးရိမ်ရတယ်" တဲ့။

ဘုရား ဘုရား. . . အလုံးစုံသော ပွင့်တော်မူပြီး ဘုရားအဆူဆူနဲ့ နတ်ဒေဝါအပေါင်း ကယ်တော်မူကြပါ။

ကျွန်တော်လည်း ရှက်ရမ်းရမ်းတယ်ပဲ ပြောရမှာပေါ့။ ဒေါ်နဲ့မောနဲ့ နောက်ခန်းထဲဝင်သွားတော့ ဘေစင်မှာ မှန်ထဲကို ဖြုံးပြုံးကြီးကြည့်ပြီး သွားတိုက်နေတဲ့ ထူးကြီးကိုတွေ့တယ်။ သွားတိုက်ဆေးအမြှုပ်တွေကလည်း သူ့မျက်နှာမှာ ပေကျံနေတာပဲ။

"မင်း လာစမ်း" ဆိုပြီး သူ့ကို ကျွန်တော် လည်ပင်းကုပ်ကနေဆွဲပြီး ဧည့်ခန်းထဲ ခေါ်လာခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကိုမြင်တော့ သူ ထိတ်လန့်သွားပုံနဲ့။ မျက်လုံးလေး ကလယ်ကလယ်နဲ့ -

"သူငယ်ချင်း. . . သူငယ်ချင်း လက်လွန်မယ်နော်။ မင်းအစ်ကိုဆီသွားတယ်ဆိုပြီး မင်း ဒီကို ဘယ်လိုရောက်လာတာလဲ။ ဘေးစကားတွေ မယုံနဲ့နော်။ ငါ မဟုတ်တာ ဘာမှမလုပ်ဘူး။ မဟုတ်တာ ဘာမှမပြောဘူး။ မင်းကိုငါ ရိုသေပါတယ်" လို့ ပြောတယ်။

"မင်းကိုငါ ဘာမှ မစစ်မေးရသေးဘူး။ ဖြေရှင်းချက်တွေ ပေးမနေနဲ့"

ထက်ငယ်နဲ့သဲသဲရှေ့မှာ သူ့ကိုရပ်စေပြီး -

"နင်တို့ကို သူ ဘာတွေပြောသလဲ ပြော"

လို့ ကျွန်တော် မေးလိုက်တယ်။

ထက်ငယ်ကတော့ ဘာမှမပြောဘဲ စိတ်ပျက်လက်ပျက်ပုံနဲ့ ထိုင်ခုံတစ်လုံးမှာ ထိုင်နေတယ်။ သဲသဲကတော့ နှုတ်ခမ်းလေး စူချွန်ပြီး ပြောတယ်။

ကျွန်တော်က စိတ်မမှန်တဲ့ အရူးဖြစ်ကြောင်း၊ တွေ့ရာလူ လိုက်ဆဲနေလို့ နယ်မှာ တစ်ည ရန်ဖြစ်တာ လူတွေ အများကြီး ဝိုင်းလုပ်တာခံခဲ့ရကြောင်း၊ အဲဒီမှာ သူက မကြည့်ရက်လို့ ဝင်ကယ်ရင်းသိခဲ့တာဖြစ်ကြောင်း၊ ကျွန်တော့်ကို ဘယ်သူကမှ အပေါင်းအသင်းမလုပ်လို့ သူက သနားပြီး သည်းခံပေါင်းနေတာ ဖြစ်ကြောင်း၊ အခုလည်း ကျွန်တော်ဟာ ပိုက်ဆံမရှိတော့တာကြောင့် ဆူးလေဘုရားမှာ ပိုက်ဆံလိုက်တောင်းမလို့ ဆိုပြီး ခွက်ကလေးနဲ့ ထွက်သွားတဲ့အကြောင်း၊ ဒါတွေသာမက ကျွန်တော်နဲ့ မပေါင်းဖို့ တွေပြောတဲ့အပြင် ရည်းစားစာပေးတာ၊ သူ့အဖေကားနဲ့ ဆိုပြီး လိုက်ခဲ့ဖို့ အတင်းခေါ်တာတွေပါ ပြောပါတယ်။



သဲသဲပြောနေချိန် ထူးကြီးက ဝင်မပြောဘူး။ သူ့လက်ထဲကသွားတိုက်တံလေးနဲ့ သွားတိုက်ရင်း ခပ်အေးအေးပဲ နားထောင်နေတယ်။ သဲသဲစကားတွေဆုံးတော့မှ လေအေးလေးနဲ့ -

"ဒါ အမှန်တွေပဲလေ" လို့ ပြောတယ်။

"ဘာ. . ."

ကျွန်တော့်ဒေါသ အထွတ်အထိပ်ရောက်လု ဖြစ်သွားပါတယ်။ ထူးကြီးကတော့ မင်သေသေပဲ။ သွားတိုက်တောင် မပျက်ဘဲ

"ငါက ဟုတ်တာတွေပြောတာ ဘာလို့လဲ။ မင်းက ရှက်နေတာလား" ဆိုပြီး ထပ်ပြောတယ်။

ထူးကြီးအမူအယာက အေးဆေးစွာ ပိရိ ပီပြင်လွန်းတာကြောင့် သဲသဲလည်း ဇဝေဇဝါဖြစ်သွားပုံနဲ့ ကျွန်တော့်ကို ပြူးကြောင်ကြောင် ပြန်ကြည့်နေတယ်။ ထက်ငယ်ကလည်း ကျွန်တော့်ကို အကြည့်စူးစူးနဲ့ စိုက်ကြည့်တယ်။ ကျွန်တော် ကျဉ်းထဲကြပ်ထဲ ရောက်သွားပါပြီ။ ဘာပြန်ပြောရမှန်း မသိတော့ဘူး။ အဲဒါနဲ့ ထူးကြီးကိုပဲ မဲတော့တယ်။ အံကြိတ်ပြီး -

"မင်း ငါ့အကြောင်း သိတယ်နော်။ ငါ ဒေါသထွက်လာပြီ"

ဆိုပြီး ထူးကြီးလည်စလုတ်ကို ဘယ်လက်နဲ့ ဖမ်းကုတ်ပြီး ညာလက်သီးနဲ့ သူ့မျက်နှာကို ရွယ်လိုက်တယ်။ အဲဒီအခါ ထူးကြီးက -

"ဟာ လုပ်ပါဦး။ ဒီကောင် စိတ်ဖောက်သွားပြီ။ ဆွဲကြဦး။ ဒီကောင်က စိတ်ဖောက်ရင် တကယ်လုပ်တာ။ သူများတွေကိုလည်း သံတုတ်နဲ့ လိုက်ရိုက်တယ်။ ငါ့ကိုလည်း အပ်နဲ့ ထိုးဖူးတယ်။ သူက လူကောင်သာ သေးတာ သန်တယ်။ ဆွဲကြပါဦး။ တားကြပါဦး"

လို့ အော်တယ်။

www.burmeseclassic.com



သဲသဲခများ ခြေမကိုင်မိ လက်မကိုင်မိ ဘာလုပ်ရမှန်းမသိ ဖြစ်နေပုံနဲ့ ခပ်ပြုံးပြုံးလေး။ ထက်ငယ်က ထိုင်နေရာကထလာပြီး -

"နင်တို့ ငါ့အိမ်ပေါ်မှာ လာဆူမနေနဲ့။ တင်ထူးအောင် နင် ထွက်သွားတော့"

လို့ ပြောတယ်။ ထူးကြီးက လက်ကလေးတကာကာနဲ့ -

"ထွက်သွားရမှာ ငါ မဟုတ်ဘူးလေ။ ငါ့ကို နှင်မထုတ်နဲ့လေ။ ငါတို့တွေက ငါ့အဖေကားနဲ့ အတူတူ လျှောက်လည်ကြဦးမှာလေ။ ထွက်သွားရမှာက ဒီကောင်။ ဒီကောင့်ကိုပဲ နှင်ထုတ်။ ငါ့အစီအစဉ်တွေ အကုန်လုံးကို သူ လာဖျက်စီးတာ။ ဒီကောင့်ကို နှင်ထုတ်ပစ်။ ဒီကောင်က စိတ်ဖောက်နေတာ။ ငါတို့အတွက် အန္တရာယ်ရှိတယ်။ ဆရာဝန်ခေါ်ပြီး ဆေးလေးဘာလေး ထိုးပေးလိုက်ဦး။ ဒါမှမဟုတ် ရဲစခန်းဖုန်းဆက်ပြီး အရူးထောင်ပို့ဖို့ စီစဉ်ကြပါဦး" လို့ လက်ကားယားခြေကားယားနဲ့ ပြောတယ်။

ကျွန်တော် သည်းခံစိတ် ကုန်ခမ်းလုနီးနေပါပြီ။ ရှက်စိတ်နဲ့ ဒေါသစိတ်ရောယှက်ကာ အသားတွေလည်း တဆတ်ဆတ် တုန်ခါလာပြီ။ ထူးကြီးကို လည်စလုတ်ကနေ ကိုင်ဆွဲပြီး အခန်းအပြင်ခေါ် ထုတ်သွားလိုက်တယ်။ ထူးကြီး ယက်ကန်ယက်တန်နဲ့ တဝူးဝူး တဝါးဝါးအော်ရင်း -

"သူငယ်ချင်း မင်းမှားမယ်နော်။ ငါ မင်းရဲ့ သူငယ်ချင်းပါကွ။ စိတ်ကိုငြိမ်ငြိမ်ထား သူငယ်ချင်း။ စိတ်ကိုလွှတ်မပေးလိုက်နဲ့"

လို့ ထပ်ပြောနေပြန်တယ်။

"မင်း လွန်လာပြီနော်" ဆိုပြီး ကျွန်တော့်မျက်လုံးထဲ ပြာခနဲဖြစ်သွားပြီး သူ့ရင်ဘတ်ကို ဆောင့်တွန်းပစ်လိုက်တယ်။ ထူးကြီး ခွေခနဲ လဲကျသွားတယ်။



"မင်း ခု ထွက်သွား။ နောက်လည်း ဒီအိမ်ကို ဘယ်တော့မှ မလာနဲ့" ဆိုပြီး ခြေထောက်နဲ့ ပတ်ရမ်းကန်လိုက်တယ်။

သတိနဲ့ထိန်းရင်း မထိအောင် ခြောက်ကန်ကန်တာမို့ မထိပါဘူး။ ထူးကြီးကတော့ လန့်သွားပုံနဲ့ တွန့်ဆုတ်တွန့်ဆုတ် ဖြစ်သွားတယ်။ သွားတိုက်တံလေးကိုကိုင်လျက်သား မျက်နှာငယ်လေးနဲ့ -

"ငါ သွားတိုက်နေတာ မပြီးသေးလို့ ပလုတ်ကလေးတော့ ကျင်းပါရစေဦးကွာ" လို့ ပြောတယ်။

"ပလုတ်လည်း ကျင်းမနေနဲ့။ မင်းကို ဒီအိမ်ထဲ ပြန်ဝင်ခွင့် မပေးနိုင်ဘူး။ မင်းထွက်သွားတော့။ နောက်လည်း ဘယ်တော့မှ လာမနှောင့်ယှက်နဲ့" လို့ ကျွန်တော် ပြောလိုက်ပါတယ်။

အဲဒီအခါ ထူးကြီးဟာ သွားတိုက်တံလေးကို ကျွန်တော့်ထံ ကမ်းပေးပြီး "ဒါ ဒါ သဲသဲရဲ့ သွားတိုက်တံကလေးပါကွာ။ ဒီသွားတိုက်တံလေးတော့ သူ့ကို ပြန်ပေးပေးပါနော်။ ရေဆေးမပေးဖြစ်တာ ငါ တောင်းပန်တဲ့အကြောင်းလည်း ပြောပေးပါ။ တလက်စတည်း ငါ အရမ်းအသန့်ကြိုက်တာလည်း သူသိအောင် ပြောပေးပါကွာ" ဆိုပြီး ထူးကြီး လှည့်ကြည့်လှည့်ကြည့်နဲ့ လှေကားထစ်တွေပေါ်ကနေ အထစ်ထစ်အငေါ့ငေါ့ ဆင်းသွားပါတော့တယ်။

ကျွန်တော် အိမ်ထဲ ပြန်ဝင်မယ်ပြင်တော့ ထက်ငယ်က အပေါက်ဝမှာ ပိတ်ရပ်နေတယ်။ ကျွန်တော် သူမမျက်နှာကို မဝံ့မရဲကြည့်တဲ့အခါ သူမက အကြည့်စူးစူးတွေနဲ့ ကျွန်တော့်ကို ပြန်စိုက်ကြည့်တယ်။ အကြည့်တွေနဲ့တင် မောစေတယ်။ ထိုအကြည့်ဒဏ်တွေကို ရင်မဆိုင်ချင်၊ ရင်မဆိုင်ရဲလို့ ကျွန်တော် ခေါင်းငုံ့အရှုံးပေးခဲ့ပါတယ်။

"နင်လည်း သွားတော့"

www.burmeseclassic.com

www.burmeseclassic.com



သူမပြောတာ တိုပြတ်ပြတ်ပဲ။ ကျွန်တော့်ရင်ဝတော့ မီးစနဲ့ ဆောင့်ထိုးခံလိုက်ရသလိုပါပဲ။ နာကျင်အောင့်မျက်သွားတယ်။

"ဆူညံဆူညံနဲ့ ယောက်ျားလေးနှစ်ယောက် လာရန်ဖြစ်နေတာ ဘေးအခန်းတွေကြားရင် ဘယ်လိုထင်မလဲ။ အရမ်းရှက်ဖို့ကောင်းတာပဲ။ အခုအိမ်မှာ တခြားသူတွေမရှိလို့။ ရှိများရှိရင် မလွယ်ဘူး။ ဒီလိုဖြစ်တာ ငါ့အမေသာသိရင် ငါ ဘယ်လောက် အပြောခံရမယ်မသိဘူး။ နင်က ဘယ်လိုကောင်တွေနဲ့ပေါင်းတာလဲ။ နင့်အပေါင်းအသင်းတွေက အဲ့လိုပဲလား။ နင်ကကော အဲ့လိုပဲလား။ နောက် နင့်ရဲ့ သူငယ်ချင်းတွေနဲ့ဆို ဒီအိမ်ကို ဘယ်တော့မှ မလာပါနဲ့"

ကျွန်တော် အမှတ်မမှားပါဘူး။ သူမ ကျွန်တော်ကို တကယ်ပဲ အဲဒီလိုပြောခဲ့တာပါ။ နင်က ဘယ်လိုကောင်တွေနဲ့ ပေါင်းတာလဲ။ နင့်အပေါင်းအသင်းတွေက အဲ့လိုပဲလား။ နင်ကကော အဲ့လိုပဲလား။ နောက် နင့်ရဲ့ သူငယ်ချင်းတွေနဲ့ဆို ဒီအိမ်ကို ဘယ်တော့မှ မလာပါနဲ့။ အဲဒီစကားတွေဟာ ကျွန်တော့်နှလုံးသားထဲမှာ ကျွန်တော့်မှတ်ဉာဏ်ထဲမှာ စွဲနေတဲ့စကားတွေပါပဲ။

သူမကို အပြစ်မြင်လို့ မရဘူး။ ကိုယ့်ဘာသာပဲ အခါခါ နာကျင်သိမ်ငယ်စွာ အပြစ်တင်မိတယ်။

"နင် ငါ့ကို ဖြေရှင်းခွင့်တောင် မပေးဘူးနော်"

လို့ ကျွန်တော်ပြောတော့ -

"နင် ဖြေရှင်းချင်ရင် နောက်မှဖြေရှင်းတော့"

ဆိုပြီး တံခါးကို ဆွဲပိတ်ပစ်လိုက်ပါတယ်။

အဲဒီနေ့က ကျွန်တော် မျက်ရည်ကျတယ်။ အဲဒီအတွက် သူမကို ကျေးဇူးအများကြီး တင်ရပါမယ်။



စိတ်ထွေထွေနဲ့ ကျွန်တော် လမ်းပေါ်မှာ အကြာကြီး လျှောက်နေမိတယ်။ ခြေဦးတည်ရာလျှောက်ရင်း မြစ်ကမ်းစပ်ကို ရောက်တော့ တစ်ယောက်တည်း အကြာကြီး ထိုင်နေဖြစ်ပြန်တယ်။ ရေပြင်ထဲ ဆင်းငုံ့သွားတဲ့ နေလုံးကြီးကိုကြည့်ရင်း ကျွန်တော်နဲ့ ထက်ငယ်ရဲ့ပတ်သက်မှုဟာ နေဝင်သွားပြီလားလို့ တွေးဖြစ်ပါတယ်။ ကိုယ့်ဖြစ်တည်မှုကို မကျေနပ်ဘူး။

ညမှောင်မှ တည်းခိုရာနေရပ်ကို နွမ်းဖျော့စွာ ပြန်လာခဲ့ပါတယ်။ လမ်းခုလတ်မှာဗိုက်ဆာတော့ ကိုယ့်မှာကျန်ရှိတဲ့ ပိုက်ဆံလေးတွေ ရေတွက်တယ်။ အဲဒီကာလဟာ နိုဝင်ဘာလ။ လမ်းမတော် တန်ဆောင်တိုင်ပွဲတော်ဟာ ခြိမ့်ခြိမ့်သဲ စည်ကားနေတာပေါ့။ ပွဲဈေးတန်းတစ်လျှောက် စားသောက်ဝယ်ယူစရာတွေ ပေါများလှပေမယ့် ကောက်ညှင်းပေါင်းနှစ်ရာဖိုးပဲ ကျွန်တော် ဝယ်စားနိုင်ခဲ့ပါတယ်။

နှမ်းဆားထောင်းနဲ့ အုန်းသီးမျှင်ဖြူဖြူလေးတွေဖြူးပေးတဲ့ ကောက်ညှင်းပေါင်းဟာ အဲဒီတုန်းက ကျွန်တော့်အတွက် နတ်သုဒ္ဓါ ဆိုသလိုပါပဲ။ ကောက်ညှင်းပေါင်းနဲ့ တွဲရောင်းတဲ့မုန့်လိပ်ပြာကို ကျွန်တော် အရမ်းစားချင်ပေမယ့် ငွေကြေးအရနဲ့ ကြာရှည်အစာခံနိုင်ဖို့အတွက် ကောက်ညှင်းပေါင်းကိုပဲ ရွေးချယ်ခဲ့ရတာပါ။

ဘုန်းကြီးကျောင်းပြန်ရောက်တော့ ထူးကြီးက မရှိဘူး။ ဆရာတော်ကို မေးလျှောက်တော့ သူ မနက်တည်းက ပြန်မရောက်



www.burmeseclassic.com

www.burmeseclassic.com



သေးကြောင်း သိရတယ်။ အဲဒါနဲ့ ကိုယ့်တာဝန်ဆိုတဲ့စိတ်နဲ့ စိုးရိမ်မှုက ဝင်လာပြီး ဆေးရုံကို လိုက်သွားတယ်။ ဆေးရုံရောက်တော့လည်း ထူးကြီး မရှိပါဘူး။

"အဲဒီကောင် မနက်က ငါ့ဆီက ပိုက်ဆံတွေ အတင်းနှိုက်ယူပြီး ထွက်သွားတာ" လို့ ထူးကြီး အဖေက ပြောတယ်။

"အဲဒီကောင်ကိုခေါ်ပြီး မြန်မြန်ပြန်တော့" တဲ့။

ကျွန်တော် ဘာပြန်ပြောရမယ် မသိဘူး။ ကိုယ့်ဘာသာလည်း စိတ်မလုံဘူး။ အပြစ်ကျူးလွန်ထားသလို ခံစားနေရတယ်။

ဆေးရုံကပြန်ထွက်ပြီး ထူးကြီးကို လိုက်ရှာပါတယ်။ ပွဲဈေးတန်းတစ်လျှောက် သူရှိမယ်ထင်ပြီး လူစုလူဝေးကြား တိုးဝှေ့ပြီး ရှာပေမယ့် ထူးကြီးကို မတွေ့ပါဘူး။ ဘုန်းကြီးကျောင်းကို တစ်ခေါက်ပြန်ပြီး သူရောက်ပြီလား ကြည့်လိုက်၊ ပွဲဈေးတန်းမှာ ထွက်ရှာလိုက်၊ မောတဲ့အခါ ရေခဲရေလေး ဝယ်သောက်လိုက်နဲ့ပေါ့။

ညဉ့်နက်တဲ့အထိ ထူးကြီးကိုရှာဖွေလို့ မတွေ့တဲ့အခါ၊ ဘုန်းကြီးကျောင်းကိုလည်း သူ ပြန်ရောက်မလာတဲ့အခါ ဆေးရုံမှာများ ရောက်နေပြီလား ဆိုပြီးတော့ သွားတယ်။ သူ့သားကို မတွေ့သေးကြောင်းသိရတော့ ထူးကြီးအဖေဟာ ယမ်းပုံပေါ် မီးစကျသလိုပါပဲ။

"အဲ့ဒါမင်းကြောင့် ဖြစ်တာ။ မင်း ဒီကိုခေါ်လာလို့ ဖြစ်တာ။ ငါ့သားပျောက်လို့ကတော့ မင်းကို ဖြားယောင်းသွေးဆောင်မှုနဲ့ ရဲစခန်းမှာ တိုင်ချက်ဖွင့်မယ်" လို့ ပြောတယ်။

ကျွန်တော် အရမ်း ကြောက်သွားတယ်။ တကယ်ကြောက်တာပါ။ လူကြီးနဲ့ လူငယ်ဆိုတော့ ပြန်လည်း မပြောရဲဘူးလေ။ ပြီးတော့ ထူးကြီးအဖေက မျက်နှာထားတင်းတင်းမာမာကြီး။ အဲဒီ



အချိန်က ဖြားယောင်းသွေးဆောင်မှုဆိုတာကိုလည်း ဂယနဏ မသိသေးဘူး။ ထူးကြီးကို မတွေ့ရင် ငါတော့ ဖြားယောင်းသွေးဆောင်မှုနဲ့ ထောင်ကျတော့မှာပဲဆိုတဲ့ကြောက်စိတ်ကြီးကပဲ တစ်ချိန်လုံး စိုးမိုးနေတယ်။ အဲဒီည ကောင်းကောင်းအိပ်မပျော်ပါဘူး။

မနက်လင်းတော့ ဆေးရုံသွားပြန်တယ်။

ထူးကြီးက မရောက်သေးဘူး။

"သူ့ကို မတွေ့မချင်း မင်းလည်း မပြန်ရဘူး။ ပြန်ရင် မင်းကို ဖြားယောင်းသွေးဆောင်မှုနဲ့ တရားစွဲမယ်"

ကြောက်ပါတယ်ဆိုမှ အဲ့ဒါနဲ့ပဲ ခြိမ်းခြောက်နေတယ်။ အဲဒီစကားကြားတိုင်း ကျွန်တော် တုန်လှုပ်တယ်။ သူ့အဖေက နယ်အိမ်ကို ဖုန်းဆက်မေးတော့လည်း ပြန်မရောက်ကြောင်း သိရတယ်။ ထူးကြီးပြောသလို သူတို့တစ်အိမ်လုံးက ရန်ကုန်မှာရောက်နေတာ မဟုတ်ပါဘူး။ လူမမာ သူ့အဘွားနဲ့ လူနာစောင့်အဖြစ် သူ့အဖေပဲ ရန်ကုန်မှာ ရှိနေတာပါ။

နံနက်စာအဖြစ် မုန့်ဖတ်သုတ်ကလေး ဝယ်စားပြီးတော့ လက်ထဲမှာ ပိုက်ဆံက နှစ်ရာပဲကျန်တော့တယ်။ ထူးကြီး သူ့ရဲ့ဒင်္ဂါးပြားကိုများ လိုက်ရောင်းနေသလား ဆိုပြီး ရွှေဆိုင်တွေရှိတဲ့ နေရာဝန်းကျင် လှည့်ရှာတာလည်း မတွေ့ဘူး။ နေကပူ ချွေးကထွက် စိတ်ကမော ဗိုက်ဆာတဲ့အခါ ရေခဲရေပဲ ဝယ်သောက်ရပါတယ်။ (အဲဒီတုန်းက ရေခဲရေတစ်ခွက်ကို နှစ်ဆယ်ကျပ် ထင်ပါတယ်)။

ရန်ကုန်မြို့မှာ ဘယ်နေရာရောက်နေမှန်းမသိတဲ့ လူတစ်ယောက်ကိုရှာရတာ လူတစ်ယောက်ဖြစ်ဖို့ထက် ခဲယဉ်းတယ်လို့ ထင်မိပါတယ်။ (လူတစ်ယောက်ဖြစ်ဖို့ဆိုတာ လူ့ပြည်က အပ်တစ်စင်းနဲ့ ဗြဟ္မာ့ပြည်ကအပ်တစ်စင်းထိဖို့ထက် ခဲယဉ်းတယ်လို့

www.burmeseclassic.com

www.burmeseclassic.com



ဆိုကြပေမယ့် ကျွန်တော်ကတော့ အဲဒီခဲယဉ်းမှုကိုပဲ ကြိုးစားချင်စိတ် ဖြစ်ပါတယ်)

ထက်ငယ်တို့အိမ်မှာများ ထူးကြီးရောက်နေမလား အတွေးနဲ့ သဲသဲဖုန်းကို ဆက်မေးချင်ပေမယ့်လည်း ပိုက်ဆံမလောက်မှာ စိုးရွံ့နေတယ်။ အိမ်အထိ လမ်းလျှောက်သွားဖို့ စိတ်ကူးသေးပေမယ့် ထက်ငယ်ရဲ့ အမေ၊ အစ်ကို၊ အစ်မတွေက မနေ့ကကိစ္စသိရင် ကလော်တုတ်မှာ ကြောက်နေတယ်။

နေ့လယ်ကျတော့ လှုပ်ရှား သွားလာမှုများတာကြောင့် လူက တအားနွမ်းပြီး ဗိုက်က တအားဆာလာတယ်။ မနေနိုင်တော့တာနဲ့ ပွဲဈေးတန်းမှာ သကြားနဲ့လူးပေးတဲ့ ကောက်ညှင်းကျည်တောက် တစ်ရာဖိုး ဝယ်စားပါတယ်။ ကျွန်တော်ဟာ ကောက်ညှင်း၊ အုန်းသီး၊ ရေခဲရေနဲ့ မတည့်ပါဘူး။ အဲဒီသုံးခုစုံစားပြီး နေပူထဲသွားရင် နှာခေါင်းသွေးလျှံတတ်တာ အဲဒီအရွယ်က အကျင့်ပဲ။

သိလျက်နဲ့ဘာလို့စားလဲဆိုတော့ ကိုယ့်အနေနဲ့ ဒါလောက်ပဲ တတ်နိုင်ပြီး ကျွန်တော်ကလည်း အဲဒါတွေ ကြိုက်တာကိုး။ အဲဒါတွေလည်းစား၊ တစ်နေကုန်လည်း နေပူထဲ သွားလာနေတဲ့ ကျွန်တော်ဟာ ညနေကျတော့ အပူကန်ပြီး နှာခေါင်းသွေးလျှံပါတော့တယ်။

ပွဲဈေးတန်းမှာပဲ လျှံတာမို့ နီးရာရေခဲရေအရောင်းဆိုင်မှာ ရေခဲရေတစ်ခွက်ဝယ်ပြီး တားဆီးဖို့ ကြိုးစားပေမယ့် နှာခေါင်းသွေးက မတိတ်ဘူး။ ရေခဲရေ ထပ်ဝယ်စရာ ပိုက်ဆံကလည်း မရှိတော့ဘူး။ အဲဒါနဲ့ ဘောင်းဘီအိတ်ထဲမှာရှိနေတဲ့ ထက်ငယ် ပေးထားတဲ့ ပဝါလေးနဲ့ နှာခေါင်းကိုပိတ်ပြီး ဘုန်းကြီးကျောင်းကို ပြန်ပြေးရတယ်။ ဘုန်းကြီးကျောင်းရောက်တော့ ရေပေါပေါနဲ့



ဆိုတော့ သွေးရပ်ပါတယ်။ ဒါပေမယ့် ထက်ငယ်ရဲ့ပဝါလေးမှာတော့ သွေးစတချို့ စွန်းပေသွားပြီပေါ့။

ပြန်လည်လျှော်ဖွတ်ပေမယ့် အဖြူရောင်ပေါ်က အစွန်းအကွက်တွေဟာ မပြောင်စင်တော့ပါဘူး။

ငါတို့အဖြစ်ကတော့ အဲဒီလိုပဲလား. . .။

www.burmeseclassic.com

www.burmeseclassic.com

အဲဒီနေ့ညစာ ကျွန်တော် မစားရပါဘူး။ ရေသောက် ဗိုက် မှောက်နေရတယ် ဆိုတဲ့ဘဝရဲ့ခံစားချက်ကို ကိုယ်တိုင်ကြုံဖူးခဲ့တဲ့ ရက်စွဲတစ်ခုပေါ့။ အဲဒီည ဗိုက်ဆာဆာနဲ့ပဲ အောင့်အီးကြိတ်မှိတ်ပြီး ထူးကြီးကို အရှာထွက်ပြန်ပါတယ်။ ပွဲဈေးတန်းမှာ မုန့်ပဲသွားရေစာ တွေ စားကောင်းသောက်ဖွယ်တွေမြင်တဲ့အခါ၊ ထိုအရာတွေရဲ့ ရနံ့ ကို ရှူရှိုက်မိတဲ့အခါ ဗိုက်က ပိုဆာတာပေါ့။ ဒါပေမယ့် ကိုယ့်မှာ ပိုက်ဆံမရှိတော့ တံတွေးကိုသာ အတွင်တွင် မြိုချနေရတာပေါ့လေ။

ထူးကြီးကိုရှာနေရင်း နွာခေါင်းသွေးက ပြန်လျှံလာလို့ ဘုန်းကြီးကျောင်းမှာ ပြန်နားရတယ်။ ရေအဝသောက်ပြီး အိပ်ဖို့ ကြိုးစားပေမယ့် ဗိုက်ထဲက တဂွီဂွီနဲ့မို့ တော်တော်နဲ့ အိပ်မပျော်ဘူး။ ဆရာတော်ထံ စားသောက်စရာတစ်ခုခု ဖွန့်ကြဲဖို့ တောင်းခံရမှာ လည်း ဝန်လေးနေတယ်။ ကိုယ်က ဘာမှမကန်တော့နိုင်ဘဲ တည်းခို နေတာပဲ အားနာလှပြီ။

ဘယ်အချိန်မှာ ဘယ်လိုအိပ်ပျော်သွားသလဲမသိတဲ့ ကျွန်တော် ဟာ 'ဂလောက်ဂလောက် ဂလောက်ဂလောက်' ဆိုတဲ့ မြည်သံ ကြောင့် နိုးလာတယ်။ မျက်လုံးဖွင့်ကြည့်လိုက်တော့ ကျွန်တော့် နံဘေးမှာ တင်ပျဉ်ခွေချိတ်လျက် ပက်လက်လှန်ပြီး သူ့ ရွှေဘူးလေးကို တစိမ့်စိမ့်ကြည့်ကာလှုပ်နေတဲ့ ထူးကြီးကို တွေ့လိုက်ရပါတယ်။ သူ့ ကိုတွေ့တော့ ကျွန်တော် အရမ်းဝမ်းသာသွားတာပေါ့။



"ဟာ ဟိတ်ကောင် မင်း ပြန်လာတယ်နော်။ ဘယ်တွေ လျှောက်သွားနေတာလဲကွာ။ ငါ မင်းကိုလိုက်ရှာနေတာ" ဆိုပြီး ဝမ်းသာအားရ လူးလဲထပြီး သူ့ကို ပွေ့ဖက်လိုက်မိတယ်။ အဲဒီ အခါ ထူးကြီးဟာ ကျွန်တော့် လက်တွေကို ဆွဲဖယ်ပြီး -

"ဖယ်စမ်းပါကွာ။ ဒီမှာတွေးနေတာ အာရုံပျက်တယ်"

လို့ ပြောတယ်။

အိပ်ချင်မူးတူးနဲ့ ကျွန်တော်ဟာ အဲဒီတော့မှ ဟိုနေ့က ထက်ငယ်တို့အိမ်မှာ ဖြစ်ခဲ့တာတွေသတိရပြီး သူ ကျွန်တော့်ကို စိတ်ဆိုးနေသလားလို့ သူ့မျက်နှာကို အကဲခတ်ကြည့်ဖြစ်တယ်။ သူ့ မျက်နှာထားက တစ်ခုခုကို အလေးအနက်စဉ်းစားနေဟန် မှုန်ကုတ် ကုတ်နဲ့ ခန့်မှန်းရခက်နေတယ်။

ဆတ်ခနဲ သူ ထပြီး ခြင်ထောင်ထဲက ထွက်တယ်။ ပြီးတော့ ဝရန်တာမှာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ပါတယ်။ ဝရန်တာ မှာ ကျွန်တော်တို့သာမက အခြားအိပ်နေတဲ့ ဘုန်းကြီးကျောင်းသား တစ်ယောက်လည်းရှိတယ်။ ကျွန်တော်တို့က အရှေ့ဘက်ခြမ်းမှာ အိပ်ကြာ။ အဲဒီကျောင်းသားက အနောက်ဘက်ခြမ်းမှာ အိပ်တာ။ ကျွန်တော်တို့ရဲ့ ခြေရင်းဘက်ပေါ့။

နေရာချင်း ကွာလှမ်းပေမယ့် ခြေသံကြောင့် အနှောင့် အယှက် ဖြစ်မှာစိုးလို့ သူ့ကို ကျွန်တော် တားချင်နေတယ်။ ဒါပေ မယ့် ဟိုနေ့ကဇာတ်လမ်းလေးလည်း ရှိခဲ့ဖူးတော့ ဘယ်လိုပြောရမှန်း မသိဘူး ခက်ခဲနေတယ်။ သူက ရိုးရိုးတန်းတန်း ဟိုဘက်လျှောက် လိုက် ဒီဘက် လျှောက်လိုက်လုပ်နေရာက ဟိုဘက်ဒီဘက်ကို နောက်ပြန်လျှောက်ပါတော့တယ်။ ခြင်ထောင်ထဲက ကဲကြည့်နေတဲ့ ကျွန်တော် နည်းနည်းတော့ မျက်ခုံးလှုပ်သွားပြီး -

www.burmeseclassic.com

www.burmeseclassic.com



"သူငယ်ချင်း. . . မင်း အဲ့ဒါ ဘာလုပ်နေတာလဲ။ အဆန်းပါလား"

လို့ လေချိုလေးနဲ့ မေးဖြစ်တယ်။ သူ့ကို ကျွန်တော် လေချိုသွေးနေတာ အကြောင်းရှိတယ်။ ကိုယ့်စိတ်ကူးနဲ့ကိုယ်။

သူက လက်နောက်ပစ်လျက် ရွှေဘူးလေးကို ဂလောက်ဂလောက်လှုပ်ရင်း ခေါင်းကိုမော့ ရင်ကိုကော့ပြီး နောက်ပြန်လျှောက်နေရာက -

"ဆဋ္ဌမအာရုံနဲ့ အတွေးသစ်တွေကို ညှစ်ယူနေတာ" တဲ့။

"ဘယ်လိုများလဲကွ။ ငါ နားလည်အောင် ရှင်းပြပါဦး"

လို့ ကျွန်တော်ကလည်း စိတ်ဝင်စားဟန်နဲ့ ခြင်ထောင်ထဲကထွက်ပြီး ဆက်လက်ဖောရှော လုပ်နေလိုက်တယ်။ အဲဒီအခါ သူက လမ်းလျှောက်မပျက်ဘဲ -

"ဆဋ္ဌမအာရုံဆိုတာ မင်းကြားဖူးမှာပေါ့"

"အေး ကြားတော့ ကြားဖူးတယ်။ သိပ်တော့ နားမလည်ဘူး"

"နားလည်သွားအောင် ငါ ရှင်းပြမယ်"

ဆိုပြီး ထူးကြီးက အကျယ်တဝင့် ရှင်းပြပါတယ်။

တကယ် မှတ်သားစရာတွေပါပဲ။

"လူတွေမှာ မျက်လုံးငါးလုံး ရှိတယ်။ နှစ်လုံးကတော့ မင်းသိမှာပါ။ ငါတို့ ခု ကြည့်နေမြင်နေတဲ့ မျက်စိနှစ်လုံးပေါ့။ ကျန်သုံးလုံးကတော့ ခြေမျက်စိနှစ်လုံးနဲ့ နောက်စိကိုပြောတာ။ အဲဒီ ခြေမျက်စိနှစ်လုံးနဲ့ နောက်စိပေါင်းစပ်ထားတာကို ဆဋ္ဌမအာရုံလို့ ခေါ်တာ"

"အားပါးပါး တကယ့် အမြင့်တွေပဲ" လို့ သံယောင်လိုက်ပေးလိုက်တယ်။ သူ့ကို ချော့ထားရမယ်လေ။



"ငါ ခု နောက်ပြန်လျှောက်နေတယ်ဆိုတာ အဲဒီခြေမျက်စိနှစ်လုံးနဲ့ နောက်စိကို အသုံးပြုပြီး လျှောက်နေတာ။ သူတို့မှာလည်း မြင်နိုင်စွမ်းတွေ ရှိတယ်။ ဒါကြောင့် ငါ ခုလိုလျှောက်လို့ ရနေတာပေါ့။ အဲဒီလိုလျှောက်ခြင်းအားဖြင့် ထူးခြားတဲ့ အတွေးအခေါ်သစ်တွေ ထွက်ပေါ်စေတယ်။ လာလေ မင်းလည်း လျှောက်ကြည့်ပါလား"

လို့ သူက ကျွန်တော့်ကို အဖော်စပ်သေးတယ်။

"အာ နေပါကွာ။ လုပ်ပါ လုပ်ပါ မင်းဘာသာပဲ ကျင့်စဉ်ကို အောင်မြင်အောင်လေ့ကျင့်ပါ" လို့ ကျွန်တော် ပြောလိုက်တော့ -

"ငါက ဒီကျင့်စဉ်ကို အောင်မြင်ပြီးသားပါကွ။ ဒါကြောင့် ဒီလိုလျှောက်လို့ ရနေတာပေါ့" လို့ ပြောတယ်။

ကျွန်တော်လည်း ခဏတော့ သူ့အလိုလိုက်နေဦးမှဆိုပြီး ခြင်ထောင်ထဲပြန်ဝင်ပြီး အသာမှိန်းနေလိုက်တယ်။

ခဏကြာတော့ ထင်မိသေးပေမယ့် မဖြစ်လောက်ဘူးလို့ မျှော်လင့်တာက တကယ်ဖြစ်သွားခဲ့တယ်။ 'အား' ခနဲ အော်သံကြောင့် ကျွန်တော် လန့်ဖျပ်ပြီး ကပျာကယာ ခြင်ထောင်ထဲက ထွက်ကြည့်လိုက်တော့ သိတာပါ။

ဆဋ္ဌမအာရုံကျင့်စဉ်နဲ့ ခြေမျက်စိနှင့် နောက်စိကို အသုံးပြုပြီး နောက်ပြန်လမ်းလျှောက်နေတဲ့ထူးကြီးဟာ တစ်ဖက်မှာ အိပ်နေတဲ့ ကျောင်းသားရဲ့မျက်နှာကို တက်နင်းမိတာပါ။ ထိုကျောင်းသားကလည်း ခြင်ထောင်မထောင်ဘဲ ဒီအတိုင်းအိပ်နေတာ။ ထူးကြီးဝိတ်နဲ့ လက်မအနည်းငယ်လောက်တိုးပြီး လည်မျိုကိုသာ နင်းမိရင် တစ်ခါ တည်း ကိစ္စပြတ်လောက်တယ်။ ခုတောင် မျက်စိထွက်မသွားတာ ကံကောင်းတယ်ပြောရမယ်။ ထိုကျောင်းသားကို တဖွဖွတောင်းပန် ပြုစုပေးပြီးတော့ ထူးကြီးကို

www.burmeseclassic.com

www.burmeseclassic.com



ဆွဲခေါ်ကာ ခြင်ထောင်ထဲ ပြန်ဝင်လာခဲ့တယ်။ မနေသာတော့လို့ ကျွန်တော့်စိတ်ကူးကို အကောင်အထည်ဖော်ဖို့ ကြိုးစားပါတော့တယ်။

"သူငယ်ချင်း မင်းအဖေဆီက ပိုက်ဆံတွေ ယူသွားတယ်ဆို။ ဘယ်လောက်များလဲကွ ငါ့ကိုပြပါဦး"

လို့ မေးလိုက်တယ်။ ကျွန်တော့်စိတ်ကူးက သူ့ဆီက ပိုက်ဆံတောင်းပြီး တစ်ခုခုထွက်စားမလို့ပါ။ သွားရေတပြင်ပြင်နဲ့ မျှော်လင့်နေတာပေါ့။ အဲဒီမှာ ထူးကြီးက တိုပြတ်ပြတ်ပဲ ဖြေတယ်။

"တစ်ပြားမှ မရှိတော့ဘူး။ ကုန်သွားပြီ" တဲ့။

မျှော်လင့်ချက်ကလေးတွေ ရှုံ့ပိန်သွားတယ်။

"ဒီပြန်လာစရာ စရိတ်တောင် မရှိလို့ ကားလိမ်စီးခဲ့ရတာ။ ငှားလာတဲ့ကားသမားကို ရောက်မှပိုက်ဆံပေးမယ်ပြောပြီး ဒီရွာရောက်တော့ ကားရပ်ပေးတာနဲ့ ဘုန်းကြီးကျောင်းထဲ အမြန်ပြေးဝင်ခဲ့တာ။ မောလိုက်တာကွာ" လို့တောင် ညည်းနေသေးတယ်။

"မင်း ဘယ်တွေ လျှောက်သွားနေတာလဲ"

ထပ်မေးတော့ မပြောဘူး။ သူ့ ရွှေဘူးလေးကိုပဲ တစိမ့်စိမ့်ကြည့်ပြီး ဂလောက်ဂလောက်နဲ့ လှုပ်နေတယ်။ မျက်နှာအမူအယာကလည်း တစ်စုံတစ်ခုကို အလေးအနက် စဉ်းစားနေတဲ့ပုံ။ ထက်ငယ်တို့အိမ်မှာဖြစ်ခဲ့တာနဲ့ ပတ်သက်လို့ တစ်ခွန်းတစ်ပါဒမှ မဟဘူး။ ကျွန်တော်ကလည်း ကိုယ့်ဘက်က မစဘူး။ ဒီလိုနဲ့ ကျွန်တော်ဟာ စိတ်ပျက်လက်ပျက်နဲ့ စိတ်ချလက်ချ အိပ်ပစ်လိုက်ပါတော့တယ်။



ပြောင်းလဲနိုင်ချေရှိတဲ့ကံကြမ္မာကို မသိမမြင်ဘဲ ကျွန်တော်ဟာ နေအတော်မြင့်မှ နိုးလာတယ်။

ကျွန်တော်နိုးတော့ အနားမှာ ထူးကြီး မရှိဘူး။ နိုးနိုးချင်း ရေတစ်ခွက်ကို အမြန်ဆုံး ထသောက်ရတယ်။ ပြီးတဲ့အခါ သွားတိုက်မျက်နှာသစ် ကိုယ်လက်သန့်စင်ဖို့အတွက် အောက်ကို ဆင်းလာခဲ့တယ်။ အောက်ထပ်ရောက်တော့ ကျောင်းထိုင်ဆရာတော်က ကျွန်တော့်ကိုမြင်တာနဲ့ 'ခဏလာဦး' လို့ လက်ယပ်ခေါ်တယ်။ ကျွန်တော်အနားရောက်တော့ တရားခံလို အစစ်ခံရပါတယ်။

ကျွန်တော့်အဒေါ်နဲ့ ဒီကျောင်းကိုရောက်ဖူးတာ ဆရာတော်က မှတ်မိတယ်။ ကျွန်တော်ကလည်း အဒေါ်အမည်ပြောပြီး တည်းခိုခွင့်ပန်ခဲ့တာကိုး။ ဒီတော့ ကျွန်တော့်အဒေါ်နဲ့ ကျွန်တော်ဟာ တူအရီးဘယ်နှဝမ်းကွဲ တော်စပ်သလဲက စမေးတယ်။ ပြီးတဲ့အခါ ကျွန်တော် လျှောက်တင်ပြီးသား အကြောင်းအရာဖြစ်တဲ့ ဒီကို ဘာလာလုပ်တာလဲ မေးတယ်။

ကျွန်တော်လည်း ဆေးရုံက လူနာနောက်လိုက်လာတာဖြစ်ကြောင်း ထပ်ပြောလိုက်ပါတယ်။ ကျွန်တော်တို့က ညအိပ်တည်းခိုတာမို့ ဧည့်စာရင်းတိုင်ဖို့အတွက် ဆရာတော်ကို မှတ်ပုံတင်ပေးထားရတယ်။ ဆရာတော်က ကျွန်တော့်မှတ်ပုံတင်လေးကိုကိုင်ကြည့်ပြီး ကျွန်တော့်ရဲ့မိဘအမည်၊ နေရပ်လိပ်စာ၊ မိဘတွေရဲ့ အလုပ်



www.burmeseclassic.com

www.burmeseclassic.com



အကိုင်တွေ မေးပါတယ်။ ကျွန်တော် ရည်ရည်မွန်မွန်ပဲ ပြန်ဖြေခဲ့တယ်။ ဆရာတော်က ကျွန်တော့်ကို စူးစူးစိုက်စိုက်ကြည့်ပြီး -

"အင်း. . . မင်းကိုကြည့်ရတာလည်း မူမှန်သားပဲ" တဲ့။

ကျွန်တော်က -

"ဘာဖြစ်လို့လဲ ဘုရား" လို့ မေးလျှောက်တော့မှ လက်သည်တရားခံက ပေါ်ပါတယ်။

ထူးကြီးက ဒီမနက် ဆရာတော်တွေ ဆွမ်းစားနေချိန် လာလျှောက်တယ်တဲ့။ ကျွန်တော့်ကို ဒီကျောင်းမှာ လက်မခံသင့်ကြောင်း၊ ကျွန်တော်ဟာ စိတ်မမှန်တဲ့အရူးဖြစ်ကြောင်း၊ ဒါကြောင့် ဆေးဝါးကုသပေးဖို့အတွက် သူက ချော့မော့ပြီး ရန်ကုန်ကိုခေါ်လာခဲ့တာဖြစ်ကြောင်း၊ ကျွန်တော်ဟာ ရန်ကုန်ကိုလည်း တစ်ခေါက်မှ မရောက်ဖူးတာကြောင့် သူက အစစအရာရာ ကြည့်ရှုပြီး ထိန်းသိမ်းစောင့်ရှောက်နေရကြောင်း၊ နေပြင်းရင် ကျွန်တော်ဟာ စိတ်က ဖောက်ဖောက်လာတတ်လို့ အထူးသတိထား ဆက်ဆံရကြောင်း၊ အရင်တစ်နေ့ကလည်း စိတ်ဖောက်ပြီး သူ့လည်မျိုကို ညှစ်သတ်မလို လုပ်ခဲ့ကြောင်း၊ အဲဒါကြောင့် သူ ကျောင်းကိုပြန်မလာရဲဘဲ ရှောင်နေရတာဖြစ်ကြောင်း၊ ညကလည်း ကျွန်တော်အရိပ်အခြေကြည့်နေရပြီး ကောင်းကောင်းမအိပ်ခဲ့ရကြောင်း၊ သူ ပါလာသမျှပိုက်ဆံတွေဟာလည်း ကျွန်တော်သုံးပစ်လို့ ကုန်သွားပြီမို့ ဆရာတော်အနေနဲ့ သနားသဖြင့် သူ့ကို ဝတ္ထုငွေလေး စွန့်ကြဲဖို့ တောင်းခံတဲ့အကြောင်း၊ အခုဆိုရင် ကျွန်တော်ဟာ ရန်ကုန်က လူဆိုးတွေနဲ့ ပေါင်းမိပြီး ဒီသရက်တောကျောင်းတိုက်ဝင်းကြီးတစ်ခုလုံးကို ဗုံးခွဲဖို့ ကြံစည်နေကြောင်းတွေ ဆရာတော်ကို လျှောက်တင်ပါသတဲ့။

ဘုရား. . . ဘုရား. . .



ကျွန်တော်လည်း ပြူးပြူးပြာပြာဖြစ်သွားပြီး ဆရာတော်ကို အဖြစ်မှန်တွေ လိတ်ပတ်လည်အောင် ရှင်းပြရတယ်။

ဆရာတော်ကလည်း ထူးကြီးစကားတွေဟာ ရှေ့နောက်မညီလို့မယုံတာကြောင့် ခုလိုခေါ်မေးရင်း ကျွန်တော်ကို သတိပေးတဲ့အနေနဲ့ဖွင့်ပြောရတာဖြစ်ကြောင်း၊ အခုဆိုရင် ထူးကြီးဟာ ဆရာတော်စွန့်ကြဲတဲ့ ဝတ္ထုငွေကိုယူပြီး ကျွန်တော့်ကို ရဲစခန်းမှာ တိုင်ချက်ဖွင့်ပြီးတော့ ရဲတွေကိုဖမ်းခိုင်းကာ အရူးထောင်ပို့မလို့ ဆိုပြီး ထွက်သွားကြောင်းလည်း သိရတယ်။ ဆရာတော် တားပေမယ့် မရဘူး။

'အများအတွက် စိုးရိမ်လို့' ဆိုပြီး ထွက်သွားချေသတဲ့။

ဆရာတော်နဲ့ ကျွန်တော် စကားပြောနေချိန် နံဘေးမှာ လာနားထောင်နေတဲ့ တည်းခိုသူ ဧည့်သည်တွေနဲ့ သံဃာတွေရှိတယ်။ သူတို့ကလည်း ဝင်ပြောတယ်။

အန်တီကြီးတစ်ယောက်ကဆို မနေ့ညက ထူးကြီးပြန်လာတော့ သူ တံခါးထဖွင့်ပေးတဲ့ အကြောင်း၊ အဲဒီမှာ မနေ့ညနေက သူ ထမင်းချက်ရင်း ကျွန်တော် နှာခေါင်းသွေးလျှံနေတာမြင်မိတာ ထူးကြီးကို ပြန်ပြောပြတဲ့အခါ ကျွန်တော်ဟာ သွေးကင်ဆာဖြစ်နေတာဖြစ်ကြောင်း၊ ကျွန်တော့် အနားကပ်ရင် ရောဂါကူးနိုင်ကြောင်း၊ ကျွန်တော် ဒီကျောင်းမှာ ဆက်ရှိနေရင် ကျန်လူတွေပါ ရောဂါကူးစက်နိုင်တာမို့ ကျွန်တော့်ကို ဒီကျောင်းမှာ လက်မခံဘဲ အမြန်ပြန်လွှတ်ဖို့ ဆရာတော်ကို လျှောက်ခိုင်းသေးသတဲ့။

ဦးဇင်းတစ်ပါးကလည်း ပြောတယ်။ ထူးကြီးဟာ ဒကာဒကာမတွေတက်ရမယ့်အိမ်သာမှာ မတက်ဘဲ ဘုန်းကြီးကုဋိတွေမှာ ဝင်တက်ကြောင်း၊ ပြောတော့လည်း သူက သာမန်လူအများသုံးတဲ့ အိမ်သာမှာဝင်တက်ရင် ဘုန်းနိမ့်မှာစိုးလို့ဟု ပြောကြောင်း၊ ဘုန်းကြီး

www.burmeseclassic.com

www.burmeseclassic.com



တွေ ရေချိုးတဲ့နေရာမှာလည်း ဖိနပ်စီးပြီး ခြေထောက်လာဆေးကြောင်း၊ မလျှော်ကြောင်းပြောတားတော့ သူက အရမ်းအသန့်ကြိုက်တတ်လို့ပါဟု ဆိုသတဲ့။

ညဘက်ကြီး ကျိန်းနေတာ အတင်းလာနှိုးခေါ်ခံရပြီး စားပွဲတင်နာရီလေးနဲ့တကွ ရည်းစားစာရေးတာမှာ ထောက်ခံချက်လက်မှတ်ထိုးပေးခဲ့ရတဲ့ ဦးဇင်းကလည်း သူ ကြုံခဲ့တာပြောပြီး ထူးကြီးဟာ မူမမှန်ကြောင်း၊ ဒီအကြောင်းကို ဆရာတော်အား လျှောက်တင်ပြီး ဖြစ်ကြောင်းလည်း ပြောပြတယ်။ ဦးလေးကြီးတစ်ယောက်ကတော့ -

"အဲဒီကောင်လေးလက်ထဲက ဘာဘူးလေးလဲကွ။ အဲဒီဘူးကို သူ လက်ကမချဘူး။ ရေသောက်လည်း လက်တစ်ဖက်မှာကိုင်ထားတယ်။ အစားစားလည်း လက်တစ်ဖက်မှာ ကိုင်ထားတယ်။ တစ်ခါတလေ အဲဒါလေးကိုကြည့်ပြီး ဂလောက်ဂလောက်နဲ့ လှုပ်နေတာ။ သိချင်လို့ ငါမေးတော့လည်း မပြောဘူး" တဲ့။

ထိုအခါ ကျန်လူတွေကပါ အဲဒီဘူးလေးကြောင့် အဲဒီကောင်လေးကို စိတ်ဝင်တစား လိုက်ကြည့်နေမိကြောင်း၊ အဲဒီဘူးထဲမှာ ဘာပါသလဲ သူတို့လည်း သိချင်ကြောင်း ဝိုင်းမေးကြပါတယ်။

ကျွန်တော်တောင် မဖြေလိုက်ရပါဘူး။ အဂ္ဂိရတ်ဦးဇင်းက အဲဒါ သိန်းနှစ်ထောင်တန်တဲ့ပစ္စည်း ဆိုပြီး သူ့ကို လာပြတာတွေ ပုံစံက ဘယ်လိုဆိုတာတွေ၊ သူ စမ်းကြည့်ချင်လို့ တောင်းတဲ့အခါ မပေးတာတွေ ပြောပါတယ်။ ဆရာတော်က ခေါင်းတညိတ်ညိတ်နဲ့ ပြောသမျှ နားထောင်ပြီး -

"ဒီလိုဆို မင်းက စိတ်မနှံ့တာ မဖြစ်နိုင်ဘူး။ ဖြစ်ချင်းဖြစ် သူ့ကိုပဲ မသင်္ကာရမယ်။ မင်းက သူနဲ့ ဘယ်လိုသိခဲ့တာလဲ"



မေးလို့ ကျွန်တော်နဲ့ထူးကြီး သိခဲ့ပုံကို အကျဉ်းချုံးပြီး ဇာတ်ကြောင်း ပြန်ရသေးတယ်။

"သူက မင်းကို ဘာအငြိုးအတေးရှိလို့ ဒီလိုတွေ ပြောဆိုနေတာလဲ" လို့ ဆရာတော်မေးတဲ့အခါ ကျွန်တော့်ယူဆချက်အရတော့ ဖြစ်နိုင်ချေနဲ့ ထင်စရာရှိတာဆိုလို့ ထက်ငယ်တို့နဲ့ ပတ်သက်မှုနှင့် ထက်ငယ်တို့ အိမ်မှာဖြစ်ခဲ့တာပဲရှိတာမို့ အဲဒီအကြောင်းကိုပဲ ပြောပြဖြစ်ပါတယ်။ ဆရာတော်က ခေါင်းတညိတ်ညိတ်နဲ့ -

"ကြာရင် မင်းအတွက် အန္တရာယ်ရှိတယ်။ ရင်မဆိုင်တာ ကောင်းပါတယ်" ဆိုပြီး ကျွန်တော်ကို ပြန်ခိုင်းတယ်။

ကျွန်တော်လည်း အမြန်ဆုံး သွားတိုက်မျက်နှာသစ်ပြီး ဆရာတော်နဲ့တကွ သံဃာတွေကို ကန်တော့ကာ၊ ကျောင်းမှာရှိသူတွေကိုနှုတ်ဆက်ကာ ထွက်လာခဲ့ပါတော့တယ်။ အားလုံးက ကျွန်တော်ကို သတိနဲ့နေဖို့၊ ဂရုတစိုက်သွားလာဖို့ အတန်တန် မှာတယ်။

စိတ်ထဲမှာ လေးလံနေတုန်းပဲ။ ဖြားယောင်းသွေးဆောင်မှုကြီးက လွှမ်းမိုးနေဆဲမို့ ဆေးရုံကိုဝင်ကာ ထူးကြီးအဖေကို -

"ဦးလေးသားက ဒီလို. . ."

ဆိုပြီး အကျိုးအကြောင်းတွေ ပြောပြလိုက်တယ်။ ကိုယ့်အပြစ်လွှတ်ချင်စိတ်နဲ့ပေါ့လေ။ ဒါပေမယ့် ထူးကြီးအဖေက ထုံးစံအတိုင်း မျက်နှာထားတင်းတင်းမာမာနဲ့ပဲ နှုတ်ခမ်းကိုမဲ့ပြီး -

"မင်း ဒီလိုတွေ လာပြောမှာ ငါ သိသားပဲ။ ငါ့သားက မင်း အဲ့လိုတွေလာပြောမယ်ဆိုတာ ခုနကပဲ ငါ့ကိုလာပြောသွားပြီ" တဲ့။

ဩော်. . . အင်မတန် ကွက်ကျော် မြင်တတ်ရှာနိုးတဲ့ ထူးကြီးပါလေ။

www.burmeseclassic.com

www.burmeseclassic.com



"ယုံတာ မယုံတာ ဦးလေးအပိုင်းပဲ။ ပြောသင့်တယ် ထင်တာ ကျွန်တော် ပြောပြီးပြီ။ သူ လိုက်ပို့ခိုင်းလို့ ဒီရန်ကုန်ကို ကျွန်တော် လိုက်ပို့တယ်။ သူ စရိတ်ခံမယ်ဆိုပေမယ့် ကျွန်တော်ပဲ စရိတ်ကုန်တဲ့အပြင် အငတ်ငတ်အပြတ်ပြတ် နေခဲ့ရတယ်။

ဒီကြားထဲ ဦးလေး ဆူတာ ဟိန်းဟောက်တာ ခြိမ်းခြောက်တာတွေခံရတဲ့အပြင် ကျွန်တော့်အပေါင်းအသင်းတွေနဲ့လည်း မျက်နှာပျက်ခဲ့ရတယ်။ အခု တည်းခိုတဲ့ဘုန်းကြီးကျောင်းမှာပါ ကျွန်တော့်နာမည်ကိုဖျက်တယ်။ ကျွန်တော့်ကိုပါ ရဲတိုင်ပြီး အရှုးထောင်ပို့မယ် လုပ်နေတယ်။ ဦးလေးပြောတာ သူ ဒီကိုလာသွားတယ်နော်။ အဲဒီမှာ ခေါ်မထားတာ ဦးလေးတာဝန်ဖြစ်သွားပြီ။ သူ့ကို ပြန်တွေ့ပြီမို့ ကျွန်တော်ပြန်ပြီ။ ဒီထက်ပိုပြီး မပေးဆပ်နိုင်တော့ဘူး"

ထွေထွေထူးထူးတွေ ဆက်ရှင်းပြ မနေချင်တော့ဘူး။ လူကောစိတ်ပါ နွမ်းလျနေပြီ။ လှည်းအထွက်မှာ နောက်ကျောမလုံလို့ တစ်ချက်ပြန်ကြည့်တော့ ထူးကြီးအဖေဟာ ကျွန်တော့်ကို နှုတ်ခမ်းမဲ့မဲ့ကြီးနဲ့ စိုက်ကြည့်နေတယ်ဗျ။ ရင်ထဲ စိမ့်ခနဲပဲ။

ကျွန်တော် ဆူးလေကို ခြေလျင်လျှောက်သွားပြီး အစ်ကိုဆီမှာ ပိုက်ဆံတစ်ထောင် ဝင်ယူတယ်။ ရတဲ့အခါ ပန်းဆိုးတန်းကုံးတံတားနားမှာ မကြိုက်တဲ့ပေါင်မုန့်ကိုပဲဝယ်စားပြီး ရေခဲရေသည်ဆီမှာ ရေခဲနဲ့မလောင်းရသေးတဲ့ ရှိုးရိုးရေတစ်ခွက် ဝယ်သောက်တယ်။ ပြီးတဲ့အခါ နေ့လယ်ရထားနဲ့ နယ်ကမိဘရပ်ထံ ပြန်လာခဲ့ပါတော့တယ်။ အဲဒီတုန်းက ရန်ကုန်နဲ့ ကျွန်တော်တို့ မြို့ ရထားစီးခ ၅၅၀ ကျပ်။

မှတ်မှတ်ရရ ကျွန်တော်ရဲ့ အတွင်းခံဘောင်းဘီတစ်ထည်တောင် အဲဒီဘုန်းကြီးကျောင်းမှာ ကျန်ခဲ့သေးတယ်။

နယ်ကိုရောက်ပြီး နောက်တစ်ရက်မှာ သူငယ်ချင်းတစ်ယောက် အိမ်ကို သွားတယ်။ အဲဒီသူငယ်ချင်းရဲ့ အဖေက ရှေ့နေ။ ဖြားယောင်းသွေးဆောင်မှုအကြောင်း သွားမေးတာ။ အဲဒီဦးလေးက အကျယ်တဝင့်ရှင်းပြမှ ကျွန်တော်လည်း စိတ်အေးသွားတယ်။

မကွေးမှာ ဆေးကျောင်းတက်နေတဲ့သူငယ်ချင်းကလည်း အဲဒီအချိန် အိမ်ပြန်ရောက်နေတာ။ သူနဲ့ လက်ဖက်ရည်ဆိုင် သွားထိုင်ရင်း ထူးကြီးနဲ့ပတ်သက်မှု ရင်ဖွင့်ဖြစ်တော့ -

"ငါတို့တွေကိုကြွပ်နေကျငကြွပ် အဲဒီကောင်နဲ့တွေမှ ပယ်ပယ်နယ်နယ် ခံလာရတယ်ပေါ့။ ကောင်းတယ်" ဆိုပြီး ရယ်တယ်။

ထူးကြီးကို သူ သိတယ်။ သူတို့နဲ့ ကျောင်းအတူတူ တက်ခဲ့ရတာတဲ့။ အဲဒီကောင်က မှုမမှန်လို့ ဘယ်သူမှ မပေါင်းဘူး။ မင်းမို့ သွားပေါင်းတယ်ဆိုပြီး အပြစ်တင်နေသေးတယ်။ အဲဒီကာလမှာ တစ်ရက် ထွန်းထွန်း ကျွန်တော့်အိမ်ရောက်လာလို့ ထူးကြီးအကြောင်းနဲ့ သူ့အဖေအကြောင်းပြောပြရင်း မေးဖြစ်တယ်။ သူတို့က အဲ့လိုပဲတဲ့။

"မင်း ငါ့ကို ဘာလို့ကြိုမပြောတာလဲ"

အပြစ်တင်တော့ ထွန်းထွန်းက ကျွန်တော့်လက်ချောင်းတစ်ဖက်ကို သူ့လက်ချောင်းလေးတွေနဲ့ လာပွတ်ပြီး -

"နင်က ကြင်နာတတ်လို့ ပေါင်းနေတယ် ထင်တာလေ"တဲ့။

www.burmeseclassic.com

www.burmeseclassic.com



သူလည်း ပြောတော့ပြောမလို့ စိတ်ကူးတယ်။ ဒါပေမယ့် သူများအိမ်တွင်းရေးမို့ မေးလည်းမမေးတာနဲ့ စမပြောချင်လို့ မပြော ဖြစ်ခဲ့ကြောင်း၊ ထူးကြီးတို့ တစ်အိမ်လုံးမှာ သူ့အမေနဲ့ သူ့အစ်မပဲ မှုမှန်သလိုရှိကြောင်း၊ စီးပွားရေးကိစ္စမှအပ ပြင်ပဆက်ဆံမှုလည်း နည်းကြောင်း၊ ထူးကြီးဟာ အရင်က အဲဒီလောက်မဆိုးပေမယ့် ဆယ်တန်းစာမေးပွဲဖြေခါနီးမှာ အပြင်းဖျားလို့ ဆေးရုံတင်ရပြီး တည်းက အဲ့လိုဖြစ်သွားကြောင်း၊

ထူးကြီးဟာ ကျောင်းနေတုန်းက ဉာဏ်ကောင်းပြီး စာတော် ကြောင်း၊ ဒါပေမယ့် သူ့စရိုက်ကြောင့် သူ့ကို ဘယ်သူမှမပေါင်းတာ သတိထားမိလို့ ထွန်းထွန်းက ပေါင်း သင်းဆက်ဆံနေဖြစ်ကြောင်း၊ ကျွန်တော်နဲ့ ခင်ကတည်းက ထူးကြီးဟာ သူ့ဆီလည်း မလာတော့ ကြောင်း၊

ထူးကြီးရဲ့ ကျန်းမာရေး အခြေအနေကြောင့် သူ့အိမ်က ကျောင်းဆက်မတက်ခိုင်းတဲ့အပြင် အချိန်အတော်ကြာ အိမ်ထဲက အိမ်ပြင်တောင် ထွက်ခွင့် မရခဲ့ကြောင်း၊ ကျွန်တော်နဲ့ သိတဲ့ ကာလမှာသာ အပြင်ကိုအထွက်များ လာတာဖြစ်ကြောင်းတွေ ပြောပါတယ်။

ထွန်းထွန်းဆီကနေ ထူးကြီးအကြောင်းတွေ အထိုက် အလျောက်သိရပြီးတဲ့အခါ ထူးကြီးကို ကျွန်တော် စိတ်မနာနိုင်ဘဲ ဂရုဏာ သက်သွားပါတယ်။ သူ့ကိုလည်း နားလည်လို့ ရသွားသလို ပဲ။ ဒါကြောင့် ညနေခင်းတစ်ခုမှာ ထူးကြီးတို့ အိမ်ကို ရောက်သွား ဖြစ်တယ်။ အိမ်ရှေ့မှာပဲ ထူးကြီးအဖေနဲ့ တွေ့တယ်။ ကျွန်တော့်ကို မြင်တော့ နှုတ်ခမ်းမွှေးမွဲကြီးနဲ့။

"မင်း ဘာလာလုပ်တာလဲ" တဲ့။



ကျွန်တော်က ထူးကြီးပြန်ရောက်ပြီလား လာမေးတာပါလို့ ရည်ရည်မွန်မွန်ပဲပြောပေမယ့် ထူးကြီးအဖေဟာ မျက်နှာထား ခက်ထန်စွာနဲ့ "မင်း ဘာမှလာမေးမနေနဲ့။ မင်းကြောင့် ငါ့သား ခုလို ဖြစ်ရတာ။ မင်းထွက်သွား" လို့ မောင်းထုတ်ပါတယ်။

ကျွန်တော်က ထူးကြီး အခုဘာဖြစ်လို့လဲ မေးပေမယ့် မပြောဘဲ ကျွန်တော့်ကိုသာ တရစပ် နှင်ထုတ်နေတာကြောင့် ကျွန်တော်လည်း လှည့်ပြန်လာခဲ့ပါတယ်။ စိတ်ထဲတော့ ဘဝင် မကျဘူး။

တစ်ခုခုသိရမလားဆိုပြီး ထက်ငယ်ဆီ အကျိုးအကြောင်း ပြောပြ တောင်းပန်ရင်း ဖုန်းဆက်မေးတယ်။ အဲဒီအခါ ထက်ငယ် က သူတို့အိမ်မှာ ပြဿနာဖြစ်ပြီးတဲ့ နောက်ရက်တွေမှာလည်း ထူးကြီးဟာ သူတို့ဆီ လာကြောင်း၊ အိမ်ပေါ်ကိုတော့ မတက်ဘဲ လှေကားထစ်တွေပေါ်မှာပဲ ထိုင်၍စောင့်နေကြောင်း၊ သူတို့ အပြင် ထွက်တာနဲ့ နောက်ကအတင်းလိုက်၍ သဲသဲကို စာတွေပေးကြောင်း၊ အဲဒါကြောင့် သဲသဲလည်း သူတို့အိမ်မှာ ဆက်မနေရဲတော့ဘဲ သူ့ အိမ်ကို ပြန်သွားတဲ့အကြောင်း ပြောပါတယ်။

ကျွန်တော် သဲသဲဆီ ဖုန်းဆက်ပြန်တယ်။ ကျွန်တော် မမေး ခင်ဘဲ သဲသဲက ဦးစွာ အရင်တိုင်သလိုပြောတယ်။ ထက်ငယ် ပြောတာတွေနဲ့ ထပ်တူကျတဲ့အပြင် သူလည်း လိပ်စာမပေးပါဘဲ ထူးကြီးဟာ ပါရမီထဲက သူတို့ အိမ်အထိ လိုက်လာကြောင်း၊ သဲသဲနဲ့ တွေ့ချင်လို့ပါ သူ့ သူငယ်ချင်းပါ ဆိုပြီး ခြံစောင့်ကိုတံခါးဖွင့်ခိုင်းကာ အိမ်ထဲအထိ ဝင်လာကြောင်း၊ သူ့အဒေါ် လာပြောလို့ သူ ချောင်း ကြည့်တဲ့အခါ ထူးကြီးမှန်းသိတော့ လန့်တာနဲ့ ထွက်မတွေ့ဘဲနေခဲ့ ကြောင်း၊ အဲဒီအခါ ထူးကြီးဟာ -

www.burmeseclassic.com

www.burmeseclassic.com



"သူ အိမ်ထဲမှာရှိတာ ကျွန်တော် သိပါတယ်။ ဒါပေမယ့် သူ မတွေ့ချင်ရင် ကျွန်တော် ထွက်သွားပေးပါမယ်"

ဆိုပြီး ပြန်ထွက်သွားကြောင်း၊ ဒါပေမယ့် သူ အပြင်ထွက်တာနဲ့ နောက်က တကောက်ကောက်လိုက်၍ မိတ္တူဆွဲထားတဲ့ ရည်းစားစာတွေ အထပ်လိုက်ကိုင်ကာ စာလိုက်ပေးကြောင်း၊

"မယူမချင်း ပေးနေမှာပဲ။ မိတ္တူဆွဲထားတာတွေ အများကြီး"

လို့ ပြောတာကြောင့် သဲသဲလည်း တစ်စောင် ယူခဲ့ရကြောင်း၊ ထိုစာမှာလည်း ဘယ်နှမိနစ် ဘယ်နှစက္ကန့်အတွင်း အပြီးရေးခဲ့သည်ဆိုတာ ပါကြောင်း၊ ပြီးတဲ့အခါ သူ့ဖုန်းကိုဆက်၍ အဖြေတောင်းကြောင်း၊ ခိုးပြေးမယ်ပြောကြောင်း၊ သူ့ဖုန်းနံပါတ်ကို ကျွန်တော်ပေးတာလားလို့ မေးပါတယ်။ ကျွန်တော်က လုံးဝမပေးကြောင်းပြောတော့ ထက်ငယ်တို့ကိုမေးတော့လည်း သူတို့မပေးဘူးဟုသိရကြောင်း၊ အခုဆိုရင် သဲသဲဟာ အိမ်ထဲက အိမ်ပြင်တောင် မထွက်ရဲဘဲ ဖြစ်နေရကြောင်း၊ ခုရက်ပိုင်းတော့ ထူးကြီး အဆက်အသွယ်မလုပ်တာ ပေါ်မလာတာကြာပြီဖြစ်ကြောင်း ပြောပါတယ်။

ကျွန်တော့်မျက်လုံးထဲမှာ ကြောင်လေးတစ်ကောင်ကို ပြေးမြင်မိတယ်။ ကျွန်တော် အသက်ဆယ့်သုံးနှစ်လောက်ကပေါ့။ ညနေတစောင်း အပြင်သွားတဲ့အခါ အိမ်မှာရှိတဲ့ကြောင်လေးကို စက်ဘီးခြင်းထဲ ထည့်ခေါ်သွားမိတယ်။ ကြောင်လေးဟာ မျက်လုံးစိမ်းပြူးပြူးလေး ကလယ်ကလယ်နဲ့ နှုတ်ခမ်းမွေးလေးထောင်ပြီး ဟိုကြည့်ဒီကြည့်ပေါ့။

လူတွေရှုပ်တဲ့နေရာ ရောက်လာတဲ့အခါ ကြောင်လေးဟာ တညောင်ညောင်အော်ပြီး စက်ဘီးခြင်းထဲကနေ ခုန်ထွက်ပြေးသွားခဲ့ပါတယ်။ ကျွန်တော် လိုက်ဖမ်းပေမယ့် ပြန်မရတော့ဘူး။ အခု



သိတဲ့အခါ ကြောင်ကို အပြင်ခေါ်သွားရပ့်မလားဆိုပြီး ကျွန်တော့်ကို ဆူတယ်။ အဲ့ဒါ ကြောင်က အပြင်ရောက်လို့ ပတ်ဝန်းကျင် အသစ်နဲ့ တွေ့တဲ့အခါ အရိုင်းစိတ်ဝင်သွားတာတဲ့။

ကျွန်တော် ချစ်တဲ့ကြောင်လေးကို ဆုံးရှုံးခဲ့ရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

အဲဒီဖြစ်ရပ်တွေ ဖြစ်ပွားပြီးကတည်းက ထက်ငယ်ဟာ အရင်လို ကျွန်တော့်ထံ စာပုံမှန်မရေးတော့ဘူး။ ကျွန်တော် ရေးပေမယ့်လည်း ပုံမှန်ပြန်စာ မလာတော့ဘူး။

ကျွန်တော် ဆယ်ခါလောက် ရေးပို့မှ တစ်ခါလောက်ပဲ ပြန်စာရတယ်။ အဲဒီစာကလည်း ဖတ်ရတာ တိုပြတ်ပြတ်နဲ့ အရင်လို မနွေးထွေးတော့ဘူး။ သူမဘက်က ကျွန်တော့်အပေါ် သိသာစွာ အေးစက်သွားခဲ့ပါတယ်။

ကျွန်တော် ရန်ကုန်ရောက်တဲ့အခါ သရက်တောကျောင်းတိုက်ဝင်းထဲက ဘုန်းကြီးကျောင်းကို သွားဖြစ်တယ်။ ဆရာတော်ကို သွားကန်တော့ရင်း အဲဒီမှာ ထပ်မံ တည်းဖြစ်တဲ့အခါတွေလည်း ရှိတယ်။ ထူးကြီးဟာ ကျွန်တော်ပြန်သွားကတည်းက အဲဒီဘုန်းကြီးကျောင်းကို ထပ်ရောက်မလာတော့ကြောင်း သိရပါတယ်။

ထက်ငယ်တို့အိမ်ကိုသွားတဲ့အခါ သူတို့ညီအစ်မတွေကော သူ့အမေကပါ ဆက်ဆံမှုက မလိုလားသလိုနဲ့။ အရမ်း သိသာတယ်။ အဖြစ်အပျက်တွေရှိခဲ့တာမို့ သူတို့ကိုလည်း အပြစ်မဆိုသာပါဘူးလေ။ အစပိုင်းမှာ ထက်ငယ်ကိုတွေ့ မြင်ချင်တာကြောင့် သိသိကြီးနဲ့ ကျွန်တော် ပေသွားတယ်။ ဒါပေမယ့် နောက်ပိုင်းမှာတော့ နာကျင်သိမ်ငယ်စွာ မသွားဖြစ်တော့ပါဘူး။ တစ်ခါတရံတော့ သတိရလွန်းရင် ဖုန်းဆက်မိတုန်းပဲ။






ထက်ငယ်က ကျွန်တော့်ကို သားသားလေးလို့လည်း မခေါ်တော့ဘူး။ အရင်က သူမ အဲဒီလိုခေါ်တုန်းက မကြိုက်သလို ရှက်သလို ဖြစ်ပေမယ့် သူမ အဲဒီလို မခေါ်တော့တဲ့အခါ ဝမ်းနည်းတယ်။ သိပ်မကြာလိုက်ဘူး။ ထက်ငယ် ရည်းစားတစ်ယောက် ထားတယ်။ ဒီတစ်ခါတော့ ကောင်မလေးထားတာ မဟုတ်ဘူး။ ဘဲ ထားတာ။ အမည်ပြောပြရင် အများသိကြမယ့် ရုပ်ရှင်နဲ့ ဗီဒီယိုသရုပ်ဆောင် မင်းသားတစ်ယောက်နဲ့ပါ။ ကျွန်တော် ဘယ်လိုခံစားရမလဲ နားလည်နိုင်မယ် ထင်ပါတယ်။

ကျွန်တော်တွေးတယ်။ ညကာလ လင်းနေတဲ့မီးရောင်အောက်မှာ ပိုးကောင်လေးတွေ ပျံသန်းနေတာကို ကြည့်ရင်းပေါ့။ တိုယ်လင်းရင် ကိုယ့်ဝန်းကျင်ဆီ ရောက်လာကြမှာပဲ။ ဒီထက်ပိုမြင့်မားချင်ရင် ဒီထက်ပိုကြိုးစားရမယ်။ ငါဟာ လင်းတောက်ရမယ်။ ငါ့ရဲ့ဖန်တီးမှုတွေဟာ ညို့ငင်နိုင်စွမ်း ရှိရမယ်။ ယုံကြည်ချက်အတွက် ငါ သွေးရဲရမယ်။ လင်းရမယ်။ ညို့နိုင်ရမယ်။ သွေးရဲရမယ်။

ဒီလိုနဲ့ မဂ္ဂဇင်းတွေဆီ အရင်ရေးပို့နေတဲ့ ကလောင်အမည်တွေကို ဆက်လက်အသုံးမပြုတော့ဘဲ လင်းညို့သွေး ဆိုသော အမည်ကို ပြောင်းလဲသုံးစွဲခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်ဟာ မျက်လုံးကျန်းမာရေးနဲ့ တချို့သောအကြောင်းအရာတွေကြောင့် အခြေခံပညာ အဋ္ဌမတန်းအောင်တဲ့အထိပဲ ကျောင်းနေဖူးခဲ့တာပါ။

ဆွေမျိုးသားချင်းတွေ ဆုံတဲ့အခါ၊ သိကျွမ်းခင်မင်သူတွေနဲ့ ဆုံတဲ့အခါ သူတို့ သားသမီးတွေဟာ ခု ဘာကျောင်းတက်နေတယ်၊ ဘယ်ဌာနမှာ ဘာရာထူးနဲ့ အလုပ်လုပ်နေတယ်လို့ ပြောတဲ့အခါ ကျွန်တော့်မိဘတွေဟာ ခေါင်းငုံ့နားထောင်ရုံပဲ တတ်နိုင်ခဲ့ပါတယ်။ ကျွန်တော်နဲ့ပတ်သက်လို့ ဂုဏ်ယူစွာပြန်ပြောစရာစကား ကျွန်တော့်မိဘတွေမှာ မရှိခဲ့ဘူး။ အဲဒီအချက်ကို သတိပြုမိတော့ ကျွန်တော် နာကျင်တယ်။ လိုအပ်ချက်တွေနဲ့ ကိုယ့်ရဲ့ညံ့ဖျင်းမှုအတွက် မိဘတွေအပေါ် အပြစ်ရှိသလို တာဝန်မကျေသလို ခံစားရတယ်။ ကျွန်တော်နဲ့ပတ်သက်ပြီး ကျွန်တော့်မိဘတွေ ဂုဏ်ယူစွာပြန်ပြောနိုင်တဲ့အနေအထားတစ်ခုဖြစ်အောင် ကြိုးစားပြချင်တယ်။

ကျွန်တော် စာအုပ်တွေ လိုက်ငှားတယ်။ စာအုပ်တွေ ဝယ်တယ်။ စာတွေ ဖတ်တယ်။ စာတွေ ကျက်တယ်။ စာတွေ ရေးတယ်။ အပြင်ထွက်ရင်တောင် အချိန်တစ်ခု သတ်မှတ်ပြီးတော့ပဲ ထွက်တယ်။ အဲဒီလိုအပြင်ထွက်ချိန်မှာတောင် ကျွန်တော်လက်ချောင်းတစ်ခုချင်းစီရဲ့ လက်ခွကြားနေရာမှာ ဘောလ်ပင်နဲ့ အင်္ဂလိပ်စာတွေ ရေးသွားပြီး သူငယ်ချင်းတွေနဲ့ အတူရှိချိန် စိတ်ထဲက ကျက်မှတ်





နေလေ့ရှိပါတယ်။ အဲဒီတော့ အိမ်ပြန်ရောက်ချိန်မှာ ကျွန်တော်ဟာ အင်္ဂလိပ်စကားလုံး ၁၀ လုံးကို အလွတ်ရနေပါပြီ။

မျက်လုံးမကောင်းတာကြောင့် စာအရမ်းဖတ်တာနဲ့ စာရေးတာကို ကျွန်တော့်အဖေ တားမြစ်ခဲ့ပေမယ့် ကျွန်တော် ဆက်လက်၍ စာတွေခိုးဖတ်ပြီး စာတွေခိုးရေးခဲ့တယ်။ အဲဒီကာလမှာ ကျောင်းနေတုန်းက အမှတ်ချင်း လာတိုက်လေ့ရှိတဲ့ သူငယ်ချင်းက -

"မင်းက စာရေးနေတယ် ဟုတ်လား။ ဟား ဟား မင်းလိုကောင် စာအုပ်တစ်အုပ်ထွက်လာရင် မင်းရေးတဲ့ဇာတ်လမ်းဟာ ဗီဒီယိုတစ်ကားဖြစ်လာရင် မင်းဆီမှာ ငါ တစ်သက်လုံး ကျွန်ခံမယ်။ မင်းကိုငါ တစ်သက်လုံး ဘုရားခန်းမှာထားပြီး ပြုစုလုပ်ကျွေးလိုက်မယ်ကွာ" တဲ့။

စတာ မဟုတ်ပါဘူး။ အပေါင်းအသင်းတွေအများကြားမှာ နှုတ်ခမ်းကိုရွဲ့ပြီး ခနဲ့ဟန်အပြည့်နဲ့ ပြောခဲ့တာပါ။ အဲဒီတုန်းက နာပေမယ့် ကျွန်တော် ခေါင်းငုံ့ပဲ နေခဲ့တယ်။ ဘာမှပြန်မပြောခဲ့ဘူး။ အဲဒီသူငယ်ချင်းကိုလည်း ကျေးဇူးတင်ရပါမယ်။ အရာရာဟာ အလွယ်တကူ အဆင်မပြေခဲ့ဘူး။ အသည်းပေါက်မတတ် နာကျင်ကြေကွဲစွာ အကြိမ်ကြိမ် မျက်ရည်တွေဝဲခဲ့ရတယ်။

ဖြတ်ကျော်ပြီးတဲ့အခါ အခက်အခဲတွေဟာ တသသပြန်လည်ပွတ်သပ်ကြည့်ရင် အရသာရှိနေမှာပါ။ ခုချိန်မှာတော့ နာကျင်နေရမှာပဲ။ အဲဒီနာကျင်မှုဒဏ်ကို မခံနိုင်လို့ တွန့်ဆုတ်သွားရင် အောင်မြင်မှုရဲ့ အရသာကို ခံစားရတော့မှာမဟုတ်သလို ဒီ့ထက်ပိုနာကျင်ခြင်းတွေနဲ့လည်း ရင်ဆိုင်ရနိုင်တယ်။

အမိက ကိုယ် ရွေးချယ်တဲ့လမ်းအတွက် ကိုယ့်ဘာသာ ယုံကြည်ရဲရင့်ဖို့ပဲ အရေးကြီးတယ်လို့ ကိုယ့်ကိုယ်ကို ပြန်သတိ



www.burmeseclassic.com

www.burmeseclassic.com



ပေးခဲ့တယ်။ ကျွန်တော့်ရဲ့ ဖိအားပေးမှုကြောင့် မိဘအထောက်အပံ့နဲ့ပဲ ကျွန်တော် ရန်ကုန်မှာ ပြောင်းနေဖြစ်တယ်။ ဆံပင်အတို ညှပ်တယ်။ သင်တန်းတွေ တက်တယ်။ စာတွေ ဆက်ဖတ်တယ်။ စာတွေ ဆက်ရေးတယ်။ စာအုပ်တွေ ထုတ်တယ်။ လဲလိုက် ထလိုက်ပါပဲ။

Yes မှာ အင်္ဂလိပ်စာသင်တန်းတက်ဖို့ ကျွန်တော် သွားအပ်တော့ ဝန်ထမ်းအမျိုးသမီးက ပညာအရည်အချင်းသိတဲ့အခါ

"ဒီမှာက basic တောင် level တွေ ခွဲထားသေးတယ်။ အနည်းဆုံး ဆယ်တန်းအောင်မှဖြစ်မယ်"

လို့ ပြောတာကြောင့် ကျွန်တော် အရှက်သည်းစွာ နှုတ်ခမ်းကို ဖိကိုက်ပြီး ပြန်ဆင်းလာခဲ့ရပါတယ်။ ဒါပေမယ့် ကျွန်တော် စိတ်မလျှော့ဘူး။ အခြားသင်တန်းကျောင်းတစ်ခုဆီ သွားတယ်။ အဲဒီမှာ ပိုင်ရှင်လို့လည်းထင်ရတဲ့၊ မန်နေဂျာလို့လည်း ထင်ရတဲ့ ပုဂ္ဂိုလ်နဲ့ ဝင်တွေ့ရတယ်။ ထိုပုဂ္ဂိုလ်က ဆံုလည်ကုလားထိုင်ပေါ်မှာ ရှေ့တိုးနောက်ငင်လုပ်ရင်း တင်ပျဉ်ခွေထိုင်နေရာက ကျွန်တော့်ကို အင်္ဂလိပ်လိုတွေ တဘွတ်ဘွတ် မှုတ်ပါတယ်။

ကျွန်တော် နားမလည်ဘူး။ ကျွန်တော် ရှက်လာတယ်။ အဲကွန်းခန်းထဲမှာ ချွေးစေးတွေထွက်ပြီး ဒူးတွေ မခိုင်ချင်တော့ဘူး။

လှည့်ထွက်သွားချင်စိတ်ကို အနိုင်နိုင် ထိန်းချုပ်ပြီး သူ့ကို ကျွန်တော် ပြောတတ်တဲ့မြန်မာစကားနဲ့ပဲ တုံ့ပြန်ခဲ့ပါတယ်။

"ကျွန်တော် မတတ်လို့ ဒီမှာ သင်ဖို့လာတာပါ ဆရာ။ ကျေးဇူးပြုပြီး ကျွန်တော်ကို မြန်မာလိုပဲ ပြောပေးပါ"

"အိုးခေ အိုးခေ"

ဆိုပြီး သူ ကျွန်တော်ကို မြန်မာလိုပဲ ပြောပေးပါတယ်။ ကျွန်တော်က ကျွန်တော့်ရဲ့ အခြေခံပညာအရည်အချင်းပြောပြီး ဒီ



သင်တန်းကျောင်းမှာ ကျွန်တော် တက်ချင်ကြောင်း၊ တက်လို့ရ မရ မေးလိုက်ပါတယ်။ အဲဒီအခါ ကျွန်တော့်ကို စူးစိုက်ကြည့်ပြီး -

"မင်းမှာ တကယ်တတ်ချင်စိတ် ရှိလား" လို့ မေးတယ်။

"ရှိတယ်" လို့ ကျွန်တော် ဖြေလိုက်တယ်။

"ဒါဆိုရင် ကျန်တာ ဘာမှစဉ်းစားမနေနဲ့။ တက်" တဲ့။

ဘယ်နေ့ စတက်ချင်လဲမေးတော့ -

"အခု တက်လို့ရလား" လို့ ပြန်မေးလိုက်တယ်။

"ရတယ်" လို့ဖြေတာနဲ့ ချက်ချင်း သင်တန်းကြေးသွင်းပြီး တစ်ခါတည်း စာသင်ခန်းကိုဝင်ခဲ့ပါတယ်။

အဝေးမှုန်တဲ့ ကျွန်တော်မျက်လုံးကြောင့် ဗိုက်ဘုတ်က စာတွေ မမြင်ရဘူး။ ဒါပေမယ့် ဆရာကိုနားလည်အောင်ပြောပြီး နံဘေးက အဖော်ဆီက လိုက်ကူးရေးခဲ့တယ်။ ရက်အပိုင်းအခြားတစ်ခုမှာ ဆရာရဲ့ ချီးကျူးသံကို ကျွန်တော် ကြားခွင့်ရခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

အရင်ကထက်စာရင် ကျွန်တော့်မှာ အပေါင်းအသင်းတွေ ကျယ်ပြန့်လာတယ်။ သင်တန်းက သူငယ်ချင်းတွေကော အနုပညာ ရပ်ဝန်းက မိတ်ဆွေအပေါင်းအဖော်တွေကောပေါ့။ တချို့ စီးပွားရေး လုပ်ငန်းရှင်တွေလည်း ပါတယ်။ ကျွန်တော်နေတဲ့နေရာနဲ့ ထက်ငယ် နေတဲ့နေရာက သိပ်မဝေးတာကြောင့် ကျွန်တော်တို့ချင်း ပြန်လည် ဆက်စပ်မိကြတယ်။ ထက်ငယ်ရဲ့အစ်ကိုနဲ့ကော အစ်မနဲ့ကော ကျွန်တော်ဟာ တွဲသွားတွဲလာနဲ့ တော်တော်ရင်းနှီးနေပြီ။ ထက်ငယ် ရဲ့ အမေကလည်း ကျွန်တော်မရောက်တာကြာလို့ တွေ့ရင် -

"မလာတာကြာပြီ။ အလုပ်တွေ ရှုပ်နေတာလား။ ငါ တောင် နင်မလာလို့ မေးနေသေးတယ်" လို့ ပြောတတ်တယ်။

ထက်ငယ်ရဲ့ အမြွှာညီမကတော့ နိုင်ငံရပ်ခြားကို အလုပ်နဲ့ ထွက်သွားခဲ့ပါတယ်။ ထက်ငယ်တို့တစ်အိမ်လုံးနဲ့ ကျွန်တော် အရင် ထက် များစွာရင်းနှီးနေပြီဖြစ်ပေမယ့် ထက်ငယ်နဲ့ ကတော့ ဝေးကွာ သွားသလိုပဲ။ သူမရဲ့ ဆက်ဆံရေးက ကျွန်တော့်အပေါ် စိမ်းကား သလိုကြီး ခံစားရတယ်။

အဲဒီအချိန် ကုမ္ပဏီတစ်ခုမှာ အလုပ်ဝင်နေပြီဖြစ်တဲ့ ထက်ငယ်ဟာ ဟိုမင်းသားနဲ့ ပြတ်သွားပြီး နောက်ဘဲတစ်ယောက် ထပ်ထားနေပြီ။ ကျွန်တော်လည်း ရေကြည်ရာရှာရင်း အတွဲလေး တွေ ချိန်းတတ်နေပြီ။ ထက်ငယ်ဟာ အရင်နဲ့ မတူစွာ ကျွန်တော့်



အပေါ် အရမ်းဆရာလုပ်တတ်လာတယ်။ ကျွန်တော် လုပ်သမျှ အကောင်းမပြောဘူး။ ကျွန်တော် စာတစ်ပုဒ်ရေးပြီးရင်လည်း သူ့ ဝေဖန်လိုက်ရင် အဲဒီစာအုပ် မီးရှို့ပစ်ချင်စိတ်ပေါက်သွားမတတ်ပဲ။ ကျွန်တော့်ရဲ့အင်တာဗျူးတွေကို ဖတ်မိရင်လည်း -

"နင်ဖြေတာတွေက အရမ်း ကဗျာဆန်လွန်း အားကြီး နေတယ်" ဆိုပြီး အပြစ်ရှာထောက်ပြကာ ကောင်းကွက်တော့ မပြောပါဘူး။ အခြားချီးကျူးသံတွေ များစွာကြားနေရပြီဖြစ်ပေမယ့် ထက်ငယ်ရဲ့ ချီးကျူးသံကို ကျွန်တော် ကြားနာခွင့်မရခဲ့ဘူး။

ထက်ငယ်ဟာ စာပေကို ချစ်မြတ်နိုးပေမယ့် မြန်မာဇာတ် လမ်းတွေကို အကြည့်နည်းတာ သတိထားမိတယ်။ သူနဲ့ပြတ်သွားတဲ့ ဟိုမင်းသားကြောင့်လား မသိပေမယ့် အနုပညာအသိုင်းအဝိုင်းက လူတွေကို မကြည်သလိုပဲ။ ကျွန်တော် အနုပညာရပ်ဝန်းက တစ် ယောက်နဲ့တွဲရင် အဲဒီတစ်ယောက်ရဲ့ မကောင်းကြောင်းကို နှိုက်နှိုက် ချွတ်ချွတ်ကို ရှာပြောတတ်တယ်။ ကျွန်တော်တွဲတဲ့ ကောင်မလေး တွေဟာ ဘယ်လောက်ပဲ ပြည့်စုံချောမွေ့နေပါစေ သူ့ ပါးစပ်ဖျားမှာ လေးတန်းကလေး အဆင့်လောက်ပဲ ဖြစ်သွားတတ်တယ်။

"နင် ခု ဘယ်ကလေးတန်းအဆင့်လောက်စော်နဲ့ တွဲနေလဲ" လို့ ခနဲ့တတ်တယ်။

ကျွန်တော့်ကောင်မလေးတွေကလည်း ထက်ငယ်ကို မကြည်ဘူး။ ဆုံဖြစ်တဲ့အခါ ထက်ငယ်ရဲ့ မျက်နှာထားက ရှစ်ခေါက် ချိုးခပ်မာမာနဲ့ အပြုံးမကျဲဘူး၊ မတူသလိုမတန်သလိုနဲ့ သူက ဘာ မို့လဲ ဘယ်လောက်အဆင့်ရှိလို့လဲတွေ ဖြစ်ကုန်တတ်တာမို့ ထက်ငယ် နဲ့ ကျွန်တော့်ကောင်မလေးတွေကို မတွေ့ဖြစ်အောင် ကျွန်တော် ကြိုးပမ်းလေ့ရှိလာတယ်။ တစ်ညမှာ မျက်မှန်ကိုင်း အသစ်ကလေး

www.burmeseclassic.com

www.burmeseclassic.com



ကိုတပ်ပြီး ထက်ငယ်တို့အိမ်ကို ကျွန်တော် ရောက်သွားတယ်။ ထက်ငယ်က -

"နင့်မျက်မှန် အသစ်ကလေးပါလား" ဆိုပြီး ယူကြည့်တယ်။ ပြီးတော့ ဘယ်လောက်ပေးရသလဲ မေးတယ်။

ကျွန်တော်က နှစ်သိန်းရှစ်သောင်းလို့ ပြောလိုက်တော့ -

"ဘာ မျက်မှန်တစ်လက်ကို နှစ်သိန်းရှစ်သောင်းပေးပြီး နင် ဝယ်တပ်တယ် ဟုတ်လား။ နင် ရူးနေလို့ ဒီမျက်မှန်ကို နှစ်သိန်းရှစ်သောင်း ပေးခဲ့တာလား။ ဒါဆို ငါးထောင်လောက်ပဲ တန်မယ်"

လို့ မျက်မှန်လေးကို ဟိုကြည့်ဒီကြည့်လုပ်ပြီး ပြောတယ်။

ကျွန်တော် တော်တော်အောင့်သက်သက်ဖြစ်သွားတယ်။ ကိုင်းက CELINE DION ဖြစ်သလို မျက်မှန်အရောင်းဆိုင်ကလည်း ကျွန်တော်နဲ့ ရင်းနှီးပါတယ်။ ဈေးများတယ်ဆိုရင်တောင် သူမပြောသလို ငါးထောင်လောက်ပဲတန်မယ်ဆိုတာတော့ လုံးဝ မဖြစ်နိုင်ပါဘူး။ ဒါကို သူမလည်း မသိဘဲမနေဘူး သိမယ်။ သိသိကြီးနဲ့ ကျွန်တော့်ကို ဒေါက်ဖြုတ်နေတာ။ ပွင့်လင်းစွာပြောရရင် စကားလုံးတွေနဲ့ သူမ ကျွန်တော့်ကို အနိုင်ယူချင်နေတာလို့ပဲ ခံစားရတယ်။ သူမ ပြောသမျှ ကျွန်တော် ငြိမ်ခံတယ်။ တစ်ခွန်း တစ်ပါဒမှ မတုံ့ပြန်ခဲ့ဘူး။

ကျွန်တော် လိုအပ်လို့ အကူအညီတောင်းရင်တော့ ထက်ငယ် မငြင်းဘူး။ ကူညီတယ်။ အင်္ဂလိပ်စာ အားနည်းတဲ့ ကျွန်တော့်ကို သူမနဲ့ သူမရဲ့အစ်မက အထောက်အပံ့ဖြစ်စေခဲ့ပါတယ်။ ကျွန်တော့်ရည်းစား ကောင်မလေးတစ်ယောက်နဲ့ တွေ့ရုံ အခက်အခဲဖြစ်နေတော့လည်း ထက်ငယ်ကို အဖော်ပြုပြီး သွားတွေ့ခဲ့ဖူးတယ်။ သူ့ဘဲဆီကိုလည်း သူနေမကောင်းတဲ့အကြောင်း



ကျွန်တော်က ဖုန်းဆက်ပေးရတာ ရှိတယ်။ ထက်ငယ်ရဲ့ ဘဲကလည်း သူတို့အိမ်လာတဲ့အခါ တစ်ခါတစ်ရံ ကျွန်တော်နဲ့ဆုံတတ်တယ်။ တစ်ခါတလေ ထက်ငယ်ဟာ ကျွန်တော့်ရှေ့မှာပဲ သူ့ဘဲကို ထမင်းခွံ့ကျွေးတယ်။ မြင်ရတာ နင်တယ်။

သူ့ဘဲက ကျွန်တော့်ထက် အသားပိုဖြူတယ်။ ကျွန်တော့်ထက် အရပ်ပိုရှည်တယ်။ ဝတ်တတ်စားတတ်ပြီး ကိုယ်လုံးပြည့်ကာ ကျွန်တော့်ထက် ပိုကြည့်ကောင်းတယ်။ ကိုယ်ပိုင်ကားလည်း စီးနိုင်တယ်။ တစ်ခါတစ်ရံ သူတို့ အပြင်သွားမှာနဲ့ကြုံရင် ကျွန်တော့်ကို လိုက်ခဲ့ဖို့ ခေါ်တယ်။ အလိုက်သိစွာ ကျွန်တော် မလိုက်ပါဘူး။ ရင်ဆိုင်ဖို့လည်း ခွန်အားမရှိဘူးလေ။ သူ့ဘဲနဲ့ဆုံရင် အနေခက်ပေမယ့် ရန်သူတစ်ယောက်လို မခံစားရဘူး။ ထက်ငယ် ပျော်ရွှင်နေတာ မြင်ရင် ကျွန်တော် ဖြေသာကျေနပ်တယ်။ သူမနဲ့ ကျွန်တော့် ကြားမှာ ရှင်းပြလို့မရနိုင်တဲ့ သံယောဇဉ်ကြိုးတစ်ချောင်းတော့ အသေအချာ ရှိခဲ့ပါတယ်။ အဲဒါကို ကျွန်တော် တိတိလင်းလင်း အမိပ္ပာယ်မဖွင့်ဆိုတတ်သလို အဲဒီအပေါ် သူမ ဘယ်လိုသဘောထားသလဲ ဆိုတာလည်း ကျွန်တော် မတွေးတတ်ခဲ့ပါဘူး။

တစ်ရက်မှာ ထက်ငယ်နဲ့ ကျွန်တော် ပြဿနာဖြစ်ဖို့ အကြောင်း ဖန်လာတယ်။ Facebook ကိစ္စပေါ့။ ဖေ့ဘွတ်ခ်တွေ ဒီလောက် ဟော့မဖြစ်သေးချိန်မှာပဲ ထက်ငယ်က -

"နင့်အနေနဲ့ ဖေ့ဘွတ်ခ်အကောင့်တစ်ခုလောက် ဖွင့်ထားသင့်တယ်" လို့ ပြောတယ်။

ကျွန်တော် ယခုလက်ရှိသုံးနေတဲ့ ဖေ့ဘွတ်ခ်ဟာ ထက်ငယ် လုပ်ပေးထားတာပါ။ ဖေ့ဘွတ်ခ်သုံးတတ်ကာစ ကျွန်တော်ဟာလည်း အတတ်စမ်းတာပေါ့။ Fan တွေနဲ့ Friend တွေနဲ့ Group တစ်ခု

www.burmeseclassic.com



ဖွဲ့လိုက်တယ်။ အဲဒီ Group ထဲ ထက်ငယ်ကို ခွင့်မတောင်းဘဲ ဆွဲထည့်လိုက်မိတာ ကျွန်တော့်အမှားပါပဲ။

Group chat box ထဲမှာ လူအများ စကားပြောနေချိန်မှာပဲ-

"ငါ့ကို ဒီအထဲ ဘယ်သူထည့်လိုက်တာလဲ ပြောစမ်း။ ငါ့ကို ဒီအထဲ ဘယ်သူထည့်တာလဲ" ဆိုတဲ့မေးခွန်းနဲ့အတူ ထက်ငယ်ရဲ့ အကောင့် တက်လာတယ်။ ကျွန်တော့်အမည်ကိုခေါ်ပြီး -

"နင်ထည့်တာ မဟုတ်လား" လို့ မေးတယ်။ ကျွန်တော်က-

"ဟုတ်တယ်။ ငါ ထည့်တာပါဟ" လို့ ပြောတဲ့အခါ -

"နင်က ဘာမို့လို့ ငါ့ကို ခွင့်မတောင်းဘဲ ဒီလိုထည့်ရတာလဲ။ နင်ပေါကြောင်ကြောင်တွေ လုပ်တိုင်း ငါ ပါမယ်ထင်နေလား။ ခုလို ပေါကြောင်ကြောင်တွေ လုပ်နေရအောင် နင် သိပ်အားနေသလား" လို့ ပြောတယ်။

အဲဒီအချိန် ချက်ဘောက်စ်ထဲမှာရှိနေသူတွေ အများကြီးပါပဲ။ ကျွန်တော့်ရဲ့ စာဖတ်ပရိသတ်တွေက -

"ဟာ ကိုလင်းတော့ အဟောက်ခံနေရပြီ"

"ဆရာ့ကို လာဖွဲနေတာ ဆရာ့ကောင်မလေးထင်တယ်"

ဆိုပြီး တစ်ယောက်တစ်မျိုး ထင်ရာတွေ ပြောကြတယ်။ အဲဒီအခါ ထက်ငယ်က -

"ငါက သူ့ကောင်မလေး ဖြစ်စရာလား။ လေးတန်းကလေးအဆင့်လောက်အသိဉာဏ်ရှိတာတွေပဲ သူ့ကိုကြိုက်မယ်" လို့ ပြောတဲ့အခါ အခြားသူတွေက ထက်ငယ် စနေတယ်ထင်ပြီး -

"ကိုလင်း ခံနေရပြီ" ပြောသူပြော၊ ရယ်သူကရယ်နဲ့။

ထက်ငယ်က "ရယ်မနေကြနဲ့။ ဟာသပြောနေတာ မဟုတ်ဘူး။ ငါ့ကို ဒီအထဲက အမြန်ဆုံး ထုတ်ပေး" လို့ ပြောတယ်။



အကောင့်တချို့ ငြိမ်သွားပေမယ့် ကျွန်တော့်ပရိသတ်တချို့က "ခင်ဗျားက ဘာမို့လို့ ကိုလင်းကိုလာဟောက်နေတာလဲ။ တဖြည်းဖြည်းနဲ့ စကားပြောတာ ရင့်လာပြီ"

"နင် မနေချင် ကိုယ့်ဘာသာထွက်သွားပေါ့။ သူများတွေ စကားပြောနေတာ အာရုံလာမနှောက်နဲ့"

လို့ တုံ့ပြန်ကြတယ်။ ထက်ငယ်က -

"မထွက်တတ်လို့။ ထွက်တတ်ရင် ထွက်သွားနေပြီ။ တခြားသူတွေကို မပြောဘူး။ လင်းညို့သွေးကိုပဲ ပြောနေတာ"

လို့ ပြောတယ်။

အဲဒီအချိန်က Facebook Group တွေ သိပ်ခေတ်မစားသေးသလို ဖေ့ဘွတ်ခ်သုံးတာမှာ ကျွန်တော်က ထက်ငယ်ထက် ပိုကျွမ်းကျင်နေပြီပြောရမယ်။ ကျွန်တော်က -

"သူက ကျွန်တော့်ရဲ့ သူငယ်ချင်းပါ။ သူက ကျွန်တော့်ကို ငယ်နိုင်မို့ ဒီလိုပြောနေကျမို့ပါ။ ထက်ငယ် နင် တော်တော့။ နင့်ကိုငါ ထုတ်ပေးမယ်။ စိတ်အနှောင့်ယှက်ဖြစ်ရရင် အားလုံးကိုတောင်းပန်ပါတယ်" ဆိုပြီး ထက်ငယ်ရဲ့အကောင့်ကို ဂရုထဲက ထုတ်ပေးလိုက်ပါတယ်။

G-talk ကနေ ထက်ငယ်ဆီ ကျွန်တော် သီးသန့်စာပို့ ဖြစ်တယ်။ တိုတိုလေးပါပဲ။ 'ဒီတစ်ခါ နင် များသွားပြီ' လို့။ သူမကို အဲဒီလို ပြောပြီးတာနဲ့ ကျွန်တော် အွန်လိုင်းကနေ အောက်ပစ်လိုက်ပါတော့တယ်။ ခဏကြာတော့ ကျွန်တော့်ထံ သူမ ဖုန်းဆက်လာတယ်။ ပထမ ကျွန်တော် မကိုင်ဘူး။ အကြိမ်ကြိမ်ခေါ်တဲ့အခါ ကိုင်လိုက်ပါတယ်။

"ငါ နင့်ကို တောင်းပန်ချင်လို့ ဖုန်းဆက်တာပါ" တဲ့။

"ပြောကြည့်ပါဦး" လို့ ကျွန်တော် ပြောလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"ငါလည်း ရုံးမှာအလုပ်ရှုပ်နေချိန် အွန်လိုင်းကနေ အလုပ်ကိစ္စ စကားပြောနေချိန်မှာ အဲဒီချက်ဘောက်စ်က ကလုံကလုံနဲ့ စာတွေတက်လာတော့ စိတ်အနှောင့်အယှက်ဖြစ်လို့ ပြောမိတာပါ။ ငါ တောင်းပန်ပါတယ်" တဲ့။

သူမအသံက ထူးခြားစွာ ပျော့ပျောင်းပါတယ်။

"နင်ပြောချင်တာ ပြီးပြီလား။ နင်ပြောလို့ ဝရင် ငါ ပြောမယ်" ဆိုတော့ "ပြောလေ" လို့ ပြောတယ်။

"ဒီတစ်ခါပြောတာဟာ ငါ့ဘဝမှာ နင့်ကို ယှဉ်ပြီး ပထမဦးဆုံးအကြိမ် ခွန်းတုံ့ပြန်ခြင်းဆိုတာ အရာရာပြန်တွေးကြည့်ရင် နင်အသိဆုံး ဖြစ်မှာပါ။ နင်နဲ့ ငါရဲ့ ရင်းနှီးမှုအရ ဒီလောက်က မပြောပလောက်ဘူးထင်ပြီး ခွင့်မတောင်းဘဲ ဂရုထဲထည့်လိုက်မိတာ လူကဲခတ်ညံ့တဲ့ ငါ့အပြစ်ဆိုတာ ဝန်ခံပါတယ်။ ဒါပေမယ့် ဂရုထဲထည့်တာ နင် မကြိုက်ရင် မကြိုက်ဘူးလို့ ငါ့ကို ဂျီတော့ခ်ကနေ စာပို့ပြီးတော့ပဲဖြစ်ဖြစ်၊ ဖေ့ဘွတ်ခ် မက်ဆေ့ချ်ကပဲဖြစ်ဖြစ်၊ ဖုန်းဆက်ပြီးတော့ပဲဖြစ်ဖြစ် ပြောလို့ရတယ်။ နင်ပြောရင် ငါ ထုတ်ပေးလိုက်မှာပါပဲ။ ခုတော့ လူအများရှိတဲ့ ချက်ဘောက်စ်ထဲမှာ ငါ့ကို အထက်စီးနင်း လာပြောတယ်။ နင်ဟာ ငါ့ကိုနိုင်ကြောင်း အရှမ်းပြချင်တယ်။ ငါ့ကို ဆရာလုပ်ရမှ နင်ကျေနပ်တယ်။ ငါ့မှာလည်း ပြန်ပြောတတ်တဲ့ ပါးစပ်နဲ့ အတွေးအခေါ် အသိဉာဏ် ရှိပါတယ်။ ဒါပေမယ့် နင့်ကိုငါ တစ်ခါမှ ပြန်မပြောခဲ့ဘူး။ တစ်ခါတလေ နင်ပြောတာတွေ ယုတ္တိမရှိမှန်းသိသိကြီးနဲ့တောင် နင့်ကိုငါ အမြဲခေါင်းငုံ့ အရှုံးပေးခဲ့တယ်။ တဖြည်းဖြည်း နင် ပိုကဲလာတယ်။ ဒီတစ်ခါ နင် အနိုင်ယူချင်လို့တာကအော့ ထိချက် နည်းနည်းပြင်းတယ်ဟာ။ ငါတွဲတဲ့ ကောင်မလေးတွေဟာ လေးတန်းအဆင့်လောက်ပဲ ရှိတယ် ထား





ပါ။ နင့်လိုပညာတွေ အများကြီး မတတ်ဘူး ဘွဲ့တံဆိပ်တွေ အများကြီး မရှိဘူးပဲထားပါ။ ဒါပေမယ့် သူတို့ဟာ ငါ့ပရိတ်သတ်တွေကြားမှာ ငါ့ပရိသတ်တွေရဲ့ရှေ့မှာ ငါ့ကို တစ်ခါမှ အရှက်မခွဲကြဘူး။ အထက်စီးနင်း မဆက်ဆံကြဘူး။ လူ့တန်ဖိုးရဲ့ အဆင့်အတန်းဆိုတာကို နင်က ဘာနဲ့တိုင်းတာသလဲတော့ မသိဘူး။ ငါကတော့ ယဉ်ကျေးမှုနဲ့ပဲ တိုင်းတာချင်တယ်"

အဲဒီလို ပြောပြီးတာနဲ့ ကျွန်တော့်ဘက်က စတင်ပြီး ဖုန်းကို ချပစ်လိုက်ပါတယ်။ ဒါဟာလည်း သူမနဲ့ ပတ်သက်လို့ ကျွန်တော်ဘက်ကစ၍ ဖုန်းချဖူးခြင်းပါပဲ။ အဲဒီကတည်းကစလို့ ထက်ငယ်ကို ကျွန်တော် မဆက်သွယ်တော့ဘူး။ မာနပြင်းတဲ့သူမဟာလည်း ငယ်နိုင်တစ်ယောက်ဆီ ဒီထက်ပိုအောက်ကျခံမှာ မဟုတ်ဘူးလို့ ကျွန်တော် သုံးသပ်မိတယ်။ အရာရာမှာ အခြေအနေ အချိန်အခါ အတိုင်းအတာ ဆိုတာ ရှိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် နယ်ပြန်သွားတဲ့တစ်ရက်မှာပေါ့။ နံနက်ပိုင်းမှာ ငယ်ပေါင်းကြီးဖော် သူငယ်ချင်းတွေနဲ့အတူ လက်ဖက်ရည်ဆိုင်ထိုင်ဖြစ်တယ်။ ငယ်ငယ်ကထိုင်လေ့ရှိတဲ့ ဈေးအတွင်းထဲက လက်ဖက်ရည်ဆိုင်လေး တစ်ဆိုင်မှာပါပဲ။

ပြန်ဆုံချိန်မှာ ကျွန်တော်ဟာ အရင်လို သူငယ်ချင်းတွေ စီးကရက်ဖွာရင် မုန့်စားနေတတ်တဲ့ကောင်လေး မဟုတ်တော့ဘူး။ ကိုယ်လည်း လက်ကြားမှာ စီးကရက်ညှပ်တတ်နေပြီ။ သူငယ်ချင်းတွေက တအံ့တသြပေါ့။ ထိုအကြောင်းနဲ့ ပတ်သက်လို့ပြောရရင် ထက်ငယ်ရဲ့ အစ်မဟာ မပါမဖြစ်ပဲ။

အဲဒီအစ်မက တစ်ခါတရံ စီးကရက် ဖွာတယ်။ တစ်နေ့မှာ ထက်ငယ်တို့ အိမ် ကျွန်တော်ရောက်ချိန် ဧည့်ခန်းထဲမှာ အဲဒီအစ်မ စီးကရက် ဖွာနေတယ်။ ကျွန်တော့်ကို တစ်လိပ်ကမ်းပေးတယ်။ ကျွန်တော်က မသောက်တတ်ကြောင်းပြောတော့ 'အခြောက်ကလေး' လို့ အခေါ်ခံရတယ်။ ပြီးတော့ -

"ဒီမှာကြည့်စမ်း၊ နင် ငါ့လိုရှိုက်တတ်လား"

ဆိုပြီး နှာခေါင်းထဲကနေမီးခိုးငွေ့တွေ မှုတ်ထုတ်ပြတယ်။ ကျွန်တော်က တစ်ခါမှ မစမ်းသပ်ဖူးကြောင်း ပြောလိုက်တယ်။

"ရော့ စမ်းကြည့်" ဆိုပြီး စီးကရက်နဲ့မီးခြစ်ကို ကမ်းပေးတဲ့အခါ ကျွန်တော် ယူဖြစ်ပါတယ်။



ကျွန်တော် စီးကရက်မီးညှိနေတာကိုကြည့်ပြီး အဲဒီအစ်မက ရယ်တယ်။ အချိုးမပြေလို့ ထင်ပါတယ်။ စီးကရက်ကို နှုတ်ခမ်းမှာတေ့ပြီး ရှိုက်ဖွာလိုက်တဲ့အခါ ကျွန်တော် ချောင်းတဟွတ်ဟွတ် ဆိုးပါတော့တယ်။ အဲဒါကိုကြည့်ပြီး ထက်ငယ်ရဲ့ အစ်မက အူလှိုက်သည်းလှိုက် ရယ်တာပေါ့။ ကျွန်တော် ရှက်သွားတယ်။ ဒါပေမယ့် ဘာမှပြန်မပြောခဲ့ဘူး။

အဲဒီအိမ်ကအပြန် ကျွန်တော် စီးကရက်တစ်ဘူး ဝင်ဝယ်တယ်။ အခန်းပြန်ရောက်တဲ့အခါ အသေအလဲ စီးကရက်သောက်လေ့ကျင့်ပါတော့တယ်။ ချောင်းတွေ တဟွတ်ဟွတ်ဆိုးတယ်။ ကလီစာတွေ ပြုတ်အန်ထွက်မတတ်ပဲ။ ဒါပေမယ့် ချောင်းဆိုးပျောက်ဆေးရည်တွေ ဝယ်သောက်ပြီး စီးကရက်ဖွာတာကို ကျွမ်းကျင်အောင် တရစပ်လေ့ကျင့်တယ်။ တစ်ယောက်တည်း နေတာဆိုတော့ ကိုယ့်သဘောနဲ့ ကိုယ်မို့ တားဆီးမယ့်သူလည်း မရှိဘူးပေါ့။

တစ်ပတ်ခန့်ကြာတဲ့အခါ ထက်ငယ်တို့ အိမ်ကို ကျွန်တော် ပြန်သွားပြီး ထက်ငယ်ရဲ့ အစ်မနဲ့ စီးကရက်သောက်ပြိုင်ပါတယ်။ အဲဒီပွဲမှာ ကျွန်တော်နိုင်ပေမယ့် ရှုံးသွားတာက စီးကရက်ကို ငြိတွယ်သွားခဲ့တာပါပဲ။ မခံချင်စိတ်၊ အနိုင်ရလိုစိတ်၊ ကြိုးစားလိုစိတ်ဟာ နေရာတိုင်းတော့ မကောင်းဘူး။

သူငယ်ချင်းတွေက ကျွန်တော့်ရဲ့ အတွေ့အကြုံတွေကို မေးလို့ ပြန်ပြောနေချိန်မှာပဲ "ဟာ ဟိတ်ကောင်ကြီး" ဆိုတဲ့ အသံနဲ့အတူ ကျွန်တော့် ပခုံးနှစ်ဖက်ဟာ ပွေ့ဖက်ခံလိုက်ရတယ်။ အသားလာထိရင် ဆတ်ခနဲ ဖြစ်တတ်တဲ့ ကျွန်တော့်အကျင့်အတိုင်း ကိုယ်ကိုရို့ရှောင်ပြီး ငဲ့ကြည့်လိုက်တဲ့အခါ တွေ့လိုက်ရတာက ထူးကြီးပါ။

www.burmeseclassic.com

www.burmeseclassic.com



အရင်လို နှုတ်ခမ်းမွေးကားကားကြီးနဲ့ပဲ။ အရင်လို ပါးဆုံ ဖောင်းဖောင်းကြီးတွေနဲ့ပဲ။ အရင်လို အရောင်ဖျော့ဖျော့ပုဆိုးတိုတို ဟာ ခါးပုံစရှည်ရှည်နဲ့ အဖြူခံပေါ်မှာ အကွက်နုတ်နုတ်ပါတဲ့ ရှပ် အင်္ကျီလက်တိုနဲ့ပဲ။ အရင်လို ဆံပင်ပုံနဲ့ပါပဲ။ ဒါပေမယ့် နှုတ်ခမ်းမွေး တွေဟာ ပိုမိုနက်မှောင်အုံထူကာ ပိုရှည်နေပြီ။ ပါးဆုံ ဖောင်းဖောင်း ကြီးတွေဟာ ပိုမိုဖောင်းအစ်ကာ သူ့အသားအရောင်ကိုကြည့်ရတာ နေမထိလေမထိဆိုသလို ဖြူရော်နွမ်းဖျော့နေပါတယ်။ သူက သူ့ဟန် အတိုင်း အေးဆေးပါပဲ။ ကျွန်တော့်ကို ပြုံးပြုံးကြီး စိုက်ကြည့်ပြီး -

"မင်း စာရေးဆရာကြီး ဖြစ်နေပြီဆိုကွ။ ငါ သတင်းကြား ပါတယ်။ ဝမ်းသာတယ်ကွာ။ ဆက်ကြိုးစား"

ဆိုပြီး ကျွန်တော့်ညာဘက်လက်ကို ဆုပ်ကိုင်လှုပ်ရမ်းပါ တယ်။ အဲဒီအချိန် ကျွန်တော် ဖျဉ်းခနဲကြက်သီးထသွားပြီး မျက်ရည် ကြည်တွေ စိမ့်ဝဲလာတယ်။ တစ်ခါက သူ ကျွန်တော်ကို ခုနှစ်စင် ကြယ်မားသိုင်းကွက် ဆိုပြီးသင်ပေးတုန်းက ကျွန်တော့် ညာလက်ကို မိုးပေါ်ထောင်ပြီး ကိုင်မြှောက်ဂုဏ်ပြုခဲ့တာ ပြန်သတိရတယ်။ ဆွံ့ အစွာနဲ့ သူ့ကို ကျွန်တော် ရုတ်တရက် ဘာစကားမှ မတုံ့ပြန်နိုင်ဘူး။

သူက ကျွန်တော့်ကို ပြုံးပြုံးကြီးပဲ စိုက်ကြည့်နေတယ်။ သူနဲ့ ကျွန်တော် စတွေ့တုန်းကအပြုံးလိုပဲ ဖြူစင်အပြစ်ကင်းတယ်လို့ ကျွန်တော် ခံစားရပါတယ်။

"မင်းက ရန်ကုန်မှာနေတာဆိုတော့ ထက်ငယ်တို့ နဲ့ ကော တွေ့ ဖြစ်သေးလား"

ကြည့်စမ်း သူ ဒါတွေ မမေ့ဘူး။

"အရင်ကတော့ တစ်ခါတလေ တွေ့ဖြစ်ပါတယ်။ ဒါပေ မယ့် ထက်ငယ်နဲ့ ငါ မတွေ့တာ နှစ်နှစ်လောက် ရှိပြီ"



ကျွန်တော်က မဆက်သွယ်သလို ထက်ငယ်ကလည်း မဆက်သွယ်ပါဘူး။ ကျွန်တော် သိချင်တဲ့မေးခွန်းကို မထိန်းချုပ် နိုင်စွာ မေးလိုက်မိတယ်။

"မင်း သဲသဲတို့အိမ်ကို ရောက်သွားသေးတယ်ဆို ဟုတ်လား"

"အေး ဟုတ်တယ်ကွ"

သူ အသာအယာပဲ ဖြေတယ်။

"ငါတောင် သဲသဲတို့အိမ်ကို တစ်ခါမှ မရောက်ဖူးဘူး။ မင်းက ရောက်အောင်သွားနိုင်တယ်ဆိုတော့ တော်တာပဲ"

"အမြင်အရကတော့ အထင်ကြီးစရာပါပဲကွာ။ ဒါပေမယ့် အဲဒီလို အိမ်ကြီးအိမ်ကောင်းတွေနဲ့ ခြံဝင်းအကျယ်ကြီးတွေထဲမှာ နေပြီး အကြွေးပတ်ချာလည်ဝိုင်းနေသူတွေ အများကြီးပဲ မဟုတ် လား။ လူတွေအမြင်မှာ အဆင့်အတန်းမြင့်မြင့်နေပြပြီး အိမ်ထဲမှာ ငါးပိဖုတ်နဲ့ စားရင်စားနေရတာ။ အထင်မကြီးစမ်းပါနဲ့ကွာ။ မရောက်ဖူးချင်နေ။ ဆက်ဆံရေးက မပြေပြစ်ဘူး" လို့ ပြောတယ်။

"သူတို့ အိမ်လိပ်စာ မင်း ဘယ်လိုသိတာလဲ" မေးတော့

"ဒါကတော့ကွာ စုံစမ်းရင်ရနေတာပဲ။ ဖုန်းနံပါတ်သိရင် အိမ်လိပ်စာသိဖို့က မခဲယဉ်းပါဘူးကွ"

"ဖုန်းနံပါတ်ကိုကော မင်း ဘယ်လိုသိလဲ"

ထူးကြီးက ဖွဖွပြုံးပြီး -

"မင်း အရင်က အိတ်ချိန်းကနေသွားပြီး သူတို့ဆီ ဖုန်း ဆက်နေတာပဲ။ အဲဒီတည်းက အိတ်ချိန်းရုံးကလူတွေကို မင်းပြော တာ ငါ အလွတ်ကျက်ထားတာ။ ခုတောင် မှတ်မိတယ်"

ဆိုပြီး သဲသဲဖုန်းနံပါတ်ကို အလွတ်ရွတ်ပြနေပါတယ်။ သူ့ မှတ်ဉာဏ်ကို ကျွန်တော် အလေးအနက် ချီးကျူးမိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီကြားကာလမှာ နယ်ကသူငယ်ချင်းတွေကိုလည်း ထူးကြီး အကြောင်း စုံစမ်းခိုင်းတယ်။ ရန်ကုန်စီးပွားရေးတက္ကသိုလ်က ပရိသတ်တွေနဲ့ ဆုံဖြစ်တဲ့အခါမှာလည်း ထူးကြီးအမည်ပြောပြပြီး ကျောင်းမှာ စုံစမ်းခိုင်းပါတယ်။ ဒါပေမယ့် အဆင်မပြေခဲ့ဘူး။ ရေရေရာရာ ဘာတစ်ခုမှ မသိခဲ့ရဘူး။ ကျွန်တော်နဲ့ ထူးကြီးရဲ့ ဖြစ်အင်ကိုလည်း သိတဲ့ တစ်ဝိုင်းတည်း ထိုင်နေတဲ့သူငယ်ချင်းတစ်ယောက်က -

"မင်း ပျောက်လှချည်လား။ ဒီမှာလည်း မတွေ့ပါဘူး။ ဘယ်တွေ ရောက်နေတာလဲ"

လို့ မေးတဲ့အခါ ထူးကြီးဟာ ပြုံးပြုံးကြီးပဲ။

"ငါလည်း ရန်ကုန်မှာပဲ နေနေတာကွ" တဲ့။

ကျွန်တော်က -

"ရန်ကုန် ဘယ်မှာနေတာလဲ"

လို့ မေးလိုက်မိတယ်။ ထူးကြီးက ခပ်ပြုံးပြုံးပဲ -

"စီးပွားရေးတက္ကသိုလ်နားမှာနေတာ"

"ဟာ မင်း ကျောင်းတက်နေတာလား။ အဆောင်မှာ နေတာလား။ အခန်းငှားနေတာလား"

ကျွန်တော် ခပ်သွက်သွက် မေးလိုက်တော့ ထူးကြီးဟာ ခေါင်းကို တစ်ချက်ကုတ်ပြီး "အဲ ငါနေတာက ဆေးရုံမှာကွ"

ကျွန်တော့်ရင်ထဲ ဒိန်းခနဲ ဖြစ်သွားတယ်။ သူငယ်ချင်း တစ်ယောက်က -

"ဒါဆို ရွာသာကြီးမှာ နေတာပေါ့ ဟုတ်လား" လို့ မေးတဲ့အခါ ထူးကြီးဟာ ခပ်သွက်သွက်ခေါင်းညိတ်ပြီး -

"အေး ဟုတ်တယ် ဟုတ်တယ်။ ရွာသာကြီး။ အဲဒီမှာ နေရတာ" လို့ ဖြေပါတယ်။



တစ်ဝိုင်းတည်း ထိုင်နေတဲ့အခြားသူတွေ ရယ်ကြတယ်။ ကျွန်တော် မရယ်နိုင်ဘူး။ ကျွန်တော် အသံတောင် မထွက်နိုင်ဘူး။ ရင်ထဲမှာ ဆို့နင့်ပြီး မျက်ရည်ဝဲလာပါတယ်။ ထူးကြီးနဲ့ ကျွန်တော့်ရဲ့ ဖြစ်အင်ကိုသိတဲ့သူငယ်ချင်းကလည်း မရယ်ပါဘူး။ ကျွန်တော့်ကို ကြည့်လိုက် ထူးကြီးကိုကြည့်လိုက်နဲ့။

အဖြစ်အပျက်က အင်မတန် ရုပ်ရှင်ဆန်လွန်းပါတယ်။

အဲဒီအချိန်မှာပဲ -

"မပြောမဆိုနဲ့ ဘယ်ထွက်သွားတာလဲ။ စိတ်ပူပြီး လိုက်ရှာနေတာ" ဆိုသော အသံဝါဝါဩဩနဲ့အတူ ထူးကြီးရဲ့အစ်ကိုဟာ ကျွန်တော်တို့ဝိုင်းကို ရောက်လာပါတယ်။ ထူးကြီးဟာ လှုပ်လှုပ်ရွရွ ဖြစ်သွားပြီး ကျွန်တော်တို့ကို လက်ညှိုးထိုးကာ -

"ဗိုက်ဆာလို့ မုန့်ထွက်စားရင်း ဒီမှာ သူငယ်ချင်းတွေနဲ့ တွေ့လို့ စကားပြောနေတာပါ။ ခဏလေးကြာရင် ပြန်လာတော့ မလို့ပါ။ အဝေးကြီးလည်း လျှောက်မသွားပါဘူး"

လို့ ပြန်ပြောတယ်။ ထူးကြီးအစ်ကိုရဲ့ အကြည့်က ကျွန်တော့်ထံ ဆိုက်ရောက်လာပါတယ်။

"ဩော်. . ."

သူ့ရဲ့ ဩော်နဲ့ အကြည့်တွေမှာ အဓိပ္ပာယ်တွေ အများကြီး ပါဝင်နေတယ်လို့ ခံစားရတယ်။

"မင်းရန်ကုန်မှာနေတာဆို။ ခု ပြန်ရောက်နေတာလား"

"ဟုတ်ကဲ့ အစ်ကို။ ကျွန်တော် ဒီပြန်ရောက်နေတာပါ"

လို့ ကျွန်တော် သိမ်မွေ့စွာပဲ ဖြေဖြစ်ပါတယ်။

ထူးကြီးရဲ့ အစ်ကိုဟာ ကျွန်တော့်ကို အကြည့်စိမ်းစိမ်းကြီး တွေနဲ့ပဲ တုံ့ပြန်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းပဲ ထူးကြီးရဲ့လက်တစ်ဖက်ကို ကိုင်ကာ -

"လာ ပြန်မယ်။ မင်း ဒီနေ့ကစပြီး အပြင်ကိုမထွက်နဲ့တော့"

ဟု ပြောကာ ထူးကြီးကို ဆွဲခေါ်သွားပါတယ်။ ထူးကြီးဟာ ယက်ကန်ယက်ကန်နဲ့ ပါသွားရင်း ကျွန်တော့်ကို နောက်ပြန်လှည့်ကြည့်နေတယ်။ ကျွန်တော်ကလည်း ထူးကြီးကို ငေးကြည့်နေလို့ပေါ့။

အဲဒါ ထူးကြီးနဲ့ ကျွန်တော် နောက်ဆုံး တွေ့ဆုံခြင်းပါပဲ။

ထူးကြီးနဲ့ ပြန်တွေ့ပြီးတဲ့အခါ သူ့ကို ထပ်တွေ့ချင်စိတ်တွေနဲ့အတူ ထက်ငယ်ကိုပါ တွဲမြင်လာတယ်။ အကယ်၍ ထူးကြီးကိုသာ သူ တောင်းဆိုသလို ရန်ကုန် လိုက်မပို့ဖြစ်ခဲ့ရင်၊ ထက်ငယ်တို့အိမ်ကိုသာ ထူးကြီးကို ခေါ်မသွားဖြစ်ခဲ့ရင် ဆိုသောအတွေးတွေဟာ ကျွန်တော်ကို လေးလံစေပါတယ်။

တစ်ညပေါ့။ ပရဟိတကိစ္စနဲ့ ဧရာဝတီတိုင်းကမြို့တစ်မြို့မှာ ကျွန်တော် ရောက်ရှိနေချိန်။ ဖုန်းကို silent လုပ်ပြီး အိပ်နေမိတာ ညနှစ်နာရီသာသာမှာ တရေးနိုးလာပါတယ်။ ဖုန်းကိုကြည့်မိတော့ missed call နှစ်ဆယ့်သုံးခု တွေ့တယ်။ စစ်ကြည့်တော့ နံပါတ်တစ်ခုတည်းက ခေါ်ထားတာ။ နံပါတ်ကလည်း အစိမ်း။

ကျွန်တော် ပြန်မခေါ်ဖြစ်ဘူး။ ဒါပေမယ့် ခေါ်ထားတဲ့ အကြိမ် အရေအတွက်က များတာမို့ အရေးတကြီးကိစ္စတစ်ခု ဖြစ်နေရင် ခက်မယ်ဆိုပြီး Who? လို့ message send လိုက်ပါတယ်။ ထိုအခါ အဲဒီနံပါတ်က ချက်ချင်း ဖုန်းပြန်ခေါ်တယ်။ ကျွန်တော် ကိုင်လိုက်တယ်။ တစ်ဖက်က တိတ်ဆိတ်နေတယ်။

"ဘယ်သူလဲ မသိဘူးဗျ။ ဖုန်းခေါ်ထားတာတွေတွေ့လို့ မက်ဆေ့ချ်ပို့လိုက်တာ"

လို့ ပြောတဲ့အခါ တစ်ဖက်မှ တိုးသဲ့စွာ -

"ငါပါ" တဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်ပဲ အသံထွက်တယ်။ ဒါပေမယ့် ကျွန်တော် မှတ်မိတယ်။

"ထက်ငယ်"

"နင် မှတ်မိသားပဲ" တဲ့။

သူမ မမြင်နိုင်မှန်းသိပေမယ့် ကျွန်တော် ပြုံးဖြစ်တယ်။ ဘာတွေဘယ်လိုပဲဖြစ်ခဲ့ဖြစ်ခဲ့ ကျွန်တော်ဟာ ထူးကြီးကိုကော ထက်ငယ်ကိုကော စိတ်နာလို့မရပါဘူး။ သူတို့နှစ်ယောက်နဲ့ ပတ်သက်လို့ ကျွန်တော် နာကျင်ခဲ့ရပေမယ့် ဒါတွေဟာ ဝဋ်ကြွေးဆိုရင်တောင် ကိုယ့်ရဲ့ညံ့ဖျင်းမှုနဲ့ လိုအပ်လစ်ဟာချက်တွေလည်းပါလို့ပေါ့။

"ထူးထူးဆန်းဆန်းပါလား။ ဒီအချိန်ထိ မအိပ်သေးဘူးပေါ့။ ပြောလေ ဘာပြောချင်လို့လဲ။ အကြောင်းကိစ္စမရှိဘဲနဲ့တော့ နင် ငါ့ဆီ ဖုန်းဆက်မှာ မဟုတ်ပါဘူး"

လို့ ကျွန်တော်ပြောတဲ့အခါ ထက်ငယ်က -

"ငါ နင့်ကို အရမ်း သတိရလို့ ဖုန်းဆက်လိုက်တာပါ" တဲ့။ ကျွန်တော့်ရင်ဘတ် လှုပ်ခတ်သွားတယ်။ ထို့အတူ သတိပေး ခေါင်းလောင်းသံတွေလည်း မြည်တယ်။

"ငါ ခု အရမ်း စိတ်ညစ်နေတယ်ဟာ။ ငါ လူကဲခတ် အရမ်းညံ့ခဲ့တယ်။ လူတစ်ယောက်အတွက် ငါ့ရဲ့အချိန်တွေ အများကြီး ဖြုန်းတီးခဲ့မိတယ်"

"နင် ရည်းစားနဲ့ အဆင်မပြေလို့လား။ ပြောလေ ငါ ဘာကူညီရမလဲ။ နင့်ဘဲကို ငါ ဘာပြောပေးရမလဲ"

"နင် ဘာမှပြောပေးစရာ မလိုဘူး။ နင့်အကူအညီ လိုချင်လို့ ဖုန်းဆက်တာလည်း မဟုတ်ဘူး။ နင်ပြောပေးလည်း သူနဲ့ ငါ ပြန်ပတ်သက်မှာ မဟုတ်ဘူး။ အားလုံး ပြီးသွားပြီ"



သူမအသံက တစ်မျိုးကြီး ဖြစ်နေပါတယ်။

"နင် ငိုထားတာလား"

ကျွန်တော်မေးတာကို သူမ မဖြေပါဘူး။ ဒါပေမယ့် သူမ ငိုထားတယ်ဆိုတာ ကျွန်တော် ရိပ်မိလိုက်ပါပြီ။

"မူးနေတာလား" လို့ မေးတဲ့အခါ "မူးစရာလား" လို့ ပြန်ဖြေတယ်။

"နင် ဖုန်းဆက်တာ ငါ့အတွက် ထူးဆန်းနေလို့ ပါ"

လို့ ပြောတော့ သူမ ရယ်ပါတယ်။ ရယ်သံလွှင်လွှင်လေးမှာ ပါးပြင်ရဲရဲလေးနဲ့ ရှက်ရိပ်ငွေ့တွေ ကပ်ပါနေသလို ခံစားရတယ်။

"ငါ နင်နဲ့ တွေ့ချင်တယ်။ ဘယ်လိုဆိုရင် ငါ နင်နဲ့တွေ့လို့ ရမလဲ"

"ငါ ခု မြောင်းမြမှာရောက်နေတာ။ နောက်နှစ်ရက်လောက် ဆိုရင်တော့ ရန်ကုန်ပြန်ရောက်ပါပြီ။ အဲဒီအခါတွေ့ကြတာပေါ့"

"နင် ရန်ကုန်ရောက်ရင် ဖုန်းဆက်လိုက်။ ဖုန်းမဆက်ချင်ရင် မက်ဆေ့ချ်ပို့ လိုက်။ ငါ ပြန်ခေါ်ပါမယ်။ အခု ငါ ဒီဖုန်းကို တိုင်တယ်။ ဘာကိစ္စပဲရှိရှိ ငါနဲ့တွေ့ဖို့ အချိန်တစ်ခုတော့ပေးပါ"

သူမ တကယ်ပဲ ပြောင်းလဲသွားတာလား။ တဒင်္ဂ စိတ်အလှည့်အပြောင်းလား။ အဲဒီည ကျွန်တော် တော်တော်နဲ့ ပြန်အိပ်လို့ မရပါဘူး။

ရန်ကုန်ရောက်တဲ့အခါ သူမဆီ ဖုန်းဆက်ဖြစ်တယ်။ ရောက်ပြီဆိုတဲ့အကြောင်းပေါ့။ ထက်ငယ်က သူမရုံးဆင်းတာနဲ့ တွေ့မယ်လို့ ပြောပါတယ်။ ဖြစ်ချင်တော့ အဲဒီနေ့လယ်မှာပဲ ကုတ်ဆသူတစ်ယောက်နဲ့ တွေ့ဆုံဖို့အကြောင်းဖန်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com



ထက်ငယ်နဲ့က ည ခုနှစ်နာရီမှ ချိန်းထားတာမို့ ကျွန်တော်လည်း သွားတွေ့ဖို့ ဆုံးဖြတ်လိုက်တယ်။ အဲဒီအချိန်မှာပဲ ကျွန်တော် ဒီနေ့ ရန်ကုန်ရောက်မှာသိတဲ့ လေယာဉ်မယ်တစ်ယောက်က ကျွန်တော်ရှိရာ ရောက်လာပါတယ်။ အလုပ်ကိစ္စချိန်းထားတာမို့ သွားရမယ့်အကြောင်းပြောတော့ သူက လိုက်မယ်လုပ်တယ်။ ကျွန်တော်က လူကြီးတွေနဲ့ အလုပ်ကိစ္စစကားပြောဖို့ သွားတာမှာ ကောင်မလေးတစ်ယောက်နံဘေးမှာ ပါမလာစေချင်တာကြောင့် သူမကို နောက်ရက်မှတွေ့ကြဖို့ ပြောတယ်။ မရဘူး။ အားတဲ့အချိန်တွေ့ရတာတွေ၊ ခုပဲ လေယာဉ်ကွင်းကနေ အဝေးကြီးလာခဲ့ရတာတွေပြောပြီး နှုတ်ခမ်းစူနေပါတယ်။ လိုက်လို့မရရင် ပြန်လာချိန်ထိ စောင့်နေမယ် ပြောတယ်။ ပြောမရလည်း သဘောပဲ ဆိုပြီး အဖော်ရအောင် ကျွန်တော့်သူငယ်ချင်းတစ်ယောက်နဲ့ ထားခဲ့လိုက်တယ်။ အဲဒီလေယာဉ်မယ်နဲ့ ကျွန်တော်ရဲ့ ပတ်သက်မှုက ချစ်သူရည်းစားလားဆိုတော့လည်း မဟုတ်ဘူး။ ဘာမှမဟုတ်ဘူးလားဆိုတော့လည်း မဟုတ်ဘူး။ ခေါင်းစဉ်ပျောက် ခုခေတ်အထာလေးတစ်ခုပေါ့။ ထိုခေါင်းစဉ်ကို အဖြေထုတ်ဖို့ သူမကလည်း ဒီနေ့ရောက်လာခြင်း ဖြစ်ပါသတဲ့။ တိုက်ဆိုင်လွန်းပေစွ။

ထုတ်ဝေသူနဲ့ စကားပြောတာ တရွေ့ရွေ့နဲ့ ညနေစောင်းသွားတယ်။ ကြားခံအဖြစ် ကျွန်တော့်ရဲ့မိတ်ဆွေကြီးတစ်ဦးလည်း ပါတယ်။ အလုပ်ကိစ္စစကားပြောတာက သိပ်မကြာဘူး။ ခုမှတွေ့စဆိုတော့ စားဝိုင်းသောက်ဝိုင်းလေးနဲ့ ရင်းနှီးမှုဖြစ်ဖို့ နိဒါန်းပျိုးနေတာက ကြာတာ။

အဲဒီအချိန် လေသူရဲမလေးကလည်း ဖုန်းတွေ တဂွမ်ဂွမ်ဆက်တယ်။ ပြီးတာနဲ့ ပြန်လာမယ်ပြောပြီး ဖုန်းကိုစက်ပိတ်ထား



လိုက်ပါတယ်။ စကားဝိုင်းက ညမှောင်စပျိုးမှ သိမ်းတယ်။ အထုပ်ကိစ္စ ညှိနှိုင်းလို့ အဆင်ပြေတော့ ထုတ်ဝေသူက သူ့အိမ်ကို တစ်ခါတည်း ငွေလိုက်ယူဖို့ ပြောပါတယ်။ ကျွန်တော်လည်း ငွေလိုနေတာကြောင့် လိုက်သွားတယ်။ အိမ်ကိုရောက်တော့လည်း ထုတ်ဝေသူ လူပျိုကြီးက စကားမပြတ်ဘူး။ ပိုက်ဆံရတာနဲ့ ချက်ချင်းထထွက်သွားလို့ကလည်း မကောင်းဘူးလေ။ အဲဒါနဲ့ လေထုထဲမှာ စီးမျောရင်း ထုတ်ဝေသူအိမ်က ထွက်လာတော့ မှောင်နေပြီ။

ဖုန်းကို ပါဝါပြန်ဖွင့်လိုက်တယ်။ ဖုန်းဖွင့်ဖွင့်ချင်း လေသူရဲမလေးရဲ့ဖုန်းက ဝင်လာတယ်။ သူ စိတ်တိုနေပြီဆိုတာ လှမ်းပြောတာ။ မိန်းကလေးတွေ စိတ်ဆိုးစိတ်ကောက်တယ်လို့ ပြောလာရင် အဲ့ဒါ တကယ်စိတ်ဆိုးစိတ်ကောက်တာ မဟုတ်ဘူး။ အချော့ခံချင်နေတာလို့ပဲ ကျွန်တော်ကတော့ သတ်မှတ်တယ်။ တကယ် စိတ်ဆိုးစိတ်ကောက်ပြီး စိတ်နာသွားရင် ဘယ်ဆက်သွယ်စကားပြောနေတော့မှာလဲ။ စိတ်တိုနေတယ်ဆိုရင်တောင် သူ ကျွန်တော့်ကို စိတ်မနာသေးဘူး။ အချော့ခံချင်တဲ့အဆင့်မှာပဲရှိသေးတယ်လို့ တွက်လိုက်တယ်။

လေသူရဲမလေးနဲ့ တွေ့တော့ သူမ နှုတ်ခမ်းစူနေတာပေါ့။ အချော့ခံချင်နေတဲ့သူတစ်ယောက်ကို မချော့ဘဲ တစိမ့်စိမ့်ကြည့်နေရတာလည်း အရသာရှိတယ်။ သူမနဲ့ ဆယ်မိနစ်ပြည့်အောင်တောင် မနေရသေးဘူး။ ထက်ငယ်ရဲ့ဖုန်းက ဝင်လာတယ်။ သူ ဆိုင်မှာရောက်နေပြီတဲ့။ တိန် ခနဲပဲ။ ချိန်းထားတာထက် စောနေတယ်။ ကဲ ဘာကိုရွေးမလဲ။ ရှေ့ကကြွေရုပ်ကလေးကို ထားပြီး ထက်ငယ်ဆီ သွားမလား။ ထက်ငယ်ဆီမသွားဘဲ ကြွေရုပ်ကလေးနဲ့ပဲ နေမလား။ အခြေအနေက တစ်ယောက်ယောက်ကိုပဲ ရွေးချယ်

www.burmeseclassic.com

www.burmeseclassic.com



ရပါတော့မယ်။ ကျွန်တော် တွေဝေခြင်းကင်းစွာ ပြတ်သားနိုင်ခဲ့ပါတယ်။ အဲဒီအခါမှာတော့ လေသူရဲမလေးဟာ ကျွန်တော့်ကို စိတ်နာသွားခဲ့ပါပြီ။

ထက်ငယ်က အရင်ထက်ပိုပြည့်ပြီး ခါးနည်းနည်းတုတ်လာတယ်။ ငယ်ငယ်က သူမကို 'နင်ကြီးလာရင် ခါးတုတ်ပြီးဝမယ့်ရုပ်ကြီး' လို့ ကျွန်တော် ပြောတဲ့အခါ သူမ စိတ်တိုသွားတယ်။ အဲဒီတုန်းက -

"နင်စောင့်ကြည့်လိုက်။ ငါက ဘယ်အရွယ်ရောက်ရောက် ခါးမတုတ်စေရဘူး။ မဝစေရဘူး"

လို့ သူမပြောခဲ့တာ သတိရပြီး ပြုံးဖြစ်တယ်။ သူမကိုတော့ ဖွင့်မပြောဖြစ်ပါဘူး။

ထက်ငယ်က ကျွန်တော့်ကို စားစရာတွေ မှာပေးပြီး စားစေတယ်။ အလုပ်ကိစ္စပြောရင်း စားခဲ့တာ ဗိုက်ပြည့်နေသေးတာကြောင့် စားချင်စိတ်မရှိပေမယ့် သူမ ကျေနပ်အောင် ကျွန်တော် အနည်းငယ် စားပြခဲ့ပါတယ်။ ကျွန်တော်တို့ ထိုင်ခဲ့ကြတာ လသာလမ်း အထက်ဘလောက်က ဆူရှီဆိုင်တစ်ဆိုင်မှာပါ။ ငါးစားရင်း ရေနွေးကြမ်းသောက်ရင်း ထက်ငယ်က အိမ်ကလူတွေအကြောင်းနဲ့ အလုပ်အကြောင်း အနည်းအကျဉ်း ပြောပါတယ်။ သူ့ဘဲအကြောင်းကို ကျွန်တော်က စကားမစသလို သူကလည်း မပြောဘူး။ ထက်ငယ်ဟာ ကုမ္ပဏီတစ်ခုမှာ ရာထူးကြီးကြီးနဲ့ ဖြစ်နေပါပြီ။ အခု သူမရဲ့ အလှက ရင့်ကျက်မှုတွေနဲ့ ခန့်ညားနေသလိုပဲ။ (ဖားရတာပဲ)။ ထက်ငယ် ပြောတာတွေနားထောင်နေရင်း စောစောကပဲ စူနေတဲ့ နှုတ်ခမ်းကမဲ့၊ မဲ့ရာကနေ ထော်ပြီး ဒေါက်ဖိနပ်နဲ့ ကတ္တရာလမ်းကိုတဂွပ်ဂွပ်ဆောင့်နင်းကာ ကျန်ရစ်ခဲ့တဲ့ ရေကြည်လေးတစ်



ပေါက်ကို ပြေးမြင်တယ်။ တစ်နေ့လယ်လုံး သူ့ခမျာ စောင့်နေရတာ ငါ မတရားဘူးလို့ ခံစားရတယ်။ ဒါဟာ ထက်ငယ်ကို တန်ဖိုးထားလွန်းတာလား။ ပေးထားတဲ့ ကတိစကားကို မဖျက်ချင်တာလား။ ထက်ငယ်ရဲ့ လွှမ်းမိုးမှုစက်ကွင်းက မလွတ်နိုင်သေးတာလား။

ထက်ငယ်နဲ့ ကျွန်တော် စကားတွေပြောနေပေမယ့် အမြန်အလှန် ပြုံးပြဖြစ်ကြပေမယ့် တစ်ယောက်နဲ့တစ်ယောက် စိမ်းနေသလိုပဲ။ စားသောက်ပြီးတဲ့အခါ -

"ငါတို့ လမ်းလျှောက်ရအောင်"

လို့ ထက်ငယ်ပြောတာကြောင့် ဆိုင်ကနေထွက်ပြီး ရန်ကုန်မြို့ရဲ့ ညမီးရောင်တွေအောက်မှာ ကျွန်တော်တို့ နှစ်ယောက် လမ်းလျှောက်ဖြစ်ကြပါတယ်။ တစ်ယောက်လက်ကိုတစ်ယောက် တွဲမထားဘူး။ ဒါပေမယ့် ကျွန်တော့်မှာပါလာတဲ့ မိုးကာအကျီအိတ်ထုပ်ကလေးကို သူမ ကိုင်ထားပေးတယ်။ သူမရဲ့လက်ကိုင်အိတ်ကို ကျွန်တော် လွယ်ထားပေးတယ်။ အမျိုးသမီးလက်ကိုင်အိတ်ကြီး တရမ်းရမ်းနဲ့ ကျွန်တော်ကိုကြည့်ကာ ထက်ငယ် သဘောကျစွာ တခစ်ခစ်ရယ်နေပါတော့တယ်။ သူမရဲ့ရယ်သံဟာ ကျွန်တော့်အတွက် ချိုမြိန်ဖွယ်ရသတစ်ခုပါပဲ။ သူမ ရယ်နေတာကိုလည်း ငေးနေမိတယ်။ ရုပ်တည်သူတွေ ပြုံးရယ်ရင် ပိုမိုချစ်စဖွယ်ဖြစ်တယ်လေ။

အဲဒီအချိန်မှာပဲ ကျွန်တော့်ရဲ့ ဖုန်းက တဂွမ်ဂွမ် မြည်လာတယ်။ ကျွန်တော် ကိုင်တယ်။ ပြောတယ်။ ဖုန်းချတယ်။ သိပ်မကြာဘူး ဖုန်းက ထပ်မြည်လာပြန်တယ်။ ကျွန်တော် အမြန်ပြောတယ်။ ချတယ်။ နောက် ထပ်လာပြန်ပါတယ်။ ထက်ငယ်မျက်နှာကို ကြည့်တော့ နှုတ်ခမ်းလေးက ပြုံးရယ်ရာကနေတည်၊ တည်ရာကနေပြီး စူရာကနေထော်ချင်နေပြီ။ ကျွန်တော်ဖုန်းကလည်း အရင်က တစ်ခါမှ

www.burmeseclassic.com

www.burmeseclassic.com



အချိန်တိုအတွင်းမှာ အဲဒီလောက်မလာပါဘူး။ တိုက်ဆိုင်စွာ အဲဒီအချိန်ကျမှ တစ်လုံးချတစ်လုံးဝင်နဲ့ မနားတမ်းတောက်လျှောက် လာနေတာ။ မကိုင်တဲ့အခါမှာလည်း ဆက်ကာဆက်ကာ လာနေတော့ ထက်ငယ် ကျွန်တော့်ကို မျက်စောင်းချွန်ချွန်ထိုးပါတော့တယ်။

"ကျေးဇူးပြုပြီး ဒီခဏမှာ နင့်ဖုန်းကို စက်ပိတ်ပေးထားလို့ ရမလား" တဲ့။

ကျွန်တော် နှုတ်က မပြောဘူး။ သူမမျက်နှာရှေ့မှာ ဖုန်းကို ထောင်ပြပြီး ပါဝါပိတ်ပစ်လိုက်ပါတယ်။ ပြီးမှ 'ကျေနပ်ပြီလား' လို့ မေးတဲ့အခါ သူမ မဖြေပါဘူး။ ဒါပေမယ့် မျက်နှာလေးကတော့ ကြည်လင်စွာ ပြုံးလာပါတယ်။ ဒါဟာ သူမရဲ့ တောင်းဆိုမှုဆိုရင်တောင် ကျွန်တော်ကိုယ်တိုင်က ကြည်ကြည်ဖြူဖြူ ပေးလိုက်တဲ့ လိုက်လျောမှုပါ။

"နင် မိန်းမ မယူသေးဘူးလား"

လမ်းလျှောက်နေရင်း ထက်ငယ် မေးလာတဲ့အခါ ကျွန်တော် ခံစားရတဲ့အတိုင်း အမှန်ပဲ ပြောလိုက်ပါတယ်။

"ငါ ယူချင်စိတ်ပေါက်တဲ့သူ မတွေ့သေးလို့။ တွေ့ပြန်တော့လည်း ငါ ယူချင်စိတ်ပေါက်တာတွေက ငါ့ကို ယူချင်စိတ် မပေါက်ကြလို့"

ကျွန်တော်ဖြေတဲ့အခါ ထက်ငယ် ရယ်ပါတယ်။ ရယ်တာမှာတော့ သူမဟာ အရင်ကတည်းက ညင်သာတယ်။

"နင်ယူမှပဲ ငါလည်း မိန်းမရတော့မယ် ထင်ပါတယ်ဟာ"

ကျွန်တော် အတည်ပေါက်နဲ့ နောက်လိုက်တယ်။ ကျွန်တော် မထင်မှတ်တဲ့စကားကို ထက်ငယ် တုံ့ပြန်ပြောလာပါတယ်။

"နင်က ရန်ကုန်မှာ အမြဲနေနိုင်မှာမို့လို့လား" တဲ့။



သူမဘာသဘောနဲ့ပြောသလဲ မသိပေမယ့် သေချာတာတော့ အဲဒါ ကျွန်တော် မျှော်လင့်ထားတဲ့အဖြေမဟုတ်ပါဘူး။ သူမက အဲဒီလိုပဲ ကျွန်တော့်ကို မေးခွန်းမှန်း အဖြေမှန်းမကွဲတဲ့ စကားလုံးတွေနဲ့ ခေါင်းရှုပ်အောင် လုပ်တတ်တယ်။ ကျွန်တော့်ဘဝမှာ ပထမဦးဆုံးအကြိမ်အဖြစ် ထက်ငယ်ကို ကြီးကြီးကျယ်ကျယ် ပြန်ပြောဖြစ်ပါတယ်။

"မေးခွန်းလေးမျိုးရှိတယ်။ တစ်မျိုးတည်း ဖြေရမယ့်မေးခွန်း၊ ခွဲခြမ်းစိတ်ဖြာပြီးဖြေရမယ့်မေးခွန်း။ ပြန်လှန်မေးခွန်း ထုတ်ပြီးမှ ဖြေဆိုရမယ့်မေးခွန်း။ မဖြေဘဲထားကိုထားရမယ့်မေးခွန်းတဲ့။ ခု နင်မေးတာကိုမဖြေခင် နင့်ကိုငါ ပြန်မေးမယ်။ နင် ငါ့ကို ဘာလို့ ပြန်ဆက်သွယ်တာလဲ"

ထက်ငယ်က ချက်ချင်း ပြန်မဖြေဘူး။

ကျွန်တော် လွယ်ပေးထားတဲ့အိတ်ထဲက i pod touch လေးကိုနှိုက်ထုတ်ယူပြီး နားကြပ်ကလေးတစ်ဖက်ကို သူမနားမှာ တပ်ဆင်ပါတယ်။ ပြီးတော့ သီချင်းတစ်ပုဒ်ကို ရှာဖွေနေတယ်။ တွေ့တဲ့အခါ ကျွန်တော့်ကို နားကြပ်ကလေးတစ်ဖက် ကမ်းပေးပြီး 'နားထောင်ကြည့်' လို့ ပြောပါတယ်။ Bruno Mars ရဲ့ count on me ဆိုတဲ့သီချင်းပါ။ ပထမဆုံးနားထောင်တာလည်းဖြစ်သလို ကျွန်တော့်ရဲ့ အားနည်းချက်ကြောင့်ကော စာသားအားလုံးရဲ့ အဓိပ္ပာယ်ကို ရှင်းရှင်းလင်းလင်း နားမလည်ပါဘူး။ ဒါပေမယ့် သီချင်းအဆုံးမှာ ထက်ငယ်ရဲ့ဝန်ခံမှုကြောင့် သီချင်းရဲ့ အဓိပ္ပာယ်ကိုရော ကျွန်တော့်ရင်ထဲမှာ ရှိနေတဲ့ မေးခွန်းရဲ့အဖြေကိုပါ နားလည်သွားခဲ့ပါတယ်။

"ငါ မွန်းကြပ်နေချိန်မှာ ရင်ဖွင့်ဖို့ လူတစ်ယောက်လိုအပ်တယ်။ အဲဒီအချိန် နင့်ကိုသတိရပြီး ဆက်သွယ်လိုက်မိတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"နင့်မှာ တခြား မိတ်ဆွေ အပေါင်းအသင်း သူငယ်ချင်းတွေ အများကြီးရှိပါလျက်နဲ့ ဘာလို့ ငါ့ကိုမှရွေးချယ်ဆက်သွယ်ရတာလဲ"

"မိတ်ဆွေတိုင်း သူငယ်ချင်း ဖြစ်လို့ မရဘူး။ အပေါင်းအသင်းတိုင်း သူငယ်ချင်း မစစ်ကြဘူး။ ငါတောင့်တတာက သူငယ်ချင်း။ ငါ့ရဲ့နာကျင်မှုတွေကို ဖွင့်ချပြဖို့ စဉ်းစားလိုက်တဲ့အခါ ငါ့မှာ သူငယ်ချင်း ဆိုလို့ နင် တစ်ယောက်ပဲ ရှိတာ သိလိုက်ရတယ်။ နင်ဟာ ငါ့ရဲ့ တစ်ဦးတည်းသော သူငယ်ချင်းပဲ"

ကျွန်တော် ကြက်သီးတဖြန်းဖြန်း ထသွားရပါတယ်။ လိုချင်တာတစ်ခု ရလိုက်သလိုပဲ ခံစားရတယ်။ ဒါဟာ သူမရဲ့ ကြီးစွာသော အသိအမှတ်ပြုမှုတစ်ခုပဲ မဟုတ်လား။

ထက်ငယ်ရဲ့ စိတ်ထဲမှာ ဘာတွေရှိနေမလဲ ကျွန်တော် သိချင်ခဲ့ဖူးပါတယ်။ စိတ်ရှုပ်မခံတတ်တဲ့ ခေါင်းမာတဲ့ တွယ်တာစရာနည်းလွန်းတဲ့ သူမဘဝမှာ ကျွန်တော်က သူမရဲ့အရင်းနှီးဆုံး အစစ်မှန်ဆုံး သူငယ်ချင်းတစ်ယောက်လို့ ထက်ငယ်က ဆိုပါတယ်။ ကျွန်တော် စောဒကမတက်ချင်ပါဘူး။ ဒီအခြေအနေလေးကိုပဲ သဘောကျနှစ်မြိုက်မိတယ်။ ကျွန်တော် ချစ်သူရည်းစားတွေ ထားဖူးတာပဲ။ ဘယ်လောက်ပဲ အရင်းနှီးဆုံး ပတ်သက်ခဲ့ကြပေမယ့် တစ်ချိန်မှာ သူတို့ ကျွန်တော့်အနားကနေ ထွက်ခွာသွားကြတာချည်းပဲ။ အရမ်းနီးကပ်လွန်းရင် အရမ်းဝေးသွားတတ်တဲ့ သဘောတရားကို ကျွန်တော် တွေးမိခဲ့တာကြာပြီ။ သူငယ်ချင်းဆိုတာတော့ ဘယ်တော့မှ အဝေးဆုံးမရောက်နိုင်ဘူးလေ။ မျှော်လင့်ချက်တွေကပဲ တိုးတက်ဖြစ်ထွန်းစေသလို မျှော်လင့်ချက်တွေကပဲ နာကျင် မောပန်းစေပါတယ်။ ဘာကိုမှဆုပ်ကိုင်မထားရင် ဘာအတွက်မှ မပူပင်ရ



တော့ဘူး ဆိုတဲ့စကားကိုလည်း ကြားယောင်လိုက်မိတယ်။ ရင်ထဲမှာ ပေါ့ပါးလန်းဆန်းပြီး ရှင်းလင်းနေပါတယ်။ သီချင်းလေးထဲက အတိုင်း သူလိုအပ်တဲ့အချိန်တိုင်းသူငယ်ချင်းတစ်ယောက် အဖြစ် အနားမှာရှိနေပေးနိုင်ဖို့ ကျွန်တော် အတတ်နိုင်ဆုံး ကြိုးစားသွားမယ်လို့ပဲ စိတ်ထဲကနေ ဆုံးဖြတ်လိုက်မိတယ်။ ဒါ ထက်ငယ်အပေါ်ထားတဲ့ကျွန်တော့်ရဲ့ မပြောင်းလဲတဲ့ သံယောဇဉ်ပါပဲ။ ဒါကြောင့်ပဲ တချို့သောမေးခွန်းတွေဟာ မဖြေဘဲထားတာ ပိုကောင်းတယ်လို့ ပြောကြတာ ထင်ပါရဲ့။ ကျွန်တော် ကျေကျေနပ်နပ် ပြုံးလိုက်တယ်။

"နင့်မေးခွန်းကို ငါ ဖြေဖို့ မလိုတော့ဘူးနော်။ နင့်ရဲ့ စကားတွေထဲမှာ ငါဖြေရမယ့်အဖြေပါသွားခဲ့ပြီ။ နင့်အတွက်ခက်ခဲနိုင်တာတွေ မကြိုးစားပါနဲ့။ ငါတို့က သူငယ်ချင်းပဲပေါ့"

သူမ ကြည်ကြည်စင်စင် ပြုံးပါတယ်။

နားကြပ်ကလေး တစ်ယောက်တစ်ဖက် တပ်လျက်နဲ့ပဲ ကျွန်တော်တို့နှစ်ယောက် လမ်းဆက်လျှောက်ဖြစ်ကြတယ်။ ပေါ့ပါးလန်းဆန်းနေတဲ့ ကျွန်တော်တို့ရဲ့ခြေလှမ်းတွေနဲ့အတူ သီချင်းသံစဉ်တစ်ပုဒ်က အကြားအာရုံမှာ စီမံ့ဝင်ပျံ့လွင့်နေပါတယ်။

You can count on me like 1, 2, 3

I'll be there

And I know when I need it

I can count on you like 4, 3, 2

You'll be there

'Cause that's what friends are supposed to do, oh yeah

Ooooooh, ooohhh yeah, yeah

www.burmeseclassic.com

www.burmeseclassic.com

ဒီဇာတ်လမ်းကို ဒီနေရာအထိ ရေးပြီးချိန်မှာ သူမ အကြောင်းတွေ စာရေးတာ သိရင် ထက်ငယ် ဆူမှာလား ဆိုသော အတွေးနဲ့ ခွင့်ပြုချက်တောင်းခံတဲ့အနေနဲ့ ပါ ရေးပြီးသားအားလုံး သူမကို ပြဖြစ်ပါတယ်။ ထက်ငယ် ကျွန်တော့်ကို မဆူပါဘူး။ သူမရဲ့ အကြံပြုချက်အရကော နှစ်ဦးသဘောတူ တိုင်ပင်ပြီး အနည်းငယ် ပြင်ဆင်ဖြည့်စွက်ခဲ့တာလေးတွေလည်း ရှိတယ်။ ဒီဇာတ်လမ်းလေး အချောသပ်ရေးပြီးချိန်မှာ ကျွန်တော်တို့နှစ်ယောက်ကြား ပိုနွေးထွေး သွားတယ်လို့ အပြည့်အဝ ယုံကြည်ခံစားရပါတယ်။ သူမ လိုအပ် ချိန်တိုင်းအတွက် ကျွန်တော် ရှိနေနိုင်ဖို့ ကြိုးစားမှာဖြစ်သလို၊ ကျွန်တော်လိုအပ်ချိန်တိုင်းအတွက် သူမ ရှိနေဖို့ကြိုးစားမယ် ဆိုတာ လည်း လက်တွေ့ကျကျ သိလိုက်ရပါတယ်။

မိုးနဲ့ဆောင်းအကူးအပြောင်းမှာ ကျွန်တော်ကော ထက်ငယ် ကော တူညီစွာ ရာသီပေါ်ရောဂါဖြစ်တဲ့ ဖျားနေကြတယ်။ ခု အိမ် ခန်းလေးထဲမှာ ကျွန်တော်တစ်ယောက်တည်း ဒီစာကို ရေးနေရင်း နှာရည်တွေစီးကျလာတဲ့အခါ ထက်ငယ်ဆီက ငါးဆယ်ကျပ်တန် တစ်ရွက်နဲ့ အလဲအလှယ်လုပ်ထားတဲ့ ပဝါလေးနဲ့သုတ်နေဖြစ်တယ်။ သူမရဲ့ ပဝါလေးကို ယခုအချိန်ထိ မပျောက်မပျက် သိမ်းဆည်း ထားတာသိရင်၊ ထိုပဝါလေးကို ကျွန်တော့်နှာခေါင်းနဲ့ ထိထိပြီး နှာရည်တွေသုတ်နေတာသိရင် ထက်ငယ် ဘာပြောလေမလဲ။



အဟဲ. . . သူမကို အဲဒီလို စနောက်ခွင့် ရနေရုံနဲ့ ကျွန်တော်က ကျေနပ်တတ်တယ်။

ထူးကြီးကိုတော့ ယခုအချိန်ထိ အခြေအနေအရ ဆက် သွယ်ဖို့ အဆင်မပြေပါဘူး။ ထူးကြီးကကော ဒီလိုရေးတာ ခွင့်လွှတ် နိုင်ပါ့မလား။ အရာအားလုံးကို တတ်နိုင်သမျှ ထိန်းသိမ်းခဲ့ပါတယ်။ ထူးကြီးနဲ့တွေ့ဖို့ ကျွန်တော် ကြိုးစားပါဦးမယ်။ အချို့သော ရပ်ဝန်း မှာ ကျွန်တော်ဟာ လူတစ်ယောက်ကို ရှူးသွပ်သွားအောင် ကြပ်သူ အဖြစ် သတင်းကြီးလျက်ရှိကြောင်း ထူးကြီး သိပါရဲ့လား။

တချို့သော အကြောင်းအရာတွေဟာ ပြန်တွေးရင် နာကျင်ရပေမယ့်၊ တချို့သော အကြောင်းအရာတွေဟာ ပြန်တွေး ရင် ကြည်နူးစေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

လူဟူ၍ဖြစ်လာလျှင် ပျော်ရွှင်မှု ရှိမည်။ ဝမ်းနည်းမှု ရှိမည်။ သာယာစရာ ရှိမည်။ နာကျင်စရာ ရှိမည်။ အောင်မြင်တာ ရှိသလို ရှုံးနိမ့်တဲ့အခါလည်း ရှိမှာပဲ။ အချစ်ရှိသလို အမုန်းလည်း ရှိမှာပဲ။ အရွယ်အလျောက် ခံစားမှုပြောင်းလဲချက်တွေ အမျိုးမျိုး ရှိမည်ပဲလေ။ မျှော်လင့်မထားသော ခံစားမှုပြောင်းလဲချက် အချိုး အကွေ့တွေနှင့်လည်း ရင်ဆိုင်ရနိုင်တာပဲ။

ထူးကြီးသည် လူတစ်ယောက် ဖြစ်သည်။

ကျွန်တော်သည် လူတစ်ယောက် ဖြစ်သည်။

ထက်ငယ်သည် လူတစ်ယောက် ဖြစ်သည်။

သို့သော်. . .

**လင်းညိုနွယ်သွေး**
27102013
Facebook: Linn Nyout Thway
E-mail: linnnyoutthway@gmail.com

## အမှတ်တရ အစီအစဉ်

ဤစာအုပ်ဖတ်ရှုပြီးသောအခါ စာအုပ်ထဲမှ အဓိကဇာတ်ကောင်တို့အပေါ် မိမိခံစားရသည့်အတိုင်း ထင်မြင်ယူဆသလို စကားလုံးအနည်းအများ ကန့်သတ်ချက်မရှိဘဲ thitsarpublication @gmail.com သို့ဖြစ်စေ၊ အမှတ်- (82/E), မြန်မာ့ဂုဏ်ရည်လမ်းနှင့် ၉၄လမ်းထောင့်၊ ကန်တော်လေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်သို့ဖြစ်စေ . . . 'သို့ 'လင်းညိုနွယ်သွေး' ဟူ၍ လိပ်မူကာ ရေးသားပေးပို့နိုင်ပါသည်။

ထိုသို့ရေးသား ပေးပို့မှုများအား စာရေးသူ၏ Facebook စာမျက်နှာဖြစ်သော https://www.facebook.com/linnnyoutthway တွင် ဖော်ပြပေးသွားမှာဖြစ်သလို၊ အကောင်းဆုံး ရေးသားပေးပို့နိုင်သူကို စာရေးသူနှင့် သစ္စာစာပေအကဲဖြတ်အဖွဲ့မှ ပူးပေါင်းရွေးချယ်ပါမည်။

ထိုသို့ ရွေးချယ်ခံရသူအား အမှတ်တရ ဆုငွေ ကျပ်(၁) သိန်း ပေးအပ်ချီးမြှင့်မှာဖြစ်သလို ထိုရှုမြင်သုံးသပ် ရေးသားမှုကိုလည်း သစ္စာစာပေမှ ဖေဖော်ဝါရီလတွင် ထွက်ရှိမည့် 'တစ်ယောက်တစ်ခြမ်း' စာအုပ်တွင် ထည့်သွင်းဖော်ပြပေးသွားမည်ဖြစ်ပါသည်။ အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဆက်

www.burmeseclassic.com

www.burmeseclassic.com



သွယ်ရန် ဖုန်းနံပါတ်တို့ပြည့်စုံစွာဖြင့် (၁၃. ၁. ၂၀၁၄)ရက်နေ့ နောက်ဆုံးထား၍ မည်သူမဆို လွတ်လပ်စွာ ရေးသားပေးပို့နိုင်ပါသည်။

THITSAR PUBLICATION GROUP

လင်းညို့သွေး

# တစ်ယောက်တစ်ခြမ်း

အစတုန်းကတော့ နှစ်ဦးသဘောတူပဲ
အဲဒီစည်းဝိုင်းလေးထဲ ဝင်ခဲ့တယ် ...။
တဖြည်းဖြည်းနဲ့ ပညတ်တွေများတဲ့
လောကကြီးမှာ
ကိုယ်ပိုင်အသိနဲ့ ခံစားမှုတွေကို
နောက်ချန်ပြီး
စည်းလေးတစ်ချခြားလိုက်တယ် ...။

www.burmeseclassic.com